
www.burmeseclassic.com



www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၉၂၂၀၇၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၉၃၆၀၇၀၉
အဖုံးဒီဇိုင်း - L လင်း
ထုတ်ဝေသူ - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြဲ-၀၃၈၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့
ပုံနှိပ်သူ - ဦးမြင့်သန်း (မြဲ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၁၃၊ ၁၀၇ လမ်း
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။
အတွင်းဖလင် - ဦးထွန်းဆိုင်
စာအုပ်ချုပ် - ကိုသန်းဌေး
ပုံနှိပ်ခြင်း - ၂၀၀၉ ခုနှစ်၊ အောက်တိုဘာလ။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀ ကျပ်

၈၉၅ . ၈၃
ဆုအဥ္စလီ
ရင်ဘတ်တစ်သက်စာ ချစ်အက္ခရာများ/ဆုအဥ္စလီ။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၀၉
၂၈၀- စာ ၊ ၁၂×၁၈ စင်တီ။
(၁) ရင်ဘတ်တစ်သက်စာ ချစ်အက္ခရာများ

# အခန်း (၁)

"ဒီနေရာမှာ လက်မှတ်ထိုးလိုက်ပါ ဒေါ်ထိပ်ထားခင်"

ထိပ်ထားသည် သူမမျက်စိရှေ့တည့်တည့်ရှိ အဖြူရောင် ရွက်လပ်ကို ခေတ္တမျှ စူးစိုက်ကြည့်လိုက်ပြီးနောက် ဖယောင်းသွယ် မှာ ဖြူနုပြေချောသော လက်ချောင်းလှလှလေးများဖြင့် ထိပ်ထားဆို သည့် အမည်နှင့် လက်မှတ်ကို လှပသေသပ်စွာ ရေးထိုးအတည် ပြုလိုက်၏။

ထို့နောက်မှာတော့ စာချုပ်ချုပ်ချင်းလဲလှယ်ကာ အပြန်အလှန် က်ဆွဲနှုတ်ဆက်လိုက်ပုံက အားမာန်အပြည့်။ အောင်မြင်သော ပွားရေးလုပ်ငန်းကြီးတစ်ခုအတွက် ထပ်မံတိုးချဲ့လိုက်သော လုပ်ငန်း တစ်ခုဆိုလျှင်လည်း မမှား။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ ထိပ်ထားခင်သည် ထိပ်ထားခင်ပဲဖြစ်သည်။ တခြားသူ မည်သူမျှမဟုတ်။ သူဌေးမလေး ထိပ်ထားခင်နေရာကို တခြားမည်သူမျှ ပိုင်ဆိုင်ချင်၍မရသလို လွှဲပြောင်းခွဲဝေပေးလို့လည်းမရ။

သူဌေးမလေး ထိပ်ထားခင်။

ထိုထက် နည်းနည်းမှမပို။ လျော့လည်းမလျော့။ သူဌေးမလေး ထိပ်ထားခင်ရဲ့ ကြီးမြင့်လှသော ဂုဏ်သိက္ခာ၊ အရှိန်အဝါ စည်းစိမ်ချမ်းသာနှင့် ငွေကြေးကြွယ်ဝမှု။ ကြီးကျယ်ခမ်းနားမှုအားလုံး သူ့နေရာနှင့်သူ ထွန်းလင်းတောက်ပစွာ။ အားကျငေးမောချင်စရာ ပြီးပြည့်စုံသည့်ဘဝ။

"သိပ်ကျေးဇူးတင်ပါတယ် ဒေါ်ထိပ်ထားခင်ရယ်၊ ဒေါ်ထိပ်ထားခင်သာ မကူညီဘူးဆိုရင် ကျွန်တော်လည်း သိပ်ခက်ခဲရမယ့် အခြေအနေပါဗျာ"

"ဒေါ်ထိပ်ထားခင်ရဲ့ ကျေးဇူးကို ဘယ်တော့မှ မေ့မှာမဟုတ်ပါဘူး"

"ကျွန်မတို့ အကောင်းဆုံး ပူးပေါင်းဆောင်ရွက်သွားနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်ရှင်၊ ဦးမြတ်ထွန်းကိုယ်တိုင်လည်း အရည်အချင်းရှိတဲ့ လူတစ်ယောက်ဆိုတာ ကျွန်မ မမေ့ပါဘူး"





"စိတ်ချပါ ဒေါ်ထိပ်ထားခင်၊ ကျွန်တော့်ဘက်က အကောင်းဆုံးဖြစ်အောင် ကျွန်တော် အစွမ်းရှိသမျှ ကြိုးစားသွားမှာပါ"

"ဒီစကားကြားရတာနဲ့တင် ကျေနပ်ပါပြီရှင်၊ ကျွန်မရဲ့ ယုံကြည်မှုတွေ မကြာခင် အကောင်အထည်ဖော်နိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်"

နူးညံ့သိမ်မွေ့သော အပြုံး၊ တည်ငြိမ်အေးချမ်းသည့်မျက်နှာ ...ပခြင်း၊ ကျက်သရေရှိခြင်းတို့ ထုံမွှန်းထားသော အောက်မှာ ...ငုံ့ကျက်သောလက္ခဏာဖြင့် ထိပ်ထားခင်၏ ကိုယ်ပိုင်အပြုံးလေးနှင့် ...မထံ လာရောက်နှုတ်ဆက်စကား ပြောဆိုနေသူများကို ယဉ်ကျေး...ယ်ရာ အမူအရာလေးများဖြင့် တလေးတစား တုံ့ပြန်နှုတ်ဆက်နေပါ...သည်။

မင်းပရိသတ်အလယ်မှာ အေးမြရှင်းလင်းသော ထင်ရှား...ည့် အလှပိုင်ရှင်အဖြစ် ယောက်ျားအများစုက စိတ်ဝင်စားကြသလို ...ောင်မြင်သော စီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးလေးအဖြစ် ...ထားခင်၏ ဝတ်စားဆင်ယင်ပြုပြင်သမျှ အဝတ်အစား၊ ဆံပင်၊ ...ဝတ်ရတနာ၊ လက်ကိုင်အိတ်၊ ဖိနပ်အဆုံး အားလုံးကို စိတ်ဝင်...း မှတ်သားလေ့လာ အကဲခတ်နေကြသူ အမျိုးသမီးအုပ်စုက

www.burmeseclassic.com



လည်း တသီးတခြား ရှိနေကြပြန်သည်။

မြန်မာအမျိုးသမီးတစ်ယောက်၏ မြန်မာဆန်ဆန်အလှကို ရှာဖွေမတွေ့နိုင်အောင် ခက်ခဲသော ဖက်ရှင်ဒီဇိုင်းခေတ်မှာ ထိပ်ထားခင်၏ မြန်မာဆန်ဆန် ဝတ်စုံအလှက ကျော့ရှင်းသပ်ရပ်လျက် လှပရိုးရှင်းစွာ အများအမြင်မှာ တင့်တယ်စွာ နေရာယူထားနှင့်ပြန်ပါသည်။

"သူ့ဝတ်စုံလေးက မြန်မာဆန်ဆန်လေးပေမယ့် လှတယ်နော်"

"ထိပ်ထားခင် ဝတ်ထားလို့ပါ၊ တခြားသူသာ ဒီလိုဝတ်စုံမျိုး ဝတ်ကြည့်စမ်းပါလား ဘယ်လောက်တောဆန်တယ်လို့ အပြောခံလိုက်ရမလဲ"

"အယ်လီတို့တော့ မကြိုက်ပါဘူး"

ကိုယ့်အတွေး၊ ကိုယ့်အမြင်၊ ကိုယ့်အယူအဆတွေနှင့် လူတစ်စုက သူတို့ကိုယ်တိုင် သတ်မှတ်ထားသည့် ပေတံထက်ပို၍ မမြင်ကြခြင်းမှာ ဆန်းကြယ်လှသည်ဟု မဆိုသာ။

တစ်ယောက်သောသူအတွက် အမှန်တရားသည် တခြားသော သူတစ်ယောက်အတွက် မှန်ချင်မှ မှန်နိုင်မည်။ ဤသဘောတားကို ထိပ်ထားခင် သဘောပေါက်နားလည်လက်ခံသည့်အတွက်





သူမအပေါ်မှာ အဆိုးအကောင်း ဘာပဲဝေဖန်ဝေဖန် သူမဘက်က ပြုံးပြုံးလေး နေနိုင်အောင် ကြိုးစားထားခဲ့သည်မှာ ကြာပါပြီ။

ညည်ခံပွဲမှာ လူစဲစပြုလာသည်နှင့် အိမ်ပြန်ရန် ဆုံးဖြတ်လိုက်သည်။ ဒီလောက်ဆို တော်သင့်ပြီ။

"အားလုံးပဲ ကျွန်မကို ခွင့်ပြုပါဦးရှင်"

"ကောင်းပါပြီဗျာ"

အပြုံးလှလှဖြင့် နူးညံ့သိမ်မွေ့စွာ နှုတ်ဆက်လမ်းခွဲလာခဲ့သူ ထိပ်ထားခင်ကိုယ်တိုင် အလုပ်ကိစ္စများအတွက် နေ့မနား ညမအား ကိုယ်ရောစိတ်ပါနှစ်ပြီး အားကျိုးမာန်တက် ပူးပေါင်းဆောင်ရွက်ခဲ့ပြီးဘို့မို့ အခုချိန်မှာတော့ သူမတစ်ယောက်တည်း အေးဆေးစွာ အနားယူလိုလှပြီဖြစ်သည်။

ထိပ်ထားခင်ဘက်က ယုံကြည်စိတ်ချမှုအားလုံးကို ဦးမြတ်ထွန်းလက်ထဲကို ထိုးအပ်ပေးခဲ့ပြီးပါပြီ။ လက်တွေ့ကျကျ အပြောင်းအလဲ လုပ်ငန်းကြီးတစ်ခုလုံး အကောင်အထည်ဖော်ရန်တာဝန်မှာ ဦးမြတ်ထွန်း၏တာဝန်သာ။

သူ့တန်ဖိုးကို သူကိုယ်တိုင် ဆုံးဖြတ်ရန်မှတစ်ပါး တခြားနည်း၊ အနာဂတ်၏ လုပ်ဆောင်ချက်များက သူ့ဘဝကို ဦးဆောင်ခြင်းပြုပေလိမ့်မည်။ ဦးမြတ်ထွန်းအတွက် ဒါ နောက်ဆုံးအခွင့်



www.burmeseclassic.com

အရေးဆိုသည်ကို ကောင်းစွာ နားလည်သဘောပေါက်မည်ဆိုလျှင် ဤအကျိုးတူပူပေါင်းဆောင်ရွက်မှုလုပ်ငန်းတစ်ပက် အောင်မြင်ပြီဟု ဆိုရမည်။

လူများကို ကျောခိုင်းထွက်ခွာလာခဲ့သော ထိပ်ထားခင် နောက်ပါးမှာ တီးတိုးစကားဖွေ ကျန်ရစ်ခဲ့မှာကိုသိပေမယ့် ထိပ်ထားခင် ဂရုမစိုက်သလို စိတ်လည်းမဝင်စားပါ။လေထဲက စကားတွေက လေထဲမှာ ကွယ်ပျောက်သွားလိမ့်မည်။ ကောင်းခြင်းဆိုးခြင်း သူမနှင့်မသက်ဆိုင်။ ဘဝကို လက်တွေ့ကျကျ ရင်ဆိုင်ဖြေရှင်းနေသူအတွက် အလုပ်နှင့်တာဝန်ဝတ္တရားတွေ ပို၍ အရေးကြီးတာမရှိ။

လောကကြီးမှာ ဂုဏ်ရှိလျှင် ငွေရှိလျှင် ကိစ္စတော်တော်များများ အလွယ်တကူ အောင်မြင်ပြီးမြောက်နိုင်သည်။ လူအများ၏ ရိုသေလေးစားမှု အထင်ကြီးအားကျမှုတွေနှင့် လူ့ဘဝ လူ့လောကကြီးကို အပေါ်စီးမှာ ပြုံးပြုံးလေးကြည့်နေနိုင်သည်။

ငွေ ငွေ။

လူတစ်ယောက်ရဲ့ ဘဝတန်ဖိုးကို ငွေကြေးချမ်းသာကြွယ်ဝမှု ဂုဏ်အရှိန်အဝါတွေကပဲ ထင်မှတ်မထားနိုင်အောင် ပြောင်းလွဲစေနိုင်တာပါပဲလား။





ဒီငွေတွေကြောင့်ပဲ။

ဟောဒီလို ချမ်းသာပြည့်စုံကြွယ်ဝမှုတွေကြောင့်ပဲ လူတွေအပေါ်မှာ ထိပ်ထားခင်ဘက်က ဘာတစ်ခုမှ စိတ်ချလက်ချ ယုံကြည်မပေးနိုင်ခဲ့တာဟာ သူမအတွက် အပြစ်လို့ဆိုလာခဲ့ရင် အဲဒီအပြစ်ကို ထိပ်ထားခင်ကိုယ်တိုင် ကျေနပ်စွာ ခံယူလိုက်စမ်းချင်ရဲ့လေ။

"ဒေါ်ထိပ်ထားခင် ပြန်တော့မလို့လားခင်ဗျာ"

"ဪ ဦးလှမောင်၊ နေလို့သိပ်မကောင်းတာနဲ့ အခုပဲ အိမ်ပြန်ပြီး အနားယူမလားလို့ပါရှင်"

"ကျန်းမာရေးကတော့ သိပ်အရေးကြီးတယ်ဗျာ၊ ဂရုစိုက်

"

"ကောင်းပါပြီရှင် ကျွန်မကို ခွင့်ပြုပါဦး"

"ကောင်းပြီ ကောင်းပြီ"

စိတ်ကမ္ဘာကုမ္ပဏီပိုင်ရှင် သူဌေးဦးလှမောင်ကိုနှုတ်ဆက်ပြီး သင့်ရပ်ထားသည့် ကားရှိရာသို့ ထိပ်ထားခင် လျှောက်လာခဲ့ သည်။ ဒေါ်ထိပ်ထားခင်ဟု လေးစားသမှုဖြင့် "ဒေါ်"တပ်ခေါ် ပေမယ့် ထိပ်ထားခင်၏ လက်ရှိအသက်မှာ နှစ်ဆယ့်ခြောက် သာရှိပါသေးသည်။

www.burmeseclassic.com



ငါးပေနှစ်လက်မခန့် အရပ်အမောင်းနှင့်အညီ ပြည့်တင်း သွယ်လျသော ထိပ်ထားခင်၏အလှက ဖြူဝင်းကြည်လင်သော အသားအရည် သေးကျဉ်းသော ခါးနှင့် မြင်ရသူ ငေးဖွယ်ရာဖြစ်သလို ပခုံးကျော်ကျော် ဖြောင့်စင်းသည့် ဆံပင်လေးကို သေသပ်လှပစွာ စည်းနှောင်ထုံးဖွဲ့ထားခြင်းဖြင့် ထိပ်ထားခင်၏ မျက်နှာအလှကို ထင်းရှင်းပြတ်သားစွာ တွေ့မြင်နိုင်ပါသည်။

သွယ်မယောင်နှင့်ဝိုင်းသော မျက်နှာလေးထက်မှာ ပန်းချီဆရာစိတ်ကြိုက် ခြယ်မှုန်းထားသည့်အလား စင်ရော်တောင်မျက်ခုံး ကြည်လင်ဝိုင်းစက်သော မျက်လုံးအစုံက ရွှန်းလက်နေသလို နှာတံစင်းစင်းလေးအောက်မှာ နီမြန်းထူအမ်းသော နှုတ်ခမ်းအစွာအစုံကလည်း ပန်းနုရောင် စိုစိုအိအိ ဖောင်းဖောင်းလေး။

မြစိမ်းရောင် မြန်မာဆန်ဆန် ဝတ်စုံလေးက ဖြူနုဝင်းဝါသော ထိပ်ထားခင်၏ အသားအရေနှင့် လိုက်ဖက်တင့်တယ်စွာ အနက်ရောင် လက်ကိုင်အိတ် အနက်ရောင်ဖိနပ်များက ထင်ရှင်းလှပသော သူမအသွင်ကို ပို၍ ကျက်သရေရှိစွာ လှပတင့်တယ်စေပါသည်။

မြင်ရသူကို အေးမြစေသော အလှပိုင်ရှင်။ နားတွင် တစ်လုံးတည်းသော စိန်နားကပ်တစ်ရံခပ်ကြီးကြီး ပန်ထားပြီး စိန်





ကရောင်းကြိုး၊ စိန်လက်စွပ်၊ စိန်လက်ကောက်၊ အားလုံးသိန်းထောင်ချီတန်သော ရှေးအမွေစိန်ခဲတွေချည်းဖြစ်သည်။

ဒရိုင်ဘာ ဦးမြိုင်က ထိပ်ထားခင်ကို မြင်သည်နှင့် ကားတံခါးကို အသင့်ဖွင့်ပေးထားသလို သူမ ကားပေါ်ရောက်သည်အထိ စိတ်ရှည်လက်ရှည်စောင့်ကာ ကားတံခါးကို ပိတ်ပေးသည်။ ပြီးမှ ဒရိုင်ဘာနေရာကို အပြေးဝင်ထိုင်ကာ ကားကို နေရာမှ ညင်သာစွာ စတင်ထွက်ခွာပါသည်။

ခပ်ဖျော့ဖျော့သင်းမွှေးသော အေးစိမ့်စိမ့်ကားထဲမှာ ဆိုဖာနောက်မှီကို သက်တောင့်သက်သာ အနေအထားဖြင့် ခပ်လျော့လျော့မှီနွဲ့လျက် ဘာမျက်ဝန်းအစုံကို မှေးမှိတ်ငြိမ်သက်စွာ အနားယူလိုက်ပါလာသည်။

သူဌေးမလေး ထိပ်ထားခင်အဖြစ် တစ်ချိန်လုံး သွက်လက်ထက်မြက်မှုတွေနှင့် ယောကျ်ားတွေရဲ့အလယ်မှာ အောင်မြင်သော စီးပွားရေးလုပ်ငန်းရှင်မလေးအဖြစ် တည်ငြိမ်ခန့်ညားလှပစွာ ဦးဆောင်ရပ်တည်နိုင်ခဲ့ပေမယ့် မိန်းမသားအဖြစ် အမြင်မကြည်လင်သော ပုရိသယောကျ်ားများရှိသော်လည်း သူမ ဂရုမစိုက်ခဲ့ပါ။

ကိုယ်ပိုင်အစွမ်းအစရှိသူကို ချိုးနှိမ်၍မရ။ မလွဲမသွေအောင်မြင်မည်သာ။ ထိပ်ထားခင်ကိုယ်တိုင်လည်း သူမကိုယ်သူမ



www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်မှုအပြည့်ရှိသူဖြစ်သည့်အတိုင်း လုပ်သမျှလုပ်ငန်းတိုင်းမှာ အောင်မြင်မှုအသီးအပွင့်တွေ ဝေဆာခဲ့သည်။

ထိပ်ထားခင်၏ကားလေး လမ်းအတိုင်း တရိပ်ရိပ်ပြေးနေတာကိုသိပေမယ့် မိုတ်ထားသည့် မျက်လုံးအစုံကိုမဖွင့်မိ။ များပြားလှသော စီးပွားရေးကိစ္စများအတွက် မနားမနေ အသုံးချတွက်ချက်နေရသော သူမဦးနှောက်နှင့် စိတ်ဝိညာဉ်ကို ဒီအချိန်လေးမှာ အနားပေးထားချင်သည်။

"ရှေ့မှာ ကားတစ်စီး လက်ပြတားနေတယ်၊ ရပ်ပေးရမလား ကလေး"

မိုတ်ထားသည့် မျက်ဝန်းအစုံက ဦးမြိုင်စကားကြောင့် ဖျတ်ခနဲပွင့်လာပြီး ကားရှေ့တည့်တည့်က မြင်ကွင်းကို တစ်ချက် လှမ်းမျှော်ကြည့်လိုက်သည်။

"ဟင်"

ကားရှေ့တည့်တည့် လမ်းပေါ်မှာရပ်ပြီး ထိပ်ထားခ[illegible] စီးလာသည့်ကားကို တားနေသည့် လူတစ်ယောက်ကြောင့် သူမရ[illegible] ထဲ ဒိန်းခနဲဖြစ်သွားသည်အထိ တုန်ရီလှုပ်ရှားသွားသည်။

ထိပ်ထားခင် အကြည့်မှားခြင်းမဟုတ်မှန်း သိလိုက်ရ[illegible] ထိပ်ထားခင်၏ နှလုံးသားက ဘယ်နေရာဆီကမှန်းမသိ ဆစ်ခ[illegible]





နာကျင်ကြေကွဲစွာ နင့်စို့သွား၏။ ထိပ်ထားခင်၏ကားကို ပိုင်စိုးရဲဝံ့စွာ တားနေသူက တခြားသူမဟုတ်။ ထိပ်ထားခင်၏ရင်ကို အစိတ်စိတ်အမွှာမွှာ ကွဲကြေသွားအောင် ရက်စက်စွာ နင်းခြေဖျက်ဆီးခဲ့သော လူသား။

မင်းစည်ထင်ဆိုသည့်လူ။

"ကားကို ရပ်ပေးလိုက်ပါ ဦးမြိုင်၊ သူတို့လည်း ဘာအကူအညီလိုမှန်းမှမသိဘဲ"

"ကောင်းပါပြီကလေး"

"ကျွိ"

ထိပ်ထားခင်၏ မာစီဒီးကားက လမ်းပေါ်တက်ပြီး ကားတားမြစ်နေသူအပေါ်မှာ ညင်သာဖြည်းညင်းစွာ ရပ်တန့်လိုက်သည်နှင့် ကားနားကို မင်းစည်ထင် ခြေလှမ်းကျဲကြီးတွေနှင့် ရောက်လာ၏။

နှစ်နှစ်ကျော်ကာလအတွင်းမှာ လူတစ်ယောက်ရဲ့ဘဝမှာ အံ့သြစရာကောင်းအောင် ပြောင်းလဲသွားတာမျိုး ကွဲပြားခြားနားသွားတာမျိုးရှိပေမယ့် သူ့ပုံစံကတော့ ဟိုတုန်းကအတိုင်း ဘာတစ်ခုမှ မပြောင်းလဲပါ။

"ဘာအကူအညီပေးရမလဲ မောင်ရင်"



www.burmeseclassic.com

www.burmeseclassic.com



ဦးမြိုင်က သူ့ဘက်က ကားမှန်ကို လျှော့ချရင်း ကားဘေးမှာရပ်နေသော မင်းစည်ထင်မပြောမီ သူက အရင်ဦးအောင်ပြောလိုက် မေးလိုက်ခြင်းဖြစ်သည်။

"ဟိုဗျာ ကျွန်တော့်ကား ဆီပြတ်သွားလို့၊ ကူညီနိုင်မယ်ဆိုရင် ကျွန်တော့်ကို ဆီနည်းနည်းလောက် မျှပေးနိုင်ခဲ့မလားလို့ပါ"

"ကျွန်တော့်ညီမကိုလည်း ကျောင်းအချိန်မီ ပို့ရမှာမို့ပါ၊ နည်းနည်းဆိုရင်ဖြစ်ပါတယ်၊ ရှေ့နားမှာ ဆီဆိုင်တစ်ဆိုင်တွေ့အောင်ရှာနိုင်ရင် ရပါပြီ"

"ပေးလိုက်ပါ ဦးမြိုင်"

ထိပ်ထားခင်ထံမှ ဆုံးဖြတ်ချက်ချသံက တိုးတိုးလေးဖြစ်ပေမယ့် ဦးမြိုင်ကြားပါသည်။

"ကောင်းပါပြီ ကလေး"

"ကျေးဇူးပဲဗျာ"

ကားကို စက်ရပ်ပြီး ဦးမြိုင် ကားပေါ်ကဆင်းသွားချိန်မှာ မင်းစည်ထင်က သူလိုအပ်နေသည့် အကူအညီကိုပေးဖို့ ဝယ်ရောက်အတည်ပြု ပြောဆိုပေးသော ကားပိုင်ရှင်ဖြစ်ဟန်တူသော မိန်းကလေးရှိရာ ကားနောက်ခန်းကို တစ်ချက်လှမ်းကြည့်သည်။





"ကျေးဇူးပဲနော် ညီမ"

တစ်ဖက်က ဘာမှတုံ့ပြန်ခြင်း မပြုသော်လည်း တိုးဖွချိုလွင်သော အသံလေးနှင့်လိုက်ဖက်သော ရုပ်ရည်လည်း ရှိလိမ့်မည်ဟုထင်သော်လည်း သေချာရေရာစွာ မျက်နှာလေးကို မြင်ခွင့်မရလိုက်။

လှပသော နေကာမျက်မှန်မည်းကြီးက မျက်နှာဖြူဖြူလေးတစ်ဝက်မက ဖုံးထားရုံနှင့်မပြီး။ အနက်ရောင် ပဝါပါးတစ်ထည်ကို ဦးခေါင်းလည်ပင်းအစေ့ လွှမ်းခြုံထားပုံက စိတ်မှာ ထူးဆန်းသလိုသင်မိပေမယ့် ကိုယ်တိုင် စပ်စုသူမဟုတ်သဖြင့် စေ့စေ့စပ်စပ်မကြည့်မိ။ ကြည့်ရန် အချိန်မရတာလည်းပါသည်။ ကျေးဇူးတင်ကြောင်းပြောပြီး သူ့ကားအတွက် ဓာတ်ဆီထုတ်ယူရန် ဒရိုင်ဘာအဘိုးကြီးဟုထင်ရသော လူကြီးနှင့် အပြေးအလုပ်ရှိတာလုပ်ရသည်။

"ဆီရလာပြီလား ကိုကို"

"အေး"

"သွား ဆီတိုင်ကီ အရင်ဖွင့်ထား"

"ဟုတ်"

ညီမဖြစ်သူ သရဖီက ခေါင်းကိုညိတ်ပေမယ့် လူက အနက်ရောင် မာစီးဒီးကားကိုသာ စိတ်ဝင်စားနေသည်။ အထူး



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ကားထဲက မိန်းကလေးကို ပို၍ စိတ်ဝင်စားနေခြင်းဆိုလည်း မမှား။

နေကာမျက်မှန်အမည်းကြီးကို ထုတ်တပ်လိုက်တာ ပဝါစဖြင့် ဦးခေါင်းကို လွှမ်းခြုံလိုက်တာကို သရဖီကိုယ်တိုင် မျက်စိနှင့် တပ်အပ်သေချာစွာ တွေ့လိုက်မြင်လိုက်ရတာမို့ တမင် ရုပ်ဖျက်ဖို့ ကြိုးစားတာလား တမင်တိုက်ဆိုင်သွားတာလားဆိုသည့် အတွေးဖြင့် စိတ်ဝင်တစား စူးစူးစမ်းစမ်း ကြည့်နေခြင်းဖြစ်သည်။

မင်းစည်ထင်က ညီမဖြစ်သူကိုရော ကားပေါ်က မိန်းက လေးကိုရော ဂရုမစိုက်နိုင်။ ကားဒရိုင်ဘာ အဘိုးကြီးနှင့်အတူ သူ့ကားအတွက် ဆီထုတ်ယူနေသဖြင့် သရဖီ ဘာလုပ်နေမှန်းမသိ

ထိပ်ထားခင်ကလည်း သူမကားနား ရောက်မှန်းမသိ ရောက်လာသော သရဖီကြောင့် စိတ်အနှောင့်အယှက်ဖြစ်နေမိပေမယ့် အခြေအနေအရ ဘယ်လိုမှ ရှောင်ပြေးဖို့ရာ မဖြစ်နိုင်သည့်အတွ ကားနောက်ခန်းမှာ ခပ်တည်တည်မျက်နှာလေးဖြင့် ငြိမ်သက်စွာ ထိုင်ရင်း ဖုန်းတစ်လုံးဖြင့် အလုပ်ရှုပ်နေလိုက်ရပါသည်။

စပ်စုတတ်သည်က သရဖီအကျင့်။

ထိပ်ထားခင်ကိုယ်တိုင် သူတို့မောင်နှမကို ကူညီဖို့ ဆုံးဖြတ် ခဲ့မိမှကိုးဟုတွေးရင်း သူမမျက်နှာကို သရဖီနှင့် ဆန့်ကျင်ဘက်သို့





လွှဲပစ်လိုက်၏။

တိုက်ဆိုင်စွာဟုဆိုရမည်လားမပြောတတ်။ ထိပ်ထားခင် တစ်ဖက်သို့ မျက်နှာအလှည့်မှာပင် သရဖီစိတ်ထဲ ထင့်ခနဲဖြစ်သွားကာ အစ်ကိုဖြစ်သူရှိရာဘက်ကို ဖျတ်ခနဲ လှမ်းကြည့်မိလျက်သား ဖြစ်သွားရသူက သရဖီ။

တူလိုက်တာ။

သရဖီစိတ်ထဲမှာ ပထမဆုံး ဖြစ်ပေါ်လာသော ခံစားချက် ဖြစ်သည်။ ပဝါနက်က ဦးခေါင်းပေါ်ကအကျ နှဆိုသည့် မိန်းကလေးနှင့် ခပ်ဆင်ဆင်တူသည့်အဖြစ်ကြောင့် အံ့သြစိတ်ဖြင့် ကားအကောင်းစားကြီးထဲက ရွှေမင်းသမီးလေးနှင့် အိမ်ဖော်သာသာ နုံချာသည့် နှဆိုသည့် မိန်းကလေးကို နှိုင်းယှဉ်ကြည့်လျက် မျက်ခုံးအစုံကို တွန့်ကုတ်လျက် ထိပ်ထားခင်ကို မျက်တောင်မခတ် စူးစိုက်ကြည့်နေမိ၏။

တူတာကတော့ အတော့်ကိုတူတာဟုဆိုပေမယ့် အခြေအနေခြင်းကြတော့ မိုးနဲ့မြေလို ကွာခြားလှသဖြင့် စိတ်မှာ ဇဝေဇဝါနှင့် မချင့်မရဲကြီးဖြစ်ကာ ဘာကိုမှ အတည်ပြုမပြောဆိုရဲ။

ကိုကိုကိုယ်တိုင်လည်း သူ့ အသက်မက ချစ်သော ချစ်သူမိန်းကလေးနှင့် ကားပေါ်က သူဌေးမလေးတို့ ရုပ်ချင်းဆင်သလိုလို



www.burmeseclassic.com

www.burmeseclassic.com



တူသလိုလို ဖြစ်နေတာကို သတိမှထားမိပါရဲ့လားမသိ။

"မလိုပါဘူးကွာ၊ ကားသမားချင်း ဘ၀တူတွေပဲ၊ တစ်ခါ တလေ ဒီလိုပဲဖြစ်တတ်ပါတယ်၊ ကိုင်း ဦးတို့ကို ခွင့်ပြုဦးကွယ်"

"ကောင်းပါပြီခင်ဗျာ"

အဘိုးကြီး ကားပေါ်တက်သွားပြီးနောက် ကားလေ နေရာမှ ဝေါခနဲထွက်သွားသည်နှင့် နေရာမှာ မျက်လုံးပြူး မျက်ဆ ဖြူးနှင့် သရဖီ ဇွေ့ဇွေ့ခုန်ဖြစ်ကျန်ရစ်သည်။

"မြင်လိုက်လား ကိုကို မြင်လိုက်လား၊ ဟိုကားထဲမှာ လေ"

"ဘာလဲ ဘာဖြစ်လို့လဲ၊ ဟိုကားထဲမှာ ဘာပါသွားလ လဲ"

သရဖီပုံစံက အလန့်တကြား။ ထိတ်ထိတ်ပျာပျာမို့ မင်း စည်ထင်ပင် ညီမဖြစ်သူကိုကြည့်ပြီး အလန့်တကြားဖြစ်သွား

"နုလေ ကိုကိုရဲ့နု၊ ကိုကိုရည်းစား ဟိုကားပေါ်မှာ"

"နု ဟုတ်လား"

"ဟုတ်တယ် နုမှ နုအစစ်၊ သရဖီကိုယ်တိုင်မြင်လိုက် တာ"

"နု"





သရဖီ့စကားကြောင့် မင်းစည်ထင် ခဏတော့ ငိုင်သွား သည်။ စောစောက ကားပေါ်က မိန်းကလေးကို သူလည်း မြင်ပါ သည်။ တစ်ကိုယ်လုံး စိန်တွေ ဖိတ်ဖိတ်လက်နေသော မိန်းကလေး က သူ့ချစ်သူ နုတဲ့လား။

နုသာ အမှန်တကယ်ဆိုရင် မင်းစည်ထင်အပေါ်မှာ ဤမျှ ကော်စက်နိုင်မည်မထင်။ ပြီးတော့ ကားပေါ်က သူဌေးမလေးနှင့် မင်းစည်ထင်ရဲ့ချစ်သူ နုဆိုတာကလည်း မိုးနှင့်မြေလို ကွာခြား လှန်းသည့်ဘ၀။

နုဆိုသည့် မင်းစည်ထင်ချစ်သူလေးက အညတရ။ မရှိ ဆင်းရဲသား။ သူများအိမ်မှာ ထမင်းတစ်လုပ်အတွက် အချိန်ပြည့် လုပ်လုပ်ပေးနေရသည့် မိန်းကလေး။ ရုပ်ကလေးမှုန်နေအောင် ပေမယ့် မင်းစည်ထင်ရဲ့ချစ်သူဘ၀က မလှပ။ ခက်ခဲကြမ်း တမ်းမှုတွေနှင့် ပြည့်နေရှာသူ။

တစ်ကောင်ကြွက် မျက်နှာမွဲမလေးအဖြစ် ချစ်သူကို ကြင် မြတ်နိုးတွယ်တာ စာနာခဲ့ပေမယ့်။

နုဆိုတဲ့ မောင့်ချစ်သူရယ်။

ရင်ထဲမှာ နာကျင်ရလွန်းသည့် အဖြစ်အတွက် အတွေးကို ဟာမှာပဲ ရင်နာစွာ ဖြတ်တောက်လိုက်သည်။ နုကို အခုချိန်



www.burmeseclassic.com

www.burmeseclassic.com



ထိ ဘယ်နေရာရောက်ရောက် မင်းစည်ထင် လိုက်ရှာနေဆဲ။ ချစ်နေမြတ်နိုးနေဆဲ။

အချိန်တိုင်း တမ်းတလွမ်းဆွတ် သတိရနေသည့်အဖြစ်ကို မည်သူသိနိုင်မည်နည်း။

''ကိုကို''

''မဖြစ်နိုင်တာတွေ မပြောစမ်းနဲ့ သရဖီရယ်၊ နဘဝကို နင်လည်းသိနေတာပဲ၊ သွားဆိုဖုံးသွားဖွင့်စမ်း''

''မဟုတ်ဘူးနော် ကိုကို၊ ကားထဲက မိန်းကလေးက နနဲ့ တော်တော့ကိုတူတာနော်''

ညီမဖြစ်သူစကားကြောင့် ရင်မချိစွာ သူပြုံးသည်။

''လူတူမရှား နာမည်တူမရှားမဟုတ်လား သရဖီ၊ နလို မိန်းကလေးတစ်ယောက်က ဘယ်လိုလုပ်ပြီး သူဌေးမလေး ဖြစ်နိုင်မှာလဲ''

''နအကြောင်းတွေးမိတိုင်း ငါ ရင်နာတယ်သိလား၊ နင်တို့ ဝိုင်းနှိပ်စက်လို့ နင်တို့ကြောင့် န အိမ်ကထွက်သွားတာ၊ ငါသိတယ် သိလား''

အစ်ကိုဖြစ်သူထံမှ ရင်နာစွာ ထွက်ပေါ်လာသော စကားက မချိမဆန့်မို့ သရဖီမှာ အစ်ကိုဖြစ်သူ မမြင်အောင် တစ်ဖက်ကို မျက်နှာလှည့်ပြီး မဲ့လိုက်သည်။ အခုချိန်ထိ နဆိုတဲ့ မိန်းမကို ခမေ့နိုင်သေးဘဲ ညီမဖြစ်သူကို အပြစ်တင်နေသော အစ်ကိုဖြစ်သူကို သရဖီမုန်းမိသည်။

''ဘာမှမဆိုင်တာတွေ မပြောနဲ့သိလား၊ သူ့ဘာသာ ဒိပ်ပြာမလုံလို့ အိမ်မှာမနေရဲဘဲ ဖွတ်ထွက်တာ သရဖီတို့က ဘာလုပ်ရမှာလဲ''

''မသွားပါနဲ့လို့ ဝိုင်းတောင်းပန်ပြီး ဆွဲထားရဦးမှာလား၊ ရုပ်လှတာလေးဗန်းပြပြီး အစ်ကိုကို အပိုင်ဖမ်းနေတာ အားလုံးသိတယ်''

''သရဖီ''

''နင့်ပါးစပ်ပိတ်ထားစမ်း၊ မိန်းကလေးချင်း မညာမတာ ပြောတာ တစ်နေ့ နင် ဝဋ်လည်မယ်နားလည်လား''

''အို သရဖီတို့က ဘာဆိုင်လို့ ဝဋ်လည်ရမှာလဲ၊ ကိုယ့်ဘာကိုယ် တန်ရာတန်ရာမလုပ်ဘဲ သူများမိသာစု စိတ်ဆင်းရဲအောင် လုပ်တဲ့သူကသာ ဝဋ်လည်မှာသိလား''

''တော် တော် နင့်ပါးစပ်ကိုပိတ်ထား သရဖီ၊ လမ်းပေါ်မှာ နင်နဲ့ စကားမများချင်ဘူး''

''တွန်း''






www.burmeseclassic.com

www.burmeseclassic.com



မင်းစည်ထင်က ဓာတ်ဆီပုံးကိုဆွဲပြီး သရဖီရှေ့က ခြေလှမ်းကျဲကြီးတွေနှင့် ထွက်သွားသလို သရဖီကလည်း အစ်ကိုဖြစ်သူနောက်ကို ရှုအောင့်အောင့်အမူအရာဖြင့်အတူ လိုက်ပါလာသည်။

နုဆိုသည့် မိန်းမနှင့်ပတ်သက်ပြီး သရဖီကို အပြစ်တင်စကားပြောသည့် အစ်ကိုဖြစ်သူကို မကျေနပ်။

သရဖီကိုများ ဝင်ရှုလည်ဦးမယ်တဲ့။

ဟွန်း။

သူ့ရည်းစားကိုထိတော့ ဆတ်ဆတ်ခါ နာနေလိုက်တာ။

ကိုယ့်ညီမလေးပါလားဆိုတာတောင် မသိတော့ဘူး။

ကားဆီထည့်ပြီး ကိုယ့်အတွေးနှင့်ကိုယ် စကားမပြောကြ။ သရဖီကိုယ်တိုင်လည်း ဆတ်ဆော့လွန်းသည်ဟု ဆိုရမည်။ စိန်ရောင်ရွှေရောင်တဖျတ်ဖျတ်လက်နေသော သူဌေးမလေးနှင့် အိမ်ဖော်သာသာ သူများအိမ်မှာ မှီခိုတွယ်ကပ်နေသူကိုမှ သွားပြီးခိုင်းနှိုင်းမိသည်မဟုတ်လား။

စိတ်ကူးယဉ်ဖို့ပင် ကောင်းသည့်အရာမဟုတ်မှန်း သေချာပြန်တွေးကြည့်မိပြီးမှ နှုတ်ခမ်းလေးကို မဲ့လိုက်သည်။

နုဆိုသည့်မိန်းမသာ သူ့ကို ကျိကျိတက်ချမ်းသာသည့်သူဌေးမလေးနှင့် လူချင်းမှားပါသည်ဟုဆိုလျှင် ကြားရတာနှင့်ပင်





ဘဝင်လေဟပ်ပြီး နေရာမှာတင် မေ့လဲသွားလောက်သည်။

"ကျွီး"

"ကဲ ရောက်ပြီ ဆင်းတော့"

ကားက သရဖီတက်ရမည့် ကွန်ပျူတာကျောင်းရှေ့မှာ ရပ်လိုက်တာမို့ သရဖီလည်း ကားပေါ်ကဆင်းလိုက်သည်နှင့်

"ဝူး"

"ဝရော"

မင်းစည်ထင်က ညီမဖြစ်သူကိုပင် နှုတ်ဆက်ဖော်မရဘဲ နေရာက ကားကို ဝေါခနဲ မောင်းထွက်သွားပုံကြောင့် အစ်ကိုဖြစ်သူလုပ်သွားပုံကိုကြည့်ကာ သရဖီတစ်ယောက်ထဲ ဇွေ့ဇွေ့ခုန်ဖြစ်ကျန်ရစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"တော်တော့ကွာ မင်းစည်၊ မင်းသောက်တာတွေများနေပြီ"

"နက်ို ငါ သိပ်သတိရလွန်းလို့ပါကွာ၊ ငါလေ နက်ို ချစ်တယ်၊ မြတ်နိုးတယ်၊ ပြီးတော့ ငါချစ်သူလေးကို ငါ သိပ်သနားလို့ပါ ဇော်မိုးရာ"

အာလေးလျှာလေးသံကြီးနှင့် ခေါင်းငိုက်စိုက်ကျနေသော သူငယ်ချင်းဖြစ်သူကိုကြည့်ပြီး ဇော်မိုးကိုယ်တိုင်လည်း စိတ်မကောင်းပါ။ အထူးသဖြင့် မင်းစည်ထင်လို ရိုးရိုးအေးအေးသော စိတ်သဘောထားဖြူစင်သူအတွက် ပို၍ခံစားရပါသည်။ နုနှင့် မင်းစည်ထင်တို့ကိစ္စကို ဇော်မိုးကိုယ်တိုင် အစအဆုံး သိသူဖြစ်သဖြင့်





သူငယ်ချင်းဖြစ်သူရင်ထဲက ခံစားချက်ဝေဒနာ အတိမ်အနက်ကို ပို၍ စာနာနားလည်ပေးနိုင်သူလည်းဖြစ်သည်။

"အေးကွာ အခုထဲက မတွေ့ကြရင်လည်း အကောင်းသား၊ အခုတော့ မင်းအတွက်ရော နုအတွက်ပါ ငါ စိတ်မကောင်းဘူး မင်းစည်ထင်ရာ၊ အောင်ချိမ့်သိရင် ပိုဆိုးမယ်"

"အောင်ချိမ့်"

"အေး"

"ဒီကောင် အခုထိ ပြန်မလာသေးဘူးလား"

အရက်မူးသံဖြင့်ဆိုတော့ ဇော်မိုးပြုံးမိသည်။

အချစ်ဆုံးသူငယ်ချင်းသုံးယောက် အတူရှိကြသည့်အထဲမှာ မင်းစည်က အရက်ကို အနံ့ပင်ခံနိုင်သူမဟုတ်။ အခုလည်း နည်းနည်းသောက်ပြီး များများမှောက်နေပုံက ရယ်စရာကောင်းသလို သနားစရာလည်းကောင်းသည်။

ငယ်ငယ်လေးထဲက အခုချိန်ထိ အတွဲအပျက် နေလာခဲ့ကြတာမို့ ညီအစ်ကိုတွေလို သံယောဇဉ်ကြီးကြသူတွေဖြစ်သည်။ ကျောင်းပြီးတော့ ကိုယ်စီ လုပ်ငန်းခွင်ထဲရောက်ခဲ့ကြသည်။ သူတို့သုံးယောက်ထဲမှာ ဇော်မိုးက အရင်အိမ်ထောင်ကျသည်။ သားကျွေး မယားကျွေးမှုကိစ္စတွေ နေ့မအား ညမအား ရှာဖွေရှန်းကန်နေရသူ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

အောင်ချိမ့်ကြတော့ တစ်ဦးတည်းသော သူဌေးသား။ အမွေများစွာကို လက်ခံရရှိမည့်သူအဖြစ် သူ့ဖခင်ပိုင် ကုမ္ပဏီလုပ်ငန်းထဲမှာ ခေါင်းနှစ်နေသူ။ နိုင်ငံခြားမှာ အနေများပြီး အလုပ်ကိစ္စနှင့် မကြာခဏ ခရီးထွက်နေရသဖြင့် သူငယ်ချင်းတွေ ဆုံချိန်လေးမှာ ပျော်ပျော်ပါးပါးနေချင်သူ။

စိတ်ညစ်စရာအကြောင်း ဘာတစ်ခုမှ စိတ်မဝင်စား။ သူကိုယ်တိုင်လည်း ဘဝကို စိတ်ညစ်အောင်မနေ။ လွပ်လပ်ပေါ့ပါးစွာ ဖြတ်သန်းကုန်ဆုံးစေသူဖြစ်သည်။ လူပုံချောပေမယ့် အပြောအဆိုကြတော့ ထောင့်မကျိုး။ စိတ်ရင်းကောင်းပေမယ့် ဒေါသကြီးသည်။ တဖွတ်ထိုးဆန်ပြီး ခေါင်းမာပေမယ့် အစွဲအလန်းကြီးတော့ ကြီးသည်။

ငွေကို ရေလိုသုံးနိုင်သလို ချစ်သူရည်းစားလည်းများသည်။ မင်းစည်ထင်ကျတော့ အောင်ချိမ့်လိုမဟုတ်။ လူက လူရိုးဖြစ်ပြီး လူတွေအပေါ်မှာ သနားကြင်နာတတ်သည်။ မိသားစုအပေါ်မှာ ငဲ့ညှာတတ်သူ။ ညီမနှစ်ယောက်ရှိပြီး မင်းစည်ထင်က အကြီးဆုံး။ သူ့အောက် ညီမနှစ်ယောက်က သရဖီနှင့် ဓိဇဝါ။

မိသားစုစီးပွားရေးကိစ္စမှာ သူက ဦးဆောင်သူမဟုတ်ပေ





မယ့် သူ့အဖေနှင့်အမေ စီးပွားရေးကိစ္စတွေမှာ ဝင်ကူရသူဖြစ်သည်။ ကိုယ်ပိုင်စီးပွားရေးအဖြစ် ကားဝယ်ရောင်းလုပ်သည်။ ရသမျှဝင်ငွေက အိမ်မိသားစုအတွက်မဟုတ်။ သူ့ကိုယ်ပိုင်ငွေအဖြစ် ကြိုက်သလိုသုံးစွဲနိုင်သူဖြစ်သည်။

ထိုအနေအထားမှာ နုဆိုသည့် မိန်းမလှလေးနှင့် အမှတ်အထင် ဆုံစည်းခဲ့ကြခြင်းဖြစ်သည်။ တိုက်ဆိုင်စွာပင် ထိုနေ့က ဇော်မိုးကိုယ်တိုင် မင်းစည်ထင်ကားပေါ်မှာ အတူပါလာသည်။ အချိန်က ညနေငါးနာရီကျော်လောက်ဆိုပေမယ့် ရာသီဥတုက အုံ့ဆိုင်းမှိုင်းညို့ပြီး ကောင်းကင်တစ်ခုလုံး ပြိုကျတော့မည်နှယ် မဲမှောင်လျက် မိုးက တစိမ့်စိမ့်ရွာနေ၏။

သူငယ်ချင်းနှစ်ယောက် စားသောက်ဆိုင်ကိုအသွား လမ်းချိုးအကွေ့တစ်ခုအရောက်မှာ တစ်ဘက်က ထီးတစ်ချောင်း ခပ်ငိုက်ငိုက်စောင်းလာသူကိုမမြင်ဘဲ ကားဖြင့် ဝင်တိုးမိကြခြင်းဖြစ်သည်။

မင်းစည်ထင်ကားဖြင့် ဝင်တိုးမိသည့် မိန်းကလေးက ဆောင်တစ်ချိန် မင်းစည်ထင်အသက်မတော ချစ်ရသော ချစ်သူဖြစ်လာသည့် နုဆိုသည့် မိန်းမလှလေးဖြစ်သည်။ အချိန်မီ ဘရိတ်ကို နင်းလိုက်သဖြင့် ဒဏ်ရာကြီးကြီးကျယ်ကျယ်မရသော်လည်း ခြေ



www.burmeseclassic.com

www.burmeseclassic.com



ထောက်မှာ ဒဏ်ရာရသွားသဖြင့် နုခများ လမ်းကောင်းစွာ မလျှောက်နိုင်တော့။ ဆေးခန်းကို လိုက်ပို့ပေးမည်ဆိုတော့လည်း လက်မခံ။ နောက်ဆုံး နုဆန္ဒအတိုင်း ဆင်ခြေဖုံးရပ်ကွက်ထဲက သူမအဒေါ်အိမ်ကို ပို့ပေးခဲ့ရသည်။

ဆေးဖိုးငွေပေးတော့လည်းမရ။

မင်းစည်ထင်မှာ အားနာ၍မဆုံး။ ဒဏ်ရာမပျောက်မချင်း နုဆိုသည့် မိန်းမလှလေးထံသွားသည်။ ထိုမှတစ်ဆင့် နုဘဝ၊ နု အကြောင်းကို မင်းစည်ထင် ပို၍သိလာခဲ့ရာမှ စိတ်မကောင်းခြင်း ကြီးစွာ ဖြစ်ရပြန်သည်။

မိဘမဲ့တစ်ကောင်ကြွက်မလေး နုဘဝက ဆင်းရဲစုတ်ပြတ်သော အဒေါ်မိသားစုနှင့် မအပ်စပ်အောင်ပင်။ လမင်းတစ်စင်းလို ရွှန်းရွှန်းပပ ထိရက်ကိုင်ရက်စရာမရှိအောင် လှပဲလှရက်လွန်းသူ လေးဖြစ်သည်။ ဆယ်တန်းအောင်ပေမယ့် ကျောင်းဆက်မတက်နိုင်။

ထမင်းစားဖို့ပင်အနိုင်နိုင် ကြိုးစားနေသော နုကို စုတ်ပြတ် နံချာလှသော တဲစုတ်မှကယ်ထုတ်ရန် မင်းစည်ထင်ကြိုးစားသည်။ နုက မာနကြီးသည်။ ကျောင်းပညာသင်စရိတ်ထက် လောလော ဆယ် စားဝတ်နေရေးကိစ္စက ပိုအရေးကြီးနေရှာသူလေးဖြစ်ပေမယ့် သူမ၏ ကိုယ်ပိုင်လုပ်အားခနှင့်ရသည့် ပိုက်ဆံငွေကြေးမှတစ်ပါး





တခြားမည်သူ့ငွေကိုမှ လက်မခံ။

ဖြူစင်ရိုးသားသည့်မာနကို မင်းစည်ထင် ပို၍မြတ်နိုးရသည်။ ပို၍ချစ်ရသည်။

သူတို့နှစ်ယောက်၏ သံယောဇဉ်ကြိုးကို ပို၍ခိုင်မာစေသည်က မင်းစည်ထင်တို့ခြံနှင့်ကပ်လျက် နှစ်ထပ်တိုက်ဂါကြီးကို နု ရောက်လာခြင်းမှအစပြုကာ နောက်ဆုံး ချစ်သူတွေဖြစ်ခဲ့ကြသည်။

တစ်ယောက်ကိုတစ်ယောက် သိပ်ချစ်ကြပေမယ့် အခြေအနေချင်းကြတော့ မတူ။ မိုးနှင့်မြေလို ကွာခြားမှုတွေနှင့်ဆိုတော့ အမြဲ ရင်ဖောပူပင်နေရသည်။ နုက တစ်ဖက်ခြံကြီးကို အိမ်ဖော်မလေး နုအဖြစ် ရောက်လာရှာသူဖြစ်ပေမယ့် မင်းစည်ထင်ကြတော့ ပညာတတ် ချမ်းသာပြည့်စုံကြွယ်ဝသည့် တစ်ဦးတည်းသောသူဌေးသားဘဝ။

မင်းစည်ထင်ကိုယ်တိုင် သူတို့အချစ်ဇာတ်လမ်းကို ဖုံးဖိဖို့ကြိုးစားနေသည့်ကြားမှ သရဖိက စတင်ရိပ်မိသိရှိသွားကာ တစ်အိမ်လုံး မိုးမီးလောင်ကုန်သည်။

"ကြိုက်စရာရှားလို့ အိမ်ဖော်မနဲ့တဲ့၊ လုံးဝသဘောမတူဘူးနော် မင်းစည်၊ မင်းကိစ္စ မင်းဘာသာရှင်းရင်ရှင်း၊ မင်း



www.burmeseclassic.com

www.burmeseclassic.com



မရှင်းနိုင်ရင် မာမိကိုယ်တိုင် ဝင်ရှင်းရလိမ့်မယ်ဟော့ နားလည်လား''

မာမို့အသံက တစ်တိုက်လုံး ဟိန်းသွားသည့်အတွက် မင်းစည်ထင် ခေါင်းငုံ့သွားသည်။ ညီမနှစ်ယောက်က အစ်ကိုဖြစ်သူကို အကဲခတ်သလို ငြိမ်ကြည့်နေပေမယ့် သရဖီကြတော့ နဂိုကလည်း ခပ်စွာစွာမို့ နုကို သူမကိုကိုနှင့် အဝေးဆုံးထွက်သွားအောင် အပြတ်ပြောပစ်မည်ဟု စိတ်မှာ တေးထားသည်။

''မင်းစည်ထင် မာမိပြောတာကြားလား၊ ဒီနေ့ကစပြီး ဟိုဘက်ခြံက ကောင်မလေးနဲ့ လုံးဝမပတ်သက်နဲ့၊ တစ်ခုခုဖြစ်လာလို့ကတော့ မာမို့အဆိုးမဆိုနဲ့ သိလား''

''နုကို ကျွန်တော်ချစ်တယ် မာမိ''

''အမလေး အမေက ဒီလောက်ပြောနေတဲ့ကြားက ဒီစကားမျိုး ပြောထွက်နိုင်သေးတယ် ဟုတ်လား၊ မင်းတော့ ဆေးမ[illegible] ပြီထင်တယ်၊ မဖြစ်ဘူး မဖြစ်ဘူး၊ မင်းကို မန္တလေးက မင်းဦးလေး[illegible] တွေဆီပို့ထားမှ ဖြစ်တော့မယ်''

ဒေါ်တင်ရီ ပျာယာခတ်နေပုံကိုကြည့်ပြီး မင်းစည်ထင်လည်း ချစ်သူနှင့် ဝေးရမည့်အရေးကိုတွေးပြီး အကြောက်ကြီး[illegible] ကြောက်နေမိသည်။ ပြဿနာ၏တရားခံက သရဖီ။ သူကြောင့် နုနှင့်ကိစ္စကို မာမိသိသွားတာဖြစ်သည်။ စိတ်ထဲမှာ သရဖီ[illegible]





မကျေနပ်ပေမယ့် နုကိုပဲ လက်ထပ်ရန် ရည်ရွယ်ဆုံးဖြတ်ထားခဲ့ပြီးသားမို့ အိမ်က မိသားစုတွေ ဘယ်လိုပဲ သဘောမတူတူ မင်းစည်ကတော့ နုကို လက်ထပ်မှာပင်။

နုကို သူ့ကိုယ်ပိုင်လုပ်အားဖြင့် ရှာဖွေကျွေးမွေးနိုင်သည်။ ချစ်သူသက်တမ်း ဘာမှမကြာသေးသဖြင့် အချိန်အခါကိုစောင့်ရင်း ချေကြိုစုနေချိန်မှာ သရဖီကြောင့် တစ်အိမ်လုံး မိုးမီးလောင်ဖို့ ဖြစ်လာခြင်းဖြစ်သည်။

''ဒီနေ့ကစပြီး မင်း အပြင်ကို လုံးဝမထွက်ရဘူးဟော့ နားလည်လား၊ မင်း ဟိုကောင်မကိုယူချင်ရင် ငါ့ကိုသတ်ပြီးမှ ယူ''

''မာမိ''

''မင်း ဘာမှမပြောနဲ့ မင်းစည်ထင်၊ မင်းကို တစ်ဦးတည်းသောသားလေးဆိုပြီး ပိုးမွေးသလို မွေးလာခဲ့တာ၊ သူများအိမ်မှာ အိမ်ဖော်လာလုပ်နေတဲ့ မိန်းကလေးနဲ့ ပေးစားဖို့မဟုတ်ဘူး သိရဲ့လား''

''လူမိုက် လူဆိုး၊ အဖေ အမေနဲ့ ညီမတွေမျက်နှာကိုမှ မထောက်၊ မင်းမို့ ဒီလိုမျိုး တွေးရက်ကြံရက်တယ်''

''ကဲ ကဲ''



www.burmeseclassic.com

www.burmeseclassic.com



''ဗုန်း ဗုန်း''

''မာမီ တော်ပါတော့၊ ကိုကို့ကို မလုပ်ပါနဲ့''

အငယ်မ ဇီဇဝါက အမေလုပ်သူကို ဝင်ဆွဲပေမယ့် သရဖီကတော့ ခပ်တည်တည်လေးကြည့်နေသည်။ ဒေါ်တင်ရီမှာ သားကြီးကို ထုရိုက်ရင်း သူကိုယ်တိုင်လည်း မျက်ရည်ပေါက်ပေါက်ကျ ရှိုက်ငိုနေတာမို့ မင်းစည်ထင်မျက်နှာကလည်း ပြုံတော့မည့်မိုးနှယ် အပြုံင်ညှိုနေရှာပါသည်။ မိခင်ဖြစ်သူကိုကြည့်ပြီး စိတ်ဆင်းရဲနေမိသလို နမျက်နှာလှလှလေးကိုမြင်ယောင်ပြီး တစ်သက်သာဝေးရလို့မဖြစ်ပါဘူးဟုတွေးကာ သူကိုယ်တိုင်လည်း စိတ်မချမ်းမသာဖြစ်နေပါသည်။

''ငါ့ကိုသတ်ပြီး ငါသေမှ မင်းလုပ်ချင်ရာလုပ် မင်းစည်ထင်ဆိုတဲ့ လူမိုက်ရဲ့''

ပြောရင်း ဒေါ်တင်ရီ အီးခနဲ ငိုချလိုက်တာမို့ မင်းစည်ထင် နေရာက ထွက်လာခဲ့သည်။ တစ်ဖက်ခြံနှင့်လည်း မဝေးတာမို့ ဒီဘက်အိမ်က ဆူဆူညံညံအသံတွေကို နု ကြားမှာပဲတွေးကာ ဆွေးနေပေမယ့် သူမနှင့်သူ့ကို သဘောမတူ ခါးသီးနေသည့်အဖြစ်ကို ချစ်သူလေး စိတ်ဆင်းရဲအောင် ဖွင့်မပြောရက်။

တိတ်တိတ်ကျိတ်ပြီး ခိုးပြေးဖို့ပဲ ဆုံးဖြတ်သည်။ ဒီလို





မကြိုးစားလျှင် နုနှင့် ဒီတစ်သက် ဆုံဖို့မလွယ်။ သူ့ကို မာမီစိတ်ဆိုးဒေါသဖြစ်ပြီး အမွေပြတ်စွန့်လွှတ်ခဲ့လျှင်လည်း ခံမည်။ နောက်မှ မာမီနှင့်ဒက်ဒီကို ရှိခိုးတောင်းပန်မည်။

သားကိုခွင့်လွှတ်ပါ မာမီရယ်။

နုကို သားချစ်တယ်။

နုနဲ့ပဲ လက်ထပ်ချင်တယ်။

မင်းစည်ထင်၏ အတွေးစိတ်ကူးတို့ ဖော်ထုတ်ကြံစည်ရန် အခွင့်ပင်မရလိုက်။ သူတို့မိသားစုစနက်ကြောင့် နုတစ်ယောက် အဝေးကို လွင့်စင်ထွက်သွားအောင် ပထုတ်ပစ်လိုက်ကြသည့်အဖြစ်ကို သူသိလိုက်ရချိန်မှာ အရာအားလုံး နှောက်ကျသွားခဲ့လေပြီ။

ချစ်သောနုက မင်းစည်ထင်နားမှာ မရှိတော့။ ခြေရာ ပျောက်သွားသည်မှာ ဘာတစ်ခုမှ စုံစမ်းမေးမြန်းခွင့်လည်းမရ။ ဒေါ်မိသားစုကလည်း ပြောင်းရွှေ့သွားပြီမို့ မင်းစည်ထင် အရူးလိုဖြစ်သွားသည်။ အအိပ်မမှန် အစားမမှန်နှင့် အိပ်ရာထဲ လဲသည်အထိ ဖြစ်သွားသည်။

နှစ်နှစ်ကျော်ဆိုသည့်အချိန်မှာ မင်းစည်ထင် အရက်သောက်တတ်သူ ဖြစ်လာသည်။

''တော်တော့ကွာ မင်းစည်၊ ပြန်ကြရအောင်၊ မင်းရောဂါ



www.burmeseclassic.com

www.burmeseclassic.com



က အရက်နဲ့မတည့်ဘူးဆိုတာလည်း သိရဲ့နဲ့ကွာ''

''အေးပါကွာ...အေးပါ၊ အောင်ချိမ့် မလာသေးဘူးလား''

''မနက်ဖြန်မှ ဒီကောင်ပြန်ရောက်မှာကွ၊ အခုပြန်ကြစို့''

သူငယ်ချင်းဖြစ်သူကို ချော့မော့ပြီး ဇော်မိုးကိုယ်တိုင်ကားမောင်းပြီး အိမ်ပြန်ပို့သည်။ လူမှန်းသူမှန်းမသိ ဖြစ်လာသည့်သားဖြစ်သူကိုကြည့်ပြီး ဒေါ်တင်ရီ စိတ်ဆင်းရဲသွားသည်။

''ဘယ်လိုဖြစ်လာတာလဲ မောင်ဇော်မိုးရယ်၊ မင်းသူငယ်ချင်းကို ကြည့်မပြောတော့ဘူးလား၊ အန်တီတော့ စိတ်ဆင်းရဲလွန်းလို့ သေသာသေပစ်လိုက်ချင်တာပါပဲကွယ်''

''သူ့ရောဂါက အရက်နဲ့တည့်တာ မဟုတ်ဘူး''

''ကျွန်တော်လည်းပြောပါတယ် အန်တီ''

''နေရေ''

''ဟိတ်ကောင် မင်းစည်၊ သတိထားဦးလေကွာ ကျွန်တော် သူ့အခန်းထဲလိုက်ပို့လိုက်ဦးမယ် အန်တီ''

''အေးပါကွယ်...အန်တီတော့ မင်းသူငယ်ချင်းနဲ့ သိပ်စိတ်ညစ်တာပဲကွယ်၊ အိမ်ထောင်မြန်မြန်ပြုစေချင်လှပါပြီ၊ ဒါ အန်တီတို့လည်း စိတ်ချမ်းသာရမယ်၊ အခုပုံအတိုင်းဆိုရင် သူ့ရော





နဲ့ မလွယ်ပါဘူးကွယ်''

''နေ''

''အင်း...ဒုက္ခ...ဒုက္ခ''

ဒေါ်တင်ရီထံမှ ဒုက္ခအသံကို ကြားရ၏။ ဘယ်သူက ထိုဒုက္ခကို မီးထွန်းရှာသလဲဆိုတာကို ဇော်မိုးလည်း မသိတော့ပါ။ သူငယ်ချင်းဖြစ်သူ၏ ကိုယ်ကြီးကိုသာ မနိုင်မနင်းနှင့် သူ့အိပ်ရာထဲ တွဲပို့ပေးလိုက်ပါသည်။

''ဘာမဟုတ်တဲ့ မိန်းမတစ်ယောက်အတွက်နဲ့ ဒီလောက်ကောင် ဖြစ်နေစရာလားကွာ၊ ကိုယ့်အသက်ကိုတောင် မနှမြောတဲ့ အကောင် ပစ်သာထားလိုက်''

''အိုရှင်...ကိုယ့်သားသမီးကို ကိုယ်က အမေဖြစ်ပြီး ဒီလိုပြောစရာလား''

''အေး...မပြောစေချင်ရင်လည်း သူလိုချင်တဲ့မိန်းမကို ရှာပေးစားလိုက်ကြ၊ ဒါပဲ''

မင်းစည်ထင်အမေက ဒေါသတကြီးနှင့် နေရာက ရှုံ့ရှုံ့ အရှုံး ထွက်သွားတော့ ကျန်ရစ်သည့်လူတွေမှာ မျက်နှာငယ်လေး တွေနှင့် ဘာပြောရမှန်းမသိဘဲ ကျန်ရစ်သည်။ သရဖီကိုယ်တိုင် ကြည်း အစ်ကိုဖြစ်သူ ခံစားနေရတာကို သနားပေမယ့် ဆင်းရဲနဲ့ချာ



www.burmeseclassic.com

www.burmeseclassic.com



လှသော အိမ်ဖော်မိန်းကလေးနှင့် ဘယ်လိုမှ အစ်ကိုဖြစ်သူကို သဘောမတူ။

''သိလား ကိုဇော်၊ ဒီနေ့ နန့်တူတဲ့ မိန်းကလေး တစ်ယောက်ကို တွေ့လာပြီး အခုလိုဖြစ်နေတာ''

သရဖီ.သူ့အစ်ကိုအတင်းကို ဇော်မိုးနားကပ်ပြီး ပြောလိုက်ခြင်းဖြစ်သည်။

''အေး…သူလည်းပြောတယ်၊ နင်တို့အစ်ကိုကို ဂရုစိုက်ကြ၊ ငါသွားမယ်''

''အန်တီ…ကျွန်တော် ပြန်လိုက်ပါဦးမယ်''

''အေးကွယ်…အေး၊ မင်းသူငယ်ချင်းကိုလည်း တရားလေးဘာလေး ချပါဦးကွယ်''

''ဟုတ်ကဲ့ပါ အန်တီ၊ အေးအေးမှ ကျွန်တော်ပြောပါဦးမယ်''

''အေးပါကွယ်…အေးပါ''

ဇော်မိုး ပြန်သွားတော့ တစ်အိမ်လုံး စိတ်ညစ်ပြီး ကျန်ရစ်သည်။ မင်းစည်ထင်အမေ ဒေါ်တင်ရီကိုယ်တိုင် ဘာလုပ်ရမည် ဘာကိုင်ရမှန်းမသိ။

သားအတွက် ရင်လေးနေသည်။





အကြီးဆုံးသားကြီးမို့ ချစ်လည်းချစ် အားလည်းကိုးပေမယ့် မိန်းမကိစ္စမှာတော့ အမှားမခံနိုင်သဖြင့် သားအလိုကို မလိုက်နိုင်သလို သားဖြစ်သူရင်ထဲက ခံစားနေရတာကိုလည်း အဲမေတစ်ယောက်အနေဖြင့် မကြည့်ရက်။ မင်းစည်ထင် စိတ်ဆင်းရဲနေရသလို ဒေါ်တင်ရီတို့ တစ်အိမ်သားလုံးလည်း စိတ်မချမ်းသာ။

''မာမီ''

''ဟင်…ဘာလဲသမီးလေး''

အငယ်ဆုံး သမီးထွေးဖြစ်သူ ဓိဇဝါ အနားရောက်လာပြီး ခင်ဖြစ်သူနား လာထိုင်သဖြင့် မေးလိုက်သည်။

''ကိုကိုသနားပါတယ် မာမီရယ်၊ သူချစ်တဲ့သူနဲ့ ယူချင်လည်းယူပါစေ၊ မာမီတို့ သဘောတူပေးလိုက်ပါနော်''

''ဩော်…ညည်းက အိမ်ဖော်မနဲ့ ညည်းအစ်ကိုကို သဘောတူခိုင်းနေတာပေါ့ ဟုတ်လား၊ သေချင်သေပါစေ အိမ်ဖော်မ ဘယ်တော့မှမပေးစားဘူး သိလား''

''သွား…သွား ဒါ ညည်းတို့ကလေးအလုပ်လည်း မဟုတ်ဘူး၊ ကိုယ့်ဘာသာ စာကြိုးစားချည်၊ အမေ စိတ်ဆင်းရဲနေတဲ့အထဲ ညည်းတို့ကတစ်မျိုး''

''မာမီကလည်း''



www.burmeseclassic.com

www.burmeseclassic.com



ဇီဇဝါအနားက ထွက်သွားမှ ဒေါ်တင်ရီ သက်ပြင်းချ
လိုက်သည်။ မိဘတစ်ယောက်၏ ချစ်ခြင်းမေတ္တာကို ဘယ်သူမှ
စာနာနားလည်ရကောင်းမှန်းမသိ။ သူတို့ဖြစ်ချင်တာ၊ သူတို့လုပ်ချင်
တာတွေချည်းပဲ ပြောနေဆိုနေကြသည်။

သားကြီးကို သနားပေမယ့် ဒီကိစ္စကို ဘယ်လိုကိုင်တွယ်
ဖြေရှင်းရမှန်းမသိ။ အိမ်ကသဘောတူသူနဲ့ လက်ထပ်ပါဆိုတော့
လည်း မဟုတ်။

''ဟင်း''

သားကြီး . . . သားကြီး။

ဘယ်လိုများ လုပ်လိုက်ရမှာပါလိမ့်မလဲနော်။ သူဖြစ်ချင်
တာ ကိုယ်က လိုက်လုပ်မပေးနိုင်သလို ကိုယ်ဖြစ်ချင်တာကိုလည်း
သူက မလိုက်လျောနိုင်နှင့် ခက်ပြီးရင်း ခက်နေရသည့်အဖြစ်။

သားကြီးမှာ အသည်းရောဂါရှိသည်။ အရက်နှင့်မတည့်
ဒီကြားထဲက အရက်ကိုချည်း မသိအောင်တစ်မျိုး သိအောင်တစ်မျိုး
သောက်နေတော့ တစ်အိမ်လုံး စိုးရိမ်စိတ်တွေနှင့် ရင်မောနေကြ
သည်။

အဖေလုပ်သူကလည်း အရေးဆို ဒေါသဖြစ်ဖို့ပဲသိသည်
သက်ပြင်းတစ်ရှိုက်ရှိုက်နှင့် အိပ်မပျော်သူက ဒေါ်တင်ရီတစ်ယောက်





တည်း။ နဆိုသည့် မိန်းကလေးကို မျက်လုံးထဲ ပြေးမြင်မိသည်။
ရုပ်ကလေး မှုန်နေအောင်ချောတာ တစ်ခုကလွဲပြီး ကျန်တာ
ဘာတစ်ခုမှ အသုံးမကျသည့် ကလေးမကို သားဖြစ်သူက
တန်းတန်းစွဲဖြစ်နေသည်။

သားကြီးအပေါ်မှာ မျှော်လင့်ချက်အများကြီးထားခဲ့သမျှ
အခုတော့ ရင်နာစရာတွေချည်း ဖြစ်နေသည်။ ဖြစ်ချင်ရာဖြစ်၊
သားဖြစ်သူ စိတ်ချမ်းသာရင်ပြီးရော နဆိုသည့် ကလေးမနှင့် ပေးစား
လိုက်ရရင်ကော။

ဒေါ်တင်ရီတို့ အသိုင်းအဝိုင်းမှာ သူတို့မိသားစုကို
ဘယ်လောက်များ ကဲ့ရဲ့ဝေဖန် ပြစ်တင်လိုက်ကြမလဲ။ နိမ့်ချသည့်
အကြည့်၊ နိမ့်ချသည့် အပြောအဆိုတွေကို ကိုယ့်ထမင်းကိုယ်စားပြီး
ခံနိုင်။ တစ်သက်လုံး ဂုဏ်သရေရှိရှိနေလာတဲ့ မိသားစုဘဝကနေ
ဘာမဟုတ်တဲ့ မိန်းကလေးတစ်ယောက်အတွက်နဲ့။

အို . . . မဖြစ်ပါဘူး။

အဲဒီကလေးမနဲ့ ဘယ်လိုမှ သဘောမတူနိုင်ဘူး။
တော်ကြာ အငယ်တွေကပါ အတုမြင် အတတ်သင် လိုက်လုပ်ကုန်
တော့မယ်။

သားကိုချစ်သည့်စိတ်နှင့် တစ်ဝက်မက လျှော့လိုက်မိ



www.burmeseclassic.com

www.burmeseclassic.com



သော စိတ်ကို သံပတ်ပြန်တင်လိုက်သည်။ ဒ ားကြီးအောက်မှာ သမီးငယ် တွေ့ရှိသည်။ မျက်လုံးအစုံကို ဖွတ်မှိတ်ပြီး ကြိုးစားအိပ်လိုက်၏။

မနက်လင်းတော့ မင်းစည်ထင်ကို အရင်ပုံစံအတိုင်း ပြန်တွေ့ ဒိုက်ရသဖြင့် ဒေါ်တင်ရီစိတ်ထဲ ကျိုဝ် မ်းသာသွားသည်။ ဒီလော ဲဆို သားကြီးအခြေအနေ သိပ်မဆိုး ဘူး။ ဘယ်လိုပဲဖြစ် ဖြစ် သ ားအပေါ်မှာ တစ်ဖက်သတ် မေတ္တာ ရှိနေသော ပန်းအိ ဆိုသည့် ကလေးမလေးနှင့် အိမ်ထောင်ပြုဖို့ နား ျမှပဲဟု တွေးလိုက်သည်။

"နေကောင်းရဲ့လား သား"

"ကောင်းပါတယ် မာမီ၊ ညက သားသောက်တာ နည်းနည်းများသွားလို့ ခွင့်လွှတ်ပါ"

"ခွင့်လွှတ်ပါတယ်သားရယ်၊ မ ့်မှာ ဒီသားလေး တစ်ယောက်တည်းရှိတာပဲ၊ ခွင့်လွှတ်ပါတယ် ဒါနဲ့ တစ်လက်စ ထဲ သားကို ပြောစရာရှိတယ်ကွယ်"

"ဘာများလဲ မာမီ၊ အလုပ်ကိစ္စအတွက်ဆိုရင် ဒီနေ့ သားမှာ သွားစရာကိစ္စလေးတစ်ခု ရှိတယ်"

"အလုပ်ကိစ္စမဟုတ်ပါဘူးကွယ်၊ ပန်းအိလေးကို





လက်ထပ်ဖို့ပါ၊ ပန်းအိလေး ဘယ်လောက်လိမ္မာတယ် သားအပေါ်မှာ ဘယ်လောက်အနစ်နာခံတယ်ဆိုတာ သားအသိပါကွယ်"

"ပန်းအိကို မာမီ ရွေးမတော်ချင်တယ်"

မင်းစည်ထင် နှုတ်ဆိတ်ပြီး ခေါင်းငုံ့သွားသည်။ ပန်းအိ သူ့အပေါ်မှာ တစ်ဖက်သတ် မေတ္တာရှိနေတာကို သိပေမယ့် မာမီ့ ဆန္ဒကို လိုက်လျောပြီး လက်ထပ်သည်အထိတော့ မဖြစ်နိုင်မှန်း သူပဲသိသည်။

ပန်းအိလှတာ မှန်ပေမယ့် သူမချစ်။ သူတကယ်ချစ်တာ က နုတစ်ယောက်တည်း။ ဒါကို မာမီလည်းသိသည်။ ဒါကိုသိရက် နဲ့ ပန်းအိကိုလက်ထပ်ဖို့ ဖွတ်တိုက်တွန်းနေသည်။

"မာမို့ကို ဒီတစ်ခုပဲလိုက်လျောပါ သားရယ်၊ သားအခုလို ဖြစ်နေတာ မာမီ ရင်နာလှပါပြီ၊ စိတ်လည်း မချမ်းသာဘူးကွယ်၊ မာမို့ကိုချစ်ဘယ်၊ သနားတယ်ဆိုရင် ပန်းအိကို သားလက်ထပ်လိုက် ပါ သားလေးရယ်"

"မဖြစ်နိုင်ပါဘူး မာမီရယ်၊ ပန်းအိကို သား ခင်ပါတယ်၊ လက်ထပ်ဖို့ဆိုတာတော့ သားမလုပ်နိုင်ဘူး"

"သား"

"သားကိုခွင့်လွှတ်ပါ မာမီ၊ ချိန်းထားတဲ့အလုပ်ကိစ္စလေး



www.burmeseclassic.com

www.burmeseclassic.com



ရှိလို့ သား အပြင်ခဏ သွားလိုက်ပါဦးမယ်''

ကားသော့ကိုဆွဲပြီး ထွက်သွားသည့်သားကို ဒေါ်တင်ရီ ဘာမှထပ်ပြောခွင့်မရတော့။ သားရင်ထဲမှာ ရှိနေသူကို မမေ့နိုင်သ၍ တခြားတစ်ယောက်ကို လက်ခံမည်မဟုတ်မှန်း သိလိုက်ရပြီမို့ သူ့အကြံအစည်ကို ဒေါ်တင်ရီ လက်လျှော့လိုက်သည်။

အိမ်ရှေ့မှ ကားထွက်သွားသံကို ကြားလိုက်ရသည်။

''မင်းသားက ဘာတဲ့လဲ ရီ''

''ဩော် ···ဒက်ဒီကြီး ထုံးစံအတိုင်းပေါ့ရှင်၊ ပန်းအိကို လက်မထပ်နိုင်ပါဘူးပေါ့''

''ဒီပုံအတိုင်းဆို မင်းသားတော့ လွယ်မယ်မထင်ဘူး''

''ကျွန်မသားဆိုတော့ ရှင့်သားမဟုတ်ဘူးလား၊ ပြောလိုက်ရင် ဒီလိုချည်းပဲ''

''ကျုပ်သားဆိုလည်း ဒီလို အစွဲအလန်းကြီးနေပုံနဲ့ ကြာရင် ခက်မယ်ဆိုတာ မင်းပဲမှတ်ထား''

''ဒါဆို ကျွန်မတို့ သူ့အကြိုက် လိုက်လျောရဦးမှာတဲ့လား''

''ကျုပ်လည်း မပြောတတ်ဘူး၊ ပွဲရုံကိုသွားမယ်၊ ဆယ့်နှစ်နာရီ ထမင်းချိုင့်နဲ့ မောင်စိန်ကို လွှတ်လိုက်''





ဦးအောင်မင်းက သူပြောချင်တာ ပြောဆိုပြီး နေရာက ထွက်သွားသဖြင့် ဒေါ်တင်ရီတစ်ယောက်တည်း ဘယ်သူ့ကို စိတ်ဆိုးဒေါသဖြစ်ရမှန်းမသိဘဲ ကျန်ရစ်သည်။

''သူ့ပြောလိုက်ရင် ဒါပဲ၊ သားကိုတော့ သူကိုယ်တိုင် ရအောင်မပြောနိုင်ဘဲနဲ့များ''

''ဘာဖြစ်နေကာလဲ မာမီ''

''ညည်းဒက်ဒီပေါ့ သူ့သားကိုတော့ သူကိုယ်တိုင် နားချည်းရုံးတာ မဟုတ်ဘူး၊ မိန်းမကိုပဲ လာအပြစ်တင်သွားတာ ကောင်းသား''

''ထားလိုက်ပါ မာမီရယ်၊ သရဖီကို မုန့်ဖိုးပေးပါဦး၊ ရွှေဝါမွေးနေ့ပွဲ သွားရမှာမို့လို့ များများပေးနော် မာမီ''

''ဟိုနေ့ကလည်း မွေးနေ့ဆို''

''အဲဒါက တခြားတစ်ယောက်လေ မာမီရဲ့''

မိခင်ကြီးကို ချွဲနွဲ့ကာညာဖြီးရင်း သရဖီမှာ မာမီမမြင်အောင် ဇက်ကလေးပုပြီး လျှာကလေးတစ်လစ်ထုတ်လိုက်သည်။

''ညည်းလည်း ကြပ်ကြပ်သတိထားနော် မိသရဖီ၊ မိဘသဘောမတူတဲ့လူနဲ့ ချစ်သူရည်းစားဖြစ်လို့ကတော့ သေပြီသာမှတ်ထားသည်လား''



www.burmeseclassic.com

www.burmeseclassic.com



"နားလည်ပါတယ် မာမီရဲ့၊ သရဖီက ကိုယ့်ကိုယ်ကို ဒုက္ခရောက်အောင် ဘယ်တော့မှမလုပ်ဘူး စိတ်ချ၊ အချစ်ဆိုတာ စိတ်ကူးယဉ်ဖို့ပဲ ကောင်းတာပါ၊ တကယ့်လက်တွေ့ဘဝမှာ ငွေမရှိ ဂုဏ်မရှိရင် ဘာမှလုပ်လို့မရဘူး မာမီရဲ့"

"ဟွန်း...အပြောကတော့ ကောင်းပါ့၊ ရှော့ ရှော့ ပိုက်ဆံ ညည်းလည်း ငွေကိုကြည့်သုံး၊ မအေကို ငွေထုတ်တဲ့စက်များ မှတ်နေလား၊ ညည်းကိုယ်တိုင် ငွေရှာရမှသိမယ်"

"မာမ် ဇီဇဝါကိုလည်း ပေးရမှာနော်၊ ဇီဇဝါလည်း ဒီနေ့ သူငယ်ချင်းတွေနဲ့ လျှောက်လည်မလို့"

"လာပြန်ပြီတစ်ယောက်၊ ရှော့ ရှော့ ဒီတစ်လ ဒါအကုန် ပဲ၊ နောက်ထပ် တောင်းလည်း မပေးနိုင်တော့ဘူး"

"ဟေး...ဒါမှ တို့မာမီကွ"

ငွေစက္ကူတစ်ထပ်စီ ယူပြီး မိခင်ကြီး၏ ပါးပြင်ကို ညီမ နှစ်ယောက်စလုံး မြူးထူးပျော်ရွှင်စွာ ရွှတ်ခနဲ ရွှတ်ခနဲ နမ်းလိုက်ကြ တာမို့ ဒေါ်တင်ရီမျက်နှာကြီး ပြုံးနေသည်။

"သရဖီတို့ သွားတော့မယ်နော် မာမီ"

"ဇီဇဝါလည်း သွားပြီနော်"

"ကားကို ဖြည်းဖြည်းမောင်းကြနော်"





"ဟုတ်ကဲ့ပါ"

ပါးစပ်က ဟုတ်ကဲ့ပါဟုဆိုပေမယ့် ကားပေါ်ရောက်မှာ ကားကို ခပ်ကြမ်းကြမ်းလေး မောင်းထွက်သွားတာမို့ သမီး နှစ်ယောက်ကိုကြည့်ရင်း ဒေါ်တင်ရီ ရင်မောပြီး ကျန်ရစ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

""နု""

""နု…ဟုတ်ပါတယ်နော်""

လုံးဝမျှော်လင့်မထားသော အဖြစ်အပျက်မို့ ထိပ်ထားခင် ကိုယ်တိုင် ဘာပြောရမှန်းမသိ။ သူမမျက်နှာကိုသာ အငမ်းမရ စေ့စေ့ကြည့်ပြီး မယုံနိုင်အောင် အံ့သြနေသူ၏ မျက်နှာကိုသာ တစ်ခါမှ မမြင်ဖူးသူတစ်ယောက်ကို ကြည့်သလို ခပ်စိမ်းစိမ်း ပြန်လည်စူးစိုက်ကြည့်လိုက်၏။

""လူမှားနေပါတယ်ရှင်""

""ဟင်"".

""ကျွန်မကိုခွင့်ပြုပါ""

""နု…နု""





နောက်ပါးဆီမှ သူမအမည် ခေါ်သံကြားသော်လည်း ထိပ်ထားခင် လှည့်မကြည့်တော့ပါ။ အသင့်ရပ်ထားသော ကားပေါ် တက်ပြီး နေရာမှ ခပ်ကြမ်းကြမ်းလေး မောင်းထွက်ခဲ့ရာ ကား နောက်ကြည့်မှန်မှတစ်ဆင့် သူမကားလေးထွက်သွားရာသို့ တွေတွေ ကြီးရပ်ကြည့်လျက် ကျန်ရစ်သူကို ရင်နာစွာကြည့်ပြီး ဖျတ်ခနဲ အကြည့်လွှဲပစ်လိုက်သည်။

နု…။

ကိုကို့ရဲ့နုရယ်။

စကားပြောသံလေးကအစ ရုပ်ချင်းခွဲမရအောင် တူပေ မယ့် နုလို့ သူမျက်စိရှေ့က မိန်းမလှလေးကတော့ မင်းစည်ထင်ရဲ့ ချစ်သူနုနှင့် ဘဝချင်းက အကွာကြီး ကွာခြားလွန်းလှသည့်အဖြစ်မို့ သူ့ကို သူ့ရဲ့ချစ်သူ နုမှနုအစစ်ပါပဲဟု ဖွင့်အတင်း မစွပ်စွဲရဲ။ မစွပ်စွဲဝံ့ပါ။

လူမှားနေပါတယ်ရှင်….တဲ့။

နုမှ နုအစစ်ပဲဆိုတာကို နှလုံးသားက သိနေပေမယ့် ကိုယ်တိုင်က ဝန်ခံခြင်းမပြုဘဲ ရက်စက်စိမ်းကားစွာ ကျောခိုင်း သွားရက်သူ။ တကယ်ပဲ သူ့ချစ်သူ နုနဲ့ တူပဲတူနိုင်လွန်းသူလေးပဲ ပေါ့။ ဒါမှမဟုတ် မင်းစည်ထင်တို့ မိသားစုနဲ့ ပတ်သက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ်နာကျင်စရာအဖြစ်တွေ ခါးသီးကြုံတွေ့ခဲ့ရလို့ စိတ်နာ

နေခြင်းများလား။

လက်ရှိအနေအထားအရတော့ နုဘဝနှင့် လက်ရှိနုဘဝ

မိုးနှင့်မြေလို အလှမ်းကွာဝေးလွန်းလှသည်။ တကယ်ပဲ မင်းစည်

ထင်ရဲ့ နုမဟုတ်ဘူး ထင်ရဲ့။

နုရယ်။

ဘယ်အချိန်မှာပဲဖြစ်ဖြစ်...

ဘယ်နေရာမှာပဲ ရောက်ရောက်...

မောင့်နှလုံးသားထဲမှာ နုဆိုတဲ့ မောင့်ချစ်သူ အမြဲနေ

ယူထားပြီးသားပါ အချစ်ရယ်။

နုကို မောင်ချစ်တယ်။

မင်းစည်ထင်ရင်ထဲက တမ်းတအော်မြည်နေသေ

ချစ်တေးသံကို နု မကြားနိုင်ပါ။

ဒီကမ္ဘာမြေပေါ်မှာ နုကို ချစ်မြတ်နိုးသူတစ်ယောက် ချစ်

ပျောက်ကို ရှာဖွေနေလိမ့်မည်ရယ်လို့ရော နု စဉ်းစားမိပါရဲ့လာ

ကွယ်။

မင်းစည်ထင်ရင်ထဲမှာ နင့်နေ၏။ နုက သူ့ကို လူမှား

ပါသည်ဟဲ့။ လူမှားပေမယ့် မင်းစည်ထင် အကြည့်တွေကဓေ

များပါ။ သူမြင်တွေ့လိုက်ရသူက နုမှ နုအစစ်။

နုစီးသွားသည့် ကားနံပါတ်ကို မှတ်သားထားလိုက်မိ

သဖြင့် ထိုကားပိုင်ရှင်ကို သူ့နည်းသူ့ဟန်ဖြင့် စုံစမ်းဖို့ အပြင်းအထန်

ကြိုးစားရင်း သရဖို့စကားကို ဖျတ်ခနဲ သတိရလိုက်၏။

"နုလေ...ကိုကို့ရည်းစား နုလေ၊ ဟိုကားပေါ်မှာ"

အံ့သြတုန်လှုပ်နေသည့် ညီမဖြစ်သူ သရဖို့စကားတွေကို

ထိုအချိန်က သူကိုယ်တိုင် စိတ်မဝင်စားခဲ့ပေမယ့် အခုတော့ မင်းစည်

ထင် စိတ်ဝင်စားခဲ့ရပါပြီ။ ကားပွဲစား သူ့အတွက် နုနှင့်ပတ်သက်

ပြီး သူမကားနံပါတ်နောက်ကို လိုက်လံစုံစမ်းရခြင်းမှာ ကြီးမားခက်ခဲ

သော ပြဿနာမဟုတ်ခဲ့ပါ။

ကားပိုင်ရှင်အမည်က ထိပ်ထားခင်။ နေထိုင်သည့်နေရာ

က သံလွင်လမ်း။ ခြံအမှတ် အတိအကျ။ နုဆိုသည့် အမည်မဟုတ်

တာ သေချာသည်။ ဆွေမျိုးအသိုင်းအဝိုင်းက နာမည်ကြီးထိပ်သီး

သူ တစ်ဦးတည်းသောသမီး ထိပ်ထားခင်နှင့် သူ့ရဲ့နုဘဝက

ဆက်စပ်လို့မရအောင် လုံးဝတခြားစီဆိုသော အသိနောက်မှာ ချစ်သူ

ကိုယ်စား ထိပ်ထားခင်မျက်နှာကို မြင်ယောင်လာသည်။

နုနဲ့ ထိပ်ထားခင်။

အမြွှာညီအစ်မတွေလို ရုပ်ချင်းခွဲမရအောင် တူပဲတူနိုင်လွန်း





www.burmeseclassic.com

www.burmeseclassic.com



တာမို့ ရုပ်ရှင်တွေထဲကလို လူမသိသူမသိ ကွဲကွာနေသော သွေးသ
အရင်းအချာတွေများလားဟု အတွေးချာချာလည်နေခိုက်…

"ဟာ…ဟိတ်ကောင် မင်းစည်ထင်၊ ဒါက ဘယ်လိုဖြ
နေတာလဲ၊ လူတစ်ယောက်လုံး လာနေတာကို မမြင်ဘူးလား"

"အောင်ချိမ့်"

"အေး…ငါမင်းသူငယ်ချင်း အောင်ချိမ့်ပဲ၊ ငါ ခရီးထွ
မလို့ မင်းပါ အတူလိုက်မလား"

"ဘယ်ကိုလဲ"

"တောင်ကြီး"

"ဟင်"

အောင်ချိမ့်က သူ့မူပိုင်ပုံစံအတိုင်း အမူအရာက ဂျစ်က
ကန်။ လူက မထိတရိ။ ဝတ်စားထားပုံကလည်း အဖိုးတန်တွေ
ပေမယ့် ဖရိုဖရဲ။ စိတ်လွတ်ကိုယ်လွတ် ထင်တိုင်းကျဲတတ်
ဘယ်သူ့ကိုမှလည်း ဂရုမစိုက်။ ဒါပေမယ့် အောင်ချိမ့် ဘယ်လို
နေ ကြည့်ကောင်းသည်။ ဆွဲဆောင်မှုရှိသည်။ လူပုံချောရသည့်အ
ချမ်းသာပြည့်စုံကြွယ်ဝသူလည်း ဖြစ်သဖြင့် အောင်ချိမ့်ဟောဆိုလျှ
ပို့ပို့အိုအို မိန်းကလေးအားလုံး စိတ်ဝင်စားကြသည်မှာ ဘ
မဆန်း။







"မင်းကြည့်ရတာ အူကြောင်ကြောင်နဲ့၊ ဘာဖြစ်နေတာ
နေမကောင်းဘူးလား"

"နက်ကိုတွေ့ပြီ"

"ဟာ…ကြားရတဲ့စကားက မင်္ဂလာရှိလှချည်လား၊ ပြော
င်းတို့ကို ငါဘယ်လိုကူညီရမလဲ"

"ကားယူထားမလား၊ ရော့ ဒီမှာ ငါ့အိမ်သော့၊
ာက်ထော်က ခြံသော့နော်၊ လိုရမယ်ရ ယူထား၊ ခြံစောင့်အဘိုး
ဦးတူးကို မင်း လိုအပ်တာလုပ်ပေးဖို့ ကြိုဖုန်းဆက်ထားမယ်"

မင်းစည်ထင်လက်ထဲ အိမ်သော့ကြီးကြီးတစ်ချောင်းနှင့်
းသော့တစ်ခု ရောက်လာသည်။

"လိုအပ်ရင် ငါပါဝိုင်းခိုးပေးမယ်၊ မင်းမားသားကြီးကို
ွက်မနေနဲ့၊ မြေးရရင် မင်းအဘွားကြီး လက်ကချူမှာမဟုတ်
"

အောင်ချိမ့်လက်ထဲကို ကားသော့ပြန်ထည့်လိုက်သည်။

"အိမ်သော့တော့ လိုရမယ်ရ ငါယူထားမယ်၊ ကားသော့
မလိုသေးပါဘူး၊ မင်းပဲပြန်ယူထား"

"အိုကေ…ဒီနေ့ ငါ ခြံထဲသွားမှာမို့ အိမ်သော့အသင့်
ာ မင်းကံကောင်းတာပဲ၊ ပိုပြီးကံကောင်းသွားအောင် မင်းရဲ့န



www.burmeseclassic.com

www.burmeseclassic.com



ကို အခုပဲ သွားမကြမလား''

''မဖြစ်သေးပါဘူးကွာ''

ကိုယ့်အကြောင်း ကိုယ်သာသိတာမို့ မင်းစည်ထင်အား

က အားမပါ။ အောင်ချိမ့်က တက်ကြွစွာ နုနှင့် သူ့အကြော

စကားဆိုနေပေမယ့် မင်းစည်ထင်ချစ်သူနုကို မြင်ဘူးတွေ့ဘူးတ

မဟုတ်။

မင်းစည်ထင်က နုဆိုတာနှင့် သူကပါ သူငယ်ချင်းချ

သည့်စိတ်ဖြင့် သူငယ်ချင်းချစ်သူကိုဝါ လိုက် နုသူ။ မိဘ

သဘောမတူလို့ ခွဲထားတာ။ နုက ဆင်းရဲတာ အဆင့်အတန်းမ

တာ ဘာညာတွေ ဖော်မိုးက ပြောပြထားပေမယ့် သူက ဂရုမစိုက်

''နုကို မင်းတကယ်ချစ်နေတာပဲ၊ ဒါလောက်

လုံလောက်ပါပြီကွာ၊ အခု မင်းရဲ့နုက ပြောင်းလဲသွားလို့လား

အောင်ချိမ့်စကားအဆုံးမှာ ထိပ်ထားခင်မျက်နှာလေး

ဖျတ်ခနဲ ပြေးမြင်သည်။ ပြောင်းလဲသွားသည်က အမှန်ဖြစ်ပေ

ထိုစကားကို အောင်ချိမ့်ကို ပြောမပြချင်သေး။

''အဲဒီလိုလည်း မဟုတ်ပါဘူးကွာ၊ ဒါနဲ့ မင်း တောင်

ကိုသွားမှာ အလုပ်ကိစ္စနဲ့လား''

''အေး...အဲဒီလိုပြောရင်လည်းရတယ်၊ အခုသွား

နီးမသွားကြည့်မှာကွ''

''မင်းတကယ် မိန်းမယူတော့မယ်ပေါ့ ဟုတ်လား''

မင်းစည်ထင် အံ့သြစွာမေးတော့ အောင်ချိမ့်က နှစ်မြို့က်စွာ

ယ်သည်။ နှုတ်ခမ်းမွှေးစစ မုတ်ဆိတ်မွှေး ပါးသိုင်းမွှေးတွေနှင့်

ိုက်ပဲလိုက်ဖက်လွန်းသော အောင်ချိမ့်ပုံစံက အနောက်တိုင်း

င်းသားတစ်ယောက်လို ကြည့်ကောင်းနေ၏။

မိခင်ဖြစ်သူမှာ လုပသော စော်ဘွားနွယ် ရှမ်းအမျိုးသမီး

ပြီး ဖခင်မှာလည်း လူချောလူခန့်တစ်ယောက်ဖြစ်သည့်အတိုင်း

အောင်ချိမ့်မှာ နှစ်ဘက်မိဘနှစ်ပါး၏ အချောအလှမှန်သမျှ အမွေ

ဆက်ခံရရှိထားသူဖြစ်သည်။

''မင်းကို မိန်းမယူတော့မယ်လို့ ငါမပြောပါဘူးကွာ၊ မိန်းမ

သွားကြည့်မယ်လို့ပဲ ပြောတာပါ''

''မိန်းမ သွားကြည့်မယ်''

''ဟုတ်ပါ့ဗျာ''

''မင်းအိမ်က သဘောတူတဲ့လူလား''

''အရှင်းဆုံးနဲ့ အပွင့်လင်းဆုံး ပြောရရင် မိန်းမဆို

မိန်းမကိုမှ စိတ်မဝင်စားဘူးကွ၊ ဒါပေမယ့် ငါ့ကို ဝိုင်းပြီး

တိုက်တာ၊ ပြုစုယုယတာကိုတော့ သဘောကျသားပဲ''



www.burmeseclassic.com

www.burmeseclassic.com



''အတူးသဖြင့် ငါ့မျက်နှာအရိပ်အကဲကို ကြည့်ပြီး ငါ့မျက်နှာတစ်ချက် အညိုမခံဘဲ အလိုက်တသိ လိုအပ်တာမှန်သမျှ ဖြည့်ဆည်းပေးတဲ့ မိန်းမတွေပေါ့''

''သူတို့ကို ငါက ဂရုမစိုက်ဘူး၊ ဒါပေမယ့် သူတို့က ငါ့ကို သည်းသည်းလှုပ် ဂရုစိုက်တယ်''

ရွှေမင်းသားနားမှာ မိန်းမတွေ ဝိုင်းဝိုင်းလည်နေခြင်းအဖြ ကို မင်းစည်ထင်သိသလို အောင်ချိမ့်ကိုယ်တိုင်လည်း သိသူ မိန်းမတိုင်းကို အဝတ်လဲသလို ထည်လဲတွဲနေသူဆိက ထိုစကာ ကြားရခြင်းကို အဆန်းတကြယ်ဟု မင်းစည်ထင် မထင်။

''မင်းအခုသွားကြည့်မယ့် မိန်းမကိုယ်တိုင်လည်း အ မင်းပြောတဲ့အထဲက တစ်ယောက်ပဲမဟုတ်လား''

''ဒါပဲနေမှာပေါ့၊ သေချာတာက ကောင်မလေးက သိပ်လှတယ်တဲ့''

''ဩော်''

အောင်ချိမ့်မျက်နှာချောချောက ခပ်တည်တည်။ အလှ တရာ ချမ်းသာပြည့်စုံသူတစ်ယောက်က မိန်းမလှတိုင်းကို စိတ်ဝ စားသည်မှာ မဆန်း။ မိန်းကလေးတွေကလည်း အောင်ချိမ့် အလွယ်တကူ လက်ထပ်လိုကြသူချည်း။





အောင်ချိမ့်လောက် ကံအကြောင်းတရား လှပသူမျိုး မင်းစည်ထင် မတွေ့ဘူးချေ။ ရှေးအတိတ်ဘဝက ဘယ်ပုံဆုတောင်း ကောင်းခဲ့လေသည်မသိ။

အောင်ချိမ့်မှာ လက်ညှိုးညွှန်ရာ ရေဖြစ်နိုင်သော လိုတရ ပြည့်စုံသူတစ်ယောက်ဖြစ်သည်ကိုက မည်သူမျှ မငြင်းနိုင်ပေ။

''မင်း...သူ့ကိုလက်ထပ်မယ်ပေါ့''

''ဘယ်သူ့ကိုလဲ''

''မင်းသွားကြည့်မယ့် မိန်းကလေးကိုလေ''

မင်းစည်ထင် စကားအဆုံးမှာ သူပြုံးသည်။

''လက်ထပ်ဖို့အထိ စိတ်ဝင်စားစရာ ကောင်းခဲ့ရင်ပေါ့၊ ဒါပေမယ့် တောင်ကြီးကို သွားကိုသွားမှဖြစ်မယ့် ကိစ္စကလည်း ရှိနေလို့ပါ''

''ဘယ်နေ့သွားမှာလဲ''

''ရက်အတိအကျတော့ မသိသေးဘူး၊ တစ်ရက်ရက် ပေါ့''

''တူ...တူ''

သူငယ်ချင်းနှစ်ယောက် စကားကောင်းနေဆဲ အောင်ချိမ့် န်းက အသံမြည်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



''ဟဲလို'',

''ဆွိတ်ီလား…အေး ကိုယ်အခုပဲ လာခဲ့မယ်လေ''

''အင်း…အင်း''

တစ်ဖက်က ဘာတွေပြောနေသည်မသိ။ တအင်းအင်းနှင့် ခေါင်းညိတ်ပြီး ဖုန်းချလိုက်ကာ မင်းစည်ထင်ကို နှုတ်ဆက်လမ်းခွဲပြီး သူ့အနားက ထွက်သွားသည်။

အောင်ချိမ့်က အချစ်ဆိုသည့်စကား၏ အဓိပ္ပာယ်ကို နားမလည်သည့်လူ။ နားလည်အောင်လည်း ကြိုးစားချိန်မရ။ အောင်ချိမ့်အနားမှာ ပုံသဏ္ဍာန်အမျိုးမျိုးနှင့် မိန်းကလေးတွေ ဝိုင်းဝိုင်းလည်နေသည်။

အားလုံးက အောင်ချိမ့်မျက်နှာကို ကြည့်လိုမြင်လိုကြသူတွေချည်း။ မင်းစည်ထင်နဲ့ တခြားစီ။ နှုတ်သွက်အာသွက် လျှာသွက်သော လူချော အောင်ချိမ့်လိုလူနား မိန်းမလှလေးတွေ ဝိုင်းဝိုင်းလည်နေချိန်မှာ မင်းစည်ထင်အတွက် ရှားရှားပါးပါးရရှိထားသည့် ချစ်သူလေးတစ်ယောက် ကိုယ့်အနားက ခွဲမသွားအောင် စည်းရုံးနိုင်စွမ်း မရှိလေသူ။

နုကို သူ့ဘက်က ဘာတစ်ခုမှ အကာအကွယ်မပေးနိုင်ခဲ့။ ဒါကြောင့်လည်း သူ့မိသားစုအပေါ်မှာ နု သိပ်နာကြည်းသွားဟန်တူ





သည်။

နုရယ်။

အားလုံး ကိုယ့်အပြစ်တွေချည်းပဲဆိုတာ ကိုယ်သိပါတယ်ကွယ်။

တစ်ဖက်က ချစ်သူ မြတ်နိုးသူ။ တခြားတစ်ဖက်က မင်းစည်ထင်ရဲ့မိသားစု။ ထိုအစွန်းနှစ်ဘက်ကြားမှာ မင်းစည်ထင် ဘယ်မှာမှ ရပ်ခွင့်မရလိုက်။ နုကို မာမီတို့ ဘယ်လိုပုံစံ မောင်းထုတ်လိုက်သည် မသိရသော်လည်း နု အခုလိုထွက်သွားတာ မာမီနှင့် သရဖီလက်ချက်ဆိုတာ သိပေမယ့် ဘာမှမပြောဖြစ်တော့။ သွားသည့်လူကလည်း သွားပြီ။

ဖြစ်ပြီးသမျှ ကိစ္စတွေကလည်း လွန်ပြီးမှ သိရတာတွေချည်းဆိုတော့ ဘယ်သူ့ကိုမှ အပြစ်မတင်ရက်တိုင်း ကိုယ့်ကိုယ်ကိုချည်း အပြစ်တင်ခဲ့သည်။ အခုတော့ နုနှင့် တစ်ထပ်တည်း ခွဲမရအောင်တူသော ထိပ်ထားခင်ဆိုသည့် မိန်းမချောလေးကို မင်းစည်ထင် တွေ့ခဲ့ရပေပြီ။

သူ ဘာဆက်လုပ်ရမည်ဟု အတိအကျ မသိ။ လက်ထဲက အောင်ချိမ့်ပေးခဲ့သော ဘောက်ထော်က အိမ်သော့ တစ်ချက်ကြည့်ခိုက် သက်ပြင်းရှိုက်သံ ဟင်းခနဲ ထွက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄)

"ထိပ်ထားခင်"

"ပြောပါ ဘဘ၊ ထိပ်ထား နားထောင်နေပါတယ်"

"ဆောင်းကတ္တီပါကို ခရီးထွက်ဖို့ ပြင်ဆင်ပါ၊ ဦးရီးကို အကြောင်းကြားထားပြီးသားဆိုတော့ သူတို့လာကြပါလိမ့်မယ်၊ သမီး ညီမလေး ယွန်းစန္ဒီရဲ့ သတို့သားလောင်းကို ပိုင်းအကဲခတ် ဆုံးဖြတ်နိုင်တာပေါ့ကွယ်"

"မနက်ဖြန်လေယာဉ်နဲ့ လိုက်ဖို့ အသင့်ပြင်ထားပါ"

"ထိပ်ထား နားလည်ပါပြီ၊ ဘဘသာ ကိုယ့်ကျန်းမာရေး ကိုယ်ဂရုစိုက်ပါ၊ ခရီးအတွက် လိုအပ်တာတွေ အခုပဲ ထိပ်ထား ပြင်ဆင်လိုက်ပါ့မယ်"





"သာဓုကွယ်...သာဓု..သာဓု"

"တူ...တူ...တူ"

ဘဘအခန်းထဲက မထွက်ခင် ဖုန်းအသံမြည်လာတာမို့ ထိပ်ထားခင် ဖုန်းကို ကောက်ယူလိုက်ရပါသည်။

"ဟဲလို"

"ဦးရီးပါ ထိပ်ထားခင်၊ ဆောင်းကတ္တီပါကို လာဖို့ ပြင်ဆင်ပြီးပလား"

"ဘဘကပြောလို့ အခုပဲ စီစဉ်နေပါပြီရှင်၊ မနက် လေယာဉ်နဲ့ ထိပ်ထား ဆောင်းကတ္တီပါကို ရောက်ပါ့မယ်"

"ကောင်းပြီ၊ သမီးယွန်းစန္ဒီကိုယ်တိုင် လာကြိုလိမ့်မယ် ဟုတ်လား"

"ဟုတ်ကဲ့ပါ"

"ကိုင်း...ဖုန်းကို အစ်ကိုကြီး ပေးလိုက်ပါဦး"

"ဘဘ...ဦးရီးပါ"

ထိပ်ထားခင်လက်ထဲက ဖုန်းခွက်ကို ဝီးလ်ချဲပေါ်မှာ ထိုင်နေသည့် ဘဘဦးထိပ်စံလက်ထဲ ရှိသေစွာ ကမ်းပေးလိုက်ပြီးမှ ဘဘအခန်းထဲက ထိပ်ထားခင် ထွက်လာခဲ့သည်။

ညီမဝမ်းကွဲ ယွန်းစန္ဒီ၏ သတို့သားလောင်းကို နှစ်ဘက်



www.burmeseclassic.com

www.burmeseclassic.com



လူကြီးမိဘတွေ အစီအစဉ်ဖြင့် တွေ့ဆုံရန် စီစဉ်နေချိန်မှာ သတို့သမီးလောင်း ယွန်းစန္ဒီကိုယ်တိုင်ရော၊ သတို့သားလောင်း ကိုယ်တိုင်ပါ တစ်ယောက်ကိုတစ်ယောက် မြင်ဖူးတွေ့ဖူးခြင်း မရှိကြပါ။

သတို့သားလောင်း ယောကျ်ားလေးဘက်က ဤကိစ္စအတွက် အထူးတလည် ခံစားချင်မှ ခံစားရမည်ဖြစ်သော်လည်း မိန်းကလေးရှင် သတို့သမီးလောင်းဖြစ်သော ယွန်းစန္ဒီအတွက်ကြတော့ ဤအရေးကိစ္စမှာ ကမ္ဘာပျက်မတတ် တုန်လှုပ်ချောက်ချားခြင်းကြီးစွာ ရှိနေရှာပါသည်။

''ဖြစ်မှဖြစ်ပါ့မလား မမထိပ်ထားရယ်၊ စန္ဒီတော့ ဒက်ဒီကို ကြောက်လို့သာ အခုကိစ္စကို လက်ခံလိုက်ရတယ်၊ စိတ်ထဲမှာတော့ သိပ်ကိုကြောက်နေမိတယ်''

ဖုန်းထဲက စန္ဒီ့အသံတိုးတိုးလေး တုန်ရီနေတာကို နားထောင်ပြီး လှပသောမျက်နှာလေးပါ ဖြူဖျော့အေးစက်နေမည့် အဖြစ်ကို လှမ်းမြင်ယောင်ကာ ထိပ်ထားခင်ကိုယ်တိုင် စန္ဒီကို သနားနေမိသည်။

''ဘာကြောက်စရာရှိလဲ စန္ဒီရယ်၊ လူချင်းမတွေ့ဘူးမမြင်ဘူးကြသေးလို့ပါ၊ စန္ဒီ့သတို့သားလောင်းက သိပ်လှတဲ့ စန္ဒီကိုတွေ့ရင် သိပ်ချစ်သွားမှာပါကွယ်''





''စန္ဒီက သိပ်လှတာ လူတိုင်းသိနေကြတာပဲ၊ စန္ဒီက ဘာကိုတွေးကြောက်နေတာလဲ''

''ဟို…စန္ဒီ့ကျန်းမာရေးကို သူသိသွားရင် စန္ဒီ့ကို''

''ပိုပြီးတော့တောင် ဂရုစိုက်ဦးမှာပါကွယ်၊ ဖျားတာနာတာလောက်တော့ ...တိုင်းဖြစ်တာပဲ စန္ဒီရယ်၊ ကိုယ်က အိပ်ရာထဲ သြဲနေတဲ့ လူမမာမှ မဟုတ်ဲ၊ စိတ်ချမ်းသာစရာ ပျော်စရာလေးတွေ ဲ တွေးနေစမ်းပါ ညီမရယ်''

''မမထိပ်ထားရော ဘယ်တော့လာမှာလဲဟင်''

''ဘာဘလွှတ်တဲ့နေ့ပေါ့''

ဒီနှင့် အပြန်အလှန် ပြောခဲ့ကြသည့် စကားများဖြစ်ပါသည်။ အခုတော့ ဘာဘဦးထိပ်စံကိုယ်တိုင် ထိပ်ထားခင်ကို ာင်းကတ္တီပါခြံကြီးကို သွားရောက်ရန် လွှတ်တာဝန်ပေးအပ်ခဲ့ ပြီး ခရီးအတွက် လိုအပ်မည့်ပစ္စည်းများကို ကိုယ်တိုင်စီစဉ်တကျ းချယ်ရပါသည်။

မိဘ၂မဲ့တစ်ကောင်ကြွက်မလေး ထိပ်ထားခင်နှင့် မိခင်မဲ့စွာ ြင်းရှင်သန်လာခဲ့ရရှာသော ဆောင်းကတ္တီပါဆိုသည့် ထိပ်ထား ၏ ညီမဝမ်းကွဲလေးတို့၏ အဖြစ်က သိပ်ပြီး မကွာခြားလှပါဟု င်စရာရှိသော်လည်း ဆောင်းကတ္တီပါမှာ သူမဖခင်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



မိခင်မေတ္တာကို မရသည့်တိုင် ဖခင်မေတ္တာကို အပြည့်အဝရလေသူ။ ထိပ်ထားခင်သည်သာလျှင် ရင်ခွင်လွတ်ဘဝနှင့် ဘဘဦးထိပ်စံနှင့် အထိန်းတော် ဒေါ်အုံ့လက်ထဲမှာ ကြီးပြင်းခဲ့ရသည့် မေတ္တာငတ်ခဲ့ရသူ။ လိုချင်တာရသည်။ တမ်းတတိုင်း ပြည့်စုံသည် ဆိုပေမယ့် ထိပ်ထားခင် တောင့်တသော ချစ်ခြင်းမေတ္တာက မရရှိခဲ့။

ကြီးကြီး ဒေါ်မမက ပိုဆိုးသည်။ ထိပ်ထားခင်အပေါ်မှာ ပြောဆိုဆက်ဆံသည့် အမူအရာ တင်းမာသလို စကားပြောတော့လည်း ချိုသာမှုမရှိ။ လိုအပ်သည့်အချိန်မှာ လိုအပ်သည့်စကားထက် ပို၍မပြော။

တစ်ခါတစ်ခါ ထိပ်ထားခင်အပေါ်မှာ ကြီးကြီးဒေါ်မမက မတူမတန်သလို ဆက်ဆံခြင်းပါလားဟု တွေးကာ ကျိတ်မျက်ရည်ကျရသည်ကလည်း အကြိမ်ကြိမ်။ ဆွေစဉ်မျိုးဆက် ချမ်းသာပြည့်ကြွယ်ဝကြသူတွေရဲ့ မျိုးဆက်သွေးဟုဆိုသော်လည်း ကားအကောင်းစားတွေ ထည်လဲစီး ဝတ်ကောင်းစားလှတွေဝတ်။ အဖိုးတန် စိန်ရွှေငွေတွေကြားမှာ ထိပ်ထားခင် မွန်းကြပ်လျက် ဘဝတစ်ခုမှ မပျော်ပိုက်။

အဒေါ်အပျိုကြီး ဒေါ်မမနှင့် ဘဘလူပျိုကြီး ဦးထိပ်စံ





အငယ်ဆုံးညီမက မွေးခဲ့သည့် တစ်ဦးတည်းသော တူမဆိုပေမဲ့ ဝီးလ်ချဲဖြင့်သာနေရသည့် ဘဘဦးထိပ်စံနားမှာ ကြာရှည်နေခွင့်သလို ဒေါ်မမကပြန်တော့လည်း ပေးစရာရှိတာပေး၊ ကျွေးစရာကျွေးပြီး သူ့အခန်းထဲမှာ သူ့ဘာသာ သီးသန့်နေလေသူ။

အထွေးဆုံးညီမဖြစ်သော ထိပ်ထားခင်၏မိခင်နှင့် ဆင်းရဲကျောင်းဆရာဖခင်တို့ နိုးပြေးရာသို့ ဘဘဦးထိပ်စံကိုယ်တိုင် ရှာရင်း ကားအက်ဆီးဒင့်ဖြစ်ပြီး တစ်သက်လုံး လူစဉ်မမှီတဘဝရောက်ခဲ့ခြင်းအပေါ်မှာ အငြိုးကြီးစွာ ညီမအပေါ်မှာ သွားရှာသူ ကြီးကြီးဒေါ်မမ့အမြင်မှာ ထိပ်ထားခင်က မုန်းစရာသည်။

ထိပ်ထားခင်ကိုမွေးပြီး ဖေဖေဆုံးသွားတော့ မေမေသောက်တည်း မလုပ်တတ်မကိုင်တတ်ဖြစ်ကျန်ရစ်သည့်တိုင် ဦးထိပ်စံတို့နှင့် ဘာအဆက်အသွယ်မှမလုပ်။ သားအမိ သောက် ဖြစ်သလို ဘဝကို ကြိုးစားရုန်းကန်ရင်း ရပ်တည်လာထိပ်ထားခင် ခြောက်နှစ်သမီးအရောက်မှာ သူတို့သားအမိကို ဦးထိပ်စံကိုယ်တိုင် ရှာဖွေခေါ်ယူပြီး အတူနေစေသည်။

ထိပ်ထားခင်ဆိုသည့်အမည်ကိုလည်း ဘဘဦးထိပ်စံကိုယ်ပေးခဲ့ခြင်းဖြစ်သည်။ ဘဝ၏ အထုအထောင်း ရိုက်ပုတ်နှိပ်စက်



www.burmeseclassic.com

www.burmeseclassic.com



သည့် ဒဏ်ရာဒဏ်ချက်တွေကို မေ့မေ့လိုနေနယ်သော သူ့ရွေး
လေး ကြာရှည်မခံစားနိုင်ဘဲ ကြီးကြီးဒေါ်မမလက်ပေါ်မှာပဲ
ဆုံးသွားသည်။

ထိုအတွက် တရားခံက ထိပ်ထားခင်၏ ဖခင်နှင့်
ဖြစ်သူ ထိပ်ထားခင်တို့၏အပြစ်ဟု ကြီးကြီးကိုယ်တိုင် ထုတ်
ပြောဆိုပြီး ညီမအလောင်းကို ဖက်ငိုသည်။

အစ်မတစ်ယောက်၏ ခံစားချက်ဖြင့် ကြီးကြီး ပြောဆို
ကြီးကြီးအတွက် မှန်ပါသည်။ ဒါကို မငြင်းပါ။ ကြီးကြီးမုန်း
ထိပ်ထားခင်အဖြစ် ထိပ်စံအိမ်ကြီးထဲမှာ လူလားမြောက်လာခဲ့ရ
ထိပ်ထားခင်အဖြစ်မှ တစ်နေ့တော့ ဘဝတစ်ဆစ်ချိုး ပြောင်းလဲ
ဖြစ်လာခဲ့ရပြန်သည်။

ထိုအချိုးအကွေ့လေးမှာပင် မင်းစည်ထင်ဆိုသည့်
နှင့် အမှတ်မထင် ဆုံစည်းဖို့ ဖြစ်လာရခြင်းတည်း။

ဩော်…မင်းစည်ထင်ဆိုတဲ့ ထိပ်ထားခင်ရဲ့ ချစ်သူ

အကယ်၍သာ ကြီးကြီးဒေါ်မမက ထိပ်ထား
လူတစ်ယောက်နှင့် ဖွတ်အတင်း လက်ထပ်ပေးဖို့ မကြိုးစား
ဒါမှမဟုတ် ထိပ်ထားခင်သာ ထိပ်စံအိမ်ကြီးထဲက ထွက်ပြေး
ခဲ့ဘူးဆိုရင်…။





မင်းစည်ထင်ခေါ် မောင်နှင့်လည်း တွေ့ဆုံပတ်သက် စရာ
အကြောင်းမရှိပါ။ သို့သော် ဆန်းကြယ်သော ကံတရားက
ထိပ်ထားခင်တို့ ချစ်သူနှစ်ဦးကို တွေ့ဆုံစေခဲ့သည်။ ရင်းနှီး
ပတ်သက်မှုတွေ သံယောဇဉ်နှောင်ဖွဲ့မှုတွေနှင့် ချစ်သူများအဖြစ်
ဖန်ဆင်းပေးအပ်ခဲ့သည်။

မင်းစည်ထင်ကို ထိပ်ထားခင်က သူ့မဘဝ အစစ်အမှန်
ကို ဘာတစ်ခုမှမပြော။ ငယ်ငယ်ထဲက ထိပ်ထားခင်ကို
ထိန်းကျောင်းခဲ့ရသော နာနီဒေါ်ကျင့်အိမ်ကို ကားဖြင့်အပို့ခိုင်းပြီး
ဆင်းရဲသူမလေးအဖြစ် ဟန်ဆောင်ခဲ့သည်။

မင်းစည်ထင်ကလည်း ယုံသည်။ ဒေါ်ကျင်ကို ထိပ်ထား
ခင် အကြောင်းစုံပြောပြတော့ ဒေါ်ကျင်က သူ့ဆရာ အဘိုးကြီး
အဘွားကြီးလင်မယားအိမ်မှာ ခဏနေဖို့ ထိပ်ထားခင်ကို လိုက်ပို့
သည်။ တိုက်ဆိုင်ချင်တော့ ထိပ်ထားခင်နေသည့်အိမ်က မင်းစည်
ထင်နေသည့်အိမ်နှင့် ကပ်လျက်ဖြစ်နေသည်။

မင်းစည်ထင်အပါအဝင် သူတို့တစ်မိသားစုလုံးက
ထိပ်ထားခင်ကို အိမ်ဖော်မရှိဆင်းရဲသူလေးအဖြစ်သာ သိထား
သည်။ ထိပ်ထားခင်ကလည်း သူ့ဘဝမှန်ကို လုံးဝဖွင့်မပြော။
သူတို့သားနှင့် ချစ်သူဖြစ်နေကြောင်းသိပြီးနောက်မှာ သရဖီက



www.burmeseclassic.com

www.burmeseclassic.com



တစ်ဆင့် မင်းစည်ထင်မာမီနှင့် တွေ့သည်။

လူခြင်းအဆုံမှာ ထိပ်ထားခင်ကို ငွေထုတ်ပေးပြီး သူ့သား နှင့် အဝေးဆုံးမှာနေပေးပါဟု ပြတ်သားစွာပြောသည်။ သရဖီက လည်း ရန်တွေ့သည်။ မရှိဆင်းရဲသားဘဝကို ရွံရှာစက်ဆုပ်သဖြင့် ထိပ်ထားခင်ကိုပါ ရွံရှာစက်ဆုပ်သည်။

လူတွေ့သဘောကို ထိပ်ထားခင် ပိုပြီးသဘောပေါက် နားလည်ခဲ့ရသည်။ ကြီးကြီးဒေါ်ထိပ်စုအပေါ်မှာ အထင်မြင်လွဲ မှားခဲ့သမျှ အားလုံးအမြင်ကြည်သွားသည်။ ဒါအဖြစ်မှန်ပဲဟု ကိုယ်တိုင် ရင်နာနာ မျက်ရည်ပေါက်ပေါက်ကျပြီး မင်းစည်ထင်၏ မိခင်နှင့်ညီမကို ကျောခိုင်းပြေးထွက်ခဲ့သည်။ သည့်နောက် ထိပ်စံ အိမ်ကို ထိပ်ထားခင် ပြန်ခဲ့သည်။

ကြီးကြီးကို ထိပ်ထားခင် မှားခဲ့သမျှ ဝန်ချရှိခိုးတောင်းပန် သည်။ ကြီးကြီးကလည်း ခွင့်လွှတ်သည်။ ထိပ်ထားခင်ကိုယ်တိုင် မင်းစည်ထင်ကို လုံးဝအတွေ့မခံတော့။ ခါးသီးသောနလုံးသား ရေးရာ အဖြစ်အပျက်တွေကို အိပ်မက်ဆိုးတစ်ခုလို မေ့ပစ်သည့် တိုင် အကြောင်းတိုက်ဆိုင်လာချိန်တိုင်းမှာတော့ ရင်နာစွာ ပြန်လည် သတိရသည်။

အိမ်ဖော်ဆင်းရဲသူမလေးနုနှင့် ထိပ်ထားခင်လို ထိပ်စံ





မျိုးဆက်၏ တစ်ဦးတည်းသော အမွေဆက်ခံရမည့် အရှင်သခင် လေးတို့ဘဝက မိုးနှင့်မြေလို အဆင့်အတန်းခြင်း မြင့်မားကွာခြား လွန်းသည်။ နုသည် ထိပ်ထားခင်ဖြစ်ပြီး ထိပ်ထားခင်က နုဟု ဆိုလျှင် မင်းစည်ထင်တို့မိသားစု ဘယ်လိုဖြစ်ကြမည်နည်း။ သူတို့ အစ်ကို သူတို့သားနှင့် ထိပ်ထားခင်ကို အမြန်ဆုံးလက်ထပ်ခိုင်းကြ ပေလိမ့်မည်။

ထိုအဖြစ်ကို ထိပ်ထားခင်ကိုယ်တိုင် အလိုမရှိ။ ထိုအမှန် တရားက မေတ္တာစစ်မဟုတ်။ အစစ်က နုနှင့်အတူ ထာဝရပျောက် ဆုံးသွားခဲ့ပြီဖြစ်သည်။ အချစ်စစ်သည် နတွင်ရှိ၍ ထိပ်ထားခင် တွင်မရှိတော့ပါ။ ဒါကြောင့်လည်း မင်းစည်ထင်နှင့် နှစ်ယောက် ချင်း အမှတ်မထင်ဆုံတွေ့ခိုက်မှာ လူမှားနေပါသည်ဟု ငြင်းဆို ခြင်းဖြစ်သည်။

မင်းစည်ထင် အပြစ်မရှိဟုဆိုလျှင် နုဆိုသည့် မိန်းကလေး လည်း မည်သည့်အပြစ်မှမရှိပါ။

ဆင်းရဲခြင်းကို အပြစ်ဒဏ်မခပ်သင့်။

သို့သော်…ထိုဆင်းရဲခြင်းသည်ပင်လျှင် အလွန်ကြီးလေး သော အပြစ်ဒဏ်ဖြစ်နေခြင်းကိုတော့ လက်ခံရမည်ဖြစ်သည်။

ခရီးသွားရန် အသင့်ပြင်ဆင်သိမ်းဆည်းလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



မနက်ဖြန်လေယာဉ်နှင့် ဦးကြီးဝဏ္ဏရှိရာ သွားရမည်ဖြစ်သည့်အတွက် အတွေးအားလုံး ဦးနှောက်ထဲက ထုတ်ပစ်လိုက်သည်။

* * *



## အခန်း (၅)

လေယာဉ်က တိမ်တောင်တိမ်တိုက်များကို ကျော်ဖြတ် သူဦးတည်ရာ လမ်းကြောင်းအတိုင်း တိမ်းကာယိမ်းကာ ည်မြင့်ချည် ပျံသန်းနေပြီး လေယာဉ်ပြတင်းမှတစ်ဆင့် လှမ်းမြင် နေရသော မြင်ကွင်းက ခါတိုင်းလို မြစ်ချောင်းအင်းအိုင်၊ တွက်၊ တောအုပ်တို့ကို မောင်းသော တောင်စဉ်တောင်တန်း ဟုတ်။

မိုးကောင်းကင်ကြီးတစ်ခုလုံး ဆွတ်ဆွတ်ဖြူနေသော တိမ် ည်း ဖွေးဖွေးလှုပ်လျက် မိုးသားများကြားနှင့် တိမ်ဖြူဖြူတို့ ယှဉ်တွဲနေပုံက တစ်မျိုးချစ်စရာမို့ အချိန်ခပ်ကြာကြာလေး း ဖြစ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရာသီဥတုက သာယာသည်။

လေယာဉ်ဦးပိုင်း ညာဘက်ပြတင်းအနီးမှာ ထိပ်ထား
၏ ခုံနေရာရှိသည်။ သူမညာဘက်ခုံမှာက ဂျာကင်ကာကီရော
ဖျော့ဖျော့ဝတ်စုံနှင့် လူတစ်ယောက်။ အသက်က ထိပ်ထားခင်ထ
သုံးလေးနှစ်မျှ ကြီးမည်ဟုထင်ရသော်လည်း ကိုယ့်အတွေးနှင့်ကို
အာရုံနှင့်မို့ ထိုလူကို စိတ်မဝင်စားမိပါ။

လူချောတစ်ယောက်အဖြစ်လောက်သာ အပေါ်ယံသာ
မျှ အသိအမှတ်ပြုမိသည်ဆိုရုံမျှဖြစ်သည်။ တိမ်ဖြူဖြူတွေကြ
မင်းစည်ထင်ဆိုသည့်ကိုကို့ ရုပ်သွင်က ဖျတ်ခနဲပေါ်လာ
ဦးခေါင်းကို အသာခါယမ်းလိုက်သည်။

မမျှော်လင့်ဘဲ ကိုကိုနှင့် မျက်နှာချင်းဆိုင် တွေ့ဆုံ
သော အဖြစ်ကို ပြန်တွေးမိတိုင်း ထိပ်ထားခင်ရင်မှာ နာကျ
သည်။ ပြီးဆုံးခဲ့ရသော အတိတ်ကပုံရိပ်တွေ အသစ်တစ်ဖန် ပြ
ရသည်။

မရေရာသည့်ဘဝနှစ်ခုကို တူညီအောင်ညှိနှိုင်းနိုင်
အခွင့်မှာ ကိုကိုဆိုသည့် လူတစ်ယောက်မှာတော့ နှဆိုသည့် မိ
လေးမှာပါ မရှိခဲ့ခြင်းအဖြစ်ကို ဘာအတွက် ထိပ်ထားခင် မေ့
မည်နည်း။





ထိုခံစားချက်ကို အခုလည်းမမေ့။

နောင်လည်း ဘယ်တော့မှ မေ့မည်မထင်။

ကိုကို့ကိုတော့ ထိပ်ထားခင် သနားပါသည်။ ထိပ်ထား
ခင်ကိုတော့ သနားညာတာမည့်သူဆို၍ ကိုကိုတစ်ယောက်သာ
ရှိသည်။ ကိုကိုသည်ဖင်လျှင် တကယ့်တကယ်အရေးကြတော့
သူ့မိသားစုဆန္ဒအရေးကို လွန်ဆန်နိုင်စွမ်း ရှိသူမဟုတ်။

ထိုအတွက် ကိုကို့ကို မျှော်ညှဲရပါမည်လား။ မပြတ်သား
ရပါမည်လားဟု ထိပ်ထားခင် အပြစ်မတင်။ အပြစ်လည်း မမြင်
ပါ။ ထိပ်ထားခင်ဆိုသည့် သူမကိုယ်တိုင်က ဘဝအစစ်အမှန်ကို
ဖုံးကွယ်၍ ဆင်းရဲနွမ်းပါးသော အိမ်နိမ့်စံဘဝအတိုင်း နောက်ဆုံး
အချိန်ထိ အဖြစ်မှန်ကို ဖုံးကွယ်ခဲ့သည်။

အခုချိန်မှ ပြန်လည်ထုတ်ဖော်လိုသော စိတ်ဆန္ဒလည်းမရှိ။

ပြီးခဲ့တာတွေကို ပြန်အစမဖော်ချင်။ နှကို လက်မခံချင်။
နှဘဝကို ခါးခါးသီးသီး မုန်းကြသူတွေနှင့်လည်း ပြန်မဆုံလို။
ပြန်ဆုံတွေ့ခဲ့မည်ဆိုလျှင် အားလုံးအပေါ်ယံဟန်ဆောင်မှုတွေချည်း
သာပြကြမည်။

မင်းစည်ထင် မိဘညီမအသိုင်းအဝိုင်းက သဘောထား
အစစ်အမှန်၊ မူလဇာတိရုပ်များကို နှအဖြစ်နှင့် ထိပ်ထားခင် မြင်တွေ့



www.burmeseclassic.com

www.burmeseclassic.com



ကြားသိခဲ့ရသည်။ ပြည့်စုံချမ်းသာကြွယ်ဝသော ထိပ်ထားခင်အဖြစ် ပြန့်သွားမည်ဆိုလျှင် ထိုသူများအပေါ်မှာ ထိပ်ထားခင်ကိုယ်တိုင် ဟန်ဆောင်စကားမျှပင် မဆိုချင်။

ကိုကို့ကို သနားပေမယ့် ထိုသနားခြင်းမှာ သူမရင်ထဲမှာပဲ သိမ်းဝှက်ထားရန်သာရှိသည်။ ရီမှိုင်းဆွေးမြေ့သွားသော ကိုကို့အကြည့်များက သူ့ရင်ထဲက စိတ်ခံစားချက်များကို ဖော်ပြခြင်းဟု သိသော်လည်း မတတ်နိုင်။

မျက်ဝန်းအစုံကို မှေးမှိတ်ပြီး နောက်ကိုမှီလိုက်သည်။ ကျယ်လောင်စွာ သက်ပြင်းရှိုက်မိတော့ တစ်ဖက်ခုံကလူက ထိပ်ထားခင်ရှိရာဘက်သို့ လှည့်ကြည့်သည်။

''ဘာဖြစ်လဲ...မူးလို့လား''

နိုးကပ်စွာထွက်ပေါ်လာသည့် အသံ၊ ကြည်လင်အောင်မြင်သည်။ ရူးလည်းမရူး။ ဆွဲဆောင်မှုရှိသော အသံတစ်မျိုးဖြစ်ခြင်းကို သတိပြုမိသည်။ မှိတ်ထားသည့် မျက်ဝန်းအစုံကို ဖွင့်လိုက်တော့ တစ်ဖက်လူက ထိပ်ထားခင်၏ လှပသောမျက်နှာလေးကို ခပ်ရဲရဲ ရူးစိုက်ကြည့်နေတာနှင့် ဆုံသည်။

သူ့အကြည့်က ညို့ငင်သော စွမ်းအားတစ်မျိုး ပါဝင်နေခြင်းကြောင့် ထိပ်ထားခင် စိတ်မှာ တစ်မျိုးတော့ တစ်မျိုးဖြစ်သွား





သည်။ ဘယ်လိုတစ်မျိုးဟု သူမက အတိအကျမသိရ။ သေချာသည်က ထိုအကြည့်များနှင့် ကြာရှည်ရင်ဆိုင်လိုခြင်းဖြစ်သည်။

''ဘာမှမဖြစ်ပါဘူး၊ ကျေးဇူးတင်ပါတယ်''

''ဘာမှမဖြစ်တာ ကောင်းပါတယ်၊ တစ်ခါ တို့လေယာဉ်မူးတဲ့သူနဲ့ ကြုံဖူးလို့ပါ''

ထိပ်ထားခင် ဘာမှထပ်မဆိုဘဲ နှုတ်ဆိတ်နေလိုက်သည်။ စကားဆက်လာ၍ အသိမိတ်ဆွေမဖြစ်ချင်။ ကိုယ့်အတွေးနှင့်ကိုယ် ခပ်အေးအေးနေချင်သည်။ ဤသည်က ထိပ်ထားခင်၏ အတွေးသာဖြစ်သော်လည်း တစ်ဖက်လူကျတော့ ထိပ်ထားခင်တွေးသလို မတွေးပါ။

လေယာဉ်ပေါ် စတက်လာထဲက သူနှင့်အတူ တစ်ခုံထဲထိုင်ရမည့်သူမှာ မိန်းမလှလေးတစ်ယောက် ဖြစ်နေထဲက အောင်ချိမ့်စိတ်တဆိတ် အကဲခတ်ပြီးဖြစ်သည်။ ဝတ်စားပြင်ဆင်ထားပုံကသက်တန်းကျပြီး ရိုးရှင်းသည်။ ကျက်သရေရှိသည်။ မျက်နှာလေးပေါ်မှာလည်း ဖြူနီဝါကာလာတွေမရှိ။ နုနုညက်ညက်ချောင်းဖန့်ဖန့်။

အရှိကိုအရှိအတိုင်း မြင်နိုင်သည့် သဘာဝအလှပမျိုးကအောင်ချိမ့် အသိုင်းအဝိုင်းမှာ ကြုံရခဲသည်။ အောင်ချိမ့်မြင်တွေ့နေ



www.burmeseclassic.com

www.burmeseclassic.com



ကြ သူ့ဝန်းကျင်က မိန်းကလေးတွေအားလုံး ခေတ်ရှေ့ပြေးနေကြ သူတွေချည်း။ ကာလာတွေများသည်။

မလုံမလဲဖက်ရှင်ကို အသားပေးပြီး အဆန်းထွင်ဝတ်ဆင် ကြသည်။ လှတော့လှသည်။ မျက်စိထဲမှာ ရှုပ်ထွေးနေပေမယ့် သဘောကျသည်။ ရေရှည်မှာဟော့ ဆွဲဆောင်မှုမရှိ။ အားလုံးပုံ တူတွေချည်းဆိုတော့ ရိုးအီသလိုဖြစ်လာ၏။

အခုသူ့နားမှာ အတူရှိနေသည့် မိန်းမလှလေးနှင့် တခြာ စီ။ အသက်အရွယ်ချင်း တူပေမယ့် အနေအထားချင်းကမတူ သူ့နားက မိန်းမလှလေးကို ကြည့်ရမြင်ရတာ နူးညံ့သိမ်မွေ့သည် ရိုးသားအေးချမ်းသည်။ လှပ၍ ကျက်သရေရှိသည်။

သူလိုလူတစ်ယောက်က အရောတဝင် စကားပြော ကြိုးစားနေခြင်းကိုပင် စိတ်ဝင်စားခြင်းမရှိ၊ ဟန်လုပ်နေခြင်းမဟုတ် မှန်း သူ့မျက်နှာလေးမြင်ကတည်းက သိသည်။ အောင်ချိမ့်လို လူတစ်ယောက်အတွက် လက်ရှိအနေအထားက တစ်မျိုးထူးခြာ မှုဖြစ်နေသည်။

အောင်ချိမ့်က စကားဆက်ပြောပြီး ရောနှောပတ်သက်ချင် 'သေးသော်လည်း မိန်းမလှလေးက တစ်ချက်ပင် လှည့်မကြည့် တော့။ သူ့မဘာသာ ခပ်တန်းတန်းလေး ဆက်နေတော့ ဘာစကား





မဆက်နိုင်ဘဲ ခပ်ကြောင်ကြောင် ကျန်ရစ်သည့် သူ့အဖြစ်ကို ခံ့းတစ်ချက် တွန့်လျက် ပြုံးလိုက်မိ၏။

ဒီတစ်ခါ အောင်ချိမ့်ခံရလှည့် ထင်သည်။ အနားက းမချောက သူ့နဲ့ပတ်သက်ချင်ပုံမရ။ မာနခပ်ကြီးကြီးထဲကဆိုလျှင် အောင်ချိမ့်သဘောကျသည်။ အခုချိန်ထိ သူနှင့်တွေ့ဖူးသည့် မိန်းက းတိုင်း အောင်ချိမ့်လို လူတစ်ယောက်ကို စိတ်မဝင်စားသူ၊ အရေးမစိုက်သူ မရှိသေး။

အောင်ချိမ့်ကိုယ်တိုင်ကလည်း သူကသာ တခြားမိန်းက းတွေကို ဂရုမစိုက်ချင်တာသာရှိမည်။ သူ့ကို အခုလို အရေး ိုက်သနိုလို စိတ်မဝင်စားသလိုလို တစ်ဖက်ကလုပ်လာတော့ ်ထဲက မခံချင်သလိုလို ဘာလိုလို။

ခက်လည်းခက်သည့် လူ့စိတ်ပါလား။ ဘေးတိုက်အနေ ားနှင့် မြင်နေရသော မိန်းမလှလေးကို သူစိုက်ကြည့်ပစ်လိုက် ည်။ သိပ်လှသည်။ ဆွဲဆောင်မှုရှိသည်။ ငြိမ်းချမ်းအေးမြ၍ ်သရေရှိသည်။ မာနကြီးသည်။ သူ့ကိုဂရုမစိုက်။

ဒါကိုပဲ အောင်ချိမ့်စိတ်ထဲ တစ်မျိုးထူးခြားဆန်းပြားနေ ည်။ ဘယ်နှယ့်ဖြစ်သည်မသိ။ အိမ်ကသဘောတူထားသည့် ို့သမီးလောင်းကြည့်ဖို့ ထွက်လာကာမှ လမ်းခရီးမှာ တခြား



www.burmeseclassic.com

www.burmeseclassic.com



မိန်းတော်ယောက်ကို စိတ်ဝင်စားနေသည်။

သဘောကျစွာ သူပြုံးသည်။

ဘယ်မိန်းမကိုမှ ထူးထူးခြားခြား မခံစားဘူးသူ၏ နှ

သားမှာ ဘာကို မရိုးမရွဖြစ်နေသနည်း။ မိန်းမတိုင်းကို အတူ

လောက်သာ သဘောထားခဲ့သူက အခုမှ ဘာတွေဖြစ်နေပြီမသ

''ဘယ်ကိုသွားမှာလဲ''

''ရှင်''

ဘေးမှလူ၏ အသံကိုကြားလိုက်ရသဖြင့် ကိုယ့်အတွေ

နှင့်ကိုယ် ငြိမ်နေရာက ထိပ်ထားခင် လှည့်ကြည့်လိုက်မိ၏။

''သြော်...ဘယ်သွားမှာလဲလို့ မေးတာပါဗျာ''

အပြုံးမျက်နှာကို မြင်ရသည်။

''တောင်ကြီးကိုပါ''

''ကိုယ်နဲ့အတူတူပေါ့၊ ကိုယ်လည်း တောင်ကြီးသွားမှ

''ဟုတ်ကဲ့''

''အလည်သက်သက်ပဲလား''

''ဟုတ်ကဲ့''

''ကျွန်မ ပုတီးစိပ်လိုက်ဦးမယ်''

''ဗျာ''





''အဓိဋ္ဌာန်ပုတီးစိပ်မှာကို ပြောတာပါ''

''သြော်...ဟုတ်ကဲ့''

လက်ပွေ့အိတ်ထဲ အမြဲဆောင်ထားသော သိမ်ဝင်ပုတီး

ကို မြှောက်ပြလိုက်တော့ အောင်ချိမ့် ဘာစကားမှဆက်ခွင့်မရဘဲ

အိုးတိုးအမ်းကမ်းဖြင့် ထိပ်ထားခင်ကို လက်လျှော့လိုက်ရ၏။

ကိုယ့်ကိုယ်ကို မိက်ဆက်မည့် အစီအစဉ်လေးပင် ဘယ်

ရောက်သွားမှန်းမသိ။ မျက်စိမှိတ်ပြီး ပုတီးပေါက်စလေးကို စိပ်နေ

သော မိန်းမချောကို အသည်းယားစွာ စိုက်ကြည့်ပစ်လိုက်သည်။

အနုစိတ်တစ်ခုချင်း၊ တစ်စိတ်တစ်ပိုင်းချင်း၊ စိမ်ပြေနပြေကြည့်သည်။

ယခု သူမ ဘာတတ်နိုင်သေးသနည်း။

အောင်ချိမ့်ကို စကားပြောခွင့်၊ ရင်းနှီးခွင့်ပင် မပေးသည့်

ကလေးမ။ အောင်ချိမ့်စိတ်ထဲက ကြိမ်းဝါးရေရွတ်သံကို ထိပ်ထား

ခင်မကြား။ မျက်စိမှိတ်ပြီး ဘုရားကို အာရုံပြုထား၍လည်း

အောင်ချိမ့်အကြည့်တွေကို သိလည်းမသိ။ မြင်လည်းမမြင်သဖြင့်

ထိပ်ထားခင် ဘာမှမတတ်နိုင်သလို ဘာမှလည်းမဖြစ်။ အောင်ချိမ့်

မှာသာ ထိပ်ထားခင်မျက်နှာလေးကို တစိမ့်စိမ့်ကြည့်ရင်း တသိမ့်

သိမ့် ရင်ခုန်လိုက်မောလာခြင်းအဖြစ်က အံ့ဖွယ်ဖြစ်လာသည်။

ဘယ်လိုဖြစ်တာပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



အောင်ချိမ့်ဘဝလမ်းတစ်လျှောက် တစ်ခါမှ မခံစားဖူးသည့် ထူးဆန်းသည့် ခံစားချက်တစ်မျိုး သူ့နှလုံးသားထဲ ဘယ်နေရာ၌ ရှိတာမှန်းမသိ ငြိမ့်ခနဲ သိမ့်ခနဲ။ ကေန္တ ပြုစားခံရတယ်ဆိုဒါလိုလား။

အချစ်ဆိုသည့်စကားကို ပြုန်းခနဲ သတိရလိုက်တော့ သူ့ကိုယ်သူ အောင်ချိမ့် မေ့သွားသည့်အခိုက်မှာ လေယာဉ်ကွင်းအတွင်းသို့ ဆင်းတော့မည့်အကြောင်း စတင်ကြေငြာသည်။ တိုက်ပဲတိုက်ဆိုင်လွန်းသည်။ အချစ်ဆိုသည့် သမုဒယသံယောဇဉ်ကွင်းထဲကို အောင်ချိမ့်နှလုံးသားတစ်ခုလုံး အရှိန်အဟုန်ပြင်းပြင်းနှင့်ထိုးဆင်းမည့်နိမိတ်အဖြစ် ထိပ်ထားခင် မျက်နှာလှလှလေးကို စိတ်လှုပ်ရှားစွာ ကြည့်ဖြစ်သွား၏။

ထိပ်ထားခင်က အနားမှာ သူရှိနေခြင်းကိုပင် ဂရုမပြုမိသည့်အလား သူမပုတီးလေးကို သူမလက်ပွေ့အိတ်အနက်ထဲကို ပိတ်သိမ်းလျက် လေယာဉ်ခါးပတ်ကို ပတ်လျက်။ ပကတိတည်တည်ငြိမ်ငြိမ်။

အောင်ချိမ့်သာလျှင် သူ့မျက်စိရှေ့က မိန်းမလှလေးပျောက်သွားမှာကို စိုးထိတ်နေမိသလိုလို ဘာလိုလို။

''တဆိတ်ဗျာ…ဒီမှာ ခင်ဗျားနာမည်လေး မသိရဘူးလား''

''ဝမ်းနည်းပါတယ်ရှင်၊ ကျွန်မကို ခွင့်လွှတ်ပါ''

ဇာတ်လမ်းက ပြတ်သွားသည်။ ဝမ်းနည်းပါသည်ဆိုပေမယ့် ဝမ်းနည်းရသူက သူ့အပါးက ကျော့ရှင်းလှပစွာ ကျောခိုင်းထွက်ခွာသွားသည့် မိန်းမလှလေးမဟုတ်ပါ။ နာမည်လေးပင် သိခွင့်ဘဲ ကျွန်ရစ်သည့် အောင်ချိမ့်ကိုယ်တိုင်သာ ဖြစ်ပါသည်။

အောင်ချိမ့်ကို လာကြိုမည့် ကားရောက်မလာသေးသော်လည်း မိန်းမလှလေးကို လာကြိုသည့်ကားအကောင်းစားကြီးက အသင့်ကြိုရောက်နေပုံဖြင့် သူမကို ခေါ်ဆောင်မောင်းနှင်သွားပုံက ဘက်ညောလျှင်မြန်သည်။ တခဏအတွင်းမှာ ကားရောလူပါ ပျောက်သွားသည်။

ကားနံပါတ်ပင် မှတ်ချိန်မရလိုက်။ ကိစ္စမရှိ။ အောင်ချိမ့်ဘဝမှာ လိုချင်တာ၊ ဖြစ်ချင်တာ အားလုံးရယူပိုင်ဆိုင်နိုင်သော တန်ခိုးအစွမ်းသတ္တိရှိသည်။ တစ်မြို့ထဲအတူရောက်နေသည်။

ကားနံပါတ်ကို မမှတ်မိပေမယ့် စီးသွားသည့်ကားကိုတော့ မှတ်မိသည်။

''အောင်ချိမ့်''

လက်တစ်ဖက်မြှောက်ပြပြီး သူ့ရှိရာကို အပြေးလျှောက်







www.burmeseclassic.com

www.burmeseclassic.com



ဟာသည့် ထင်သိုက်ကို လက်တစ်ဖက်ပြန်မြှောက်ပြပြီး တုံ့
နှုတ်ဆက်လိုက်၏။

''ဆောရီးကွာ...နည်းနည်းနောက်ကျသွားတယ်''

''ဒီလောက်တော့ အေးဆေးပါ၊ ဘယ်လိုလဲ မင်းမိန်း
ကလေးရော နေကောင်းရဲ့လား''

''ဒေါင်ဒေါင်မြည်ထဲကပဲ၊ နောက်တစ်ဗိုက်တော
မွေးတော့မယ်''

''မင်းလည်း အတော်စုမိဆောင်းမိလာပြီပဲ''

''အွားကျရင် ကြိုးစားလေ၊ လိုက်မယ်ဆိုရင် မှီနိုင်ေ
တယ်''

''သမင်ဆယ်လှမ်း ကျားတစ်လှမ်းပါကွ၊ မင်းမိန်း
တစ်ယောက်ပဲ မွေးနိုင်တာပါ၊ ငါ့မိန်းမကြ နှစ်ယောက်
သုံးယောက်တွဲ ဟစ်ခါထဲ အမြွာလိုက်မွေးခိုင်းမှာ''

''မင်းကတော့ စီးပွားရေးသမားပီပီ အကြံလည်းကြ
ပေကွာ၊ တစ်ခုပဲဟေ့ မင်းမိန်းမဖြစ်ရမယ့် မိန်းကလေးတော့ ငါသ
တယ်''

''အဟွန်း...ဟွန်း...ဟွန်း''

''အဟတ်...ဟား...ဟား''





သူငယ်ချင်းနှစ်ယောက် သူတို့ပြောသည့်စကားတွေကို
သူတို့ဘာသာ သဘောကျစွာ အတူရယ်မောလိုက်ကြ၏။ အောင်ချိမ့်
ရက်လုံးထဲ သူ့ဇနီးအဖြစ် ဖျတ်ခနဲ ရောက်လာသည့်ပုံရိပ်က သူနှင့်
အကြာကြီးတွဲလာသည့် ဆွီတီလည်းမဟုတ်၊ နှယ်နီလည်းမဟုတ်။

တခြားဘယ်မိန်းကလေးမှမဟုတ်။ လေယာဉ်စီးချိန်ခဏ
လေးမှာ ခရီးသွားဖော်အဖြစ် ရုတ်တရက် တွေ့လိုက်ရသည့် မိန်းမ
လေး ဖြစ်နေရခြင်းကလည်း အံ့သြဖွယ်။ မယုံနိုင်ချင်စရာ။

''မင်းသော့ ငါ့ကိုပေး ထင်သိုက်''

''ရော့''

''ဖတ်''

ထင်သိုက်ပစ်ပေးသည့် သော့ကို အောင်ချိမ့် ကျွမ်းကျင်
နိုင်စွာ ဖမ်းယူပြီး ကားကို သူကိုယ်တိုင်မောင်းသည်။ ကားက
လမ်းအတိုင်း တရိပ်ရိပ် ပြေးသွားသည်။

''ဒီတစ်ခါ မင်းတကယ်အိမ်ထောင်ပြုတော့မှာလား
အောင်ချိမ့်''

''ပြုတော့ ပြုချင်သားပဲ''

''မင်းစကားက ဘာလဲ''

''ငါလည်းမပြောတတ်ဘူး''



www.burmeseclassic.com

www.burmeseclassic.com



စီးကရက်ခဲမပျက် ကားမောင်းနေသော အောင်ချိမ့်အ

က ကပိုကရိုဆံပင် ဖွာလန်ကျဲနေခြင်းတို့ကလည်း တစ်မျိုးဆွဲဆေ

အား ကောင်းနေပြန်သည်။ ဒါကြောင့်လည်း မိန်းမလှလေး

ဝိုင်းဝိုင်းလည်နေခြင်းဟု ထင်သိုက် နားလည်ထားသည်။

''အခု မင်းကောင်မလေးက ငယ်ငယ်ချောချော

လေးကွ''

အောင်ချိမ့်နှင့် မိဘချင်းသဘောတူထားသော မိန်းက

ကို ရည်ညွှန်းပြောနေမှန်း သိပေမယ့် အောင်ချိမ့်စိတ်တွေက

မရောက်။

''သိပ်ထူးမယ် မထင်ပါဘူးကွာ''

ထူးခြားစွာ ရင်ထဲစွဲငြိသူပါလာသဖြင့် ထိုစကား

သူ့အမိပွာယ်နှင့်သူ ပြောဖြစ်ပေမယ့် ထင်သိုက်ကမကြိုက်

''မင်းက ထူးတဲ့လူကိုမှ ယူမှာလား''

သူ့ထံက အေးစက်စက် တုံ့ပြန်ပုံကို ထင်သိုက်က ဖျ

လှမ်းကြည့်သည်။ အချစ်ဆိုသည့်စကားကို အယုံအကြည်

နားလည်ခံစားနိုင်စွမ်းမရှိသူကို သူဘယ်လို ပြောရမှန်းမသိ

''မင်းက ဘယ်လိုထူးစေချင်တာလဲ''

''အတိအကျတော့မသိဘူး၊ ဒါပေမယ့် သူ့အသံကို





င် ထပ်ကြားချင်တာမျိုး၊ သူ့မျက်နှာကို မြင်ချင်တွေ့ချင်တာမျိုး''

''မင်းအနားမှာ အဲဒီလိုမိန်းကလေးတွေ အများကြီးရှိနေ

ဲ''

''မတွေ့လို့ပေါ့''

''ဘယ်လိုမတွေ့တာလဲ၊ ငါသိတာတော့ မင်းအနားမှာ

ယောက်မဟုတ် တစ်ယောက်ရှိနေတာချည်းပဲ''

''မတွေ့ဘူးလေ''

''ဘာတွေလဲဟ…ငါတော့ မင်းကိုလိုက်ကိုမမှီဘူး၊ မင်းနဲ့

မင်းလိုချင်တာ မင်းဘာသာရှာတော့ဟေ့၊ မင်းက ပို့တိုင်း

တဲ့ နှင်းဆီခိုင်ဆိုတော့ မင်းလိုချင်တဲ့ မိန်းမ ခေါင်းခေါက်ရွေး

''အဲဒီလောက် မလွယ်လို့ပေါ့ကွ''

''ဟ…ဘာလဲဟ''

''ဘာမှမလဲဘူး၊ မင်းအိမ်ကို ငါအရင်ဝင်ပို့ပေးခဲ့မယ်၊

က်မှဆုံမယ်၊ ဒါပဲ''

''သဘောဗျာ…သဘော''

ကားကို ဝေါခနဲ ဝေါခနဲ ကျွမ်းကျင်ပိုင်နိုင်စွာ တစ်ခုပြီး

ဖြတ်မောင်းနှင်ခဲ့သည်။ ထင်သိုက်ကို သူ့အိမ်ရှေ့မှာ



www.burmeseclassic.com

www.burmeseclassic.com



ချထားရစ်ခဲ့ပြီး ကားကို အောင်ချိမ့်မိသားစုပိုင် နှစ်ထပ်တိုက်အိမ် အမြင့်ကြီးရှိရာသို့ အပြင်းမောင်းခဲ့သည်။

အောင်ချိမ့်စိတ်အာရုံထဲမှာ အကြောင်းအရာက တစ်ခုပဲ ရှိသည်။ ထိုအရာက သူ့မျက်ဝန်းမှတစ်ဆင့် သူ့နှလုံးသားထဲ စွဲထင်နေသော ပုံရိပ်တစ်ခု။

''မင်း...ဘယ်သူလဲ မိန်းမလှလေးရယ်''

၀ ၀ ၀



# အခန်း (၆)

ထိပ်ထားခင်ကို လေဆိပ်မှာ ကိုယ်တိုင်လာကြိုမည်ဟု
သော ယွန်းစန္ဒီအစား ထိပ်ထားခင်ကို လာရောက်ကြိုဆိုသူမှာ
သူမဟုတ်ဘဲ ဦးကြီးဦးဝဏ္ဏကိုယ်တိုင်ဖြစ်နေ၍ ထိပ်ထားခင်
ဦးကြီးကို များစွာ အားနာရပါသည်။

''ဒရိုင်ဘာလွှတ်ပြီး ကြိုခိုင်းလိုက်ရင်လည်း ဖြစ်ရဲ့သားနဲ့
ယ်၊ ဦးကြီးကိုယ်တိုင် လာကြိုရတော့ ပင်ပန်းတာပေါ့ရှင်''

''ဒီခရီးလမ်း သွားနေကြမို့ မပင်ပန်းပါဘူး တူမကြီးရယ်၊
ကြော ကြမ်းတမ်းတဲ့ခရီးတွေကို သွားနေကြပါပဲ၊ ဦးကြီးကို
းမနာပါနဲ့၊ သမီးလေးဖျားလို့ လိုက်မလာနိုင်ပေမယ့် အိမ်မှာ
အလာကို စောင့်နေလောက်ပြီ''



www.burmeseclassic.com

www.burmeseclassic.com



ဖခင်တစ်ယောက်၏ ကြီးမားသော မေတ္တာအဟုန်ကြောင့် ဦးဝဏ္ဏ၏မျက်နှာမှာ အထူးပင် နူးညံ့သိမ်မွေ့သော အသွင်ကို ဆောင်နေပါသည်။ အဖြူရောင် လင်ခရုဆာကားကြီးသည် မည်းနက်သော ကတ္တရာလမ်းအတိုင်း တရိပ်ရိပ် ပြေးနေခိုက်မှာပင် ယွန်းစန္ဒီ၏ ကျန်းမာရေးအခြေအနေကို မေးရပါသည်။

"ယွန်း တော်တော်ဖျားနေသလား ဦးကြီး"

"ဒီလိုပဲ သမီးက နုနယ်လွန်းတော့ မိုးလေးနည်းနည်း ထိလည်းဖျား၊ လေကြမ်းကြမ်းတိုက်ပြန်ရင်လည်း နေမကောင်းဆို တော့ မနေ့ကရေချိုးတာ အချိန်နည်းနည်းကြာသွားလို့ ကိုယ်လေး နွေးတာနဲ့ အိမ်မှာပဲ သမီးကို နေခိုင်းလိုက်တာပါကွယ်"

"ဦးကြီးလည်း သမီးလေးကို စိတ်ချတဲ့လူလက်ထဲ ကိုယ်တိုင် ထည့်ပေးပြီးမှပဲ အေးအေးနေနိုင်မယ်ထင်ပါရဲ့ တူမကြီး ရယ်"

ဦးဝဏ္ဏက သူ့သဘောထားကိုပြောပြပြီး သက်ပြင်းချ သည်။ သတို့သားလောင်းနှင့် ယွန်းစန္ဒီတို့ တွေ့ဆုံကြမည့်အရေး ဦးကြီးကိုယ်တိုင်လည်း ရင်လေးနေခြင်းမှာ အထင်အရှားဟု ဆိုရ ပါသည်။

"ယွန်းလေး ကံကောင်းမှာပါ ဦးကြီးရယ်"

"အဲဒီလိုလည်း ဖြစ်ပါစေလို့ ဆုတောင်းနေတာပဲကွယ်၊ ဦးကြီးချင်းသဘောတူထားတယ်ဆိုပေမယ့် သူတို့လူငယ်တွေ သဘောထားကလည်း ရှိသေးတော့ သမီးစိတ်မချမ်းမသာဖြစ်မယ့် အလုပ်မျိုး ဦးကြီးအနေနဲ့ ဘာတစ်ခုမှမလုပ်ချင်ဘူး"

"ဒါကြောင့်လည်း သူတို့လူငယ်ချင်း အရင်ပေးတွေ့ဖို့ စီစဉ်ရတာပဲ၊ သမီးလေးကို မတော်မတရားလူတွေနဲ့ တွေ့မှာ စိုးရိမ်ကြောက်တာပဲကွယ်၊ ဆင်းရဲချင်ဆင်းရဲပါလေ့စေ ကိုယ်ကျင့် တရား စာရိတ္တကောင်းဖို့ အဓိကထားပြီး ရွေးချယ်ရတာအဓိကပဲ"

"သူငယ်လေးက မဆိုးပါဘူးကွယ်၊ မျိုးရိုးအဆင့်အတန်း ကိုယ်ကျင့်စာရိတ္တ ဘာမှပြောစရာမရှိပါဘူး၊ သမီးလေးလိုပဲ တစ်ဦး တည်းသောသားလေးပဲ"

"ဟုတ်ကဲ့...ယွန်းလေးအပေါ်မှာ နားလည်မယ့်သူ တစ်ယောက် ဖြစ်မှာပါရှင်"

"ဒါပေါ့ကွယ်၊ ဒါပေါ့၊ သမီးလေးကို သဘောကျပြီး စေ့စပ်ကမ်းလှမ်းတဲ့ သူတွေထဲကမှ ဦးကြီးစိတ်ကြိုက် စီစစ် ရွေးချယ်ထားတဲ့ လူငယ်ပဲ၊ မကြာခင် ထိပ်ထားခင်လည်း တွေ့ရ မှာပါ"

"ဟုတ်ကဲ့ပါ"





www.burmeseclassic.com

www.burmeseclassic.com



ဦးဝဏ္ဏအသံက တက်တက်ကြွကြွ။

သူကိုယ်တိုင်မြင်တွေ့ခဲ့သော သမက်လောင်းအပေါ်မှာ ယုံကြည်စိတ်ချမှုအပြည့် ထားရှိကြောင်းကို ဦးကြီး၏ ပြောစကားနှင့် အမူအရာများအရ သိရှိလိုက်ရပါသည်။

ထိပ်ထားခင်ကိုယ်တိုင် ယွန်းစန္ဒီ၏ သတို့သားလောင်းကို တစ်ကြိမ်တစ်ခါမှ မမြင်ဖူးသော်လည်း ဦးကြီး၏ စကားနှင့်ပင် ကျေနပ်ပီတိလေးဖြစ်ရသည်။

နားလည်ရခက်သော အချစ်ရေးနှင့် အသိရခက်သော အိမ်ထောင်ရေးအရှုပ်အထွေးများကို ထိပ်ထားခင်ကိုယ်တိုင် တိကျ ရေရာစွာ မပြောနိုင်သော်လည်း ညီမဖြစ်သူကိုတော့ အချစ်ရေးမှာ ကံကောင်းသူလေးသာ ဖြစ်စေလိုပါသည်။

''ဟော့…ဟိုမှာ သမီးကိုယ်တိုင် ခြံထဲဆင်းစောင့်နေမှ ကိုး''

''မမ''

''ယွန်းစန္ဒီ''

ကားအရပ်ကိုပင် မစောင့်။

ထိပ်ထားခင်ရှိရာသို့ ခပ်သွက်သွက်လေး နင်းလျှောက်လာဟန်လေးသည်ပင်လျှင် နူးညံ့အေးချမ်းသော သွင်ဟန်လုလု





…သားဖြင့် ချစ်စရာကောင်းအောင် လုပ်နိုင်သူလေးဖြစ်သည်။

''နေမကောင်းဘူးဆို ယွန်းလေးရယ်၊ ဘာလို့ ခြံထဲဆင်း …နေတာလဲ''

''ယွန်း ဘာမှမဖြစ်ပါဘူး မမရယ်၊ ဒက်ဒီက အစိုးရိမ် …နေလို့ပါ၊ လာ မမ ယွန်းနောက်ကိုလိုက်ခဲ့''

ယွန်းစန္ဒီအသွင်လေးက စိတ်လှုပ်ရှားနေဟန်။ အမူအရာ …ကလည်း ထိတ်ထိတ်ပျာပျာနှင့်ဆိုတော့ ထိပ်ထားခင်ပင် ယွန်း …ကြည့်ပြီး စိတ်မှာ တစ်မျိုးထူးခြားသွား၏။

ယွန်းစန္ဒီကို ဤမျှအရေးတကြီးမျက်နှာလေးဖြင့် မမြင်တွေ့ …ဘာလည်း ပါပါသည်။

''ယွန်း လက်ကလေးတွေ အေးလို့ပါလားကွယ်''

''ဘာမှမဖြစ်ပါဘူး မမရဲ့''

''ဦးကြီး အလိုလိုက်ထားလို့ သမီးက နွဲ့ဆိုးဆိုးတယ် …ကြီးရေ''

''ယွန်းလေးမှာ ဆိုးစရာ ဒီအစ်မတစ်ယောက်တည်းရှိတာ …ပါစေ ဦးကြီးရယ်၊ ဒါပေမယ့် ထိပ်ထားညီမလေးက လိမ္မာပြီး …ပါ''

ခရီးရောက်မဆိုက် သမီးဖြစ်သူ ထိပ်ထားခင်ကို အနားယူ



www.burmeseclassic.com

www.burmeseclassic.com



ခွင့်လေးမျှပင် မပေးတော့ဘဲ သူမအိပ်ခန်းရှိရာ ဆွဲခေါ်သွားပုံကို ဦးဝဏ္ဏမှ အားနာဟန်ဖြင့် နောက်ပါးဆီမှ လှမ်းအော်လိုက်ခြင်းဖြစ်ပါသည်။

ထိပ်ထားခင်မှာ ဦးကြီးကို ပြန်လည်နှစ်သိမ့်ခဲ့ပြီးနောက် ယွန်းစန္ဒီ၏ ပန်းနုရောင်အိပ်ခန်းကျယ်ကြီးထဲ ရောက်ခဲ့ရသည်။

"မမသိလား...ယွန်းမှာ...ယွန်းမှာ"

"ဘာဖြစ်လဲ ယွန်း"

"ဟို...ဒက်ဒီကို ပြန်မပြောရဘူးနော် မမ၊ မပြောဖူးလို့ ကတိလည်းပေးရမယ်၊ ဒါမှ ယွန်းရင်ထဲက လျှို့ဝှက်ချက်ကို ပြောပြမှာ"

"ကတိပေးပါတယ် ယွန်းရယ်၊ ဦးကြီးကိုလည်း လုံးဝမပြောပါဘူး၊ ကဲ ပြောပါဦး ဘာအတွက် ဒီလောက်တောင် စိတ်တွေလှုပ်ရှားနေရတာလဲ"

ဖြူသော ယွန်းမျက်နှာလေး ပန်းနုရောင်ပြေးသွားကာ ရှက်အမ်းအမ်း အမူအရာလေးကြောင့် ထိပ်ထားခင် ချစ်စနိုးပြုံးလိုက်သည်။

"မမ"

"ဟင်"





"အခု ယွန်းမှာ ချစ်ရမဲ့သူရှိနေပြီ"

"ဟော့တော်"

သတို့သားလောင်းနှင့် နှစ်ဘက်လူကြီးတွေ သဘောကျစိမ်တွေဆုံကြမည်ဆိုပါမှ ယွန်းလေးက သူမမှာ ချစ်သူရည်းစားရှိကြောင်း အတိအလင်း ဖွင့်ပြောလာတော့ ထိပ်ထားခင် အံ့သြသွားသည်။

"တစ်ခါမှလည်း မကြားဖူးပါလား ယွန်းလေးရယ်၊ ဘယ်တုန်းက ချစ်သူတစ်ယောက် ကောက်ရလိုက်တာလဲ"

"ခစ်"

ယွန်းက ထိပ်ထားခင်စကားကို သဘောကျစွာ ခစ်ခနဲရယ်သည်။

"ယွန်း...ပြောရင် မမယုံမှာမဟုတ်ဘူး"

"ပြောပါယွန်းရယ်..ယွန်းပြောသမျှ မမယုံပါတယ်၊ ဘယ်တုန်းက ချစ်သူတွေဖြစ်သွားကြတာလဲ"

"လွန်ခဲ့တဲ့ နှစ်ရက်သုံးရက်ကပဲ"

"ဟယ်"

ယွန်းအသံက တိုးတိုးလေးတုန်နေသည်။ ပါးလေးတွေနှစ်ဘက်စလုံး ရဲနေပုံက ချစ်စရာမို့ သိပ်လှသည့်ယွန်းစန္ဒီကို



www.burmeseclassic.com

www.burmeseclassic.com



ငေးကြည့်နေမိသည်။

''ဒက်ဒီကို ပေးမသိပါနဲ့နော် မမ၊ ယွန်း သူ့ကိုပဲ ချစ်တယ်''

''ဖြစ်မှဖြစ်ရလေ ယွန်းလေးရယ်''

ထိပ်ထားခင်ဘက်က ထိုမျှသာ တတ်နိုင်သည်။ ကာယကံရှင် ယွန်းစန္ဒီကိုယ်တိုင် နှလုံးသားရေးရာနှင့် ပတ်သက်သမျှ ဆုံးဖြတ်ရမည့် အဆုံးအဖြတ်များချည်း ဖြစ်သည်။

''အခုရောက်လာမယ့် သတို့သားလောင်းကို ဘယ်လို လုပ်မလဲ''

''ယွန်း မသိဘူး''

ယွန်းကိုယ်စား ထိပ်ထားခင် စိတ်မောသွားသည်။ ဦးကြီး ဝဏ္ဏက ယွန်းလေးအပေါ်ထားသည့် သဘောထား မျှော်လင့်ချက်များနှင့် သူ့သမက်လောင်းအပေါ်ထားသည့် ယုံကြည်ချက်များ အားလုံး ယွန်းစန္ဒီ၏ချစ်သူဆိုသည့် စကားလုံးအောက်မှာ မှုန်ဝါး ပျောက်ကွယ်သွားသည်။

''တစ်ခုခုတော့ လုပ်ရမှာပေါ့ ယွန်းရယ်၊ ယွန်းချစ်သူ အကြောင်း မမကို အရင်ပြောပါဦး''

''ယွန်းတို့ကျောင်းကပါပဲ၊ ဒါပေမယ့် ယွန်းတို့လိုတော့





ပိုက်ဆံမချမ်းသာဘူးပေါ့၊ ယွန်းကိုတော့ သူတကယ်ချစ်တာပါ''

လာပြန်ပြီတစ်ယောက်ဟု ထိပ်ထားခင်ဆိုလိုက်ချင်သည်။ သီအစ်မတွေပီပီ အဖြစ်အပျက်တွေပါ လာပြီးတူပဲတူနေနိုင်လွန်းသည်။ ဆင်းရဲသူမလေးနှင့် လူချမ်းသာသူဌေးသား မင်းစည်ထင်တို့၏ ခါးသီးရင်နာဖွယ် အချစ်ဇာတ်လမ်း၏ ဇာတ်သိမ်းပိုင်းကဆုံးခံအတိုင်း ပေ... [illegible]။

ရင်နာစရာ၊ နာကြည်းစိတ်ပျက်စရာတွေနှင့် အဆုံးသတ်ခဲ့သည်။ ဒီဒဏ်ရာတွေ အခုချိန်ထိ ထိပ်ထားခင် ခံစားနေရစ်ဖြစ်သလို အကြောင်းတိုက်ဆိုင်လာတော့လည်း နှလုံးသားထဲက ဘယ်နေရာမှန်းမသိ နာချင်ချင်ပါ။

''ယွန်းကလည်း သူ့ကိုပဲ ချစ်တယ်ပေါ့ဟုတ်လား''

''အင်း''

''ကိုမွန်ကို ယွန်းချစ်တယ်၊ လက်ထပ်ရမယ့်အတူတူဆိုရင်လည်း ယွန်းချစ်တဲ့ ကိုမွန်နဲ့ပဲ လက်ထပ်ချင်ပါတယ်မမရယ်၊ ယွန်းကို ကူညီပါနော်''

''ယွန်းကို ကူညီချင်ပါတယ်ကွယ်၊ ဒါပေမယ့် ဦးကြီး သဘောထား ဘယ်လိုရှိတယ်ဆိုတာလည်း သိမှဖြစ်မယ်မဟုတ်လား''



www.burmeseclassic.com

www.burmeseclassic.com



''အခု ယွန်းနဲ့ တွေ့ဆုံဖို့ ရောက်လာမယ့် သတို့သား
လောင်းအပေါ်မှာ ယွန်းဒက်ဒီဘက်က အများကြီး မျှော်လင့်ထ
တယ်လို့ မမထင်တယ်''

''မမကြားရသလောက်တော့ သမီးရှင်တစ်ယောက်အနေ
ယွန်းရဲ့ သတို့သားလောင်းအဖြစ် ရွေးချယ်ထိုက်တဲ့သူပါ''

ထိပ်ထားခင် စကားအဆုံးမှာ ယွန်းဘက်က ခဏတော
ငြိမ်ကျသွားကာ ခွဲတွေတွေလေး ငေးငိုင်သွားရှာပါသည်။ ဖခင်ကြ
နှင့် ချစ်သူကြားတွင် နှလုံးသားကို လွန်ဆွဲနေဟန်တူပါသည်

''အေးလေ…ဒီကိစ္စကို မမတို့အားလုံး ခေါင်းအေးအေ
နဲ့ စဉ်းစားကြရသေးတာပေါ့ကွယ်၊ ယွန်းဘက်ကလည်း မမတို့အ
ဘဲ ဘာတစ်ခုမှ စိတ်လိုက်မာန်ပါ မဆုံးဖြတ်လိုက်ပါနဲ့ ဟုတ်လား

''မမတို့ဆိုတော့ မမက ယွန်းကိစ္စကို ဒက်ဒီသိအော
ဖွင့်ပြောမယ်လား''

''ပြောသင့်ပြောထိုက်လာတဲ့အချိန်မှာတော့ ပြောမှဖြစ်
မဟုတ်လား၊ ယွန်းရယ် တော်ကြာ တစ်ဖက်ကို စကားတွေလွန်ပြီ
မှ ဦးကြီးရော ယွန်းပါ ဘယ်လောက် အနေခက်မျက်နှာပျက်စ
ဖြစ်မလဲ''

''ဟုတ်တော့ ဟုတ်ပါတယ်လေ၊ ဒါပေမယ့် ဒက်ဒီ





နဲ့ယွန်းကို သဘောတူနိုင်မယ် မထင်လို့ပါ''

တိုးတိမ်စွာ အဖျားခတ်သွားသည့် ယွန်းအသံလေးမှာ
လေးက အဖျားခတ်သွားပါသည်။ ထိပ်ထားခင်ကိုယ်တိုင်
ယွန်းကို နှစ်သိမ့်စရာ စကားလုံးမရှိ။ မိဘတိုင်း ကိုယ့်သား
ကို ဆင်စီးမြင်းရံ မြင်လိုတွေ့လိုသည်က သဘာဝသာ။

ကိုယ်ကိုယ်တိုင် မိဘနေရာရောက်လာရင်လည်း ထိုစိတ်၊
သောအတိုင်းသာ တုစ်ထပ်ထဲရှိမှာ သေချာပါသည်။

''မမ''

''ပြောပါ ယွန်းလေးရယ်''

''ယွန်း ဘာဆက်လုပ်ရမလဲဟင်''

''အကောင်းဆုံးဖြစ်နိုင်မယ့် နည်းလမ်းကို အရင်ရှာရမှာ
ညီမရယ်''

''ဟိုလူကြီးကိုရော''

''ဘယ်လူကြီးလဲ ယွန်းရယ်''

''ယွန်းနဲ့သဘောတူထားတဲ့ လူကြီးကိုလေ သူ့ကို ယွန်းမှာ
ရှိတဲ့အကြောင်း ဖွင့်ပြောလိုက်ရမလား''

''ယွန်းဘက်က ဆုံးဖြတ်ပြီးပြီဆိုရင်တော့လည်း သူ့ဘက်
ဆက်ဆုတ်သွားအောင် ဖွင့်ပြောလိုက်ပါ''



www.burmeseclassic.com

www.burmeseclassic.com



''ယွန်းဘက်က သေချာပါတယ်''

''တစ်ခုတော့ သေချာစဉ်းစားမှဖြစ်မယ်နော် ယွန်း၊ ယွ
ကြောင့် ယွန်းဒက်ဒီ တစ်ခုခုဖြစ်သွားနိုင်သလားဆိုတာ
ယွန်းဘက်က စဉ်းစားစေချင်တယ်''

ယွန်းဘက်က နှုတ်ဆိတ်ငြိမ်သက်စွာ အကြာကြီး ငေး
သွားပုံလေးက သနားစရာ။ ကိုယ်တိုင်ချစ်သူကို အသည်းနှင့်အော
ချစ်ခဲ့ဖူး၍ ယွန်းလေးကို ကိုယ်ချင်းစာနာပါသည်။

''ကိုမွန်ကိုပဲ ယွန်းချစ်တယ် မမရယ်''

''ယွန်းလေးရယ်''

ဤမျှလောက်ဆိုလျှင် ယွန်းအခြေအနေ ယွန်းသဘော
ကို ထိပ်ထားခင် နားလည်သဘောပေါက်ပါသည်။ ဦးကြီး
မျှော်လင့်ချက် ပန်းချီကားကို ယွန်းစန္ဒီ၏ နှလုံးသားပုံရိပ်လှလှ
က အစအဆုံး လွှမ်းခြုံသွားခဲ့လေပြီ။

ဒီ ဒီ ဒီ



# အခန်း (၇)

ထိပ်ထားခင်လက်မှ နာရီလေးကို တစ်ချက်ငုံ့ကြည့်လိုက်
ည်။ လူကြီးအစုံအလင်ရှေ့မှာ တစ်ယောက်နှင့်တစ်ယောက်
ဆုံလိုသေးပါ။ လူငယ်ချင်း လွတ်လွတ်လပ်လပ် သူ့သဘော
း ကိုယ့်သဘောထားကို အရင်မေးမြန်း တွေ့ဆုံ သွားနွေးလိုပါ
ဟု ယဉ်ကျေးဖွယ်ရာ တောင်းဆိုချက်ကို လိုက်လျောအတည်
ရန် ဆုံးဖြတ်ချက်ချခဲ့သူမှာ ဦးကြီးဦးဝဏ္ဏ ကိုယ်တိုင်ဖြစ်ပါ
ည်။

သတို့သားလောင်း၏ အရည်အချင်း၊

ဥပဓိရုပ်၊ စကားအပြောအဆို အမူအရာအားလုံးကို
ကိုယ်တိုင် စိတ်ကြိုက်လေ့လာ အကဲခတ်ပြီးဖြစ်ပါ၍ သမီး



www.burmeseclassic.com

www.burmeseclassic.com



လေးယွန်းစန္ဒီ၏ အုပ်ထိန်းသူအဖော်အဖြစ် ထိပ်ထားခင်လက်သို့ အပ်၍ ချိန်းဆိုထားသည့် ဟိုတယ်တစ်ခုသို့ ညီအစ်မနှစ်ယောက် အတူရောက်ရှိနေကြခြင်းဖြစ်သည်။

ထိပ်ထားခင်တို့ ရောက်နေသည်မှာ ဆယ့်ငါးမိနစ်ခန့်ရှိပြ ဖြစ်သော်လည်း ယွန်းစန္ဒီ၏ သတို့သားလောင်းဆိုသူက အရိ အယောင်မျှပင် မြင်ခွင့်မရသေး။ ဖုန်းနှင့်ဆက်သွယ်ခြင်းလည်းမပြု တကယ်ဆို ဒီလိုကိစ္စမျိုးမှာ ယောကျာ်းလေးဘက်က ကြိုတ ရောက်သင့်သော အနေအထားဖြစ်ပါလျက် အစထဲက ယဉ်သကို သလို ယွန်းစန္ဒီ၏ သတို့သားလောင်းအား ထိပ်ထားခ စိတ်သဘောမကျသလို ဖြစ်ရပြန်ပါသည်။

ဤသည်က ထိပ်ထားခင်အတွေးနှင့် စိတ်ခံစားချက် ဖြစ်သော်လည်း ယွန်းစန္ဒီကတော့ သတို့သားလောင်းရောက်လာခြ ရောက်မလာခြင်း အမှုကိစ္စမှာ သူမနှင့်မဆိုင်သလို စိတ်လှုပ်ရှ သော အမူအရာတစ်မျိုးဖြင့် တစ်ယောက်တည်း ဣန္ဒြေမရ ဖြစ် ပါသည်။

"မမ"

"ဟင်"

"ဟိုလူကြီး မလာသေးဘူးမဟုတ်လား"





"အင်းလေ...အချိန်နောက်ကျတယ်ဆိုရင်လည်း န်းလေးဘာလေးတော့ ဆက်ရမှာပေါ့၊ ယွန်းလေးရယ်"

"သူနောက်ကျမှလာလည်း ကိစ္စမရှိပါဘူးမမရယ်၊ လုံးလုံး ရောက်မလာရင် ပိုတောင်ကောင်းဦးမှာပါ"

"ဩော်ကွယ်"

ယွန်းမျက်နှာလေးက ခပ်ညိုညို။ ဟန်ဆောင်ပြောခြင်း တ်။ ရင်ထဲက နှစ်နှစ်ကာကာ ဆုတောင်းခြင်းမျိုးဖြင့် ဆုတောင်း ြင်းဆိုသည်ကို ထိပ်ထားခင်သိသည်။

"သူမလာသေးဘူးဆိုတော့ ယွန်း အပြင်ခဏသွားဦးမယ် ာ် မမ၊ သူရောက်လာရင် ယွန်းဖုန်းကို ဆက်လိုက်ပါနော်"

"ဘယ်ကိုသွားမလို့လဲ ယွန်းရယ်"

"တွိုင်းလက် (Toilet) ခဏဝင်ချင်လို့ပါ မမရဲ့၊ ခဏလေး မကြာပါဘူး"

ပေါ့ပါးသွက်လက်စွာ ကျောခိုင်းထွက်ခွာသွားသည့် ယွန်း နောက်ကျောပြင် ပြည့်ပြည့်လေးကို ငေးနေခိုက်မှာ ယွန်းထွက် ားရာနောက်ကို ခြေလှမ်းစိပ်စိပ်ဖြင့် အတူလိုက်ပါသွားသူ ယောက်အား ထိပ်ထားခင် သတိမထားမိလိုက်ပါ။

ထိုသူက တခြားသူမဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



ယွန်းစန္ဒီ၏ နှလုံးသားက မြတ်နိုးစွဲလမ်းစွာ တမ်းတမ်း
တ ချစ်ရသောချစ်သူ ကိုမွန်ဆိုသူ။ ယွန်းက ကြိုတင်ချိန်းဆိုထား
ဤနေရာသို့ ချစ်သူ၏အမိန့်ဖြင့် မဝံ့မရဲ ကြိုရောက်နေရရှာသူလည်း
ဖြစ်ပါသည်။

ယွန်းထွက်သွားပြီး သိပ်မကြာခင်မှာ ချိန်းဆိုသည့်ဟိုတ
အတွင်းသို့ ခြေလှမ်းကျဲကြီးများဖြင့် လူတစ်ယောက်ဝင်ရောက်
ပါသည်။ ထိုလူကတခြားသူမဟုတ် ယွန်း၏သတို့သားလော
အောင်ချိမ့်ဆိုသည့်ပုဂ္ဂိုလ်။

ချိန်းထားသည့် စားပွဲနံပါတ်ရှိရာသို့ တည့်မတ်
လျှောက်လာရင်း စားပွဲမှာထိုင်နေသူကို မြင်တွေ့လိုက်ရသည့်
အောင်ချိမ့်ရင်ထဲ ကုလားဘုရားပွဲလှည့်သလို အသံမျိုးစုံခံစား
မျိုးစုံဖြင့် သူ့မျက်စိသူ အံ့သြမယုံကြည်နိုင်အောင် ဖြစ်နေ

အထပ်ထပ်ပြန်ကြည့်သည်။

အကြည့်ကမမှား။

သူနှင့်လေယာဉ်ပေါ်မှာ တွေ့ခဲ့ရသော မိန်းမချောကိုယ်
ဖြစ်နေသည်။ တွေ့ချင်မြင်ချင်လွန်း၍ နေရာအနှံ့ သွားလေရာ
အောင်ချိမ့်ရင်ထဲ ထူးခြားစွာ စွဲငြိလာသူက ရှာဖွေပေမယ့် ဘယ်
မှမတွေ့။





ဟော…တွေ့မယ့်တွေ့တော့လည်း သူမဟာ အောင်ချိမ့်
နှင့် လူကြီးမိဘချင်းလက်ထပ်ပေးစားဖို့ ရည်ရွယ်ထားသော သတို့
သမီးလောင်းအဖြစ်နှင့်ဆိုတော့ ရေကန်အသင့် ကြာအသင့်။
အောင်ချိမ့်လောက် ပျော်မည့်သူ ဤကမ္ဘာမှာမရှိ။

တခြားသူတစ်ယောက်သာ ဖြစ်နေခဲ့လျှင် လက်ထပ်ဖို့
ကိစ္စကို သူ့စိတ်သူ့သဘောထားနှင့် ဖျက်သိမ်းနောက်ဆုတ်ပစ်မှာ
ဖြစ်ပေမယ့် သူမနှင့်ကြတော့ မာမီ့ကို လက်ထပ်မင်္ဂလာပွဲ အမြန်
ဆုံးကျင်းပပေးပါဟု ပြောရန်သာရှိသည်။

ဥစ္စာရင်းမှန်လို့ မှန်လို့ ပြန်ဆွေ့ပြီပဲ မိန်းမလှလေးရယ်။
မင်း…မောင့်လက်က ပြေးမလွတ်တော့ပါဘူးဗျာ။

''အယွန်း''

ကိုယ့်အတွေးကိုယ် သဘောကျစွာ သူပြုံးသည်။
ဘယ်တုန်းကမှ သူနားမလည်ခဲ့သော ချစ်ခြင်းတွေ မြတ်နိုးခြင်းတွေ
အောင်ချိမ့် အသည်းနှလုံးထဲ ဘယ်နေရာကမှန်းမသိ။အဖိတ်အလျှံ
စီးဆင်းချင်တိုင်း စီးဆင်းနေပုံက မယုံနိုင်စရာ။

မိန်းမလှလေးရှေ့ မျက်နှာချင်းဆိုင်တည့်တည့်မှာ
အောင်ချိမ့်ခြေအစုံကို ရပ်လိုက်သည်။

''နေကောင်းတယ်နော် ကလေး''



www.burmeseclassic.com

www.burmeseclassic.com



“ဟင်…ရှင်…ရှင်”

“ကိုယ်ပဲလေ လေယာဉ်ပေါ်က ခရီးသွားဖော်ကိုမှ
တယ်မဟုတ်လား၊ ကိုယ်ဒီမှာထိုင်မယ်နော်”

“အို”

ပြောပြောဆိုဆို ထိပ်ထားခင်နှင့် မျက်နှာချင်းဆိုင်ခုံကို
ပြီး ခပ်တည်တည်ထိုင်ချလိုက်သော နှုတ်ခမ်းမွေး၊ ပါးသိုင်း
နှင့် ကိုလူချောကြောင့် ထိပ်ထားခင် စိတ်ညစ်သွားသည်။

ဒီလိုအချိန်ကြမှ တိုက်တိုက်ဆိုင်ဆိုင် ဒီလူနှင့်မှ လာ
သည်။

“ကိုယ့်နာမည် အောင်ချိမ့်ပါ”

“ရှင်”

“အောင်ချိမ့်လို့ ပြောတာလေ၊ ယွန်းစန္ဒီစောင့်
ကိုယ့် ကိုမဟုတ်လား”

“ဟင်…ရှင်က”

“ကိုယ်က ယွန်းစန္ဒီနဲ့ လူကြီးချင်းသဘောတူထ
သတို့သားလောင်းပေါ့”

“အို”

“ဘယ်လိုလဲ သိပ်အံ့သြသွားလား ယွန်းစန္ဒီ”





“အံ့သြစရာပါပဲရှင်”

တကယ်လည်း ထိပ်ထားခင် အံ့သြရပါသည်။ လေယာဉ်
တစ်စီးထဲမှာ ထိုင်ခုံတစ်ခုံထဲမှာ အတူယှဉ်တွဲထိုင်လာသူမှာ ယွန်းစန္ဒီ
၏ သတို့သားလောင်းဖြစ်လိမ့်မည်ဟု မည်သူတွေးထင်ပါမည်နည်း။

ထိုထက်ပို၍ အံ့သြစရာကောင်းသည်က အောင်ချိမ့်ဆို
သည့် ယွန်း၏ သတို့သားလောင်းက ထိပ်ထားခင်ကို သူနှင့်
လူကြီးချင်းသဘောတူထားသည့် သတို့သမီးလောင်း ယွန်းစန္ဒီဟု
ထင်နေခြင်းဖြစ်သည်။

“ဦးအောင်ချိမ့်ကို ယွန်းစန္ဒီရဲ့ သတို့သားလောင်းအဖြစ်
တွေ့ရမယ်လို့ မျှော်လင့်မထားဘဲရှင်”

“နတ်ဖက်တဲ့စုံတွဲဆိုတာ ဒါမျိုးနေမှာပေါ့ ယွန်းစန္ဒီ၊
ကိုယ်တော့ ယွန်းစန္ဒီကို လက်ထပ်ဖို့သဘောတူလိုက်ပြီ”

“စဉ်းစားပြီးမှပြောပါရှင်၊ ယွန်းစန္ဒီကို ရှင်တကယ်
လက်ထပ်မှာလား”

“လက်ထပ်မှာပေါ့ဗျာ၊ ယွန်းက ကိုယ့်ကို သဘောမကျ
လို့လား”

အောင်ချိမ့်က ထိပ်ထားခင်မျက်နှာလှလှလေးကို ရွှန်းရွှန်း
စား စူးစိုက်ကြည့်လျက် စိတ်လှုပ်ရှားစွာဆိုနေချိန်မှာ ထိပ်ထား



www.burmeseclassic.com

www.burmeseclassic.com



ကတော့ ယွန်းကိုယ်စား စိတ်ရှုပ်နေပါသည်။

"ယွန်းရဲ့သဘောထားကို ကျွန်မလည်း အတိအကျမပြေ နိုင်ပါဘူးရှင်၊ ဦးအောင်ချိမ့်သိချင်ရင်တော့ ယွန်းလေးလာရ ကိုယ်တိုင်မေးကြည့်ပါ"

"မမ"

"ဟော...ဟိုမှာ ယွန်းလေးလာနေပြီ"

"ဟင်"

ဒီတစ်ခါ အံ့သြရသူက အောင်ချိမ့်။

ယွန်းစန္ဒီဟု သူထင်ထားသော မိန်းမလှလေးက သူထ သလို ယွန်းစန္ဒီဆိုသည့် သူ၏သတို့သမီးလောင်းမဟုတ်။ ဖြူ ဖွေးဖွေး သေးသေးသွယ်သွယ် ချစ်စဖွယ်ဂါဝန်ဖြူလေးနှင့် ကလေ မလေးက ယွန်းစန္ဒီပါဆိုတော့ အောင်ချိမ့်ဘာလုပ်ရမှန်းမသိ ဖြစ်သွာ သည်။

"တူ...တူ...တူ"

"ယွန်းလား...ဒီမှာ ယွန်းရဲ့ ဦးအောင်ချိမ့် ရောက်နေပြ

"ယွန်းကိုလက်ထပ်ပါရစေ၊ ယွန်းရဲ့သဘောထား သိချင်ပါတယ်လို့ မမကိုပြောနေလို့ မမလည်း ယွန်းသဘောထား ကိုယ်တိုင်မေးကြည့်ပါလို့ ပြောထားတယ်"





"ဟင်"

"အို"

"စကားပြောကြပါဦးနော်၊ ဖုန်းခဏလောက်ပြောချင်လို့ ပါ"

ထိပ်ထားခင်စကားအဆုံးမှာ ယွန်းလေးရော အောင်ချိမ့်ဆို သည့် ကိုလူချောပါ စိတ်ပျက်လက်ပျက် ဖြစ်သွားပုံကို ထိပ်ထားခင် စိတ်ထဲက ကျိတ်ပြုံးရင်း ဖုန်းပြောရန်နေရာက ထွက်လာခဲ့လိုက်ပါ သည်။

"ဟိတ်"

"နေဦး"

နောက်ပါးဆီက အသံကြောင့် ထိပ်ထားခင် လှည့်အကြည့် သူမထံသို့ လျှောက်လာသည့် ဦးအောင်ချိမ့်၏ ခြေလှမ်းကျဲကြီးများနှင့် ရင်ဆိုင်လိုက်ရသည်။ သူက ထိပ်ထားခင် နှင့် နီးကပ်စွာ မျက်နှာချင်းတည့်တည့်ရပ်ပြီး ထိပ်ထားခင် မျက်နှာ လှလှလေးကို ခပ်စိမ်းစိမ်း ငုံ့ကြည့်သည်။

"နာမည်ပြောပါ"

"ရှင်"

"မင်းနာမည်ပြော"



www.burmeseclassic.com

www.burmeseclassic.com



''ထိပ်ထားခင်''

''သွားနိုင်ပြီ''

ထိပ်ထားခင်ကို သူက အရင်ကျောခိုင်းသွားပုံကို သဘော ကျသလို တစ်ချက်ပြုံးမိသည်။ လှုပုံချောပေမယ့် သူ့ပုံက တစ်မျိ မှန်း လေယာဉ်ပေါ်မှာ စတွေ့ထဲက ထိပ်ထားခင်ရိပ်မိသည်။ မာန ကြောရေလိုလို။ ထောင့်မကျိုးသလိုလို။ သူ့ကိုယ်သူ အထင်ကြီ ဘဝင်မြင့်နေသည့်ပုံမျိုး။

ထိပ်ထားခင်ကို လေယာဉ်ပေါ်မှာထဲက ပတ်သက် ကြိုးစားခဲ့သူ။ ရုတ်တရက်ပြန်တွေ့တော့ ထိပ်ထားခင်ကို ယွန်း ဆိုသည့် သူ့သတို့သမီးလောင်းနှင့် မှားပြီး အကြည့်အပြောတွေ ဟိုရောက် ဒီရောက်။

အချစ်ဆိုသည့်အရာကို ထိပ်ထားခင် ကြောက်သွားပါပြီ ကိုကို့ကိုချစ်မိလို့ ထိပ်ထားခင် အသည်းတွေ ကွဲခဲ့ရသည်။ နှလုံး သားတွေ နာကျင်ခဲ့ရသည်။ ပြန်မဆုံနိုင်ပေမယ့် ကိုကို့ကို ထိပ်ထား ခင်နှလုံးသားက မေ့လို့မရသေးပါ။

''ဟဲလို''

''ဟုတ်ကဲ့ပါဦးကြီး''

''အခုပဲ ထိပ်ထားတို့ စကားပြောနေကြတာပါ၊ ဟုတ်





အပြန်ကျရင် ထိပ်ထား ယွန်းလေးသဘောထားကို မေးကြည့် ားပါ့မယ်''

''ဟုတ်ကဲ့ပါ''

တစ်ဖက်က ဖုန်းချသွားမှ သူမဖုန်းလေးကို ထိပ်ထားခင် သိမ်းလိုက်သည်။ ဖုန်းဆက်လာသူကား တခြားသူမဟုတ်။ န်း၏ဖခင်ကြီး ဦးဝဏ္ဏကိုယ်တိုင်ဖြစ်သည်။ ယွန်းလေးအတွက် ဖေလည်းသူ အမေလည်းသူအဖြစ် အုပ်ချုပ်လာရသော ဦးကြီး မိဘမေတ္တာက ကျယ်ပြန့်နက်ရှိုင်းသည်။

သတို့သားလောင်းနှင့် တွေ့ဆုံပြီး ဖြစ်ပေါ်လာမည့် န်းစန္ဒီ၏ ဆန္ဒသဘောထားကို သိချင်နေရှာသည်။ ယွန်းမှာ သည်းနှလုံးနှင့်ရင်း၍ ချစ်ရမည့်သူရှိနေခြင်း အဖြစ်ကို ဦးကြီး ကိုယ်တိုင်မသိသေး။

ခြေလှမ်းမှန်မှန်နှင့် ယွန်းလေးတို့ရှိရာ ထိပ်ထားခင် လျှောက်လာခဲ့သည်။ အောင်ချိမ့်က ပါးစပ်က ယွန်းစန္ဒီကို အပြောမပျက်သော်လည်း ထိပ်ထားခင်၏ လှုပ်ရှားမှုတို့ကိုသာ ချိန်လုံး မျက်လုံးတောက်တောက်များဖြင့် စူးစိုက်ကြည့်ပုံက ယက်ရှင်ဖြစ်သော ထိပ်ထားခင်သာမက ဘေးလူဖြစ်သည့် န်းစန္ဒီပါ သူ့အဖြစ်ကို ရိပ်စားမိသည့်အထိပါ။



www.burmeseclassic.com

www.burmeseclassic.com



ယွန်းစန္ဒီက လမ်းကြောင်းပြောင်းသွားသော ဦးအောင်ချိမ့် သဘောထားအပေါ်မှာ ကျိတ်ပြီးဝမ်းသာကျေနပ်နေပေမယ့် ထိပ်ထားခင်ကတော့ ယွန်းလေးတစ်ယောက်လုံး ရှေ့မှာထားပြီး ထိပ်ထားခင်ကို တစ်ခါမှ မမြင်ဖူးသလို တစိမ့်စိမ့် စူးစိုက်အကြည့်ခံ ရခြင်းအပေါ် မကျေနပ်ချင်ပါ။

"ဘာမှာပေးရမလဲ ထိပ်ထားခင်၊ ကိုယ်ကို့ဆုံတုန်း တစ်ခုခုစားပြီးမှ အေးအေးဆေးဆေး ပြန်ကြရအောင်လား"

"ကျွန်မသဘောက အဓိကမဟုတ်ပါဘူးရှင်၊ ယွန်းလေး သဘောကိုသာ မေးပါ"

ထိပ်ထားခင် ခပ်ပြတ်ပြတ်ပြောပုံကို သူက သဘောကျ သလို တစ်ချက်စိုက်ကြည့်သည်။

"ကိုယ့်အတွက်တော့ ထိပ်ထားခင်ရဲ့ သဘောထားက ပိုအရေးကြီးပါတယ်ဗျာ၊ ယွန်းကလည်း သူ့မမသဘောပဲနေမှာပါ ဟုတ်တယ်မဟုတ်လား ယွန်း"

"ဟုတ်ပါတယ်၊ ယွန်းကတော့ မမသဘောပါပဲ"

"ကြားတယ်နော် ထိပ်ထားခင်၊ ကိုယ်တို့ ဒီမှာပဲ မနက်စာ စားကြမယ် ဟုတ်လား"

အဆိုတင်သွင်းတာရော၊ ဆုံးဖြတ်ချက်ချတာရော သူပဲ





ထိပ်ထားခင် ပြိုင်မငြင်းနေတော့ပါ။ စားကောင်းသောက်ဖွယ်များကို ဘယ်သူ့သဘောမှမမေးဘဲ သူ့သဘော စိတ်ကြိုက်မှာကြားခြင်း အဖြစ်ကို ထိပ်ထားခင်နှင့် ယွန်းစန္ဒီတို့ ဒီအတိုင်းငြိမ်၍ ကြည့်နေ လိုက်ပါသည်။

"မမနဲ့ ဦးအောင်ချိမ့်က လေယာဉ်ပေါ်မှာထဲက သိလာ ကြတာဆို"

"သိတော့မသိပါဘူး၊ ခရီးသွားဖော်အဖြစ် တစ်ခုံထဲ အတူ ထိုင်ဖြစ်ရုံလောက်ပါ"

"ယွန်းမမက သိပ်မာနကြီးတာ ယွန်းရဲ့၊ ကိုယ် နာမည် မေးတာကို မပြောဘူး"

အောင်ချိမ့်က ယွန်းကိုတိုင်သလိုပြောတော့ ယွန်းက ခစ်ခနဲ ရယ်ပြီး...

"မမက မာနမကြီးပါဘူး၊ မပြောချင်လို့ မပြောတာနေ မှာပါနော် မမ"

"ဒါပေါ့...မမချစ်သူက သဝန်တိုတတ်တယ်"

ထင်မှတ်မထားသော ထိပ်ထားခင်စကားက အောင်ချိမ့် ရဲ့ခုံးထူထူတွေ ဖျတ်ခနဲ တွန့်ကုတ်သွားစေခြင်းအဖြစ်ကို မည်သူ မျှ သတိမပြုမိလိုက်ကြပါ။ ကိုယ်ကိုယ်တိုင် ရည်းစားသက်ေ



www.burmeseclassic.com

www.burmeseclassic.com



ထားခဲ့သူက ထိပ်ထားခင်မှာ ချစ်သူရည်းစား ရှိသည်ဆိုတာနှင့် ရင်ထဲ ပူစပ်ပူလောင်နှင့် ဘယ်နေရာကမှန်းမသိ အခံရခက်သည်က အမှန်ဖြစ်သည်။

''ထိပ်ထားခင်ချစ်သူ အဲဒီလောက်သဝန်တိုတတ်မှန်း မသိလို့ပါဗျာ၊ သိရင် ဘယ်ဒီလိုနေပါ့မလဲ''

''ခင်ဗျားချစ်သူလှလှလေးကို စိတ်ချပြီး ဟစ်ယောက် တည်းလွှတ်မထားနဲ့၊ တော်ကြာ လူမသမာက မသွားမယ်လို့ အကြံ ပေးပါတယ်''

''အဟွန်း...ဟွန်း...ဟွန်း''

အဲဒီလူမသမာဆိုတာ ရှင်မဟုတ်လားဆိုသည့် စကားကို စိတ်ထဲကပဲ ပြောလိုက်ပါသည်။ ယောကျ်ားတို့၏ သဘာဝ မိန်းမ ချောချောမြင်ရင် ငမ်းချင်ကြ၊ ပတ်သက်ဖာတ်လမ်းရှာချင်ကြနှင့် ဒါမျိုးတွေ ရိုးနေပြီဟု ဆိုရမည်ထင့်။

''ကဲ...စားစရာတွေရောက်လာပြီ၊ ပူပူနွေးနွေးပဲ အားရ ပါးရစားကြ''

သူကိုယ်တိုင်မိန်းကလေး နှစ်ယောက်စလုံးကို ဂရုစိုက်ပြီး ထမင်းတွေဟင်းတွေ ထည့်ပေးသည်။ မည်သူ့ကိုမျှ မပိုသာသော သာတူညီမျှ ဆက်ဆံရေးဖြစ်သဖြင့် ထိပ်ထားခင်အတွက် ယွန်းလေး





မှာ အသက်ရှူချောင်ရပါသည်။

သို့သော် မရိုးသားသည့် သူ့အကြည့် သူ့အပြောများကို ဘာ့ ဖုံးဖိ၍မရပါ။

''ယွန်း''

''ရှင်''

''မနက်ဖြန် ယွန်းမမနဲ့ဆုံအောင် ဖန်တီးမပေးနိုင်ဘူးလား ''

''မမနဲ့ ဖြစ်ပါ့မလား''

အောင်ချိမ့်က ထိပ်ထားခင် ဖုန်းသွားပြောနေသည့် အချိန် ဘာ ယွန်းကို သူ့လူဖြစ်အောင် စည်းရုံးထားပြီးသား ဖြစ်ပါသည်။ ကိုယ်တိုင်လည်း ကိုမွန်ဆိုသည့် ချစ်ရသူတစ်ယောက်လုံးရှိနေ ခင်မင်စရာကောင်းသော ဦးအောင်ချိမ့်လို လူချောတစ်ယောက် သိပ်လှသည့် မမထိပ်ထားခင်ကို သဘောတူပြီးဖြစ်သည်။

''ဖြစ်အောင်လုပ်ရင် ဖြစ်တာပေါ့ ယွန်းလေးရဲ့၊ ယွန်းလေး ယွန်းချစ်သူနဲ့ မတွေ့ချင်ဘူးလား''

''တွေ့ချင်တာပေါ့''

''ဒါဆို ကိုယ်ခိုင်းတဲ့အတိုင်းလုပ်''

အောင်ချိမ့်က ထိပ်ထားခင်အလစ်မှာ သူဖြစ်ချင်သည့်



www.burmeseclassic.com

www.burmeseclassic.com



အစီအစဉ်တွေ ယွန်းကိုပြောသည်။ ယွန်းက ခေါင်းတညိတ်ည
ဦးအောင်ချိမ့်က ယွန်းနဲ့နှစ်ယောက်အတူ ကျန်နေချိန်မှာ ယွ
အရင်ဦးအောင် သူမမှာချစ်သူရှိကြောင်း ပြောပစ်သည်။ ထိုအ
နောင်တမရ။ သူကလည်း ယွန်းကို ညီမလေးတစ်ယောက်
ခင်မင်ကြောင်းနှင့် ထိပ်ထားခင်ကိုသာ ချစ်ခင်မြတ်နိုးစွာ လ
ချင်ကြောင်း ဖွင့်ပြောပြီးဖြစ်သည်။

ကိုအကြောင်းတွေကို အောင်ချိမ့်နှင့် ယွန်းတို့ချင်း အ
အလုန်သိပြီးဖြစ်သော်လည်း ထိပ်ထားခင်ကတော့ မသိသေ
မသိ၍လည်း ယွန်းနှင့် အောင်ချိမ့်တို့၏ အကြံအစည်များကို
သဖြင့်လည်း မနက်ဖြန် ပျော်ပွဲစားသဘောမျိုး လျှောက်လ
မည့် အစီအစဉ်မှာ လိုက်ပါမည့်အကြောင်း ယွန်း၏ တော
ကို လိုက်လျောလိုက်ရခြင်းဖြစ်သည်။

ဦး ဦး ဦး



## အခန်း (၈)

အောင်ချိမ့်လက်ထဲမှာ ကင်မရာတစ်လုံးပါလာသဖြင့် ဟို
ဒီနေရာ ဓာတ်ပုံတစ်ဖျတ်ဖျတ်ရိုက်၍ မဆုံးနိုင်သလို ထိပ်ထား
နှင့် ယွန်းတို့ ခပ်ဝေးဝေးမှာသာ ရှိနေခြင်းကြောင့် ညီမနှစ်ယောက်
တ်လပ်စွာ စကားပြောခွင့်ရနေပါသည်။

''ယွန်း''

''ရှင် မမ''

''ဦးအောင်ချိမ့်အပေါ် ယွန်းလေးရဲ့ သဘောထားပြောင်း
ပြီလား၊ ဦးကြီးရဲ့စကားကို နားထောင်တော့မှာလားဆိုတာ
သိချင်တယ်ကွယ်၊ ပြောပါဦး''

ဦးအောင်ချိမ့်နှင့် ခင်မင်စွာ ရယ်ရယ်မောမော စနောက်



www.burmeseclassic.com

www.burmeseclassic.com



သည့်အထိ ပြုံးပျော်နေသော ယွန်းစန္ဒီ၏ သဘောထားကို ထိပ်
ခင်မှ ဦးကြီးကို တင်ပြနိုင်ရန် အခုလို မေးမြန်းရခြင်းဖြစ်ပါသည်

မဆိုးပါဘူး။ သဘောကောင်းသားပဲ။ ယွန်းလည်း
ဦးအောင်ချိမ့်ကို သဘောကျတယ်ဆိုသည့် စကားကိုတော့
ထဲက ဦးကြီးကို ထိပ်ထားခင် ပြောဆိုအသိပေးခဲ့ပြီးပါပြီ။ ထို
ကြောင့် ယွန်း လူငယ်ချင်းရင်းနှီးရန် အကြောင်းပြချက်ဖြင့် ဦးအော
ချိမ့်ဖိတ်ခေါ်သည့် သူပိုင်ခြံမြေဥယျာဉ်ရှိရာသို့ ပျော်ပွဲစားထွက်
သဘောမျိုးနှင့် ညီမနှစ်ယောက် အတူလိုက်ပါလာရခြင်းတည်း

ထိပ်ထားခင်က ယွန်းစန္ဒီ၏ချစ်သူ ကိုမွန်ဆို
ချာတိတ်ကို မြင်တွေ့ဖူးခြင်းမရှိသလို ယွန်းကလည်း မိတ်
ပေးခြင်းမရှိခဲ့ပါသဖြင့် ဤခရီးလမ်းတွင် ဦးအောင်ချိမ့်၏ တ
နေရာကပါလာသော ကိုမွန်ကို ထိပ်ထားခင် မသိခဲ့ပါချေ။

ယွန်းတို့ချစ်သူနှစ်ဦးအတွက်တော့ ရတောင့်ရခဲ့ ဤအ
အရေးကြီးမှာ တစ်ယောက်မျက်နှာတစ်ယောက် နီးနီးကပ်ကပ်
ရင်း ယွန်းစန္ဒီအတွက် အစစအရာရာ နေရာထိုင်ခင်း အသွားအ
အစားအသောက်မှအစ အားလုံးကို အနီးကပ် ဝတ်ကြီးဝတ်
ပြုစုခွင့်ကို ယွန်း၏ချစ်သူ ကိုမွန်မှ ရရှိထားပါသည်။

ရိုးသားသော ထိပ်ထားခင်မှာ ကိုမွန်ကို အောင်ချိ



အဖြစ် ယွန်းအပေါ် အစစအရာရာ ဂရုစိုက်ပြုစုနေခြင်းကိုပင်
မမြင်မိချေ။ ထိပ်ထားခင်စိတ်မှာ ယွန်းတစ်ယောက် လူချော
ကြောင့် ဦးအောင်ချိမ့်အပေါ်မှာ သဘောထားအမြင်များ ပြောင်း
ပြီဟုသာ ထင်နေ၏။

ထိုကြောင့်လည်း ထိုစကားစုကို နှစ်ကိုယ်ချင်းရှိနေခိုက်
မေးနေခြင်းဖြစ်သည်။

"ဦးအောင်ချိမ့်ကို ယွန်းခင်ပါတယ် အစ်ကိုတစ်ယောက်
သူငယ်ချင်း တစ်ယောက်ဆိုလည်း သံယောဇဉ်ရှိနိုင်သားပဲ
ယ်"

"လက်ထပ်မယ့် လူတစ်ယောက်အနေနဲ့ ဆိုရင်ကော
"

"ချစ်သူတစ်ယောက်အနေနဲ့ရော လက်ထပ်မယ့်သူ
ယောက်အနေနဲ့ဆိုရင်ရော ယွန်းချစ်တာက တစ်ယောက်ပဲ
ယ်"

"ကိုမွန်ကိုပဲ ယွန်းချစ်တယ်"

ယွန်းကိစ္စကဖြင့် ဤနေရာမှာ ပြီးပြတ်ပြီဟု ထိပ်ထားခင်
တ်သည်။

"မမ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ယွန်းကိုသာပြောနေတယ် မမရာ၊ မမရဲ့ချစ်သူကိုလည်း လက်ထပ်မှာမဟုတ်ဘူးလား"

"ချစ်သူ"

"အင်းလေ မမကို အရမ်းချစ်ပြီး အရမ်းသဝန်တိုတတ်တယ်ဆိုတဲ့ မမရဲ့ချစ်သူပေါ့"

"သြော်"

ထိပ်ထားခင်ထံမှ အသံတိုးတိုးလေး ထွက်လာ၏။ ဦးအောင်ချိမ့်ဆိုသည့် လူရှေ့မှာ တမင်အရွဲ့တိုက်ပြီးပြောခဲ့သော စကားကို ယွန်းက အဟုတ်ထင်နေသည်။ ထိပ်ထားခင်မှာ ချစ်သူ တစ်ယောက်ရှိခဲ့ဖူးသော်လည်း ထိုချစ်သူမှာ သူမနှင့် လက်ထပ် မဖြစ်နိုင်သော ချစ်သူသာဖြစ်သည်။

"မမချစ်သူက ချောလားဟင်"

"အင်း မဆိုးပါဘူး၊ သူ့ကို လူချောတစ်ယောက်လို့တော့ လူတွေက ပြောကြတာပဲ"

မျက်ဝန်းမှာ စွဲထင်လာသော မင်းစည်ထင်၏ ပုံရိပ် ဖျတ်ခနဲ မြင်ယောင်သည်။

"မမချစ်သူက မမကို သိပ်ချစ်မှာပဲနော်"





"ဟုတ်မှာပေါ့"

"မမကရော"

"ဟင်"

"မမချစ်သူကို သိပ်ချစ်တာပဲလား"

ယွန်းအမေးကို ထိပ်ထားခင်မဖြေနိုင်။ ကိုကိုဟု သူမ တနိုးခေါ်ခဲ့သော ချစ်သူကို ချစ်ခဲ့ဖူးသည်။ ဒါကိုတော့ ထားခင်မငြင်း။ သို့သော် ကိုယ့်ချစ်သူ မိန်းကလေးတစ်ယောက် မှာ ဘဝတစ်ခုမှ ကာကွယ်မပေးနိုင်သူ တစ်ယောက်အဖြစ် ကို နာကြည်းသည်။

ကိုကိုသာ နှင့်ဆိုသည့် မိန်းကလေးကို အမှန်တကယ် သည်။ မြတ်နိုးသည်ဆိုလျှင် နှဘက်က မားမားမတ်မတ် ကာကွယ်ပေးနိုင်ရမည်။

ကိုကိုက နှကို ချစ်ကောင်းချစ်မည်။ သို့သော် ကိုကို့အချစ် အတွက် နာကျင်မှုကိုသာ ခံစားစေခဲ့သော အချစ်မျှသာ။

နှနေရာမှာ ထိပ်ထားခင်ဆိုလျှင်တော့ မင်းစည်ထင်လို ချင်မှ တွေဝေပေမည်။ မိဘအပေါ် မိသားစုအပေါ် ငဲ့ညှာ ညှာမည်။ ဆင်းရဲသူမလေးနှနှင့် သူ့မိသားစုကို ချိုးနှိမ်လိုက် ကိုကိုချစ်လှပါသည် မြတ်နိုးလှပါသည်ဆိုသော နှက



www.burmeseclassic.com

www.burmeseclassic.com



ဘေားရောက်သွားသည်။

ကိုကို့မှာရှိသည့် သတ္တိတွေပျောက်သွားသည်။

''မမ''

''အင်''

''ယွန်းမေးတာဖြေဦးလေ''

''အင်း ချစ်တော့ချစ်ခဲ့တယ်ထင်တာပဲ''

''မမအဖြေကြီးကလည်း မသေချာမရေရာလိုက်တာ ချစ်ခဲ့တယ်ဆိုတော့ မမချစ်သူက အခုမရှိတော့ဘူးလား''

''မရှိတော့ဘူး''

''ဟာ''

ယွန်းထံမှ အလန့်တကြားအသံလေးကြားရတော့ ထိပ်ထား ခင်ရယ်လိုက်သည်။

''မမက ဘာကိုရယ်တာလဲ၊ မမချစ်သူနဲ့ ကွဲရတာ စားလို့လားဟင်''

''ကိုယ့်အဖြစ်ကိုယ် ရယ်ချင်လို့ပေါ့ယွန်းရယ်၊ ချစ်သူ ကွဲခါစတုန်းက မမလည်း ခံစားရတာပေါ့၊ အခုတော့ အားလုံး သွားပါပြီ''

ပြောပြီး ထိပ်ထားခင်ရယ်ပေမယ့် ယွန်းက လိုက်မရယ်





ထိပ်ထားခင်မျက်နှာလှလှလေးဇကို စိတ်မကောင်းသလို ငေးကြည့် နေ၏။

''မမကို ယွန်း သနားလိုက်တာ''

''ဒီလိုပဲ ယွန်းရေ၊ လူ့ဘဝဆိုတာ ဒီလိုပဲ၊ လောကကြီး ထဲက မမတို့ ယွန်းတို့ သင်ယူရမှာတွေ အများကြီး အများကြီးပဲ''

''ယွန်းကငယ်သေးလို့ပါ၊ နောက်တော့ ယွန်းကိုယ်တိုင် လည်း လူတွေအကြောင်း လောကကြီးအကြောင်း သိလာလိမ့် မယ်''

''ညီအစ်မနှစ်ယောက်ထဲ ဘာတွေများ သိနေကြတာ လဲဗျာ၊ ကိုယ်ရော ထိပ်ထားခင်နဲ့အတူ သိခွင့်မရဘူးလား''

ထိပ်ထားခင်တို့ညီမနှားရောက်လာပြီး ခြေပစ်လက်ပစ် ထိုင်ချလိုက်သူက ရွှေမင်းသား အောင်ချိမ့်ဖြစ်သည်။

''မမမှာ သူ့ချစ်သူ မရှိတော့ဘူးတဲ့''

''ဟာ ပွတာပဲ''

''ယွန်း ဘာတွေလျှောက်ပြောနေတာလဲကွယ်''

''အာ ဆောရီး ဆောရီး ဦးအောင်ချိမ့်ကို ယွန်းကစချင် လို့ပါ၊ အတည်ပြောတာမဟုတ်ဘူးနော် ဦးအောင်ချိမ့်''

''လိမ်ညာပြီးပြောတာဆိုလည်း ယုံပါတယ်၊ ရည်းစားရှိ



www.burmeseclassic.com

www.burmeseclassic.com



တာ မရှိတာ အဓိကမကျပါဘူး''

''ဒါဖြင့် ဘာကအဓိကလဲ ဦးအောင်ချိမ့်''

''တရားဝင်လက်ထပ်ထားသူမရှိရင် ဘယ်သူမဆို လက်ထပ်နိုင်ခွင့်ရှိသားပဲ''

စူးလက်သော မျက်ဝန်းအကြည့်က ထိပ်ထားခင်ရှိရာသို့ ခပ်ရဲရဲ စူးစိုက်ရောက်ရှိလာပုံကြောင့် ထိပ်ထားခင် ဖျတ်ခနဲ အကြည့်ကို လွှဲပစ်တော့ အောင်ချိမ့်က ခပ်တိုးတိုးရယ်သည်။

''ထိပ်ထားခင်ကြည့်ရတာ ကိုယ့်ကိုမုန်းနေသလိုပဲဗျာ ခင်မကြိုက်တာ ကိုယ်ဘာမှ မလုပ်မိသေးဘူးလို့ထင်ပါတယ်''

''ကျွန်မကိုစကားပြောရင် နာမည်အပြည့်အစုံခေါ်ပြီးပြောပါ''

''ယွန်းခေါ်သလို မမခင်လို့ခေါ်ကြည့်တာပါဗျာ''

ပြောပြီးရယ်တော့ ထိပ်ထားခင်မှာ အောင်ချိမ့်ဆိုသည့်လူနှင့် မျက်နှာချင်းမဆိုင်လိုသည်နှင့် နေရာက ထထွက်လာခဲ့သည်။ သူနှင့်အရောမဝင်မိအောင် ခပ်ကင်းကင်းနေသည့်ကြားကပဲ ထိပ်ထားခင်နာမည်ကို ခင်တွေဘာတွေခေါ်လာသည်အထိ ရဲတင်းလာခြင်းကို မနှစ်မြို့ပါ။

''ဦးအောင်ချိမ့်ကြောင့် မမစိတ်ဆိုးသွားပြီ''





''စိတ်ဆိုး စိတ်ကောက်တာ မိန်းမတွေအလုပ်ပဲ ယွန်းရဲ့ ...ယ့်ကြောင့်စိတ်ကောက်ရင် ကိုယ် လိုက်ချော့မှာပေါ့ဗျာ''

''မမက မကြိုက်ဘူးနော် ဦးအောင်ချိမ့်''

''ကိုယ်ကကြိုက်နေပြီပဲဗျာ၊ ယွန်းမမပြောသမျှဆိုသမျှ ...နဲ့ပေါက်သလိုပဲ သဘောထားပါ့မယ် ဟုတ်လား''

ရယ်ရယ်မောမောနှင့်ပင် ခြေလှမ်းကျဲကြီးတွေသုံးပြီး မမ ...ထိပ်ထားခင်နောက်လိုက်သွားသော ဦးအောင်ချိမ့်၏ခန့်ညားချော ...သော ရုပ်သွင်ကို ငေးကြည့်မိသည်။

လိုက်ဖက်တင့်တယ်သည့် ချစ်သူစုံတွဲလေးအဖြစ် ...ယောင်မိသော်လည်း မမထိပ်ထားခင်ပုံစံလေးက ယောက်ျား ...ကို အထင်မကြီး စိတ်နာနေပုံလေးနှင့်ဆိုတော့ခက်သည်။

''ယွန်း''

''ကိုမွန်''

''ချစ်လိုက်ရတာ ယွန်းရယ်''

''အိုကွယ်''

လူအလစ်မှာ အကြင်နာလေးတွေ နွေးနွေးထွေးထွေးပေး ...ကြသည်။ လှိုက်ဖိုသောရင်အစုံက ကြည်နူးခြင်းပီတိလှိုင်းတို့ ...ပြင်းပြင်းရိုက်ခတ်သွားအောင် အချစ်ကစွမ်းဆောင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



''ဆော်ပြီကိုရယ်၊ တော်ကြာ မမကိုပြန်လာလို့တွေ့သွားရင် ခက်မယ်''

''ဘာမှမခက်ပါဘူး ယွန်းရယ်၊ ကိုက ယွန်းကို ဘယ်သူမှ မမြင်မတွေ့နိုင်တဲ့ အလုံခြုံဆုံးနေရာမှာ ဟော့ဒီလို ဟော့ဒီလို ဖွက်ထားမှာပါတဲ့ဗျာ''

''ကိုရယ်''

''သိပ်ချစ်တယ် ယွန်းလေးရယ်''

အရှူးအမူးအနမ်းတွေက တောယန်းနှင့် ငှက်လိပ်ပြာလေးများကြား အလန့်တကြားလဲပြိုလာပါသည်။

''ထိပ်ထားခင်''

''ရှင် ဘာလို့ ကျွန်မနောက်လိုက်လာရတာလည်း ရှင့်''

''ချစ်လို့ပါ''

''ဘာ''

''ဩော် ထိပ်ထားခင် တစ်ယောက်တည်းဖြစ်နေမှာ စိုးလို့ပါလို့ ပြောတာပါဗျာ''

ထိပ်ထားခင်မေးလိုက်မှ စကားလမ်းကြောင်းပြောင်းပစ်သော မျက်နှာချောချောကိုကြည့်၍ မကျေနပ်လှသော်လည်း ပြုံးမြမြမျက်နှာချောချောပေါ်က မျက်ဝန်းစူးလက်လက်များကိုလည်း





ကြာရှည်ရင်မဆိုင်လိုပြန်။

''ရှင်နေခဲ့ပါ''

''ဘယ်မှာနေခဲ့ရမှာလဲဗျာ''

''ကျွန်မနောက်ကို မလိုက်ရင်ပြီးတာပဲ ရှင့်ဘာသာ နေချင်တဲ့နေရာနေ''

''ကိုယ်နေချင်တဲ့နေရာ တစ်ခုပဲရှိတယ်''

အဲဒီနေရာက ထိပ်ထားခင်ရှိတဲ့ နေရာပါဆိုသည့်စကားကို အောင်ချိမ့်ရင်ထဲကပဲ ဆက်ပြောလိုက်ပါသည်။

''အို့ရှင့်ဘာသာ ဘယ်နေရာရှိရှိ ကျွန်မကိုလာပြောနေပါနဲ့''

''ဩော်ဗျာ ထိပ်ထားခင်သိအောင် ပြောပြမှဖြစ်မှာမို့ပါ၊ ကိုယ့်အပေါ် တလွဲမထင်ပါနဲ့''

ပြုံးနေသည့်မျက်နှာက မြူးလက်နေသည်။ စိတ်ရှုပ်ထွေးသည့် ဟန်အမူအရာလေးဖြင့် သူမနားက တွင်တွင်နှင်နေသူလေးကိုလည်း သဘောကျသည်။ ဘာကြောင့် သူလိုလူတစ်ယောက်အပေါ်မှာ ဤမျှခါးသီးနေခြင်းအဖြစ်ကိုလည်း နားမလည်နိုင်။

သို့သော် သူမစိတ်ဆိုးအောင် စရတာကို သူပျော်သည်။

''ထိပ်ထားခင်ကိုကြည့်ရတာ ယောကျ်ားတွေကို စိတ်နာ



www.burmeseclassic.com

www.burmeseclassic.com



နေသလိုပဲဗျာ၊ ထိပ်ထားခင်ရည်းစားက ထိပ်ထားခင်ကို ပစ်ပြ
တခြားအသစ်ရှာသွားပုံပဲ"

"ဘာရှင့် ရှင် ရှင် ကျွန်မကို ဘာစကားပြောတာ
ကျွန်မချစ်သူကိုများ ရှင့်လိုထင်နေလား"

"ကိုယ့်လိုတော့ မထင်ပါဘူး"

ပြုံးနေသည့် သူ့မျက်နှာက မုန်းစရာ။

"ထိပ်ထားခင်ချစ်သူသာ ကိုယ်ဖြစ်နေရင် ထိပ်ထားခင်
အခုလို ရန်စွာခွင့်တောင်ပေးမှာမဟုတ်ဘူး"

"လက်ထပ်ပြီးလို့ သားတွေသမီးတွေတောင် အတော်
လှရော့မယ်"

"အို"

ပါးစွေနားတွေ ထူပူကုန်သည်အထိ အပြောရဲသူ
ထိပ်ထားခင် မျက်နှာနီနီဖြင့် ရှက်မွန်စွာ ဒေါသထွက်ပြီး ဘာ
ရမှန်းမသိဖြစ်နေခိုက်

"ထိပ်ထားခင်ရှက်နေပုံလေးက သိပ်လှတယ်၊ ခ
နော်"

"ဖျတ်"

"အို ဒါဘာလုပ်တာလဲ"





ခတ်ပုံတွေ တစ်ပုံပြီးတစ်ပုံ တစ်ဖျတ်ဖျတ်ရိုက်သွား၏။

"ရှင့်ကို ဘယ်သူကခွင့်ပြုလို့ ကျွန်မဓာတ်ပုံတွေ ရိုက်နေ
ရတာလည်းဟင်"

"ရှင့်လက်ထဲကကင်မရာ ကျွန်မကိုပေး၊ ဓာတ်ပုံတွေ
ဖျက်ပစ်မယ်"

"လှလို့ရိုက်ကာ စိတ်ဆိုးစရာလားဗျာ၊ ဓာတ်ပုံတွေကူး
ပြီးရင် ထိပ်ထားခင်ကိုပေးမှာပါ"

"မလိုချင်ဘူးရှင့်၊ ကျွန်မဓာတ်ပုံတွေ အခုချက်ချင်းသာ
ဖျက်ပါ"

"ဒေါသကြီးလှချည်လားဗျာ"

"ရှင်လုပ်နေပုံကရော ဒေါသမဖြစ်ချင်စရာလား၊ စကား
ပြောတာကအစ မုန်းစရာ"

"ဪ ကိုယ်က သဘောပြောတာကို"

"ဘာသဘောမှမပြောနဲ့ရှင် အကောင်းဆုံးက ရှင် ကျွန်မနဲ့
ဝေးဝေးမှာနေ"

"ကောင်းပါပြီဗျာ"

ကင်မရာကိုမပေးဘဲ တကယ်အဝေးကို တိုးရွှေ့ရပ်လိုက်ပုံ
ထိပ်ထားခင်ကို အသည်းယားစေခြင်သည်။



www.burmeseclassic.com

www.burmeseclassic.com





''ဒါဘာလုပ်တာလဲ''

''ဗျာ''

''ခင်ပဲ ခပ်ဝေးဝေးမှာနေဆို''

''ခေါ်ပြန်ပြီလား''

''ဗျာ''

''ကျွန်မနာမည် ထိပ်ထားခင်ရှင့်''

''အာ ဆောရီး၊ ကိုယ်မေ့သွားတယ် ခင်မကြိုက်ရင် ဩော် ထိပ်ထားခင်မကြိုက်ရင် နောက်မခေါ်ဘူးဟုတ်လား''

သူ့စကားကို ထိပ်ထားခင်မယုံပါ။ ချစ်စနိုးပြုံးနေသည် သူ့မျက်နှာအပြုံးနှင့် စကားလုံးတွေက တမင်သက်သ ထိပ်ထားခင် အသည်းယားအောင် လုပ်နေခြင်းဟု သူ့အလိုလိုသိ၍ မကျေမနပ်နှင့် မျက်စောင်းရွယ်ဖြစ်သွားရပြန်သည်။

''အား''

''ဟင်…ဘာလဲ၊ ဘာဖြစ်တာလဲ''

အလန့်တကြား သူ့ရင်ဘတ်နေရာကို လက်နှင့်ဖိ ထအော်လိုက်ပုံက ထိပ်ထားခင်ကို လန့်ထိတ်သွားစေသည့်အဖြစ်

''ဩော်…ကိုယ့်အသည်းနှလုံးထဲ မြှားတစ်စင်းဝင်သွ သလားလို့ပါဗျာ''





ကြည့်စမ်း…ဒီလူ။

''ထိပ်ထားခင်''

နောက်က လှမ်းခေါ်သော်လည်း ထိပ်ထားခင် လှည့်မကြည့်တော့။ အောင်ချိမ့် သူ့ကိုယ်ကြီးကို မြက်ခင်းပြင်ပေါ် လှဲချသည်။

ချစ်မိပြီ ထိပ်ထားခင်ရယ်။

ဒီ ဒီ ဒီ



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၉)

လက်ထပ်ခြင်းကို အချစ်၏သင်္ချိုင်းဟု လူအများက
သည်။ သို့သော် ထိုထဲကို နှလုံးသားရှိသူလူသားတိုင်း အချစ်
သည့်စကားကို ဗွင်ဗွင်ဆိုလျက် နစ်သထက်နစ်အောင် ဆင်း
သူချည်းဖြစ်သည်။

အောင်ချိမ့်ကိုယ်တိုင်လည်း ထိပ်ထားခင်ဆိုသည့် အချစ်
ထဲ ဆင်းမှန်းမသိ ဆင်းလျက်ရှိနေခြင်းအဖြစ်ကို ကိုယ့်ဘာသာ
သဘောကျလျက် အသံထွက်၍ ရယ်ပါသည်။

ခင်ဟု ခေါ်၍လည်းမကြိုက်။

ထိပ်ထားဟု ခေါ်လျှင်လည်း ဒေါသဖြစ်ပေဦးမည်
ဤသို့ဆိုလျှင် ချစ်ဟု တိတ်တခိုး ချစ်စနိုးခိုး၍ ခေါ်နေကြအတိုင်း





ခဲ့ဖြစ်မည်ထင်သည်။

ဤကလေးမက ချစ်စရာကောင်းသည်။ အောင်ချိမ့်နှလုံး
ကို လှုပ်ခတ်လွန်းသည်။ အထူးသဖြင့် သူလိုလူတစ်ယောက်ကို
ဂရုမစိုက်၊ အရေးမလုပ်ဘဲ ခပ်တည်တည်လုပ်နေပုံကို သဘော
သည်။

ယွန်း ပြောပြ၍ ထိပ်ထားခင်မှာ လက်ရှိချစ်သူမရှိမှန်း
သည်။ ရည်းစားဟောင်းက စွန့်ပစ်သည့်အတွက် ယောကျ်ားတွေ
သိမ်းကျုံးစိတ်နာနေသည်ဆိုလျှင်တော့ ထိုဒဏ်ရာကို အောင်ချိမ့်
သားက အသန့်စင်၊ အရိုးသားဆုံး ပေါက်ဖွားလာသည့် မေတ္တာ
င်နှင့် သွန်းလောင်းပက်ဖြန်းပေးချင်သည်။

ချစ်သူကိုယ်လေးကို သူ့ရင်ခွင်နွေးမှာ အမြတ်တနိုး
တွေးထားလိုသည့်တိုင် ချစ်သူကခွင့်မပြု။

''တူ…တူ…တူ''

ဖုန်းသံမြည်လာ၍ ကြည့်လိုက်တော့ မာမီဖုန်း။ သူ့သား
အောင်၏ အခြေအနေကို လှမ်းစုံစမ်းပြီမှန်း သိလိုက်သည်။
ားသော၊ ချောခါးသော အောင်ချိမ့်သဘောကို မာမီက
ကျသည်။

''မာမီ''



www.burmeseclassic.com

www.burmeseclassic.com



''အေး…တွေ့ခဲ့ပြီလား သား''

''တွေ့ပြီမာမီ''

''သားအခြေအနေကရော''

''လက်ထပ်မှဖြစ်မယ်မာမီ''

''အလိုလေး…ဒီလောက်တောင်ပဲလားကွယ်''

''ဖြစ်နိုင်ရင် တစ်ခါထဲကို အပိုင်သိမ်းထားချင်တာ''

''ဖြစ်ရလေသားရယ်''

''အဟင်း…ဟင်း…ဟင်း''

မာမီအသံက ကျေကျေနပ်နပ်ကြီး ပျော်ပျော်ရွှင်ရွှင် တစ်ဦးတည်းသောသားကို အိမ်ထောင်ပြုစေလိုလှသော်လည်း အောင်ချိမ့်က ရေသာများသည်။ သူ့အကြိုက် ငါးကမတွေ့။

တွေ့မဲ့တွေ့တော့လည်း အောင်ချိမ့်ဆိုသည့် လူဆိုး ဂရုမစိုက်သောသူ ဖြစ်နေသည်။ မာမီက သူ့ကို သတို့သမီးအကြည့် နိုင်းလိုက်သည်။ အောင်ချိမ့်အတွက် ရင်တစ်ခုလုံး ဖွင့်ပြီလှုပ်ရှား မည့် သတို့သမီးက တွေ့ပါသည်။

သို့သော် မာမီကြည့်နိုင်းသည့် သတို့သမီးကမဟုတ် အောင်ချိမ့်ဘာသာ ရှာတွေ့လာသော သတို့သမီးဖြစ်သည်။

''သား…သူ့ကိုချစ်တယ်မာမီ''

''ချစ်တယ်ဟုတ်လား''

မာမီ့အသံက တအံ့တသြ။

''ဒက်ဒီကြီး လာပါဦးရှင်၊ ဒီမှာ ရှင့်သားက ချစ်တယ်

''ဘယ်သူ့ကိုတုန်း''

''သိချင်ရင် ရှင်ကိုယ်တိုင်သာမေးကြည့်၊ ရော့ ဖုန်း''

မာမီ့လက်ထဲကဖုန်း ဒက်ဒီ့လက်ထဲရောက်သွားပြီဟု …သည်။ အချစ်ကို နားမလည်သော အောင်ချိမ့်လို လူတစ်ယောက် … အချစ်စကားက အထူးဆန်းပြားလှ၍ အထူးတန်ဖိုးရှိခြင်းကို …ထားခင် မသိလေခြင်း။

''ဟဲလို''

''သားကချစ်တယ်ဆို''

''ဟုတ်တယ် ဒက်ဒီ''

''အေး…အေး ဝမ်းသာတယ်၊ ဒီတစ်ခါတော့ တကယ် …သပ်ဖို့ ဆုံးဖြတ်ပြီမဟုတ်လား''

''သားဘဝမှာ သူမရှိလို့မဖြစ်ဘူး ဒက်ဒီ''

''ဟုတ်ပြီ၊ အဲဒါမှ အချစ်စစ်စစ်ပဲ၊ ဦးဝဏ္ဏဆီကို ဒက်ဒီတို့ …လာပြီး သမီးတောင်းရတော့မလား''





www.burmeseclassic.com

www.burmeseclassic.com



"ဦးထိပ်စံဆီမှာပဲ သမီးတောင်းရမှာပါ ဒက်ဒီ"

"ဟော"

"ထိပ်ကုမ္ပဏီက ဦးထိပ်စံက လူပျိုကြီးကွ မင်းပြော[…] မှားနေပြီ"

"ထိပ်ထားခင်ကိုလိုချင်ရင် ဦးထိပ်စံဆီမှာ တောင်း[…] ဒက်ဒီ၊ သူက ဦးထိပ်စံတူမ"

"ထိပ်ထားခင်တဲ့လား၊ မာမီကြီး လာစမ်းပါဦး[…] သူယူမဲ့မိန်းကလေးက ယွန်းစနှီမဟုတ်ဘူး၊ ထိပ်ထားခင်တဲ့ လာ[…] ထောင်စမ်းပါဦး"

"ထိပ်ထားခင်ဟုတ်လား ဒက်ဒီကြီး၊ နာမည်လေး[…] ချစ်စရာ"

ဒက်ဒီလက်ထဲကဖုန်း မာမီ့လက်ထဲ ပြန်ရောက်သွားသ[…]

"သူ့ကိုမြင်ရင် သားလိုပဲ မာမီလည်း သိပ်ချစ်သွား[…] ပါဗျာ"

"ဒါပေါ့…သားချစ်ရင် မာမီက ချစ်ပြီးသားပဲ၊ သာ[…] ချင်း မေတ္တာမျှနေကြပြီပေါ့"

"သားကပဲ တစ်ဖက်သတ်သူ့ကို ချစ်တာမာမီ၊ သ[…] သားကိုမချစ်ဘူး"





"ဘုရားရေ"

အောင်ချိမ့်မာမီ ဒေါ်ဝင်းချိမ့်က သူ့ရင်ဘတ်ကို လက်က[…]နှင့် အလန့်တကြားဖိသည်။ သူတို့သားတော်မောင်ကို ဂရုမစိုက်[…] ရက်စက်စွာ ကျောခိုင်းနေနိုင်သော မိန်းကလေးကို အံ့သြခြင်း[…]သည်။

"ဖြစ်ပါ့မလား သားရယ်"

"ဖြစ်ပါတယ် မာမီရဲ့၊ သားက သူ့ကိုချစ်နေတာပဲ"

"ထိပ်ထားခင် ဘယ်လောက်ဆိုးဆိုး သားကသည်းခံမယ်[…]"

သားအတွက် စိုးရိမ်စိတ်ပူစွာ မာမီမေးတော့ သူရယ်[…]သည်။

"အဟွန်း…ဟွန်း…ဟွန်း"

"စိတ်ချပါ မာမီရဲ့၊ ထိပ်ထားခင်က သားကိုချစ်မှာပါ၊ […]တော့ သူကလိမ္မာတယ်၊ လူကြီးမိဘစကား နားထောင်တယ်၊ […]ခွေးမက သိပ်ချစ်စရာကောင်းတယ်မာမီရေ"

"ဘယ်သူမှ လက်မဦးခင် သားအရင်လက်ဦးမှ ဖြစ်မှာ[…]မာမီ"

ကလေးဆိုးကြီးလို ပူဆာတော့ မာမီကရယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်မိန်းမကိုမှ စိတ်မဝင်စား။ အရေးမလုပ်ခဲ့သူနှုတ်မှားက လက်ထားမှဖြစ်မှာဆိုသည့် စကားကို သဘောကျ၍ဖြစ်သည်။

''သားဘက်က သေချာဖို့ပဲ အရေးကြီးတာပါကွယ်''

''လုံးဝသေချာတယ်မာမီရဲ့''

''ဒက်ဒီကြီး သားဘက်ကတော့ လုံးဝသေချာပြီတဲ့''

ဒက်ဒီဘက်လှည့်ပြောခြင်းဟု သိလိုက်သည်။

''စိတ်ချမ်းသာအောင်သာနေတော့လို့ မာမီကြီး သား ပြောလိုက်''

''ကြားတယ်နော် သား''

''ကျေးဇူးအနန္တပါ မာမီ''

''ဌတ်လပ်ခ် ဆန်နီ''

''ဌတ်လပ်ခ် မာမီ''

အပြုံးဖြင့် ဖုန်းကို ပိတ်သိမ်းလိုက်ချိန် အောင်ချိမ့်အသည်းနှလုံးတစ်ခုလုံး နွေးထွေးစွာ နူးညံ့နေခြင်းအဖြစ်ကို ကိုယ့်ဘာသာကိုယ် သဘောကျနေမိသည်။

ထိပ်ထားခင်ဆိုတဲ့ မိန်းမလှလေးရယ် မောင့်ရင်ခွင်ထဲ နေပါလားအချစ်ရယ်။

အတွေးထဲမှာ မကြည်သလို မျက်နှာလှလှလေး ဖျတ်





ရောက်လာတော့ ချစ်မြတ်နိုးစွာ သူပြုံးမိသည်။ ထိပ်ထားခင်မသိအောင် လူကြီးချင်း နားဖောက်တောင်းရမ်းနေသော အောင်ချိမ့်အဖြစ်ကို သူမသိလျှင် သူ့ကို မည်သို့အပြစ်ဆိုလေမည်မသိ။ အောင်ချိမ့် သိနားလည်သည်က သူချစ်မြတ်နိုးသော ဤကလေးမအား သူ့ရင်ခွင်နွေးနွေးမှာ အပိုင်သိမ်းထွေးထားရေးဖြစ်သည်။

ယွန်းစန္ဒီနှင့် သူ့ကိစ္စ ဘယ်လိုမှ မဖြစ်နိုင်တော့သည့်အရေးကို အသိပေးနားဖောက်ရန် ပထမဆုံး ယွန်းနှင့် အောင်ချိမ့် နားလည်မှုယူရသည်။ လူကြီးမိဘတွေကို လှည့်စားထားသလို မလုပ်ချင်။ မဖြစ်နိုင်ကြောင်းကို အမှန်အတိုင်း အသိပေးဖွင့်ပြောမည်ဆိုတော့ ယွန်းစန္ဒီက ကြောက်နေသည်။

အဖြစ်မှန်ကို ထိပ်ထားခင်ကိုပါ တိုင်ပင်အသိပေးပါရစေဆိုတာနှင့် အောင်ချိမ့်တို့သုံးယောက် မျက်နှာချင်းဆိုင်ရပြန်သည်။

''အစထဲက မဖြစ်နိုင်ရင် မဖြစ်နိုင်ဘူးပြောကြပါလားရှင်၊ အခုတော့ လူကြီးမိဘတွေကို လိမ်ညာလှည့်ဖျားသလို ဖြစ်နေပြီ''

ထိပ်ထားခင်က ဦးကြီးကို အားနာသလို မျက်နှာလည်းညှိုသဖြင့် အောင်ချိမ့်နှင့် ယွန်းကိုသာ အပြစ်တင်မိသည်။

''ယွန်းကိုခွင့်လွှတ်ပါ မမ''

''ရှင်လည်းအတူတူပဲ အစထဲက''



www.burmeseclassic.com

www.burmeseclassic.com



"ထိပ်ထားခင် မပြောရရင် ကိုယ်ကိုယ်တိုင်ပဲ အန်ကယ့်ကို ပြောမယ်လေ"

"ဟုတ်ပါတယ် မမ၊ ယွန်းနဲ့ဦးအောင်ချိမ့်ပဲ ဒက်ဒီကို အဖြစ်မှန်အတိုင်း ပြောပြဝန်ခံပါ့မယ်"

ထိပ်ထားခင် နှုတ်ဆိတ်စွာနေလိုက်သည်။ ကာယကံရှင်တွေကိုယ်တိုင် ဦးဝဏ္ဏကို ရှင်းလင်းထုချေကြချိန်မှာ ထိပ်ထားခင် အနားကထိုင်ပြီး နားထောင်နေလိုက်သည်။ နှစ်ဦးနှစ်ဘက်စလုံး ကာယကံရှင်တွေကိုယ်တိုင် မဖြစ်နိုင်ပါဟု ဆိုလာမှတော့ ဘယ်သူကမှ ဘာမှမတတ်နိုင်တော့။

"အေးလေ...မင်းတို့အချင်းချင်း မဖြစ်နိုင်ဘူးဆိုမှတော့ ဘာတတ်နိုင်မှာတုန်း၊ ကိစ္စပြီးကြရုံပေါ့"

ဦးကြီးဝဏ္ဏထံမှ စိတ်ပျက်အားလျော့သံကြီးကြောင့် ထိပ်ထားခင်နှင့် ယွန်းစန္ဒီတို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြသည်။

"ယွန်းကိုခွင့်လွှတ်ပါ ဒက်ဒီ"

"ကျွန်တော့်ကိုလည်း ခွင့်လွှတ်ပါအန်ကယ်၊ အန်ကယ်တို့ လူကြီးတွေ မျှော်လင့်သလို မဖြစ်ပေမယ့် ယွန်းကို ကျွန်တော့်ညီမလေး အရင်းအချာလို ထိပ်ထားခင်နဲ့အတူ စောင့်ရှောက်သွားမှာပါ"





"အို"

မဆီမဆိုင် အောင်ချိမ့်နှုတ်ဖျားက ထိပ်ထားခင်နာမည် ပါလာသည့်အတွက် ထိပ်ထားခင်မှာ မကျေမနပ်နှင့် အောင်ချိမ့် မျက်နှာကို စိတ်ဆိုးဒေါသဖြစ်စွာ လှမ်းကြည့်လိုက်တော့ သူက ထိပ်ထားခင်အကြည့်ကို မမြင်ဟန်ဆောင်နေပါသည်။ ယွန်းစန္ဒီ တစ်ယောက်သာလျှင် သူတို့နှစ်ယောက်အဖြစ်ကို သိထားသဖြင့် အောင်ချိမ့် ဘာကိုရည်ရွယ်ပြောခြင်းကို သဘောပေါက်သော်လည်း ဦးဝဏ္ဏကတော့ ဘာမှမသိရှာ။

"ဖြစ်လာမှတော့ ဘယ်တတ်နိုင်မလဲကွယ်၊ သမီးလေး အပေါ် ညီမတစ်ယောက်လို သဘောထားတာကိုပဲ ကျေးဇူးတင်ရမှာပါ"

"မောင်ရင့်မိဘများကိုလည်း ပြောလိုက်ပါဦး၊ အရင်အတိုင်း အခင်အမင်မပျက် ဝင်ပါထွက်ပါလို့"

"ဟုတ်ကဲ့...အန်ကယ့်ဘက်က သဘောထားကြီးတာကို ကျေးဇူးတင်ပါတယ်ဗျာ"

ဦးဝဏ္ဏက ခေါင်းတဆတ်ဆတ်ညိတ်သည်။ ကိစ္စအားလုံး ပြေလည်သွားပြီမို့ ထိပ်ထားခင်မှ အကြောင်းစုံကို ဘဘဦးထိပ်စံကို ဖုန်းဖြင့် လှမ်းအသိပေးရသည်။ ဘဘဦးထိပ်စံတို့ ညီအစ်ကိုနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဆောက် စကားပြောကြပြီးနောက် ရန်ကုန်.ကိုပြန်ဖို့ စီစဉ်သည်။

လေယာဉ်ပေါ်မှာ ထိပ်ထားခင်နှင့်အတူ ပါလာသူက

တခြားသူမဟုတ်။ အောင်ချိမ့်ဆိုသည့်လူ။

''ဘယ်သူများလဲလို့ ထိပ်ထားခင်ပါလား''

ထိပ်ထားခင်ပြန်မည့်ရက်ကို တမင်စောင့်ပြီး အတူပြန်ပ

လျှက် မသိသလို ဟန်ဆောင်ပန်ဆောင် လာနှုတ်ဆက်သူကို မုန်းမုန်

ဖြင့် မကြည့်သလို မျက်စောင်းဝင့်တော့ သူက ခပ်မြုံးမြုံးရယ်သည်

''စိတ်မဆိုးပါနဲ့ဗျာ၊ အလာတုန်းကလည်း အတူလာပြီးမှ

အပြန်ခရီးကိုလည်း အတူတူပြန်ချင်လို့ပါ''

''ရှင့်ကို ဘယ်သူက ရိုက်စစ်နေလို့လဲ''

''ရိုက်မစစ်လည်း သူ့အလိုလို ဖြေချင်နေလို့ပါဗျာ

ထိပ်ထားခင်ကို ကိုယ်ချစ်တယ်''

''ဘာ''

''ဩော်...ထိပ်ထားခင်နဲ့ ခရီးသွားရတာ ပျော်စရာ

ကောင်းတယ်လို့ ပြောတာပါ''

''ရှင်စောစောက ပြောတာ ဒီစကားမဟုတ်ပါဘူး''

သူ့ထံမှ ရည်းစားစကားကို ထိပ်ထားခင်မှာ နားနှင့်ဆတ်

ဆတ်ကြားလိုက်ရပါလျက် ပြောင်လိမ်နေသူ၏ မျက်နှာကို မကျေ





မ်းအမူအရာနှင့် ကြည့်လိုက်တော့ သူက ထိပ်ထားခင်မျက်နှာကို

ကလုံးတလက်လက်တွေနှင့် စိုက်ကြည့်ပါသည်။

''ထိပ်ထားခင် နားကြားမှားတာ ဖြစ်မှာပါဗျာ၊ တခြား

သို့မှာ ဘာစိတ်ညာစိတ်မှ မရှိပါဘူး၊ ယုံပါ''

အံမယ် စကားပြောပုံကိုက အသည်းယားစရာ။ သူ့မှာ

ပ်ထားခင်အပေါ် ဘာစိတ်ညာစိတ်မှ မရှိပါဘူးဆိုတော့

ပ်ထားခင်ကပဲ သူ့အပေါ် ဘာစိတ်ညာစိတ်ရှိနေသည့်အတိုင်း။

''ဟွန်း...တချို့လူတွေများ ကိုယ့်အပြစ်ကိုယ် ဝန်မခံရဲ

တော့ ဒီလိုပဲ လူတွေကို ခပ်တည်တည် လိမ်ညာနေကြရတာပဲ

''

''ထိပ်ထားခင်များ စိတ်ဆိုးမလားလို့ပါ၊ စိတ်မဆိုးဘူး

င်လည်း တစ်ခါထဲပဲ''

''တစ်ခါထဲ ဘာဖြစ်လဲရှင့်''

''လက်ထပ်ပါရစေလို့ ခွင့်တောင်းမလို့ပါ၊ ထိပ်ထားခင်ကို

လက်ထပ်ပါရစေ၊ လက်ထပ်ခွင့်ပြုပါဗျာ''

မထုံတက်တေးနှင့် ထိပ်ထားခင်ကို ခပ်တည်တည်

ထပ်ခွင့်တောင်းပစ်လိုက်တော့ ထိပ်ထားခင်က အောင်ချိမ့်ထင်

ဒေါသဖြင့် ပေါက်ကွဲခြင်းမရှိဘဲ ညင်ညင်သာသာ ရယ်မော



www.burmeseclassic.com

www.burmeseclassic.com



တုံ့ပြန်လိုက်သည့်အတွက် သူအံ့ဩသွားသည်။

''ကိုယ့်စကားက ဘာများရယ်စရာကောင်းလို့လဲ ထိပ်ထားခင်''

''ရှင့်စကားကို ရယ်တာမဟုတ်ဘူးရှင့်၊ ရှင့်ကိုသဘောကျ လို့ ရယ်တာပါ''

''ကိုယ့်ကို သဘောကျတယ်ဟုတ်လား''

''ဟုတ်တယ်''

ထိပ်ထားခင်မျက်နှာလေးက ခပ်တည်တည်ဖြစ်ရုံမ တင်းမာခက်ထန်သည့် အသွင်ဘက်သို့ ဆောင်နေပုံကို အောင်ချိ မျက်တောင်မခတ် စူးစိုက်ကြည့်နေမိသည်။

''ရှင်က ကိုယ့်ကိုယ်ကို အထင်ကြီးလွန်းတဲ့အတွ တစ်ဖက်ကို အထင်သေးစော်ကားစရာလို့ မြင်တယ်ရှင့်''

''မင်းမှားနေပြီ ထိပ်ထားခင်''

''မမှားဘူးရှင့်၊ ရှင့်လိုလူတစ်ယောက်က လက်ထပ်ခွ တောင်းခံလိုက်လို့ ဒူးထောက်ပစ်ကျသွားမယ့် မိန်းကလေးထဲ ကျွန်မမပါတာ ဝမ်းနည်းစရာပဲရှင့်''

''ကျွန်မဘဝမှာ ဘယ်ယောကျ်ားကိုမှလည်း အထင်မကြ ဘူး၊ ကိုယ့်ကိုယ်ကိုကလွဲလို့လည်း တခြားဘယ်သူ့ကိုမှလည်





ားကိုးရာလို့ မမြင်ဘူး''

''စကားကို အကုန်မပြောနဲ့လေ ထိပ်ထားခင်၊ တစ်နေ့ ပ်ထားခင် အားကိုးရမယ့်သူက ကိုယ်ဖြစ်နေရင် ဘယ်နှယ့်လုပ် ဲ''

''ဘယ်နှယ်မှမလုပ်ဘူးရှင့်၊ ဒီတစ်သက် ဘယ်ယောကျ်ား မှ လက်ထပ်ဖို့ဘလည်း အကြောင်းမရှိဘူး''

''ထိပ်ထားခင်တစ်ယောက်တည်းရဲ့ သဘောဆန္ဒဆိုရင် ာလည်း ထိပ်ထားခင်စကားက ဖြစ်ကောင်းဖြစ်နိုင်ပါလိမ့်မယ်''

အောင်ချိမ့်ထံမှ တွေးတွေးဆဆအမူအရာနှင့် လေးလေး က် အကြည့်အပြောတွေက ထိပ်ထားခင်စကားကိုပဲ ဘာလို းမို့ အနားမှာအတူရှိနေသူကို ထိပ်ထားခင် မကျေနပ်ပါ။

သို့သော် ထိပ်ထားခင်မှာ အောင်ချိမ့်ဆိုသည့်လူနှင့် စကား မပြောချင်သည်မို့ မျက်နှာကို တစ်ဖက်သို့ လွှဲနေလိုက်ပါ ည်။

တိမ်တိုက်တွေကြားမှာ မင်းစည်ထင်မျက်နှာက ပေါ်လာ ထိပ်ထားခင်ရင်မှာ နင့်ခနဲဖြစ်သွားသည်။

မေ့မရနိုင်တာအချစ်ဟုဆိုလျှင် ကိုကို့ကို မမေ့နိုင်သည့် ကလည်း ထိပ်ထားခင်အတွက် အချစ်ဟု ဆိုရတော့မည်ထင်



www.burmeseclassic.com

www.burmeseclassic.com



သည်။

သို့သော် ထိုအချစ်က ထိပ်ထားခင်အတွက် ပျော်ရွှင်စရာ[…] မဟုတ်။ ဝမ်းနည်းကြေကွဲဖွယ်ရာ မလှပစွာ အဆုံးသတ်သော[…] အချစ်မျှသာ။



# အခန်း (၁၀)

''ခရီးရောက်မဆိုင်ဆိုသလိုပဲ ပြောရမလိုဖြစ်နေပြီ […]ထားခင်ရေ၊ ယွန်းစန္ဒီလေးရဲ့ မင်္ဂလာကိစ္စက အကြောင်းကြောင်း […]ကြောင့် မအောင်မြင်ခဲ့ပေမယ့် ဒီမှာကြပြန်တော့လည်း ထိပ်ထားခင် […]တွက် မင်္ဂလာသတင်းက သည်းသည်းလှုပ်နေပြန်ပါရောလား […]''

''ရှင်''

''ကြီးကြီးထိပ်စု....ထိပ်ထားခင်ကို ဘာပြောလိုက် […]''

''ထိပ်ထားခင်ကို လိုချင်တဲ့သူရှိနေပြီကွဲ့၊ ဆွေကြီးမျိုးကြီး […]ပဲ တောင်းကြရမ်းကြနဲ့ သားဖြစ်သူကိုယ်တိုင်က သည်းသည်း



www.burmeseclassic.com

www.burmeseclassic.com



ညှင်းနေတာဆိုတော့ မောင်ဝဏ္ဏကို မျက်နှာပူလှပေမယ့် ထိပ်ထား
အတွက် လက်ခံရတော့မှာပဲကွယ်''

''အို···ဘုရားရေ ကြီးကြီးဘာတွေများ ပြောနေတာ
ရှင်၊ ထိပ်ထားတော့ ကြီးကြီးပြောတာ ဘာမှကို နားမလည်
တော့ပါဘူး၊ ဘာတွေဘယ်လို ဖြစ်နေတယ်ဆိုတာ ထိပ်ထား
လည်အောင် အရင်ရှင်းပြပါဦးလား ကြီးကြီးရယ်''

''ရှင်းပြဆိုလည်း ရှင်းပြရတာပေါ့ကွယ်၊ ဒီလိုကွဲ့တူ

ကြီးကြီးဒေါ်ထိပ်စုက ထိပ်ထားခင်ကို အကျိုး
အကြောင်းသင့် ရှင်းလင်းပြောပြနေချိန်မှာ ထိပ်ထားခင်ကိုယ်တိုင်
တော့ ဖြစ်ပျက်ပုံအလုံးစုံကို တစ်ခုခြင်းစီ ဆက်စပ်တွေးတော
ဦးခေါင်းလှလှလေးကိုသာ တွင်တွင်ခါယမ်းမဆုံး ရှိနေပါသ

''ဘယ်လိုမှမဖြစ်နိုင်လို့ပါ ကြီးကြီးရယ်၊ သေသေချာ
များလည်း ပြန်စဉ်းစားပါဦးရှင်၊ ညီမလေး ယွန်းအတွက် ရည်
ထားတဲ့ သတို့သားလောင်းဟာ ယွန်းလေးကို လက်မခံဘဲ ငြင်း
လိုက်တုန်းက ဦးကြီး ဦးဝဏ္ဏရင်ထဲ ဘယ်လောက်ခံစားသွ
တယ်ဆိုတာ ယွန်းသိသလို ထိပ်ထားလည်း သိခဲ့ရသူပါ''

''သူ့ကိုတော့ ထိပ်ထား လက်မခံပါရစေနဲ့ ကြီးကြီးရေ

''အထူးသဖြင့် ဦးကြီးဝဏ္ဏရဲ့ သူ့သမီးယွန်းလေးအ





···တဲ့ မိဘမေတ္တာနဲ့ မျှော်လင့်ချက်ကို သိထားတဲ့ ထိပ်ထားအနေ
···ပြီးအနေရခက် မျက်နှာပူလွန်းလို့ပါ''

''သူတို့ချင်းက နှဖူးစာမင်ရည်ကျဲလို့ လွဲခဲ့မှပဲကိုးကွဲ့
···အောင်ချိမ့်လို အစစအရာရာပြည့်စုံတဲ့ သူတော်ကောင်း
···ယောက်က သမီးထိပ်ထားခင်ကို မြတ်မြတ်နိုးနိုး လိုလိုချင်ချင်
···င်းဆိုလာတာကိုတော့ မငြင်းသင့်ဘူး ကလေးရဲ့''

''အို···ဒါပေမယ့် ထိပ်ထားတစ်သက် အိမ်ထောင်မပြု
···ဘူးလို့ ဆုံးဖြတ်ထားပြီးပြီ ကြီးကြီးရဲ့''

''ဒါလည်း မဖြစ်နိုင်ပါဘူးကွယ်၊ ထိပ်ထားမှ အိမ်ထောင်
···င် ကြီးကြီးတို့ ကျန်ရစ်မယ့် အမွေအနှစ်တွေကို ဘယ်သူ
···ထိန်းသိမ်းမှာလဲ''

''ထိပ်ထား အိမ်ထောင်ပြုရမယ်''

''ရှင်''

''ဒါဟာ ကြီးကြီးတစ်ယောက်တည်းရဲ့ အဆုံးအဖြတ်
···ဘူး၊ သမီးဘဘစံကိုယ်တိုင် ဒီလိုပဲဆုံးဖြတ်ထားတယ်၊
··· ကြီးကြီးတို့စကားကို သမီးနားထောင်ပါ၊ သမီးဘဝလုံခြုံ
···က်ရော ထိပ်မျိုးဆက်အတွက်ရော သမီးထမ်းဆောင်ရမဲ့
···ဝတ္တရားအဖြစ် အသိအမှတ်ပြုလက်ခံနိုင်ကြိုးစားပါကွယ်''



www.burmeseclassic.com

www.burmeseclassic.com



''ကိုင်း…ကိုင်း နားချေဦး၊ သမီးဘဘနဲ့ ကြီးကြီး
ပြောလိုက်ဦးမယ်''

တိုင်ပင်ဆွေးနွေးခြင်းမဟုတ်။ မဖြစ်မနေ ထမ်းဆေ
မည့် တာဝန်ဝတ္တရားအဖြစ် အသိပေးခြင်း။ သို့မဟုတ် အမိန့်
ခြင်းအဖြစ် ထိပ်ထားခင် ခေါင်းထဲမှာ နောက်ကျိုမှုးမိုက်သွားသ
အိပ်ရာထက်မှာ စိတ်ပျက်လက်ပျက် ခွေလှဲချလိုက်သည်။

မျက်ဝန်းကို မှိတ်အချလိုက်မှာ အောင်ချိမ့်မျက်နှာချေ
က ဖျတ်ခနဲပေါ်လာတော့ ပိုအခံရခက်သွားသည်။ ဘယ်အ
က ဒီလူကြံစည်နေတာပါလိမ့်။ ဒါကြောင့် လေယာဉ်ပေါ်မှာ
ပြောသွားတာပဲဟု အောင်ချိမ့်ပြောသည့် စကားလုံးအဓိပ္ပာ
အခုမှနားလည်သည်။

''ထိပ်ထားခင်တစ်ယောက်တည်းရဲ့ သဘောဆ
ဆိုရင်တော့လည်း ထိပ်ထားခင်စကားက ဖြစ်ကောင်းဖြစ်နိုင်
မယ်''ဘဲ့။

• အခုမှ ထိပ်ထားခင်မသိအောင် ကြိုတင်ကြံစည်ထ
သိရသည်။ သို့သော် နောက်ကျခဲ့ပြီ။ ကျယ်လောင်သော သ
ရိုက်သံက ထိပ်ထားခင် အိပ်ခန်းလေးထဲ ပျံ့လွင့်သွားသ

ဒီလိုအဖြစ်မျိုး ဖြစ်လာလိမ့်မည်ဟု ထိပ်ထားခင် ယော



အိပ်မက် မမက်ဖူး။ သို့သော် မျှော်လင့်မထားသည့် အကြောင်း
တွေ တစ်ခုပြီးတစ်ခု သူမဘဝထဲ ဝင်ရောက်လာသည်။

ကိုကိုနှင့်တွန်းကလည်း ထိပ်ထားခင်ဘဝမှာ မေ့ဖျောက်၍
င်သော အိပ်မက်ဆိုးကြီးတစ်ခု ဖြစ်ခဲ့ရသည်။ အခုတစ်ခါ
တွေ့ရသည့်အဖြစ်ကလည်း တစ်မျိုးဆန်းကြယ်သလို
ထားခင်စိတ်ကို ရှုပ်ထွေးနောက်ကျိစေသည်။

သူမ ဘာလုပ်ရမည်နည်း။

ဘဘနှင့်ကြီးကြီးတို့ ပြောသလို လိုက်နာရမည်လား။
ဆန့်ကန့်ကွက် ရမည်လားဆိုသည့်အဖြစ်ကို တတ်အပ်သေချာ
ဖြတ်နိုင်သေးသော်လည်း ရင်တစ်ခုလုံးတော့ မွန်းကြပ်နင့်စို့နေ

အောင်ချိမ့်ဆိုသည့်လူ ထိပ်ထားခင်အပေါ် လူလည်ကျ
ကိုလည်း စိတ်ထဲက မကျေနပ်။ ဘယ်အချိန်ထဲက လူကြီးတွေ
သူမကိစ္စကို ပြောဆိုတောင်းရမ်းထားသည်မသိ။ ကြီးကြီးတို့
က သဘောထားကတော့ ရှင်းသည်။ ပြတ်သည်။

ထိပ်ထားခင်က မဖြစ်နိုင်ပါဟု ငြင်းဆန်သော်လည်း
ိုက်ကြချေ။ ထိပ်မျိုးဆက်အတွက် အမွေအနှစ်များ ထိန်းသိမ်း
ရောက်ပေးမည့် မျိုးဆက်သစ်ကို ဆက်ခံရမည့်သူမှာ



www.burmeseclassic.com

www.burmeseclassic.com



ထိပ်ထားခင်သာဖြစ်ကြောင်း ယတိပြတ်ဆုံးဖြတ်ပြီးဖြစ်နေပြီ

တလူးလူးတလွန့်လွန့်ဖြင့် အိပ်၍မပျော်သည်နှင့် ...

ပစ်လိုက်၏။

''ဒေါ်က်...ဒေါက်''

''မမ...အပုပါ''

''အေး...ပြော''

''ဘဘက မမကို အခေါ်ခိုင်းလိုက်ပါတယ်''

''အခုလာခဲ့မယ်လို့ ပြောလိုက်အပု''

''ဟုတ်ကဲ့မမ''

အပုထွက်သွားသံကို ကြားရသော်လည်း မှန်တင်ခုံ...

ထိပ်ထားခင်ရပ်မြဲရပ်နေ၏။ အောင်ချိမ့်ဆိုသူမှာ ထိပ်ထားခ...

အသိုင်းအဝိုင်းတွင် နာမည်ကြီးရွှေမင်းသားဖြစ်ခြင်းကို ညီမ...

ယွန်းစန္ဒီနှင့် ပတ်သက်၍ သိရှိခဲ့ရပြီးဖြစ်သည်။

မျိုးရိုးအဆင့်အတန်း ဥစ္စာဓနပညာ အရည်အချင်းမှ...

ဘာဆိုဘာတစ်ခုမှ အပြစ်ပြောစရာ မလိုသူတစ်ယောက်...

ထိပ်ထားခင် မည်သည့်အကြောင်းပြချက်ဖြင့် ငြင်းပယ်ရမည်...

ထိပ်ထားခင်မှာ ချစ်သူရည်းစားရှိနေပါသည်ဟုဆို...

တော့ ဦးအောင်ချိမ့်နှင့်ကိစ္စကို အလွယ်တကူပင် ငြင်းဆန်ကာ...





...မ်းရှိသည်ကို ထိပ်ထားခင်နားလည်သည်။ ဘဘတို့ကလည်း

...သဘောကို အလွယ်တကူ လက်ခံသဘောတူကြမည်ဖြစ်သော်

...ည်း ထိပ်ထားခင်မှာ လက်ဆုပ်လက်ကိုင်ပြစရာ ချစ်သူရည်းစား

...ကမရှိ။

ကိုကိုရယ်။

ချစ်သူကိုတမ်းတမိ၍ ရင်နာရသည်ထက် သရဖီနှင့် ကိုကို့

... ဒေါ်ပာင်ရီတို့၏ စိမ်းပြတ်ရင့်သီးမောက်မာသော စကားလုံးများ

...ဆန့်ကြမ်းရိုင်းသည့် အပြုအမူများကို ပြန်လည်သတိရမိသည်

...ထိပ်ထားခင်မျက်ဝန်းအိမ်မှာ မျက်ရည်တို့ ချက်ချင်းပြည့်တက်

...၏။

မဖြစ်နိုင်တော့သည့်ချစ်သူကို ဘာကြောင့် ထိပ်ထားခင်

...ရပြန်သနည်း။ ဦးခေါင်းကို အသာခါရမ်းပြီး မျက်ဝန်းမှာ

...င်လာသောမျက်ရည်စတွေကို အသာဖယ်ရှားပစ်သည်။ ကိုကို့

...စ်သည့်စိတ်ကို ချက်ချင်းဖျောက်ဖျက်ပစ်ဖို့ ကြိုးစားမိ၏။

အခန်းတံခါးကိုပိတ်ပြီး ဘဘစံရှိရာအသွားမှာ ဧည့်ခန်း

...ယ်မှာ အသင့်ထိုင်နေသော ဘဘစံနှင့်ကြီးကြီးကို အေးချမ်း

...ငြိမ်သောအသွင်ဖြင့် ခန့်နားတင့်တယ်စွာ တွေ့မြင်ရ၏။

''လာ သမီး ထိုင်၊ သမီး ကြီးကြီးပြောပြလို့ မောင်



www.burmeseclassic.com

www.burmeseclassic.com



အောင်ချိမ့်ကို လက်မခံနိုင်ဘူးလို့ တို့သိရပြီ''

''ဦးကြီးဝဏ္ဏနဲ့ ယွန်းစန္ဒီကြောင့် လက်မခံနိုင်ဘူးဆိုရင်တော့ ဒီကိစ္စကို ဘဘကိုယ်တိုင် ကြားဝင်ရှင်းပြရလိမ့်မယ် အဲ သမီးမှာ တခြားအကြောင်းကြောင့်ဆိုရင်တော့ ဘဘတို့ တစ်မျိုး စဉ်းစားပေးမယ်''

ဘဘ၏စကားက ရှင်းပြတ်သည်။

လိုရင်းအနှစ်ချုပ်မှုဖြစ်၍ ထိပ်ထားခင်မှာ တခြားဖေ ဒကတက်စရာလည်း အကြောင်းမရှိ။ ကြီးကြီးဘေးကခုံမှာသ ခေါင်းငုံ့လျက် ငြိမ်သက်တိတ်ဆိတ်စွာ ထိုင်နေမိသည်။

''ဘဘမေးမယ် သမီး စိတ်ထဲရှိတဲ့အတိုင်း အမှန် ဖြေ ဟုတ်လား''

''ဟုတ်ကဲ့ပါ''

''သမီးမှာ ချစ်သူရှိသလား''

''မရှိပါဘူး ဘဘ''

ကိုကို့မျက်နှာကို ပြေးမြင်မိပါလျက် ထိပ်ထားခင် ခေါင်း လိုက်၏။

''ဟုတ်ပြီ''

''သမီးမေတ္တာကိုလိုချင်လို့ တခြားကမ်းလှမ်းထား တစ်စုံတစ်ယောက်အပေါ်မှာရော သမီးထိပ်ထားခင်ဘက်က ကိုယ်ပိုင်မေတ္တာကို အပ်နှင်းဖို့ရှိသလား''

''မရှိပါဘူးဘဘ''

ဘဘက ထိပ်ထားခင်အဖြေကို ဦးခေါင်းတဆတ်ဆတ် ညိတ်သည်။

''မောင်အောင်ချိမ့်အပေါ်မှာ သမီးဘက်က လက်မခံနိုင် စောက်စရာ တခြားဘာအကြောင်းပြချက်များ ရှိနိုင်သေးသလည်း မောင်ဝဏ္ဏတို့ သားအဖကိစ္စကလွဲလို့ပေါ့ကွယ်''

''တခြားအကြောင်းပြချက်ကတော့ ထိပ်ထားမှာမရှိပါဘူးဘဘ''

''ကိုင်း ဒီလောက်ဆိုပြည့်စုံပြီ၊ သမီးကို ဘဘနဲ့ကြီးကြီးက မောင်အောင်ချိမ့်နဲ့ လက်ဆက်ပေးစားဖို့ လူကြီးချင်း သဘောတူလက်ခံလိုက်ပြီ သမီးတို့ လူငယ်ချင်း တွေ့ဆုံဆွေးနွေးဖို့ပဲကျန်တော့တယ်''

''ဘဘပြောတဲ့သဘောကို သမီးနားလည်လား''

''ဟုတ်ကဲ့ပါဘဘ''

လက်ခံခေါင်းညိတ်ရုံမှတစ်ပါး ဘဘကို ထိပ်ထားခင် တစ်ခွန်းမှ ပြန်မပြောနိုင်ပါ။ ပြောစရာစကားလည်းမရှိ။



www.burmeseclassic.com

www.burmeseclassic.com



''အတင်းအကျပ်ကြီး မဖြစ်မနေ လက်ထပ်ရမယ်လို့တော့ ဆိုလိုပါဘူး၊ ဒါပေမယ့် သမီးရှင်တစ်ယောက်အနေနဲ့ ငြင်းရမယ့် လူစားမျိုးမဟုတ်တဲ့အတွက်၊ မဖြစ်မနေ လက်ခံစဉ်းစားပေးရမယ့် သူတစ်ယောက်ဆိုတာတော့ သိစေချင်တယ်''

''ထိပ်ထားနားလည်ပါပြီ ဘဘ''

''အေး အေး သမီးဘဝတစ်ခုလုံး စိတ်ချလုံခြုံရတဲ့ လူတစ်ယောက်ထဲ ထည့်ခွင့်ရတာ ဘဘရေစက်ကြီးကြီးပါ ကျေနပ်တယ် ထိပ်မျိုးဆက်သစ်ဟာ သမီးလက်ထက်မှာ အကောင်းဆုံး အအောင်မြင်ဆုံးဖြစ်ပါစေ''

''တူ တူ တူ''

ဘဘပေးတဲ့ဆုနဲ့ ပြည့်ပါစေဟု ထိပ်ထားခင်မဆိုလိုက်ပါ။ ဖုန်းခွက်ရှိရာသို့သွားပြီး ဖုန်းကိုညင်သာစွာ ကောက်ယူလျက် ထူးလိုက်ပါသည်။

''ဟဲလို''

''ဦးထိပ်စံနဲ့ ပြောချင်လို့ပါကွယ်''

လူကြီးတစ်ယောက်၏အသံ။

''ခဏလေးကိုင်ထားပါနော်''

''ဘဘရဲ့ဖုန်းပါ''





ဘဘဦးထိပ်စံလက်ထဲ ဖုန်းခွက်ကို ညင်သာစွာထည့်ပေးလိုက်သည်။ ထို့နောက် ကြီးကြီးထံမှာခွင့်တောင်းကာ ထိပ်ထားခင်သူမအိပ်ခန်းရှိရာ ပြန်ခဲ့သည်။

''တူ တူ တူ''

အခန်းတံခါးကိုတွန်းဖွင့်ပြီး လှမ်းအဝင်မှာ အော်မြည်နေသည့် ထိပ်ထားခင်၏ ဖုန်းလေးကို ကောက်ယူနားထောင်လိုက်၏။

''ဟဲလို''

''ထိပ်ထားခင် ကိုယ်ပါ''

တခြားသူ၏ ဖုန်းမဟုတ်။ ဦးအောင်ချိမ့်၏ ဖုန်းဖြစ်နေသဖြင့် စိတ်ညစ်သွားပြီး

''ပြောပါ''

''ဩော် ထိပ်ထားခင် နားထောင်နေသလား၊ ကိုယ်တို့အလောက်တွေ့ကြရအောင်လားဗျာ''

''ကိစ္စရှိရင်ပြောပါ''

''ဖုန်းထဲကမပြောချင်လို့ပါဗျာ၊ လူချင်းတွေ့လို့မရဘူးလား''

''မရဘူးရှင့်''

''ခဏလေးပါဗျာ''



www.burmeseclassic.com

www.burmeseclassic.com



''ရှင်ပြောစရာမရှိရင် ကျွန်မ ဖုန်းချလိုက်တော့မယ်''

''မချနဲ့ ကိုယ်အခုလာခဲ့မယ်''

''ဘယ်ကိုလဲ''

''ထိပ်ထားခင်ဆီကို''

'''ဟင် မလာပါနဲ့''

''အို''

''ဦးအောင်ချိမ့်''

ထိပ်ထားခင်လှမ်းခေါ်ပေမယ့် တစ်ဖက်ကနေ ပြောချင်ရာပြောပြီး ဖုန်းချသွားတာမို့ သူမ ဘာမှမတတ်နိုင်တော့ပါ။ လက်ထဲက ဖုန်းကိုသာ စိတ်ညစ်ညူးစွာ အိပ်ယာပေါ်ပစ်ချလိုက်သည်။

ဦ ဦ ဦ



# အခန်း (၁၁)

''တီ''

အိမ်ရှေ့ဆီမှ ကျယ်လောင်စွာ အော်မြည်လာသော ကားဟွန်းသံနှင့်အတူ မာလီမှုတူး ဖွင့်ဖေးလိုက်သော ခြံတံခါးကို ငေးကြည့်နေမိသည်။ ဝေါခနဲပြေးဝင်လာသည့်ကားက ထိပ်ထားခင်ဆင်သည့်အတိုင်း ဦးအောင်ချိမ့်၏ကားပဲ ဖြစ်နေတာနှင့် လှပသော မျက်နှာလေးညိုသွားသည်။

တစ်ဖက်က သဘောထားကိုမမေး။ သူ့သဘောနှင့်သူ ထိပ်ထားရှိရာရောက်လာသူအား မည်သို့ပြစ်ဒဏ်ပေးရမည်နည်း။ ပေါ်တီကိုအောက်မှာကားရပ်ပြီး အိမ်ကြီးထဲဝင်သွားသည်အထိ ထိပ်ထားခင် နေရာကမရွှေ့ဘဲ ပေရပ်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



မလာပါနဲ့ဟု ပြောထားသည့်ကြားထဲက ရောက်လာသူ
အား ကြိုဆိုညေ့ခံလိုစိတ်မရှိ။

''မမ''

''ဘာလဲ အပု''

''အောက်ထပ်မှာ မမဧည့်သည်ရောက်နေလို့ ကြီးကြီးက
အခေါ်ခိုင်းလိုက်ပါတယ်''

''အေး လာခဲ့မယ်လို့ပြောလိုက်''

သက်ပြင်းကို ဟင်းခနဲချသည်။ ရှောင်ပုန်းနေ၍ ဖြစ်မှ
မဟုတ်သည့်အတူ လေးကန်သော ခြေလှမ်းတွေနှင့် အောက်ထ
သို့ဆင်းခဲ့သည်။ လှေကား၏ တစ်ဆစ်ချိုးမှာပင် ကြီးကြီးရယ်သံ
ကြားရသည်။

အရယ်အပြုံးနည်းသော ပုဂ္ဂိုလ်များကိုပင် ပြုံးစေရယ်
အောင် စွမ်းဆောင်နိုင်သူ၏ အရည်အချင်းမသေးကြောင်း ရိပ်
သည်နှင့် ထိပ်ထားခင် ရင်မောသွားသည်။

''ကြီးကြီး''

''သြော် ထိပ်ထားခင်ရောက်လာပြီပဲ၊ သမီးတို့ချ
စကားပြောဆိုတိုင်ပင်ဖို့ ချိန်းထားကြတယ်ဆို မိုးမချုပ်ခင်ပြန်
ကြဟုတ်လား''





''ကြီးကြီး''

''ကျွန်တော်တို့ကို ခွင့်ပြုပါဦး ခင်ဗျာ၊ လာ ထိပ်ထားခင်
ကိုယ်တို့သွားကြမယ်''

''အို ကျွန်မ မလိုက်ဘူး''

''ဘာဖြစ်လို့လဲ သမီး၊ ကြီးကြီးတို့လူကြီးတွေကိုအားနာ
လို့လား၊ မောင်အောင်ချိမ့်ကိုယ်တိုင် ခွင့်တောင်းပြီးသားပါကွယ်''

''ကြီးကြီးခွင့်ပြုပါတယ်၊ သမီးကိုခေါ်သွားတော့
မောင်အောင်ချိမ့်''

''ဟင်''

''ကျေးဇူးတင်ပါတယ် ကြီးကြီးခင်ဗျာ''

''ကိုယ်တို့သွားကြစို့ခင်''

''အို''

ပါးစပ်ကတင် ရိုးရိုးပြောခြင်းကမဟုတ်။ ကြီးကြီးရှေ့မှာ
ပင် ထိပ်ထားခင်လက်ကလေးတစ်ဖက်ကို ပိုင်စိုးပိုင်နင်း စွဲကိုင်ခဲ့
လိုက်ရသည့်အတွက် ပါးလေးတွေရဲပြီး ထူပူသွားသည်။

ကျိတ်ရှုန်းပေမယ့် သူကမလွှတ်။ ကားပေါ်တက်မှ
ထိပ်ထားခင်လက်ကိုလွှတ်သည်။ ကားကို နေရာက ဝေါခနဲထွက်
မှ သူ့ဘက်ကိုလှည့်ပြီး ထိပ်ထားခင် ရန်တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



''ရှင် လူကို ဘယ်လိုလုပ်တာလဲရှင့်''

''ဗျာ''

''ကိုယ်လည်း ဘာမှမလုပ်ရပါလားဗျာ''

''ကျွန်မလက်ကိုဆွဲတာ ပြောတာရှင့်''

''ဩော် အဲဒါက ရုတ်တရက်ဖြစ်သွားတာဆို

ဆောရီးဗျာ၊ နောက်ကို သတိထားပြီး ဆင်ဆင်ခြင်ခြင်နေပါ့မယ်

''ဟွန်း''

ထိပ်ထားခင်မှာ မကျေနပ်သော်လည်း ဘာဆက်ပြော

မသိတာနှင့် မျက်နှာလှလှလေးကို တင်းမာထားမိသည်။

ဒါကို အောင်ချိမ့်ကလည်းသိသည်။ သူ့ကို ထိပ်ထား

စိတ်ဆိုးနေပြီဆိုတာကိုပါ။

''ထိပ်ထားခင်''

''ရှင် ကျွန်မနာမည်ကိုမခေါ်ပါနဲ့၊ ကြီးကြီးရှေ

ကျွန်မကို လူလည်လုပ်ပြီး အနိုင်ကျင့်ဗိုလ်ကျတာ ကျွန်မကေ

တယ် ထင်နေလား''

''ထိပ်ထားခင် စိတ်ဆိုးနေမှန်းသိလို့ ကိုယ်က

ချော့မလို့ပါဗျာ''

''ရှင့်အချော့ကိုခံချင်လို့ ကျွန်မက စိတ်ဆိုးနေတာမ



၊ အခုဘယ်သွားမလို့လဲ၊ ကားကိုရပ်ပါ''

''လမ်းမပေါ်မှာ ကားရပ်ဖို့မှမရဘဲ ထိပ်ထားခင်ရဲ့၊

းဆို ကိုယ်တို့သွားရမယ့်နေရာကို ရောက်ပါပြီ၊ ခဏလေး

လေး ဟုတ်လား''

ထိပ်ထားခင်ကို ဘာမှမသိနားမလည်သော ကလေး

သောက်လို ပြောဆိုနေပုံကို ထိပ်ထားခင်စိတ်ထဲမှာ မုန်းပေမယ့်

နိုင်။ ကားက အေးချမ်းတိတ်ဆိတ်၍ လူရှင်းသော ဆိုင်

ဆိုင်မှာရပ်၏။

''ဒါက ကိုယ့်သူငယ်ချင်းဆိုင်လေ တိတ်ဆိတ်အေးချမ်း

ကိုယ်အမြဲလာတဲ့နေရာပေါ့၊ ဒီနေရာလေးမှာ ကိုယ်တို့ထိုင်ရ

''

သူညွှန်ပြသည့်နေရာမှာ ထိပ်ထားခင် ဝင်ထိုင်လိုက်ရပါ

ကိုယ်ကိုယ်တိုင်လည်း ဂုဏ်သရေရှိ မိန်းမသားမို့ ဣန္ဒြေ

ဆေလို၍ ဆိုလျှင်လည်းမမှားပါ။

''အပူလား အအေးလားခင်''

''ကော်ဖီပဲပေးပါ''

''ကိုယ်လဲ ကော်ဖီပဲသောက်မယ်''

သူက အနားရောက်လာသည့် အလုပ်သမားလေးကို



www.burmeseclassic.com

www.burmeseclassic.com



ဘော်စီနှစ်ခွက်မှာပါသည်။

“ထိပ်ထားခင်”

“ပြောပါ ကျွန်မနားထောင်နေပါတယ်”

“ကိုယ့်ကို စိတ်ဆိုးနေလား”

“......”

“အဖွှန်း ဟွန်း ဟွန်း”

ထိပ်ထားခင်မဖြေတော့ သူက ခပ်တိုးတိုးရယ်ပါသ

“ထိပ်ထားခင်က ချစ်စရာကောင်းတယ်၊ ကလေး တူတယ်၊ လူကြီးချင်းနားဖောက်ပြီး တောင်းရမ်းလက်ထပ် ဖြတ်လိုက်တာ အဲဒါတွေကြောင့်ပဲ ထိပ်ထားခင်ကို ကိုယ်လ ပါရစေ”

“လက်ထပ်ခွင့်ပြုပါ”

လေးနက်တည်ကြည်သော အမူအယာနှင့်

ထိပ်ထားခင် ငေးကြည့်ဖြစ်သွားသည်။ တုံ့ပြန်ငေးကြည့်နေ အောင်ချိမ့်မျက်ဝန်းအကြည့်တွေက နူးညံ့ရွှန်းစိုစွာ အရောင် လက်ဖြာလျက်။

“ကိုယ် ထိပ်ထားခင်ကို ချစ်တယ်၊ ထိပ်ထားခင် မှယုံပါ၊ ကိုယ့်ဘဝမှာ မိန်းကလေးတစ်ယောက်ကို ဒါပထ



ကြိမ် ချစ်တယ်လို့ပြောဖူးတာပဲ”

“ရှင်ဆိုလိုတာက ကျွန်မကလွဲပြီး ရှင်ဟာ ဘယ်မိန်း လေးကိုမှ ရည်းစားစကား မပြောခဲ့ဖူးဘူးပေါ့ ဟုတ်လား”

အောင်ချိမ့်လို လူချောတစ်ယောက်ထံမှ စကားကို ပ်ထားခင် အယုံအကြည်မရှိခြင်းကို အောင်ချိမ့်ကလည်း သိပါ သည်။ ထို့ကြောင့် ချစ်မြတ်နိုးစွာ မယိတရိမျက်နှာလေးကို ကြည့်ပစ်သည်။

“ရည်းစားတွေအများကြီးထားဖူးတာ ကိုယ်မညာဘူး၊ ပေမယ့် ချစ်သူတော့မရှိဘူး၊ ကိုယ်ချစ်တာ ထိပ်ထားခင်ဆိုတဲ့ တစ်ယောက်ထဲပဲ”

“ထိပ်ထားခင် သဘောထားကို ကိုယ်သိပါရစေ”

“ကျွန်မက မဖြစ်နိုင်ပါဘူးဆိုရင် ရှင်နောက်ဆုတ်မှာ လား”

“အကြောင်းအရင်းကို အရင်သိရဦးမယ်လေ”

ရှင့်ကို လက်မထပ်ချင်တာ အကြောင်းအရင်းပေါ့။

တစ်ယောက်တစ်မျက်နှာ တစ်ယောက်စိုက်ကြည့်လိုက်ကြ သည်။

“ဘာဖြစ်လို့ ကိုယ့်ကို လက်မထပ်ချင်တာလဲ”

www.burmeseclassic.com



''မုန်းလို့''

''အဟွန်း ဟွန်း ဟွန်း''

ကျေနပ်နှစ်သိမ့်စွာ သူရယ်သည်။ ပြီးမှ ထိပ်ထား[illegible]
မျက်နှာလေးကိုစိုက်ကြည့်ရင်း စကားကို တစ်ခွန်းချင်း ခပ်တိုးတိုး
ပြောသည်။

''သေချာတယ် ကိုယ့်ကို ထိပ်ထားခင်ချစ်နေပြီ''

''ဘာပြောတယ်''

''အမုန်းရဲ့နောက်ကွယ်မှာ အချစ်ရှိတာယ်လေ ထိပ်ထား[illegible]
ထိပ်ထားခင်ကိုယ့်ကို မုန်းပြီးရင် ချစ်ကိုချစ်လာရစေ့မယ်''

''သေချာနေလိုက်တာရှင်''

ထိပ်ထားခင် တိုးတိတ်စွာဆိုတော့ သူက သူမမျက်နှာ[illegible]
ခပ်တည်တည်စိုက်ကြည့်သည်။

''ကိုယ်ပြောတာ ထိပ်ထားခင် မယုံလို့လား''

ထိပ်ထားခင်ဖြေဆိုခြင်းမပြုဘဲ အေးစက်စက် သူ့ကို[illegible]
ကြည့်နေပုံက အောင်ချိမ့်အသည်းယားမိသည်။ ထိပ်ထားခင်[illegible]
သူတွေ့ဖူးသည့် မိန်းမတွေနှင့် မတူတာသေချာသည်။ သူ[illegible]
ကြည့်ရမြင်ရတာ အမြဲသစ်ဆန်းနေသလို ဘယ်အချိန်ပဲကြည့်[illegible]
သူမက အောင်ချိမ့်နှလုံးသားကို အချိန်အခါနေရာမရွေး ပူတွေး[illegible]





[illegible]သာ အငွေ့အသက်ကိုဖြစ်စေသည်။

''ထိပ်ထားခင်''

''ရှင်''

''ကိုယ်တို့လက်ထပ်ဖို့ကိစ္စကို သဘောတူရဲ့လားဟင်''

''မတူဘူးလို့ပြောရင်ရော''

''အဟွန်း ဖွတ်တရွတ်လက်ထပ်သလိုမျိုးတော့ ဖြစ်ရမှာ
[illegible]င်တယ်''

''ရှင့်သဘောကျ မဖြစ်ဖြစ်အောင်လုပ်မယ်ဆိုတာ ကျွန်မ
[illegible]သားပဲ''

''ချစ်တာကို ထည့်ပြောဦးလေ''

''အပိုတွေပါရှင်''

''လိုတောင်လိုဦးမယ်''

ထိပ်ထားခင်သူ့ကို အရှုံးပေးလိုက်သည်။ သူနှင့်ပြိုင်ပြော
[illegible] ထိပ်ထားခင်ပဲရှုံးမည်။ သို့သော် ပြောစရာရှိတာတော့ သူမ
[illegible]က ပြောရမည်။

''အခုရှုပ်မှ နောင်ရှင်းဆိုသလို ကျွန်မဘက်က ရှင့်ကို
[illegible]စရာရှိတာ ပြောပါရစေ''

''ပြောပါ''



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မမှာ အရင်က ချစ်သူတစ်ယောက်ရှိခဲ့ဖူးတယ်[…] အကြောင်းကြောင်းကြောင့် ကျွန်မတို့ချင်း ကွဲသွားကြတယ် ဒါ[…] ပဲ"

"ဘာဖြစ်လို့ ဖွင့်ပြောတာလဲ"

"လိုအပ်တယ်ထင်လို့ပါ"

အောင်ချိမ့် ထိပ်ထားခင်ကို အကြာကြီးငေးကြည့်ဖြစ်သွား[…] သည်။ သူမမှာ ချစ်သူတစ်ယောက်ရှိခဲ့ဘူးသည်ဆိုသော စကား[…] ပြောသူက အေးဆေးစွာ သက်သောင့်သက်သာပြောနိုင်ပေမ[…] ထိုစကားကို ကြားနာလိုက်ရသူရင်ထဲ နေဆယ်စင်းအပြိုင် ထွ[…] လင်းသလို ပူလောင်သွားခြင်းကို သူမကမသိချေ။

ကိုယ်ကိုယ်တိုင် ရည်းစားသက်စေ့မက ထားဖူးပါလျ[…] နှင့် ထိပ်ထားခင်မှာ ချစ်သူရည်းစားတစ်ယောက် ထားခဲ့ခြင်းအ[…] ကို ခွင့်မလွှတ်ချင်သလိုပါလား။

"အဲဒီကောင် အခုဘယ်မှာလဲ"

"ရှင် ဘယ်သူ့ကိုမေးတာလဲ"

"ထိပ်ထားခင် ချစ်သူဆိုတဲ့ကောင်ကို"

"အို"

ခက်ထန်တင်းမာသော အမူအယာနှင့် အောင်ချိမ့်ကိုကြ[…]





ထိပ်ထားခင် အံ့သြသွားသည်။

"ရှင် ဘာလုပ်မလို့လဲ"

"သွားပြောမလို့"

"သွားပြောမယ်ဟုတ်လား"

"ဟုတ်တယ် နောက်ဘယ်တော့မှ ကျုပ်လက်ထပ်မဲ့ […]ာလေးနဲ့ မပတ်သက်နဲ့လို့"

"မဆိုင်တာရှင်ရယ်"

"အခုဆိုင်နေပြီလေ၊ ကိုယ်လက်ထပ်မဲ့ မိန်းမကို တခြား […]လိုလူမှ စေ့စေ့ကြည့်တာမခံနိုင်ဘူး"

"အဲဒီလောက်ဖြစ်နေဖို့ မလိုဘူးရှင့်"

"ဒါထက်တောင် လိုချင်လိုဦးမှာ နောက်ဆို ဘယ်သွား […] ကိုယ်နဲ့မှသွားပါ"

"အဟင်း ဟင်း ဟင်း"

ထိပ်ထားခင် ဒေါသမဖြစ်နိုင်ဘဲ သူဖြစ်နေပုံကိုကြည့်ကာ […]စ်သည်။ အောင်ချိမ့်က သူ့စကားကို စိတ်မဆိုးဘဲရယ်မော […]ာ ချစ်သူကို ချစ်မြတ်နိုးစွာ ငေးမောရင်း နှုတ်ခမ်းကို […]င့်ဖိကိုက်ပြီး စိုက်ကြည့်နေ၏။

"ကိုယ့်ကိုရယ်တယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



''ရှင်က ရယ်စရာကောင်းနေတာကိုး''

''ဒီမယ်''

''ပြော''

''ရှင်ပိုင် ချစ်သူရည်းစားတွေအားလုံးကို ကျွန်မဘာ ရှင်တို့ပြန်သလို တို့ပြန်မယ်ဆိုရင် ရှင်ရော ဘာတွေဖြစ်မယ် သလဲ''

''သိပ်ပျော်မိမှာပေါ့''

''ဘာလို့လဲ''

''ထိပ်ထားခင်က ကိုယ့်ကိုသိပ်ချစ်ပြီး သိပ်သဝန်တို သိရလို့ပေါ့ဗျာ''

''အို ကျွန်မပြောတာ အဲဒီလိုမှတ်ဘူးရှင့်''

''ဟုတ်လိုက်ပါဗျာ၊ ကိုယ်ကလည်း ထိပ်ထားခင် ချစ်တယ်၊ ထိပ်ထားခင်ကလည်း ကိုယ့်ကိုချစ်တယ် ဒီလိုပဲ နားလည်လိုက်တော့မယ်''

ကလေးဆိုးကြီးလို ခွတ်တိုးပြောသူနှင့် ပြိုင်ငြင်း၍ သဖြင့် စိတ်ညစ်နေချိန်မှာ ထိပ်ထားခင်တို့နားသို့ မိန်းမလု တစ်ယောက် ရောက်လာသည်။

''အောင်''





''ဟင် ပင်ကီ''

''ဝမ်းသာလိုက်တာ အောင်ရယ်၊ အောင့်ကို ပင်ကီလိုက် ရှာနေတာကြာလှပြီ၊ ပင်ကီ့ကို အောင်က လုံးဝအဆက်အသွယ်ဖြတ် ပစ်လိုက်တာပဲကွယ်၊ အောင်ရက်စက်တယ်''

ပြောရင်း ပင်ကီဆိုသည့် မိန်းကလေးက မျက်ရည်ကျ သည်။ ထိပ်ထားခင်ရှေ့မှာ အောင်ချိမ့်ဘာလုပ်ရမှန်းမသိ။

''မငိုနဲ့လေ ပင်ကီ၊ ပင်ကီက ရုတ်တရက် ဝမ်းနည်း သွားလို့ပါ''

''ရပါတယ် ညီမ၊ ကိစ္စရှိရင် ဦးအောင်ချိမ့်နဲ့ ဆက်ဆွေး နွေးနိုင်ပါတယ် မမလည်း အခုပဲ သွားတော့မှာပါ''

''ကျွန်မသွားမယ် ဦးအောင်ချိမ့်''

''ထိပ်ထားခင်''

အောင်ချိမ့်လှမ်းခေါ်ဝေမယ့် ထိပ်ထားခင်က လှည့် ကြည့်။ ခြေလှမ်းကျဲကြီးတွေနှင့် ထိပ်ထားခင်နောက် အပြေး လိုက်သွားရန် ပြင်နေသူကို ပင်ကီက ဆွဲထားသည်။

''အောင် နေပါဦး ဒီမှာ ပင်ကီကိစ္စ သိပ်အရေးကြီးနေလို့ အောင်ကူညီပါဦးကွယ်''

''ကိုယ်ပြန်လာခဲ့မယ် ပင်ကီ၊ ပင်ကီ ဒီကပဲစောင့်ပါ''



www.burmeseclassic.com

www.burmeseclassic.com



''ဒါတော့ မဖြစ်ဘူးအောင်၊ အောင့်ကို လွှတ်လိုက်ရင် နောက်တသယ်တော့မှ ပင်ကီနဲ့ တွေ့ရတော့မှာမဟုတ်ဘူးဆိုတာ ပင်ကီ သိတယ် အောင်သွားရင် ပင်ကီပါ တစ်ခါထဲ အောင်နဲ့လိုက်ခဲ့ မယ်''

''ပင်ကီ မင်းနေခဲ့''

''မနေဘူးအောင်''

''ဟာ''

ပင်ကီမျက်နှာကို အောင်ချိမ့် တအံ့တသြငုံ့ကြည့်သည်။ သူကတောင် အောင်ချိမ့်ကို ပြန်ပြီးအော်ဟစ်လို့ပါလား။

''ပင်ကီကို သနားပါအောင်ရယ်၊ ပင်ကီမှာ အောင်မှ မကယ်ရင် ဒုက္ခရောက်ရတော့မှာမို့ပါ''

ပင်ကီက အောင်ချိမ့်လက်ကို မလွှတ်တမ်းဆွဲထားရုံမက အသံထွက်၍ ကျိတ်ငိုချလိုက်ပုံက တစ်စုံတစ်ခုကို ပြတ်ပြတ်သားသား ပြောချလိုက်တော့မည့် အောင်ချိမ့်နှုတ်ခမ်းအစုံကို သူ့အလိုလို စေ့ပိတ်သွားစေသည်။

''မင်းဒီမှာနေခဲ့ ပင်ကီ၊ ပြောထားတဲ့ကြားက ဆက်လိုက် လာရင် မင်းဘာဖြစ်ဖြစ် ကိုယ် ဂရုမစိုက်ဘူး''

''အောင်''





နောက်ကို တစ်ချက်လှည့်မကြည့်တော့။ ထိပ်ထားခင် ရာ အပြေးလိုက်သွားပေမယ့် သူ့မကို မတွေ့ရတော့ပါ။

ကားကို နေရာက ဝေါခနဲမောင်းအထွက်မှာ အောင်ချိမ့် တစ်ကိုယ်လုံး ဇောချွေးတွေ စိမ့်ပျံတက်လာ၏။

ဦး ဦး ဦး



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၂)

အောင်ချိုမှ်တွင် ချစ်သူတွေရှိခဲ့သည်မှာ မှန်ပါသည်။ သို့သော် မရလျှင် မနေနိုင်လောက်အောင် အရှုးအမူး စွဲမက်ခဲ့သူများကားမရှိ။ ထို့ကြောင့်လည်း အခုထက်တိုင် လူပျိုကြီးဘဝဖြင့် နေခြင်းဖြစ်သည်။

လူပျိုလူလွတ်ဖြစ်သောကြောင့် ညဥ့်နက်သန်းခေါင်တိုင်အောင် နေချင်သည်။ ညလုံးပေါက် အိမ်ပြန်မလာသော နေ့ရက်တွေလည်းရှိသည်။ နောက်ဆံတင်းစရာမရှိသလို ခွင့်တောင်းနေစရာလည်း အကြောင်းမရှိ။

အခုတော့ ထိုသို့မဟုတ်ပြီ။ ထိပ်ထားခင်ဆိုသည့် မိန်းကလေးအား တွေ့ခွင့်မရ။ စကားဆိုခွင့်မရခြင်းကြောင့် အိမ်မြောင်အ





ပြတ်သလို ကြွေမြေမရ ယောက်ယက်ခတ်လျက် သူငယ်ချင်းအပေါင်းအသင်းတွေရှိရာ ရောက်လာသည်။

အရက်တွေ တစ်ခွက်ပြီးတစ်ခွက် ဆင့်သောက်သည်။ သူ့ရင်ထဲက အချစ်အကြောင်း နားညည်းအောင်ပြောသည်။ ဘယ်သူမှ အောင်ချိုမှ်ကိုစိတ်မဆိုး။ အချစ်အကြောင်း ဘယ်တုန်းကမှ စိတ်မဝင်စား၍ ဘယ်မိန်းမကိုမှ ချစ်ရကောင်းသည်ဟု မထင်သောလူချောကြီး၏ အသည်းကွဲခန်းကိုသာ သဘောကျစွာ ပြုံးလျက် ကြည့်နေကြသည်။

"ငါတကယ်ပြောတာကွ၊ ခင့်ကို ငါ တကယ်ချစ်တာ ခင်းတို့ ငါပြောတာ မယုံဘူးမဟုတ်လား၊ အေး သူကလည်း ငါချစ်တယ်ဆိုတာ နည်းနည်းမှ ယုံကြည်ပုံမရဘူးကွ"

"ဒါပေမယ့် ငါ သူ့ကို တကယ်ချစ်တာပါကွာ၊ ဒါကိုတော့ ခင်းတို့ယုံပါ"

"ခင်ရေ"

"ခင်"

"ဟာ ဘာလို့စွတ်အော်နေရတာလဲကွ၊ ရှီးတဲ့မှပဲ ဟိုမှာ လူတွေအကုန် ငါတို့ကို ဝိုင်းကြည့်ကုန်ပြီ"

ဇော်မိုးက မျက်နှာနီနီဖြင့် အနေရခက်စွာ ကိုယ့်လူကိုယ်



www.burmeseclassic.com

www.burmeseclassic.com



တိုးတိုးတိတ်တိတ် ထိန်းဖို့ကြိုးစားပေမယ့်မရ။ အောင်ချိမ့်က ရှု ရှုးရှုးနှင့် တွေ့သမျှကို ရန်ရှာချင်နေပုံဖြင့် မိုက်တိမိုက်ကန်း လုပ် နေတော့ ဘေးသူလူတွေနှင့် ရန်ပွဲဖြစ်မှာ စိုးရိမ်နေသည်။

"ဘယ်သူ့ ဂရုစိုက်ရမှာလဲကွာ ငါရင်တွေနာနေတာ မင်းတို့သိလို့လား"

"အသည်းကွဲတယ်ဆိုတာ တကယ်အခံရခက်တာကွ မင်းစည် မင်းတုန်းကရော ငါ့လိုပဲလား"

"မင်းထက် ဆယ်ဆဆိုးတာပေါ့ အောင်ချိမ့်ရာ၊ ဒါပေမ မင်းလိုတော့ မင်းစည်က အသံပြဲကြီးနဲ့ သူ့ရည်းစားနာမည် မအော်ဘူးဟ"

မင်းစည်ကိုယ်စား ဇော်မိုးက ဝင်ဖြေခြင်းဖြစ်သည်။

"တိုးတိုးပဲအော်တယ်လား"

"အေး"

မင်းစည်က ခေါင်းဝင်ညိတ်တော့ အောင်ချိမ့်က အော် သည်။ သူ့မျက်လုံးထဲ မင်းစည်ပုံစံက အေးစက်စက်ဖြစ်နေတာ အားမလိုအားမရနိုင်၍ဖြစ်သည်။

"မင်းအခုလိုပုံစံနဲ့ ကျန်ခဲ့တာတောင်နည်းသေးတ ပြောရမလိုဖြစ်နေပြီ၊ တကယ်ချစ်ရင် တကယ်သတ္တိရှိရတယ်





မင်းစည်ရ"

"ဇွတ်အတင်းခိုးပြေးသင့်ရင် ခိုးပြေးရတယ် နားလည် လား၊ မိဘတွေ ညီအစ်ကိုမောင်နှမတွေ ထည့်တွက်နေလို့ကတော့ ဒီတစ်သက် မိန်းမရဖို့မစဉ်းစားနဲ့ ကိုယ့်လူရေ"

"ကိုယ့်ရည်းစား သူများနောက်ပါသွားတာကိုသာ သက်ပိုက်ကြည့်နေလိုက်တော့၊ ငါ့စိတ်မျိုး တစ်ဝက်သာရှိလို့ကတော့ မင်းရဲ့နုနဲ့ မင်းရနေတာကြာလှပြီကွ နားလည်လား"

အောင်ချိမ့်စကားက စေတနာစကားမှန်းသိပါသည်။ သူ့ အတွက် အောင်ချိမ့်ကအားမရ။ မင်းစည်ကိုယ်တိုင်လည်း သူ့ကိုယ် သူ အခါစ်ရေးမှာ တွေဝေနှောင့်နှေးသော သူ့အဖြစ်ကို သူသိနေခဲ့ သည်မှာ ကြာပါပြီ။

ဟိုတစ်ခါ နုနဲ့ဆုံပြီးထဲက မင်းစည် အိပ်ရာထဲ အတော် ကြာ လဲသွားလိုက်သေးသည်။ အခုမှ နာလန်ပြန်ထူလာသည်မှာ မကြာသေး။ အချစ်အကြောင်း မိုးမွှန်အောင်ပြောပြီး အောင်ချိမ့် သူ့အနားရောက်လာချိန်မှာ မင်းစည်ကိုယ်တိုင် ပြတ်သားသည့် ဆုံးဖြတ်ချက်တွေနှင့် နုကို ပိုင်ဆိုင်ရယူတော့မည်ဟု ကြံစည်အား ထုတ်နေသူလည်းဖြစ်သည်။

"ဒီတစ်ခါတော့ ဖြစ်ချင်ရာဖြစ်ပါစေ နုကို လက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



တော့မှာပါကွ၊ ပြောဆိုညှိနှိုင်းလို့ မရရင် မင်းပြောသလို ဓွတ်အတင်း ခိုးပြေးသင့်ရင် ခိုးပြေးရမှာပဲ''

''နုကို ငါချစ်တယ်ကွ အောင်ချိမ့်၊ သိပ်ချစ်လို့လည်း သိပ်ခံစားနေရတယ်၊ မင်းအချစ်ကိုလည်း ငါကိုယ်ချင်းစာပါတယ် လိုအပ်ရင် အကူအညီပေးဖို့ ငါ့ဖက်ကလည်း အသင့်ပါ''

''ငါတို့ မင်းကို ဘာအကူအညီပေးရမလဲ ပြောပါ''

''ဟိတ်ကောင်...မင်းစည် တော်တော့ဟ၊ မင်းအ အရက်နဲ့တည့်တဲ့ကောင် မဟုတ်ဘူး၊ တော်ကြာ အိပ်ရာထဲ ပြန်လဲ နေဦးမယ်''

''ပေး...ပေး ငါ့ကို''

''နည်းနည်းပါကွ''

ဇော်မိုးက မင်းစည်လက်ထဲက အရက်ခွက်ကို ဓွတ်အတင်းဆွဲလုပြီး ဝင်မော့သည်။ အရက်သောက်ချင်၍မဟုတ် အချစ်မူး အချစ်ရူးနေကြသူတွေကြား ဝင်ထိန်းရင်း သူကိုယ်တိုင် အရက်မူးများ မသောက်ဖူးသူဖြစ်သည့်အတိုင်း ချာချာလည်နေ သည်။

''ခင်ရေ...ခင်''

''နု''





''နု''

သံပြိုင်ကိုယ့်စိတ်ထဲရှိရာ အော်ကြဟစ်ကြသည်။ ...ယ်သူမှ ကားမမောင်းနိုင်တော့။ ဇော်မိုးကပဲ လက်နှင့်နီးရာ အောင်ချိမ့်ဖုန်းကို ကောက်ယူပြီး မူးမူးရူးရူးနှင့် ခလုတ်ကို စမ်းနှိပ် သည်။

သူနှိပ်လိုက်သည့် ဖုန်းနံပါတ်က တခြားသူဖုန်းနံပါတ် ...ဟုတ်။ ထိပ်ထားခင်၏ ဖုန်းနံပါတ်ဖြစ်နေတာကို သူမှသိ။

''ဟဲလို''

''အန်တီလားခင်ဗျာ...ကျွန်တော် အောင်ချိမ့်သူငယ်ချင်း ...''

မူးရူးနေသည့် အာလေးလျှာလေးအသံက ဖုန်းထဲ စူးစူး ...ါး ဝင်လာတာကို ထိပ်ထားခင် ဆက်နားထောင်နေလိုက်ပါ သည်။

''ဟဲလို...အန်တီ''

''ပြောပါ''

''အောင်ချိမ့်...ကားမမောင်းနိုင်တော့လို့ လာခေါ်ပေးပါ ... ကျွန်တော်လည်း သူတို့ကို မထိန်းနိုင်တော့လို့ပါ''

ကိုယ်တိုင် ဒီလောက်မူးနေမှတော့ တခြားမူးရူးနေသူတွေ



www.burmeseclassic.com

www.burmeseclassic.com



ကို မထိန်းနိုင်သည်မှာ ဘာမှမဆန်းပါ။ တွေ့ရာဖုန်းနံပါတ်နှိပ်ပြီ
စကားပြောနိုင်တာကိုပင် ကျေးဇူးတင်ရမလိုဖြစ်နေ၏။

"နေရာကိုပြောပါ"

တစ်ဖက်ကပြောပြသည့် နေရာကို သေချာမှတ်ထားလို
ပြီး ကြီးကြီးကို ညကြီးအချိန်မတော်နှိုးပြီး သတင်းပေးရသည်

"သမီးနဲ့အဆင်မပြေလို့ စိတ်ညစ်တယ်ထင်ပါရဲ့ကွယ်
မနက်ဖြန် ဒင်နာမှာတော့ နောက်ဒီလိုမဖြစ်ဖို့ ကြီးကြီးကိုယ်တို
ပြောပါ့မယ်"

အောင်ချိမ့်မိဘတွေအိမ်ကို ကြီးကြီးကိုယ်တိုင် ဖုန်းဆ
သည်။ ဘာတွေဘယ်လို ပြောနေကြသည်မသိ ထိပ်ထားခင်
တော့ စိတ်ညစ်ပြီး လေသာဆောင်မှာ တစ်ယောက်တည်း ထွက်
နေမိသည်။

ပင်ကီဆိုသည့် မိန်းကလေးနှင့် အောင်ချိမ့်ကို ထားခဲ့
ထဲက သူ့ကို ထိပ်ထားခင် လုံးဝအတွေ့မခံတော့။ ဖုန်းနှင့်လ
လက်ခံစကားမပြော။ လူချင်းလည်း အတွေ့မခံ။ လူကြီး
ပြောဆိုစီမံထား၍သာ ဤမျှလိုက်လျောဆက်ဆံနေရသော်လ
ရှုပ်ပွသောစရိုက်နှင့် အရက်မူးအောင် သောက်တတ်သောအ
ကို ထိပ်ထားခင်စိတ်မှာ ရွံ့မုန်းကြောက်လန့်နေမိသည်။





ကြီးကြီးကိုလည်း အရှက်မရှိ ထိပ်ထားခင် သူ့ကို အတွေ့
တာ၊ ဖုန်းလက်ခံမပြောတာတွေ လျှောက်ပြောထားသည်။
ကြီးက ထိပ်ထားခင်ကို လူပျိုလူလွတ်ဘဝမှာ ဆိုတော့လည်း
ပဲ လူငယ်သဘာဝကိစ္စလေးတွေ ရှိတာလောက်တော့ နားလည်
မှာပေါ့ကွယ်ဟု လေပြေလေးနှင့် နှစ်သိမ့်သည်။

ထိပ်ထားခင် ဘာကိုမှမသိ။

ငိုချင်နေတာပဲသိသည်။

လူကြီးတွေသဘောကျ လက်ထပ်ရန် ခေါင်းညိတ်ရမည့်
ပြန်တော့လည်း သဘောမကျတာတွေနှင့် စိတ်ညစ်ရသည်။

ကိုကိုရယ်။

ထိပ်ထားခင်အဖြစ်ကို မြင်ရင် ဘာများပြောဦးမလည်း

ည်။

မရည်ရွယ်ပါသော်လည်း ချစ်သူကိုတာပြီး မျက်ရည်ကျမိ
။ အသိစိတ်မှာ ချစ်သူကို နာကြည်းပေမယ့် မသိစိတ်မှာတော့
ကို ယောင်ရမ်းတမ်းတသည့်အဖြစ်တွေ ရှိနေခြင်းကို မည်သူ
ားလည်နိုင်မည်နည်း။

ဦ ဦ ဦ



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

''နု''

''ဟင်''

ကိုကိုပါလား။

ဒီတစ်ခါတော့ ထိပ်ထားခင် ရှောင်ပြေးချင်တိုင်း ရှောင်

လို့ မရတော့ပါ။ မင်းစည်ထင်က သူမရှေ့မှာ မားမားကြီးပိတ်

ကာဆီးထားသည်မဟုတ်ပါလား။

သို့ပါသော်လည်း အဖြစ်မှန်ကို ထိပ်ထားခင် ဝန်ခံ

မပြုလိုသေးပါ။ ထို့ကြောင့်ပင် ရင်ထဲမှာ တဒိတ်ဒိတ်နှင့် စိတ်

ရှားနေမိသော်လည်း မျက်နှာလှလှလေးကိုတော့ ဣန္ဒြေမပျက်အော

ခပ်တည်တည်အနေအထားနှင့်ပင် ကိုကို့ကို ရင်ဆိုင်ဖို့ ကြိုးစား





သည်။

''ကျွန်မ နု မဟုတ်ပါဘူး''

''အဟွန်း''

ထိပ်ထားခင်စကားကို မင်းစည်ထင် ရယ်ပစ်သည်။

တစ်ခါတော့ ဖြစ်ချင်ရာဖြစ် ကိုယ်ချစ်မြတ်နိုးသူကို အဆုံးရှုံးမခံ

တော့ဟု ဆုံးဖြတ်ချက် ပိုင်ပိုင်ချထားသည်။ နုက ခပ်တည်တည်

ကိုညာနေသည်။

ဒီကမ္ဘာပေါ်မှာ ကိုယ့်အသည်းနှလုံးထဲက လှိုက်လှဲသော

ခံစားခြင်းတွေနှင့် မြတ်မြတ်နိုးနိုး စွဲလမ်းချစ်ခင်ရသော ချစ်သူကို

တွေ့မြင်ရသော ချစ်သူမရှိ။ သူ နုမျက်နှာလှလှလေးကို စိုက်ကြည့်

နေလိုက်သည်။

''နု ဘာပြောပြော ကိုကို ဂရုမစိုက်တော့မှာ မဟုတ်ဘူး

ကိုကိုနဲ့စကားပြောရအောင် နု ခဏလိုက်ခဲ့ပါ''

''ကျွန်မ နုမဟုတ်ဘူးလို့ ပြောနေပြီပဲ''

''ဒါ နုအဖြေပေါ့ ဟုတ်လား''

ထိပ်ထားခင် မဖြေ။

စူးရှရှန်းလက်သော ကိုကို့မျက်ဝန်းနွေးနွေးတွေအောက်မှာ

ချစ်ရာကို ထွက်ပြေးချင်နေသည်။ ဒီနေ့မှ ဒရိုင်ဘာ ဦးမြိုင်က



www.burmeseclassic.com

www.burmeseclassic.com



''ကျွဲ:''

ကားကို ရေစပ်နားအရောက် ဆွဲရပ်ပစ်သည်။ ပြီးတော့ သူ့မျက်စိရှေ့က ထိပ်ထားခင် ပျောက်သွားမှာ စိုးရိမ်သည့်အလား ထိပ်ထားခင်၏ လှပသော မျက်နှာလေးမှသည် ခန္ဓာကိုယ်တစ်ခု လုံး သိမ်းကျုံးကြည့်နေသည်။

''နု''

''ပြောပါ''

''နုကို ကိုကိုလက်ထပ်ပါရစေ''

''လက်ထပ်ခွင့်ပြုပါ''

မင်းစည်ထင် စိတ်တွေအရမ်းလှုပ်ရှားနေသလို မမြင်ရ မတွေ့ရသည့်အချိန်အတွင်းမှာ ယူပစ်သလို ပြောင်းလဲသွားသည့် ထိပ်ထားခင်၏ အလှအပတွေကြောင့်လည်း ရင်တွေ တဒိတ်ဒိတ် ခုန်နေသည်။

သူစိတ်လှုပ်ရှားနေတာကို ထိပ်ထားခင် သိပါသည်။ ထိပ်ထားခင်ကိုယ်တိုင်လည်း အခုလို ကိုကိုနှင့် နီးကပ်စွာပြန်လည် ဆုံတွေ့ရတော့ စိတ်လှုပ်ရှားနေသည့်တိုင် မဖြစ်နိုင်တာကို သိနေ သည်။ နားလည်နေသည်။

''ကျွန်မကို ခွင့်လွှတ်ပါ''

''ဘာ''

''အရင်းနှီးဆုံးမိတ်ဆွေတွေလို့ပဲ သဘောထားပြီး နေသွား ကြရအောင်လားရှင်၊ အရင်က အဖြစ်အပျက်တွေလည်း ကျွန်မ မေ့ပစ်လိုက်ပါပြီ''

မမေ့နိုင်ပေမယ့် မေ့နေပြီဖြစ်ကြောင်း ခွတ်နစ်၍ ပြောဖြစ် အောင် ပြောလိုက်တော့ ဆတ်ဆတ်ခါ နာကျင်သွားသည့် ကိုကို့ မျက်နှာချောချောကို မြင်ရသည်။

''နုက မမေ့နိုင်ပေမယ့် ကိုကို့အတွက်တော့ သေရာပါမယ့် အက်ရာတွေပဲ နု၊ မာမီနဲ့ သရဖီတို့လက်ချက်ဆိုတာ သိသိခြင်း ကိုကို နုကို လိုက်ရှာခဲ့တယ်၊ အချိန်စက္ကန့်နဲ့အမျှ သတိရတမ်းတ ခဲ့တယ်''

''နောက်ဆုံး အိပ်ရာထဲလဲတဲ့အချိန်အထိ ဘယ်သူနဲ့မှ စကားမပြောဘဲနေခဲ့တယ်၊ အခုချိန်ထိလည်း နုနဲ့ပတ်သက်လာရင် ကိုကိုဟာ ရူးနေတုန်းပဲ၊ စွဲလန်းတမ်းတနေတုန်းပဲဆိုတာ နု သိရဲ့ လား''

''ဒါတွေဟာ ပြီးဆုံးခဲ့ပြီပဲရှင်''

''နု''

ကိုကို့ထံမှ မချိတင်ကဲ အော်ဟစ်သံကို မကြားလိုစွာ



www.burmeseclassic.com

www.burmeseclassic.com



ကားတံခါးကို ဖွင့်ပြီးဆင်းလိုက်သည်။ မကြာခင်မှာ ထိပ်ထားခင်တဲ့ မိန်းကလေးဟာ လူကြီးမိဘတွေ သဘောတူထား လူတစ်ယောက်နဲ့ လက်ထပ်ရတော့မယ်ဆိုရင် ကိုကို့အခြေအ ဘယ်လိုဖြစ်သွားမည်ဆိုတာကို သူမ မတွေးချင်တော့ပါ။

''နှ''

ထိပ်ထားခင်ရှေ့ကို မင်းစည်ထင် မားခနဲ ရောက်လာ မျက်နှာချင်းဆိုင် ရပ်လာ၏။ ပြီးတော့ ထိပ်ထားခင်နှင့် မျက် ချင်းမဆုံဆုံအောင် လိုက်ကြည့်သည်။ ထိပ်ထားခင်က မျက်လွှာ ပစ်လိုက်တော့ ကိုကို့ထံမှ မချိမဆန့် ရယ်သံထွက်လာ၏။

''ကိုကို့မျက်နှာကို မကြည့်ချင်လောက်အောင်ကို မုန်း ပြီပေါ့ ဟုတ်လား နှ''

''ကြိုက်သလိုထင်နိုင်ပါတယ်ရှင်၊ ဦးမင်းစည် ဘာပြောပြော ကျွန်မဘက်က ဘာတစ်ခုမှ ဖြေရှင်းမှာမဟုတ် ဘူး''

''သြော်…ကိုယ်ဘာထင်ထင် နှက ဂရုမစိုက်ဘူး တော့''

''နှ''

''အို…ကျွန်မကိုလွှတ်''





မင်းစည်ထင်က ထိပ်ထားခင်ကို ဂရုမစိုက်။ သူမကိုယ် လေး ကားထဲ ကျုံးပွေ့ပစ်ထည့်ကာ မဟားဒရား နမ်းရှိုက်ပစ်လိုက် သည်။ လွမ်းခဲ့ရသမျှ အတိုးချ အနမ်းတွေ။ တမ်းတခဲ့ရသမျှ ခွတ်သိပ်ခြင်းတွေနှင့် လိုက်လှဲစွာ ပြင်းပြင်းရှုရှု။

''ကိုကို့ကို မရက်စက်ပါနဲ့ နှရယ်''

''နှကို ကိုကိုချစ်တယ်''

''သိပ်ချစ်တယ် နှရယ်''

''နှ''

''အို''

ထိပ်ထားခင်၏ သေးကျည်းသောခါးလေးကို မင်းစည်ထင် လက်အစုံက တင်းတင်းကြီး ရစ်ပတ်ကာ သူနှင့်ရင်ချင်းဆွဲကပ်၍ ရေ၊ တိုးရှနှင့်မောသော ချစ်စကားတွေက တုန်ရီနေ၏။

''ဦးမင်းစည်ထင်''

''ကိုကိုလို့ခေါ်ပါ နှရယ်''

''ဖယ်နော်…ကျွန်မ မကြိုက်ဘူးဆို''

''ကိုကို့ကို ချစ်တယ်လို့ပြော''

မင်းစည်ထင်က ခွတ်တရွတ်။

ဖြူနုဝင်းမွတ်နေသော နူးညံ့အိထွေးသည့် ထိပ်ထားခင်



www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်လုံး သိမ်းကျုံးရှိက်နမ်း တိုးဝှေ့သည်။ ရှက်စိတ်ဖြင့် ထိပ်ထားခင်မျက်နှာလေး ရဲရဲနီနေသလို တစ်ကိုယ်လုံး မွှန်းကြပ် ကျုံးကျေလုမတတ်ဖြစ်နေ၏။

"နု"

"အို...ဦးမင်းစည်ထင်"

"နု...နုရယ်"

ရှက်လန့်တကြား အော်သံလေးအဆုံးမှာ ထိပ်ထားခင် ချိုမြိန်သော နှုတ်ခမ်းလေး နာကျင်နွေးထွေးသွားသည်။

"ချစ်တယ်နော် နု"

ထိပ်ထားခင် မဖြေ။

"လူကိုလွှတ်ပါတော့၊ ဒီမှာ အသက်ရှူကျပ်လှပြီ"

"ချစ်တယ်ပြောမှ"

ထိပ်ထားခင်၏ လှပသောမျက်ဝန်းအစုံကို ပင့်မော့ အကြည့်မှာ ရွှန်းလဲ့တောက်ပစွာ ငုံ့မိုးကြည့်နေသော မျက်ဝန်းများ ဖြင့် ဆုံပါသည်။

"ပြောမရရင် တစ်ခါထဲ ခိုးပြေးဖို့ ဆုံးဖြတ်ထားပြီးသား ဗျာ သိလား၊ ဒီတစ်ခါတော့ ကိုကိုချစ်သူကို ဘာအတွက်နဲ့မှ အဆုံးရှုံးမခံတော့ဘူး"





"ကိုကိုကို ချစ်သေးရဲ့လားနုရယ်"

"ကိုကိုမေးတာကို မဖြေနိုင်လောက်အောင် နောက်ထပ် အသစ်တစ်ယောက် တွေ့နေပြီလားဗျာ ပြောပါဦး"

တုန်ရီအက်ကွဲနေသည့် အသံကြီးဖြင့် စိတ်လှုပ်ရှားနေသူ၏ မျက်နှာကို ကြည့်ကာ ထိပ်ထားခင် သက်ပြင်းချလိုက်သည်။ အဖြစ်မှန်ကို ပြော၍မဖြစ်နိုင်မှန်း ကိုကို့အခြေအနေကို ကြည့်ပြီး ထိပ်ထားခင် သူ့အလိုလို နားလည်သဘောပေါက်နေသည်။

လူကြီးမိဘတွေ သဘောတူသူနှင့် လက်ထပ်တော့မည်ဟု ပြောလိုက်လို့ကတော့ ထိပ်ထားခင်သဘောမပါဘဲ ကိုကိုက သူ့သဘောနှင့်သူ သူမကို ခိုးပြေးတော့မည်။

"နု"

"အေးအေးဆေးဆေး စကားပြောကြရအောင်လား ဦးမင်း စည်ထင်"

"နုမှာ ချစ်သူရှိမရှိဘဲ ကိုကိုသိချင်တယ်"

"သိပြီးရင် ဦးမင်းစည်ထင် ဘာဆက်လုပ်မလဲ"

"နုကို ခိုးပြေးမှာပေါ့"

ကိုကို့မျက်နှာချောချောကို ထိပ်ထားခင် ငေးခနဲကြည့်ဖြစ် သွားသည်။ သူမကို ပြန်လည်စူးစိုက်ကြည့်နေသည့် ကိုကို့အကြည့်



www.burmeseclassic.com

www.burmeseclassic.com



ဆွေက နူးညံ့စွာ ရှုန်းလဲ့နေ၏။

"ဦးမင်းစည်ထင်ရော ဒီအချိန်ထိ နောက်ထပ်ချစ်သူ ရည်းစားတစ်ယောက် မထားခဲ့ဖူးဘူးလား"

"နောက်ထပ် ရည်းစားအသစ်ရနေမှတော့ နုနားတောင် မလာဘူး၊ မာမီက ကိုကို့ကို ပန်းအိန့် လက်ထပ်ပေးစား နားချစည်းရုံး နေတာကိုလည်း လက်ခံချင်ရင် ကလေးတစ်ယောက်ရနေလောက် ပြီ"

"နုကိုပဲ ကိုကိုချစ်တာ နုမသိဘူးလား၊ နောက်ထပ် ချစ်သူအသစ်ရလို့ ကိုကို့ကိုလည်း နုလိုပဲလို့ ထင်နေလား"

ရင်နာသံကြီးနှင့် သူဆိုတော့ ထိပ်ထားခင်မှာ အဖြေရခက် နေပါသည်။

"နု"

"နုသွားပါရစေတော့ ဦးမင်းစည်ထင်၊ နုတို့ ရေစက်ဟာ ဒီလောက်ပဲပါတယ်ထင်ပါတယ်"

ထိပ်ထားခင်က သူမကိုယ်သူမ နုဆိုသည့် အမည်နာမ်ဖြင့် ကို ထည့်သုံးလိုက်တော့ မင်းစည်ထင်ရင်ထဲ ဝမ်းသာပီတိဖြစ် သွားသည်။

"ကံဆုံလို့ ပြန်တွေ့နေကြရပြီပဲ နုရယ်၊ ဘာလို့ ကိုကို့ကို ရှောင်ပြေးချင်နေရတာလဲ"

"ဘာလဲ နုက သူဌေးမလေးဖြစ်သွားလို့ ကိုကို့လို သူတစ်ယောက်ကို လက်မထပ်ချင်တော့တာလား"

"ဦးမင်းစည်ထင်ပြောတဲ့အတိုင်းပဲ ထားလိုက်ပါလား ရှင်"

"နု"

တိုးဖျော့စွာ ထိပ်ထားခင်ဆိုတော့ မင်းစည်ထင်က ချစ်ရ သူကိုယ်လေးကို ဖွတ်အတင်း ပွေ့ဖက်ပြီး လှပသည့် မျက်နှာလေး တစ်ခုလည်းတိုင်၊ ရင်ညွန့်ဖွေးဖွေးကို ဖွတ်အတင်း သူ့မျက်နှာချော များနှင့် ကိုးဇော့ရှိုက်နမ်းပစ်သည်။

ထိပ်ထားခင်တစ်ကိုယ်လုံး နာကျင်နွေးထွေးသွားသလို သူ့ကိုလည်း စကားဆိုခွင့်မပြုတော့။

"နုက ကိုကို့ကို ထားခဲ့နိုင်ပေမယ့် ကိုကိုကတော့ နု ဘယ်လိုပြောပြော နုကိုမခွဲတော့ဘူး၊ မဖြစ်ဖြစ်တဲ့နည်းနဲ့ နုကို လက်ထပ်မှာပဲ"

"မဖြစ်နိုင်တာကို မပြောပါနဲ့လားရှင်၊ ဦးမင်းစည်ထင် တို့နဲ့ သရဖီတို့ကို နု ကြောက်ပါတယ်"

"နုလေးရယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိပ်ထားခင်စကားက ဖွတ်တရွတ် အချစ်ကြမ်းဖို့ ကြိုး နေသော မင်းစည်ထင်နှလုံးသားအစုံကို ထိနိုက်နာကျင်သွား သည်။ ဒါကို ထိပ်ထားခင်လည်း ရိပ်မိပါသည်။

"သူတို့ကြောင့် မာမိနဲ့သရဖီကြောင့် နုက ကိုကို့ လက်မထပ်တာပေါ့ ဟုတ်လား"

"နုဆိုတဲ့ မိန်းကလေးတစ်ယောက်နေရာမှာ ဦးမင်း ထင်ကိုယ်တိုင် ဖြစ်နေခဲ့ရင်လည်း ကိုယ့်အပေါ်မှာ သားသမီးချ မစာမနာ ပြောဆိုထားတဲ့အသိုင်းအဝိုင်းထဲကို နောက်ထပ်တစ်ကြ ရှူးရှူးမိုက်မိုက် ဖွတ်တိုးဝင်မယ် မထင်ပါဘူးရှင်"

"ကိုယ့်ကို အလိုမရှိတဲ့ သူတွေနဲ့ မနေပါရစေနဲ့ ဦး စည်ထင်ရယ်၊ ဒါလေးတစ်ခုတော့ နုကို နားလည်ခွင့်လွှတ် လိုက်ပါ"

မင်းစည်ထင်ရင်ခွင်ထဲက ထိပ်ထားခင်ကိုယ်လေး ရုန်းထွက်လိုက်တော့ မင်းစည်ထင် လက်ချောင်းတွေ ပြေလျော့ ဖြေလွှတ်ပေးလိုက်ရပါသည်။

"နုကို တကယ်ချစ်တယ်ဆိုရင် နုရဲ့ ကိုယ်စိတ်နှ နာကျင်ပင်ပန်းဆင်းရဲစေမယ့် အပြုအမူမျိုး လုပ်ရက်မယ်မထင် ဘူး"





"ကိုကို့အချစ်တွေကို နည်းနည်းမှ ထည့်မတွက်တော့ဘူး နော် ဟုတ်လား နု"

"ထည့်တွက်ချင်လို့လည်း ရမှမရနိုင်တာပဲရှင်၊ နုဆိုတဲ့ ကလေးနဲ့ ပြန်ဆက်သွယ်တာကိုသာ ဦးမင်းစည်ထင်မာမီသိရင် င်းစည်ထင်ရော နုကိုပါ ခွင့်လွှတ်မယ်မထင်ဘူးရှင့်"

"နုရယ်"

"နု သွားပါရစေတော့ရှင်၊ ကံမကြုံလို့ ပြန်မဆုံနိုင်ပေမယ့် င်းစည်ထင်ရဲ့ အချစ်တွေကို နု အမှတ်ရနေမှာပါ"

"ဦးမင်းစည်ထင်ကို ဘယ်ပို့ပေးခဲ့ရမလဲ"

"ကိုယ့်ကို ဂရုစိုက်မနေပါနဲ့လေ၊ နု စိတ်ချမ်းသာရာကို သွားပါ၊ ကိုယ်ဒီမှာပဲနေခဲ့မယ်"

"နု သွားတော့မယ်"

ခေါင်းငိုက်စိုက်ဖြင့် ကန်စောင်းမှာ ချန်နေရစ်သူကို ငြိမ်စွာ ထိပ်ထားခင် နှုတ်ဆက်စကား ဆိုပါသည်။ မင်းစည် သာ နှခေါ် ထိပ်ထားခင်ကို မျက်တောင်မခတ်စတမ်း စိမ်းစိမ်း ကြီး စိုက်ကြည့်လျက် ကျန်ခဲ့သည်။

စိတ်မကောင်းပေမယ့် မတတ်နိုင်။ နေရာက ကားကို ခဲ မောင်းထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



နေရစ်တော့ ကိုကိုရယ်။

ထိပ်ထားခင်ရင်တွေ နာကျင်ခံစားကြေကွဲရသလို ကိုး
နှလုံးသားတွေ နာကျင်ကြေကွဲစေမှန်း သိပေမယ့် နန်း
မိန်းကလေးနဲ့ ကိုကိုတို့ကြားမှာ အခုလက်ရှိအနေအထားကသာ
အကောင်းဆုံးဆိုတာ တစ်နေ့ ကိုကို သဘောပေါက်လာမှာပါကွ

* * *



## အခန်း (၁၄)

"ညှဲ့လိုက်တာ မင်းစည်ထင်ရယ်၊ ပြောတော့ဖြင့် မိုးလား
လားနဲ့ သူပြောတာ ဘာလို့နားထောင်နေလဲကွ ဖြစ်ချင်ရာဖြစ်ဆို
ဖွတ်အတင်း ခိုးပြေးပါတော့လား"

"နပြောတာတွေအားလုံး မှန်နေမှပဲကွာ၊ သူစိတ်ထိခိုက်
အောင် ငါမလုပ်ရက်ပါဘူး ဇော်မိုးရာ"

"သေလိုက်စမ်းကွာ"

ဇော်မိုးက သူငယ်ချင်းဖြစ်သူ လူချောကြီး မင်းစည်
၏မျက်နှာကို စိတ်မကောင်းစွာ ငေးခနဲကြည့်သည်။ မင်းစည်
က အောင်ချိမ့်လိုမဟုတ်။

အောင်ချိမ့်က ချစ်သူရည်းစား မှိုလိုပေါက်အောင်ထားပြီး
ကကြီးကို ဂရုမစိုက်။ မိန်းမတွေကို အရေးလုပ်စရာဟု မမြင်။



www.burmeseclassic.com

www.burmeseclassic.com



သူ စိတ်ရှိသည့်အတိုင်း ပျော်သလိုနေသည်။ သူ သဘော
သည့် မိန်းမတွေနှင့် ချစ်တမ်းကစားသည်။

စိတ်ပျက်ငြီးငွေ့လာတော့ နောက်ကြောင်းကို တစ်ချ
ပြန်လှည့်မကြည့်ဘဲ ဖြစ်ချင်ရာဖြစ် ထားရစ်ပစ်ခဲ့သည်။ အောင်
မှာ ချစ်တတ် ခံစားတတ်သော နှလုံးသားပဲရှိ၍ တစ်ဖက်
အပေါ်မှာ ကိုယ်ချင်းစာနာ သနားရကောင်းမှန်းမသိ။

မင်းစည်ထင်ကျတော့ အောင်ချိမ့်နှင့် ဆန့်ကျင်ဘက်
သည်။ ချစ်သူရည်းစား မထား။ ရုပ်ချော သဘောကော
မင်းစည်ထင်ကိုလိုချင်သည့် အပျိုတွေရှိပေမယ့် မင်းစည်ထ
စိတ်မဝင်စား။

ဟော··တကယ်တမ်း စိတ်ဝင်စားလာပြီ၊ ချစ်မိပြီဆို
လည်း တစ်ယောက်ဆိုတစ်ယောက် ပိတောက်ဆိုပိတော
ဆိုတာလိုမျိုး။ နုကလွဲပြီး တခြားမိန်းကလေးတွေကိုမှ ချစ်
မထင်တော့။

ချစ်သူရည်းစား အသစ်ထားနိုင်း၍လည်းမရ။ တ
လုံး နုကိုသာ တနေသည်။ တွေ့လာပြန်တော့လည်း နုကို သ
ပါလာအောင် မစည်းရုံးနိုင်။

"ငါ သိပ်စိတ်ညစ်တယ် ဇော်မိုးရာ၊ နုနဲ့ အစက





မတွေ့ဖြစ်ခဲ့ကြရင် ကောင်းမှာ၊ အခုတော့ ငါရော နုရော
ယောက်စလုံး ရင်နာနေကြရပြီ"

"တော်စမ်းပါကွာ၊ ဘာကို မင်းက ရင်နာနေရတာလဲ၊
တလည်း အပျို၊ မင်းကလည်း လူပျို၊ လူပျိုနဲ့အပျို လက်ထပ်
ရင် ပြီးပြီပေါ့၊ အချစ်နဲ့စစ်မှာ မတရားဘူးဆိုတာ မရှိဘူးကွ၊
အခုလို အူကြောင်ကြောင်လုပ်နေပုံနဲ့ မင်းရဲ့နုကို တခြားကောင်
သွားမှ ဒါထက်ပိုဆိုးမယ်ကွ၊ နားလည်လား"

ဇော်မိုးစကားက အမှန်တရားတွေမို့ မင်းစည်ထင် ငိုင်
သွားသည်။ နုကိုချစ်၍ နု စိတ်ဆင်းရဲမှာ၊ နု မကြိုက်တာကို
ချင်၍ အလျှော့ပေးလိုက်မိတာ မှားပြီလားဆိုသည့်အတွေးက
ည်ထင် အသည်းကို ဆတ်ဆတ်ခါ နာသွားသည်။

နုရယ်။

ကိုကို ဘာလုပ်ရမလဲကွယ်။

"ဟိတ်ကောင်တွေ"

"ဟာ…အောင်ချိမ့်"

သူငယ်ချင်းနှစ်ယောက် လက်ရှိအခြေအနေမှာ အားမလို
စိတ်ပျက်လက်ပျက်ဖြစ်နေတုန်း ရေးကြီးသုတ်ပျာ အမူ
ကပျာကယာ ရောက်လာသူက ရွှေမင်းသား အောင်ချိမ့်။



www.burmeseclassic.com

www.burmeseclassic.com



''အရေးကြီးနေပြီကွ၊ ငါ့ကိုကူညီပေးဦး''

''ဘာလဲကွ၊ ဘာကူညီရမှာလဲ''

ဇော်မိုးက ဝင်မေးခြင်းဖြစ်ပါသည်။ မင်းစည်ထင်က [illegible] မလှုပ်။ နှအကြောင်းတွေးပြီး သူ့ဘက်က မပြတ်မသား သ[illegible] စိတ်ဖြင့် ငဲ့ညှာတွေဝေပုံကို အခုမှ ဆွေးနေသည်။

''မိန်းမခိုးမလို့ကွ''

''လာပြန်ပြီတစ်ယောက်''

စိတ်ပျက်သလို အမူအရာနှင့် ဇော်မိုး ညည်း[illegible] အောင်ချိမ့်က ငိုင်တွေမှိုင်ငေးနေသော မင်းစည်ထင်ရှိရာ ဖျတ်[illegible] လှမ်းကြည့်၏။

''ဘာလဲ၊ မင်းလည်း မိန်းမခိုးမလို့ပဲလား မင်းစည်ထ[illegible]

''အေး''

''ဟ…ဒါမျိုးက လက်နှေးလို့မရဘူးကွ''

မင်းစည်ထင် ခပ်လေးလေး ခေါင်းညိတ်သလော[illegible] အောင်ချိမ့်ကျတော့ တက်ကြွလွန်းပြီး ဖျာနေသည်။

''မင်းပုံစံကိုကြည့်ရတာ အားမရလိုက်တာကွ၊ ဘ[illegible] လဲ မင်းရဲ့နှ၊ ငါ့ရဲ့ချစ်ချစ်ကို အသာထားပြီး မင်းရဲ့နှကို[illegible] အရင် ဦးစားပေးစနစ်နဲ့ အရင် ခိုးပေးမယ်''





''ထစမ်းပါကွာ၊ ငိုင်မနေစမ်းပါနဲ့''

အောင်ချိမ့်က သူ့ထုံးစံအတိုင်း သွက်လက်ဖျတ်လတ်စွာ [illegible]ခဏလေးအတွင်းမှာပဲ စီစဉ်သည်။

''ခိုးပြေးစရာ နေရာရောရှိရဲ့လား၊ ဒီမှာ ငါ့အိမ်သော့၊ [illegible] မင်းပဲယူလိုက်တော့၊ အချိန်နဲ့နေရာကိုပြော၊ ငါလာခဲ့မယ်၊ [illegible]မဟုတ် အခုသွားမယ်ဆိုလည်း အထုပ်ထမ်းဖို့ ငါ လိုက်ခဲ့မယ်၊ [illegible]ရဲ့နှဆီ အခုသွားကြမလား''

''မဖြစ်သေးပါဘူးကွာ၊ ငါက ဇာတ်ကြမ်းရင် နှက [illegible]ကိုမုန်းမှာကွ''

အောင်ချိမ့်ကမ်းပေးသည့် အိမ်သော့ကို လှမ်းမယူဘဲ [illegible]စည်ထင်ပြောတော့ အောင်ချိမ့်က သူ့သူငယ်ချင်းအဖြစ်ကို [illegible]ပါးတရရယ်သည်။

''မင်းက တကယ့်လူပဲကွာ၊ မင်းစည်ထင် မင်းနဲ့နှက [illegible]သူတွေပဲ၊ အစတော့ မုန်းချင်မုန်းမှာပေါ့၊ နောက် ကြာတော့ [illegible]ည်း ဒီလိုပဲချစ်သွားမှာပေါ့ကွ၊ အဲဒီလောက်ကြီး တွေးမနေစမ်း [illegible] ငါနဲ့ ငါ့ကောင်မလေးဆို ဘယ်လိုလုပ်မလဲ၊ သူက ငါ့ဆို [illegible]ကိုမချစ်တာကွ၊ ငါက သူ့ကိုချစ်နေပြီဆိုမှတော့ သူ သဘော [illegible] မတူတူ ငါကတော့ ဖွတ်ရော အတင်းရော ခိုးပြေးမှာ''



www.burmeseclassic.com

"တစ်ဖက်သား စိတ်ဆင်းရဲအောင်ကွာ"

"ဒါဖြင့် သူစိတ်ချမ်းသာအောင် သူ့ရည်းစားဆိုတဲ့ကော နောက်ကို ငါကိုယ်တိုင် လိုက်ထည့်ပေးလိုက်ရမလား၊ မရ ကိုယ့်လူ၊ အောင်ချိမ့်ဘဝမှာ အချစ်ဆိုတာ သူနဲ့မှသိတာ၊ ငါချ တဲ့မိန်းမကို ငါအပိုင်ရမှဖြစ်မယ်၊ နှစ်ဖက်မိဘ လူကြီးချင်းလည် သဘောတူပြီးသားပဲ၊ စိတ်ဆိုးလည်း တောင်းပန်လိုက်မယ်၊ အ ကြီးတာက ငါချစ်သူကို ငါပိုင်ဆိုင်ဖို့ပဲကွ"

"အေး…မင်းက အမြင်လည်းရှင်းတယ်၊ ဆုံးဖြတ်ချ ကလည်း ရှင်းတယ်၊ မင်းစည်ထင်ကတော့ မင်းလိုမဟုတ် အောင်ချိမ့်ရေ"

"ငါ့သူငယ်ချင်းဖြစ်ပြီး ညံ့လှချည်လား"

ဇော်မိုးက မင်းစည်ထင်နှင့်နှ တွေ့လာပုံ၊ လက်ဗျ ပြန်လာခဲ့ပုံတွေ ပြောပြတော့ အောင်ချိမ့်မှာ မင်းစည်ထင်ကိုယ် အားမလိုအားမရဖြစ်ကာ သူငယ်ချင်းကို အပြစ်တင်စကားဆို သည်။

မင်းစည်ထင်ကတော့ ကိုယ့်အကြောင်းနှင့်ကိုယ်မို့ မ ပါချေ။

"ကဲပါလေ၊ မင်းတို့ နှ ကိစ္စ အဆင်မပြေမှတော့





ကိစ္စ အရင်အဆင်ပြေအောင် ကြိုးစားရမှာပေါ့၊ ဟိတ်ကောင် ခင်းစည် ငါနဲ့သာလိုက်ခဲ့၊ မင်းရဲ့နှ အလှည့်ကျရင် ဘယ်လိုဘယ်ပုံ မိန်းမခိုးရမယ်ဆိုတာ တစ်ခါတည်းသိသွားမယ်၊ လာ..လိုက်ခဲ့"

"မလိုက်ချင်ဘူးကွာ၊ မင်းဘာသာပဲ…"

"မရဘူးနော် ကိုယ့်လူ၊ သူငယ်ချင်း အချင်းချင်းမှာ ခင်းပါ ဝင်ကူမှဖြစ်မှာ"

အောင်ချိမ့်က မင်းစည်ထင်ကို ခွတ်အပါခေါ်ထုတ်သည်။

"မင်းအလှည့်ကျရင်လည်း မမလေးထဘီထုပ်ကို ငါ ကိုယ်တိုင် ထမ်းပေးမှာပေါ့ကွ ဟုတ်တယ်မဟုတ်လား ဇော်မိုး"

"မပြောတတ်တော့ဘူးဟေ့၊ မင်းတို့ စိတ်ချမ်းသာသလို သာ လုပ်တော့၊ ငါကတော့ ဘယ်သူ့အထုပ်ပဲ ထမ်းရထမ်းရ ရယ်ဒီပဲ"

ဇော်မိုးက ဝင်ပြောလိုက်သဖြင့် သူငယ်ချင်းသုံးယောက် အတူရယ်မိကြသည်။ အောင်ချိမ့်မှာကလည်း ကိုယ့်အပူနှင့်ကိုယ် ဖြစ်သည်။ မင်္ဂလာဆောင်တစ်ခုမှာ ထိပ်ထားခင်ကို ခပ်ချောချော ခပ်ဖြောင့်ဖြောင့် လူတစ်ယောက်က ပိုင်စိုးပိုင်နင်း အမူအရာဖြင့် ဆောင့်ခေါ်သွားသည်ဆိုကတည်းက သူ့အသည်းကို ကျွဲဝင်ခတ် သွားသည်။

www.burmeseclassic.com



ထိပ်ထားခင်ကိုယ်တိုင်က သူမမှာ ချစ်သူရည်းစား တစ်ယောက် ရှိပါသည်ဟု ပွင့်လင်းစွာ ဝန်ခံထားသဖြင့် ထိုလူမှာ သူမရည်းစားသာဖြစ်ရမည်ဟု သူကဒေသည်း အပိုင်တွက်ထားသည်။

ထိုထက်ပို၍ ဆိုးသည်က ထိပ်ထားခင်က သူ့ကို ဖုန်းနှင့် လက်ခံစကားပြောခြင်းမရှိသလို လူကိုယ်တိုင်လည်း အတွေ့ မခံခြင်းဖြစ်သည်။ သူတို့နှစ်ယောက်ကိစ္စကို နှစ်ဖက်လူကြီးမိဘ တွေလည်း သိသည်။

မသိလို့မရ။

ဇော်မိုးက အရက်မူးမူးနှင့် ထိပ်ထားခင်ဖုန်းကို လှမ်း ဆက်သည့်ညကပဲ မာမီနှင့် ဒက်ဒီက သူ့အဖြစ်ကို မေးကြစစ်ကြ သည်။ အောင်ချိမ့်က အစကတည်းက ဖုံးကွယ်လိမ်ညာတတ်သူ မဟုတ်။ သူတို့ဖြစ်ပျက်သမျှ အလုံးစုံကို ဖွင့်ပြောပြသည်။

ထိပ်ထားခင်၏ကြီးတော် အပျိုကြီးပါ မနေရ။ အားလုံး သိပြီးမှတော့ မထူး။ မိဘတွေကတော့ ကိုယ့်သားဘက် လွန်ဆေ မယ့် အပြစ်တင်စကားမဆို။ ထိပ်ထားခင်ကိုသာ လူချင်းတွေ့ပြီး ရှင်းပြတောင်းပန်ပါဆိုတာလောက်နှင့်သာ ပြီးပြတ်သွားသည်။

အစတုန်းကတော့ မာမီတို့ လူကြီးမိဘတွေကို မင်္ဂလာ ကိစ္စ အမြန်ဆုံးစီစဉ်ပေးလိုက်လျှင် ကိစ္စပြီးပြီဟု ထင်ခဲ့သည်။





လက်တွေ့မှာ ထိပ်ထားခင်နားကို သူလို လူတစ်ယောက် ရောက် လာသည်ဆိုတော့ ပျာသွားသည်။

ဖြစ်ချင်ရာဖြစ် ဖွင့်အတင်း ခိုးပြေးမည်။ ဒါက သူ့ အကြံအစည်။ ထိပ်ထားခင်ကတော့ အောင်ချိမ့်ကိုမုန်းမှာ သေချာ သည်။ အခုလည်း ချစ်မှမချစ်တာ၊ မတတ်နိုင်။ သူကားပေါ် မင်းစည်ထင်နှင့် ဇော်မိုး ပါလာ၏။

"အောင်ချိမ့်"

"ဟင်"

"မင်းဟာက ဟုတ်မှဟုတ်ရဲ့လားကွာ၊ လူကြီးမိဘချင်း သဘောတူလို့ပဲ လက်ထပ်ပေးစားကြတော့မယ့်ဟာ၊ ခိုးပြေးစရာ လိုသေးလို့လားဟ"

"လိုအပ်လာလို့ပေါ့ကွ၊ မင်း မကြားဖူးဘူးလား၊ ဖိတ်စာ ဝေပြီး လက်ထပ်ခါနီးတောင် ခိုးရာလိုက်ပြေးတဲ့လူတွေ တစ်ပုံ ကြီး၊ ငါက အရင်လက်ဦးထားမှ ဖြစ်မှာကွ"

သူဆင်ခြေနဲ့သူတော့ ဟုတ်နေသဖြင့် ဘာမှမပြောတော့။

"ဒီနေ့ည ညှော်ခံပွဲကို သူတစ်ယောက်တည်း လာမှကွ၊ ဒါနဲ့ ဇော်မိုးက သူ့ကို ကားပေါ်ပွေ့တင်မယ်၊ မင်းစည်ထင်က ငါ့အိမ်အရောက် ကားမောင်းပို့ပေး"



www.burmeseclassic.com

www.burmeseclassic.com



"ချကွာ"

မထူးတော့တာနှင့် ဇော်မိုးက အောင်ချိမ့်ကို မြှောက်ပေးသည်။ အောင်ချိမ့်က သူ့မှာအသင့်ပါလာသော အရက်ပုလင်းကို ထုတ်ပြီး မော့သည်။

"ရော့ကွာ..မင်းတို့လည်းချ"

"ငါမသောက်ဘူးနော် အောင်ချိမ့်"

မင်းစည်ထင်က ဝင်ပြောတော့ အောင်ချိမ့်နှင့် ဇော်မိုးက ရယ်သည်။

"မင်းကိုလည်း မတိုက်ပါဘူးကွာ၊ မင်းက ကားမောင်းရမယ့်လူဆိုတော့ အရက်မူးနေလို့ မဖြစ်ဘူး"

"မဖြစ်တာမဟုတ်ဘူးကွ၊ အရက်နဲ့ သူ့ရောဂါက တည့်ကို မတည့်တာ အောင်ချိမ့်ရဲ့"

"အေးကွ၊ ကျန်းမာရေးတော့ ဂရုစိုက်ရမယ်"

အောင်ချိမ့်နှင့် ဇော်မိုး တစ်ယောက်တစ်လှည့်စီ အတိုင်အဖောက်ညီညီ စကားပြောလိုက် ပုလင်းမော့လိုက် လုပ်နေချိန်မှာ မင်းစည်ထင်ကတော့ အောင်ချိမ့်ကားကိုပဲ ဂရုစိုက်မောင်းနေလိုက်ပါသည်။

နှ..





ကိုကို့နှုရယ်။

ချစ်သူ၏အမည်ကို တမ်းတမ်းတတ ခေါ်ရင်း လှပသော ချစ်သူမျက်နှာလေးကို မြင်ယောင်မိသည်။ နှုည့်အိတွေးသော အတွေ့ကို ပြန်သတိရလိုက်တော့ မင်းစည်ထင် အသည်းထဲမှာ နွေးသွားသည်။ သရဖီနှင့် မာမီတို့ကြောင့် နှုက သူ့ကို လက်ခံလို စိတ် မရှိတော့တာကို သိသိနဲ့ပဲ အောင်ချိမ့်နဲ့ ဇော်မိုးတို့ပြောသလို ကိုယ့်အလိုဆန္ဒတစ်ခုတည်းအတွက် ဖွတ်နှစ်ပြီး နှုကို ခိုးပြေးရမည်လား။

မာမီနှင့် သရဖီကတော့ နှုဆိုသည့် အသံကိုကြားတာနှင့် နှုပြောသလို မင်းစည်ထင်ကိုရော နှုကိုပါ စိတ်ဆိုးဒေါသဖြစ်ကြမှာ သေချာသည်။

နှုရယ်။

"ဟိုး..ဟိုး..ကားကို ဒီနားမှာပဲရပ်တော့ မင်းစည်ထင်"

"ကျိုး"

အောင်ချိမ့်စကားသံကြောင့် ကားကို လမ်းဘေးမှောင်ရိပ်ကျသည့်ဘက်မှာ ဆွဲရပ်လိုက်သည်။

"ဟိတ်ကောင် အောင်ချိမ့်၊ မင်းသောက်တာ များနေပြီနော်၊ မိန်းမခိုးမယ့်လူကွ၊ သတိထားဦး"



www.burmeseclassic.com

www.burmeseclassic.com



''အေးပါကွ''

''ငါကတော့ မင်းတို့အစီအစဉ်ကို သဘောမတူဘူး အောင်ချိမ့်၊ နှစ်ဖက်လူကြီးချင်း သဘောတူထားပြီးမှ အေးအေးဆေးဆေး ကိစ္စပြီးရမှာကို ဘာလို့ပြဿနာရှာမှာလဲ''

''သူက ငါ့ကို လက်မထပ်နိုင်ပါဘူးလို့ အပြတ်ငြင်းလိုက်ပြီကွ မင်းစည်ထင်''

''ဟင်''

''ဟ…မိုက်လှချည်လား၊ မင်းလိုလူကို မယူချင်တဲ့သူကလည်း ရှိသေးသားပဲကွ''

ဇော်မိုးရော မင်းစည်ထင်ပါ အံ့သြသွားကြသည်။ ဒီလောက်ထိ ဖြစ်လာမည်လို့ သူတို့နှစ်ယောက်စလုံး ထင်မထားခဲ့

''အဟွန်း…ဟွန်း…ဟွန်း…တခြားမိန်းမငြင်းတာဆို ဘာအရေးလဲကွ၊ အောင်ချိမ့်တို့က သူ့ထက် ဆယ်ဆသာတဲ့သူ ဟောတစ်ယောက် ဟောတစ်ယောက် တွဲပြလိုက်မယ်၊ အခုဟာက ငါချစ်တဲ့မိန်းမ၊ ငါ့အသည်းနှလုံးထဲက လှိုက်လှိုက်လှဲလှဲ ချစ်တဲ့ မိန်းမဖြစ်နေတော့ ငါ မခံနိုင်ဘူးကွ၊ ရင်နာတယ်၊ အသည်းထဲက နာတယ်၊ ဟောဒီရင်ဘတ်ကြီးထဲက နာတယ်၊ ဒါကြောင့် ငါချစ်တဲ့ မိန်းမကို ရအောင်ယူမှာ''





''ဖြစ်ပါ့မလား အောင်ချိမ့်၊ ကောင်မလေးက မင်းကို မယူနိုင်ပါဘူးလို့ အတိအလင်းငြင်းထားတော့မှ ဇွတ်နိုးပြေးလို့ တော်ဘူးထင်တယ်၊ တော်ကြာ ရုံးရောက် ဂတ်ရောက်နဲ့ ပြဿနာ လိုက်ရှင်းနေရဦးမယ်နော် အောင်ချိမ့်''

ဇော်မိုးက အခုမှ ပြဿနာအတိမ်အနက်ကိုသိပြီး သွေးလန့်နေသည်။

''ပြဿနာဖြစ်လည်း ငါဖြစ်မှာပါကွ၊ မင်းဖြစ်မှာမဟုတ်ပါဘူး၊ ဒီလောက်လည်း သွေးကြောင်မနေစမ်းပါနဲ့''

''ဟော..ဟိုမှာ..ဟိုမှာ၊ ကားပေါ်ကဆင်းလာတဲ့သူပဲ၊ ဇော်မိုး မင်း ငါနဲ့လိုက်ခဲ့၊ မင်းစည်ထင် မင်းက အခြေအနေကြည့်ပြီး ကားကို ဘီးလိမ့်ရုံ ဖြည်းဖြည်းချင်းမောင်းလာနော်၊ အားလုံး တွက်တိဖြစ်မှ ဖြစ်မှာနော်၊ ငါ သူ့ကို ငါ့နည်းငါ့ဟန်နဲ့ အပြင်ကို ခေါ်ထုတ်လာမယ်၊ ဇော်မိုး မင်းက ဒီအမှောင်ရိပ်နားက စောင့်နေ၊ ငါသွားမယ်''

''ဟိတ်ကောင် အောင်ချိမ့်''

ဇော်မိုး အသံအုပ်အုပ်ဖြင့် လှမ်းခေါ်ပေမယ့် အောင်ချိမ့်က လှည့်မကြည့်။ မင်းစည်ထင်ရော ဇော်မိုးပါ အူတုန် အသည်းတုန် ဖြစ်ကျန်ရစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



''ဘယ်လိုလုပ်ကြမလဲ မင်းစည်ထင်''

''အခုမှ ငါ့ကိုလာမေးမနေနဲ့၊ မင်းပဲ အားပေးတုန်းက အားပေးပြီးတော့''

''ဟဲ..အဲဒါက ငါမှ အခုလိုပြဿနာဖြစ်နေတာ မသိဘဲ မင်းမှာ ဦးထုပ်လေးဘာလေးပါရင် ပေးစမ်းပါဦးကွာ၊ ရုပ်လေး ဘာလေး ဖျက်သင့်ရင် ဖျက်ထားရအောင်''

''ဘာဦးထုပ်မှမရှိဘူး၊ မျက်မှန်ပဲရှိတယ်''

''ပေး...ပေး''

အမှောင်ကြီးထဲမှာ ဇော်မိုးက အောင်ချိမ့်မျက်မှန်မည်းကြီး ကို ကောက်တပ်လိုက်ပုံကိုကြည့်ပြီး မင်းစည်ထင် ရယ်မိသည်

စိတ်ညစ်တာပင် ကောင်းကောင်းမညစ်ရ။ ကိုယ့်အ ကိုယ့်သောကနှင့် ဆွေးနေပူနေတုန်း အောင်ချိမ့်ဆိုသည့် ရွှေမင်းသား ကြောင့် ကိုယ့်အပူကိုဘေးချိတ်ပြီး သူ့အပူကို လိုက်ကူနေရသည်

''ဟာ..ဟိုမှာ အောင်ချိမ့်နဲ့ ကောင်မလေးတစ်ယော ပါလာပြီ၊ မင်းစည်ထင် ငါတို့မျက်နှာတွေ မမှတ်မိအော တစ်ဖက်ကို လှည့်ထားမှထင်တယ်''

''ဘယ်လိုလုပ်ကြမလဲ''

''ဘာမှလုပ်မနေနဲ့၊ ဟိုမှာ အောင်ချိမ့်တော့ အပြတ် ပွဲကြ

ပြီ၊ ကားနောက်ခန်းတံခါးကို အသင့်ဖွင့်ထား''

''အူး...ဝူး..ဝူး''

ထိပ်ထားခင်ထံမှ အလန့်တကြား တွန်းထိုးရုန်းကန်ခြင်း အတူ ပါးစပ်က ပတ်ဝန်းကျင်ကို အော်ဟစ်အကူအညီတောင်း သော်လည်း မအောင်မြင်။

အောင်ချိမ့်က ထိပ်ထားခင် နှုတ်ခမ်းအစုံကို လက်ဖဝါး ဖိအုပ်ရင်း တစ်ယောက်တည်း မနိုင်မနင်းဖြစ်နေပုံကြောင့် မှန်အမည်းတပ်ထားသည့် ဇော်မိုးကပဲ ရုပ်ရှင်ထဲက လူဆိုး နှင့် အောင်ချိမ့်လက်ထဲ မနိုင်မနင်းဖြစ်နေသူလေး၏ကိုယ်ကို ကောက်ဆွဲပွေ့မယူပြီး အသင့်ရပ်ထားသည့်ကားပေါ် တင်ရသည်။

''လုပ်ပါကွ မြန်မြန်''

''အူး..ဝူး''

''မောင်း..မောင်း၊ ကားကိုမြန်မြန်မောင်း''

''ဝူး''

''ကျွီး''

မောင်းဆိုတာနှင့် မင်းစည်ထင်ကလည်း ကားကို အရှိန် ဒိတာတင်ပြီး မောင်းပြေးသလို ကားနောက်ခန်းထဲမှာလည်း သုန်းကား ဆူညံနေ၏။





www.burmeseclassic.com

www.burmeseclassic.com



"ဟာ..မင်းကောင်မလေး မလှုပ်တော့ဘူး အောင်ချိမ့်[...] ရော့ အသက်ရှုကြပ်ပြီး သေများသွားမှဖြစ်ငံ့ ငါတို့ပါ အမှုပတ်[...] နေပါဦးမယ်ကွ၊ လုပ်စမ်းပါဦး"

"မသေပါဘူးကွ၊ လန့်ပြီး သတိမေ့သွားတာပါ"

"ခင်"

"ခင်"

ဇော်မိုးအသံက အလန့်တကြားဆိုတော့ ကားမောင်း[...] သည့် မင်းစည်ထင်ပါ ကြားရသည့်စကားနှင့် လန့်နေသည်။

"ခင်"

"နေ..နေ..သူမေ့နေတာလည်းကောင်းတယ်၊ တော်[...] ကယ်ပါ ယူ့ပါနဲ့ ထအော်နေမှအခက်၊ ကားကို မြန်မြန်မောင်းပါ[...] မင်းစည်ထင်ရဲ့ သူတို့ကိုထားပြီး ငါတို့လည်း ဒီနေရာက ခပ်မြန်မြန်[...] လစ်ပြေးမှဖြစ်မှာ"

"သိပါတယ်ကွ၊ ဒီထက်မြန်ရင်လည်း အကုန်နတ်[...] ရောက်ဖို့ပဲရှိတယ်"

"မလုပ်ကြပါနဲ့ကွာ၊ အခုမှ ငါ့မှာက ခဲရာခဲဆစ် မိ[...] ခိုးလာရ ပူပူနွေးနွေးလေးမို့ပါ"

စိတ်ညစ်သည့်ကြားမှ ကိုယ်စီ ပြုံးဖြစ်အောင် ပြုံး[...]





[...]ကြသေးသည်။ ခြံစောင့်ကြီး အသင့်ရှိနေသဖြင့် အောင်ချိမ့် [...]အိမ်အစဉ်က အားလုံး အိုကေမှာ စိုပြည်နေသည်။

"ကဲ...မင်းတို့သွားလို့ရပြီဟေ့"

သတိမေ့နေသော သတို့သမီးလောင်းကို တစ်ယောက်[...]ည်း ဟန်ပါပါ မယူပွေ့ချီပြီး တိုက်ထဲဝင်သွားသော အောင်ချိမ့် [...]သံကြားသည်နှင့် နောက်ကြောင်းကို တစ်ချက်လှည့်မကြည့်ဘဲ [...]င်းစည်ထင်က သူ မောင်းလာသည့်ကားကို လာရာလမ်းအတိုင်း [...]အားဆွဲကွေ့ပြီး ပြန်ခဲ့သည်။

ညအမှောင်ထဲ မျက်မှန်အမည်းကြီးတပ်လျက် ပါလာသည့် [ဇ]ော်မိုးကိုယ်တိုင်ကလည်း အောင်ချိမ့် ခိုးပြေးလာသည့် သတို့သမီး[လ]ောင်း၏မျက်နှာကို သဲကွဲစွာ မြင်တွေ့လာသူမဟုတ်။

အမှောင်ထဲ မျက်မှန်အမည်းကြီးဖြင့် ရမ်းသန်းဆွဲသွင်းလာ[...]သူ။

အကယ်၍သာ ဇော်မိုးရော မင်းစည်ထင်ပါ အောင်ချိမ့် [အ]တွက် သူတို့နှစ်ယောက် အသွတ်အသည်းတုန် ဝိုင်းခိုးပေးလိုက်[သ]ည့် သတို့သမီးလေးမှာ နဆိုသည့် မင်းစည်ထင် ချစ်သူလေး [ဖြ]စ်နေသည်ကိုသာ သိခွင့်မြင်ခွင့် ရလိုက်မည်ဆိုပါက အခုလို [နှစ်]ယောက်စလုံး စိတ်အေးလက်အေး ပြန်လာနိုင်မည်မဟုတ်ပါချေ။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၅)

''ခင်''

''ခင်''

''အင်း..ဟင်း..ဟင်း''

သဲ့သဲ့ညည်းသံနှင့်အတူ အသိတရား ခန္ဓာကိုယ်မှာ ကပ်ငြိသည်နှင့် နေရာက ဝုန်းခနဲ ခုန်ထလိုက်မိရသူက ထိပ်ထားခင် ဖြစ်သည်။

''ခင် သတိရပြီနော်''

''ဟင်''

''ရှင်..ရှင်..ကျွန်မကို ဘယ်ခေါ်လာတာလဲ ဦးအောင်ချိမ့်''

''ကိုယ့်အိမ်ကို ခေါ်လာတာပါ''





''ဘာ''

''တစ်နည်းပြောရရင် ခင့်ကို ကိုယ် ခိုးလာတာလို့ ပြောတာ''

''ဟင်..ရှင်..ရှင်''

''ခင့်ကို ကိုယ်ချစ်တယ်''

''ဟာ''

ထိပ်ထားခင် ဦးခေါင်းထဲ မိုက်ခနဲဖြစ်သွားသည်။

ဒီလူ..ဒီလူ..ထိပ်ထားခင်ကို သူ့သဘောနှင့်သူ ဖွတ်အတင်း အဓမ္မ ခိုးယူလာရအောင် သူက ဘာမို့နည်း။ ထိပ်ထားခင်နဲ့ ချစ်သူရည်းစားလည်းမဟုတ်။ လူကြီးမိဘချင်း လက်ထပ်ဖို့ သဘောတူထားသည်ဆိုပေမယ့် ထိပ်ထားခင်ဘက်မှ သူ့ကို လုံးဝ လက်မထပ်နိုင်တော့ပါဟု ဘဘနှင့် ကြီးကြီးရှေ့မှာပင် တိကျ ပြတ်သားစွာ ငြင်းဆိုကန့်ကွက် အသိပေးပြီးဖြစ်ပါလျက် ဘာကြောင့် ထိပ်ထားခင်ကို သူ့သဘောနှင့် ခိုးယူလာရသနည်း။

ညနေခင်းပွဲကို ထိပ်ထားခင် ရောက်လာတော့ အောင်ချိမ့်က အရေးတကြီးကိစ္စ ပြောစရာရှိသည်၊ သူနှင့်ခဏလိုက်ခဲ့ပါဟု ဆိုသည်။ ထိပ်ထားခင်က မလိုက်။ လူကြားသူကြားထဲ ဖွတ်ရော အတင်းပါ လက်ဆွဲခေါ်တော့ ရှက်ရှက်နှင့် သူခေါ်ရာ လိုက်ခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



သည်။

အကြံသမားက သူ့အပေါင်းအဖော် သူငယ်ချင်းရေ အကူအညီဖြင့် ထိပ်ထားခင်ကို အမှောင်ရိပ်ခိုပြီး ဖွတ်အတောင်း အ ကားတင်ပြေးသည်။ ရုန်းရင်းကန်ရင်း အောင်ချိမ့်က ထိပ်ထား ၏ပါးစပ်ကို လက်ဖဝါးဖြင့်ပိတ်ထားရာမှ နှာခေါင်းကိုပါ ပိတ် ကာ အသက်ရှူကြပ်ပြီး သတိလစ်သွား၏။

သတိရလာတော့ အိပ်ခန်းကျယ်ကြီးတစ်ခု၏ ခုတင်ပေ ရောက်နေပြီး သူမနားမှာ အောင်ချိမ့်ဆိုသည့် မုန်းစရာကောင်းသူ လူ ရောက်နေသည်။

"ခင်"

"ရှင်..ရှင်..ဒီလောက်တောင် အကြံပက်စက်ဦး"

"ကဲပဲ"

"ကဲ..ကဲ"

ထိပ်ထားခင်၏ အထွတ်အထိပ်ဒေါသက အနားမှာ သည့် အောင်ချိမ့်ကိုယ်ကြီးကို လက်လှမ်းမီသရွေ့ ထုသ ရိုက်သည်။

"ရှင့်ကိုမုန်းတယ် သိလား"

"မုန်းတယ်"





"ခင်ရယ်"

ပါးပြင်ပေါ် မျက်ရည်ပေါက်ပေါက် စီးကျလျက် ခံပြင်း ကျင်စွာ ဟစ်အော်နေသူကို အောင်ချိမ့် မြတ်နိုးစွာ ရူးစိုက်ငေး ကြည့်ရင်း သူမစိတ်ရှိသလောက် ပေါက်ကွဲထုရိုက်နေသမျှကို ဘာတစ်ခုမှမတုံ့ပြန်ဘဲ ဒီအတိုင်း ပေပြီးငြိမ်ခံနေရာက ဘယ်လိုမှ စိတ်မထိန်းနိုင်တော့သလို ထိပ်ထားခင်ကိုယ်လေးကို သူ့ရင်ခွင်ထဲ ဖြန်းခနဲ ဆွဲပွေ့ပစ်လိုက်သည်။

"လွှတ်"

"ဟင့်အင်း...ခင့်ကိုချစ်တယ်"

ထိပ်ထားခင်ထံမှ ငြင်းဆန်ရုန်းကန်မှုများက အောင်ချိမ့် အတွက် မည်သည့်ထိရောက်မှုကိုမှ မပေးနိုင်တော့ပြီလားမသိ။ နှုတ်သိပ်ပြင်းပြသော ချစ်အနမ်းကြမ်းကြမ်းတွေအောက်မှာ လှိုင်း ဆန်သော ရင်အစုံဖြင့် လူးလိမ့်မျောပါသွားသည်။

"ချစ်တယ် ခင်ရယ်"

"ဟင့်အင်း...ဟင့်အင်း"

"ရှင်...ကျွန်မကို..အို.."

အိပ်ရာနှင့်ကျောပြင်အထိမှာ အင်အားရှိသရွေ့ ရုန်းကန် ရုန်းကန်ပြေးရန် ကြိုးစားသည်။ သို့သော် တအိအိပြိုဆင်းလာသည့်



www.burmeseclassic.com

www.burmeseclassic.com



သူ့ခန္ဓာကိုယ်ကြီးအောက်မှ ထိပ်ထားခင်တစ်ကိုယ်လုံး တင်း... စွာ တုပ်နှောင်ပြီးသားဖြစ်သွားသည်။

"ချစ်တယ် ခင်ရယ်"

နှုတ်ခမ်းလေးကို မလှုပ်နိုင်အောင် အတင်းကျ... အတုပ်နှောင်ခံလိုက်ရသည်။ အချစ်လှိုင်းထန်ထန်များကြား... လူးလွန့်လှုပ်ရှား ရုန်းကန်လျက် မောဟိုက်ပင်ပန်းစွာ သူ့ကိုယ်... ကို ထုရိုက်ဖို့ ကြိုးစားပေမယ့် အင်အားမပါနိုင်တော့။

တင်းကျပ်စွာ ဖက်တွယ်ထားသော လက်များအ... ညို့ချက်ပြင်းသော မြွေတစ်ကောင်နှယ် ထိပ်ထားခင်ကို သူ... ရှိရာ ဆန္ဒအတိုင်း ဖွတ်အတင်း သိမ်းသွင်းဆွဲဆောင်ခေါ်ယူသ...

အရက်မူး အချစ်မူးနေသူက ထိပ်ထားခင် မျက်ရည်... ကို ဂရုမစိုက်။

"ထိပ်ထားခင်၊ မောင့်ရဲ့ခင်ရယ်"

"အို"

အနမ်းမုန်တိုင်းတစ်ခုက ထိပ်ထားခင်တစ်ကိုယ်... အင်အားပြင်းစွာ သိမ်းကျုံးပွေ့ယူခါယမ်းပစ်သည်။ သဲ့သဲ့ည... နှင့်အတူ ထိပ်ထားခင်တစ်ကိုယ်လုံး အောင်ချိမ့်ရင်ခွင်... တင်းကျပ်စွာ မွန်းနစ်သွား၏။





အခန်းထဲရှိ ပြာလဲ့လဲ့ညအိပ်မီးလေး ဖျတ်ခနဲငြိမ်းသွားသည်။ နောက်ဆုံးတော့ သူ့အလိုဆန္ဒများအောက်မှာ ထိပ်ထားခင်၏ ငိုရှိုက်သံသဲ့သဲ့ ထွက်လာ၏။

"ကဲဟယ်"

"ကဲ...ကဲ"

"ဖြန်း"

"ဖြန်း"

ဘယ်နှစ်ချက်ဟု မမှတ်မိတော့။

သူမလက်များ နာကျင်လာမှပင် အိပ်ရာထက်မှာ မျက်နှာအပ်ပြီး ကလေးတစ်ယောက်လို ငိုရှိုက်မိပြန်သည်။ အမှတ်သည်းခြေမရှိသော လူတစ်ယောက်လိုပင် အောင်ချိမ့်ဆိုသည့်လူက ထိပ်ထားခင် ပခုံးနှစ်ဖက်ကို တင်းတင်းပွေ့ဖက်ကာ မည်းနက်သော သူမဆံပင်များအတွင်း သူ့မျက်နှာကို နှစ်အပ်ရှိုက်နမ်းလျက် သူ့အပြစ်ကို နှစ်သိမ့်ဖို့ ကြိုးစားလျက်ရှိ၏။

"ကိုယ်တို့လက်ထပ်ကြမယ်နော် ချစ်"

"လွှတ်..ကျွန်မအသားကို မထိနဲ့"

"ဟင့်အင်း"

"အရမ်းချစ်ဖို့ကောင်းတယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



''ချစ်ကို ဒီလောက်လမှန်း ကိုယ် မသိဘူး၊ ပြီးတော့ ချစ်က ဘယ်သူနဲ့မှမတူတဲ့ ခံစားချက်မျိုးပေးနိုင်တယ်၊ ချစ်မရှိဘဲ ကိုယ် ဘယ်လိုမှ နေလို့ရတော့မှာမဟုတ်ဘူး၊ ချစ်တယ်ကွာ''

တုန်ယင်လှိုက်မောစွာ ထိပ်ထားခင် မျက်နှာကို သူ့ မျက်နှာချောချောကြီးနှင့် ဖွတ်အတင်း တိုးဝှေ့ပွတ်တိုက်ရင်း ချစ်ဇေ အကြိမ်ကြိမ် သိချင်နေသူ၏မျက်နှာကို တအားလွဲရိုက်ပစ်ချင် သည်။ သို့သော် ကြမ်းရှမွတ်သိပ်သော ချစ်အနမ်းများအောက်မှာ ဒုတိယအကြိမ် ချောက်ကမ်းပါးနက်နက်ထဲ အဆုံးအစမရှိ ထိုးကျ သွားရပြန်သည်။

''ကိုယ်တို့လက်ထပ်ကြမယ်နော် ချစ်''

ထိပ်ထားခင်ကိုယ်လေး ဆတ်ခနဲ တုန်ခါသွားသည် ငိုရှိုက်သံတွေ ရပ်ဆိုင်းသွားသည်။

''သွား..အခုထွက်သွား၊ ရှင့်မျက်နှာကိုမကြည့်ချင်ဘူး''

မျက်ရည်တို့ စိုလူးပေကျံနေသော မျက်နှာလှလှလေး သူမ ဘာပြောပြော မနာကျင်နိုင်ဘဲ ပိုတိုး၍သာ ချစ်မြတ်နိုး မိသည့်အဖြစ်ကို အောင်ချိမ့်ကိုယ်တိုင်သာ သိသည်။

''ရှင့်ကိုမုန်းတယ် သိလား''

''ကိုယ်ကတော့ ခင့်ကိုအချစ်ဆုံးပဲ၊ ဒီကမ္ဘာပေါ်မှာ တစ်





တစ်ယောက်မရှိနိုင်တဲ့ အချစ်မျိုးနဲ့ချစ်တယ်၊ မြတ်နိုးတယ်၊ တန်ဖိုး ထားတယ်''

''အဲဒါချစ်ဦး''

''မြတ်နိုးဦး''

''ဒုန်း''

''ဝုန်း''

''ခွမ်း''

''ဒုတ်''

''အ''

အနားရှိ ပစ္စည်းတွေနှင့် ထုရိုက်ရင်း အောင်ချိမ့်နဖူးကို ထိပြီး ဒဏ်ရာရသွားသည်။ နဖူးမှစီးကျလာသည့် သွေးတွေကို မြင်တော့ ထိပ်ထားခင် ရှိုက်ငိုသည့်အခါ သူက ဘာမှမဖြစ်သလို ထိပ်ထားခင်ကို ချော့မော့နှစ်သိမ့်သည်။

နောက်ဆုံးတော့ မျက်ရည်တွေနှင့်ပင် နွေးထွေးကျယ်ပြန့် သော အောင်ချိမ့်ရင်ခွင်မှာ မောပန်းစွာ အိပ်ပျော်သွားရသူက ထိပ်ထားခင်ကိုယ်တိုင်ပင်ဖြစ်သည်။

အပြောင်းအလဲတွေက လျင်မြန်သည်။ မျှော်လင့်မထား တာတွေလည်း ဘဝမှာဖြစ်တတ်သည်။ အောင်ချိမ့်က ထိပ်ထားခင်



www.burmeseclassic.com

www.burmeseclassic.com



ကို သူ့သဘာနှင့်သူ ခိုးယူထားသည့်အကြောင်း သူ့မိဘတွေ
ကိုလည်း ဖုန်းဆက်သည်။ ထိပ်ထားခင် အုန်းထိန်းသူတွေ
လည်း ဖုန်းဆက်သည်။

နှစ်ဖက်လူကြီးမိဘတွေက သူ့လုပ်ပုံကို ရင်ဖိနေကြသည်

"ဘယ်လိုလုပ်လိုက်တာလဲ သားရယ်၊ ထိပ်ထား
လေးက သားကို စိတ်ဆိုးနေတာမဟုတ်လား"

"သူ စိတ်ဆိုးပြီး သားကိုမယူနိုင်ပါဘူး၊ လက်မ
နိုင်ပါဘူးဆိုလို့ ခိုးပြေးဖြစ်သွားတာ မာမီ"

"သားနဲ့တော့ သိပ်ခက်တာပဲကွယ်"

သားဖြစ်သူ၏စိတ်ကို သိထားသည့် အောင်ချိမ့်မာမီ
ညည်းညူသံလေး ထွက်လာသည်။

"ဘာမှမခက်ပါဘူး မာမီရာ၊ သား သူ့ကိုတ
မြတ်မြတ်နိုးနိုး ချစ်တာပါ၊ ချစ်လို့လည်း ရအောင်ယူမ
ဆုံးဖြတ်လိုက်တာ၊ မာမီတို့သာ သားကိစ္စကို အဆင်ပြေအော
လုပ်ပေးနော် မာမီ"

"အေးပါကွယ် အေးပါ၊ ဒါနဲ့ သမီးလေးအခြေအ
ကရော"

"စိတ်ဆိုးဒေါသဖြစ်နေတာပေါ့ မာမီရဲ့၊ ဒါလည်း





တော့ အဆင်ပြေသွားမှာပါဗျာ၊ သားသားတို့ မီးမီးတို့ အဖေဖြစ်
အောင် ပိုတောင်ချစ်ဦးမှာ၊ မာမီလည်း ဘွားဘွားကြီးလုပ်ဖို့
နေကတည်းက ပြင်ဆင်ထားနော်"

"အမလေး...စိတ်ကူးကလည်းယဉ်ပါ့၊ မင်းကြောင့်
ဆိုးနေတဲ့ သမီးလေးကိုသာ ထပ်စိတ်မပျက်စေနဲ့ သိလား၊
အခုပဲ ထိပ်ထားခင် အုပ်ထိန်းသူတွေဆီသွားလိုက်မယ်"

"ဟုတ်ကဲ့ မာမီ"

သားဖြစ်သူနှင့်စကားပြောပြီး ဖုန်းချလိုက်ပေမယ့် မာမို့
ကန့်မှာ ပြုံးနေမှာကို အောင်ချိမ့် သိပါသည်။ မာမီက မြေးရူး
အသူမှန်းသိ၍ပါ။

"အဟွန်း"

အတွေးဖြင့် နှစ်သိမ့်ကျေနပ်စွာ အောင်ချိမ့်ပြုံးသည်။
အောင်ချိမ့်တို့အမေဘက်က အမြွှာမျိုးဖြစ်ပေမယ့် အောင်ချိမ့်ကျတော့
မြွှာမဖြစ်ဘဲ တစ်ဦးတည်းသောသားဖြစ်လာသည်။ သူ့အလှည့်
င်တော့ သားတစ်ယောက်၊ သမီးတစ်ယောက် အမြွှာမွေးဖြစ်
သား မပြောတတ်။

သူကတော့ အမြွှာလေးတွေကိုပဲ လိုချင်သည်။ ဖုန်းကို
ပြီး အိမ်ထဲပြန်ဝင်ခဲ့သည်။ ထိပ်ထားခင်ကို သူ့သဘောသူ



www.burmeseclassic.com

www.burmeseclassic.com



နီးလာပြီး အခုချိန်ထိ အိမ်ပြန်မပို့သေး။ အချစ်စစ်ပွဲလေးတွေ ကျင်းပနေရတာကို ရင်တသိမ့်သိမ့်ကြည်နူးလျက် အကျေနပ်ကြီး ကျေနပ်နှစ်သိမ့်နေ၏။

ဒီနေ့ဆို သုံးရက်ရှိပြီ။

ထိပ်ထားခင်က အိမ်ပြန်ပို့ပေးပါဟုဆိုပေမယ့် သူက မလှုပ်။ တယုတယနှင့် ချစ်သူနားမှာ နေလို့မဝသေး။ ကြင်နာ ယုယ၍မဆုံး။ ချစ်တေးအထပ်ထပ် သီကုံးဖွဲ့နွဲ့ချင်သည်။ သူမကို အိမ်ပြန်ပို့ပြီးလျှင် မျက်နှာလှလှလေးကို မြင်ခွင့်ပင်ရမည်မထင်။ ဒီလိုမျိုးအဖြစ်မခံနိုင်။

ချစ်သူကို ရင်ခွင်မှာ ပိုက်ထွေးယုယနေချင်သည်။ အိပ်ခန်း ဧ့မှာ ခြေစုံရပ်လိုက်တော့ ထိပ်ထားခင်က သူ့အခန်းတံခါးကို သော့ပိတ်ထားတာနှင့် ကြုံသည်။

''ခင်''

''ခင်''

''ကိုယ့်ကို တံခါးဖွင့်ပေးပါဦးဗျာ''

သူ့ဘာပြောပြော အခန်းထဲက ထိပ်ထားခင်က မလှုပ် အသံလည်း မပေး။ တစ်ယောက်တည်း တံခါးအပြင်မှာရပ်လျက် အခန်းထဲက ချစ်ရသူကို ချစ်စနိုးပြုံးမိ၏။





''အဟွန်း··ဟွန်း··ဟွန်း··ချစ်လိုက်ရတာ ခင်ရယ်''

အချစ်သည်းထန်သော သူ့ကို အရှက်သည်းထန်သူ ချစ်ဇနီးလေးက မျက်နှာချင်းမဆိုင်ချင်မှန်း သူသိသည်။ သိသိနှင့် င် သူမအလိုကို မလိုက်နိုင်ဖြစ်နေသည်။ ထိပ်ထားခင်က သူ့ မျက်နှာကို မမြင်မတွေ့ချင်ဖြစ်နေချိန်မှာ အောင်ချိမ့်က သူမမျက်နှာ လေးကိုသာ မြင်ချင်မြွေ့ချင်နေသည်။ သူမအသံလေးကို ကြား ချင်နေသည်။ သူမ လှုပ်ရှားမှုတိုင်းကို တစိမ့်စိမ့်ကြည့်ချင်နေသည်။

''ခင်''

အခန်းထဲက မထူး။

အောင်ချိမ့်က သူ့တွင်အသင့်ရှိနေသော သော့ဖြင့် အိပ်ခန်း တံခါးကို ဖွင့်လိုက်၏။

''ချောက်''

''ကျွီ''

''ဟင်''

''ခင်''

ပိတ်ထားသည့် အိပ်ခန်းတံခါးပွင့်လာပြီး အောင်ချိမ့် မျက်နှာချောချောကို ဘွားခနဲ မြင်လိုက်ရတာမို့ အိပ်ရာထဲမှာ မျက်နှာလေးကိုမှောက်အပ်ပြီး တသိမ့်သိမ့်ရှိုက်ငိုနေသူ ထိပ်ထားခင်



www.burmeseclassic.com

www.burmeseclassic.com



၏ မျက်ရည်စီးချောင်းလေး တန့်သွားသည်။

"ငိုနေပြန်ပြီလား အချစ်ရယ်၊ ခေါင်းတွေကိုက်ကုန်တော့မှာပဲ"

"ကိုက်ကိုက် သေသေ ရှင့်အပူမပါပါဘူး"

အောင်ချိမ့်ထံမှ ကြင်နာခြင်းဖြင့် ချစ်မြတ်နိုးဟန်ကို ထိပ်ထားခင်က မုန်းမုန်းနှင့်ကြည့်မရစွာ စကားကို ဘုဂွန်းပြောတော့ အောင်ချိမ့်ထံမှ တိုးဖွသောရယ်သံသဲ့သဲ့ ထွက်လာသည်။

မုန်းစရာကောင်းသည့် ထိုလူက ထိပ်ထားခင် ဘာပြောပြော ဘာလုပ်လုပ် သူ့အတွက်တော့ ပန်းနှင့်ပေါက်တာကမှ နာဦးမည်ဟု ထင်ရသည်အထိ။ ထိပ်ထားခင်၏မျက်နှာလှလှလေးကို ချစ်ခြင်း၊ မြတ်နိုးခြင်းတွေ လျှံဝေနေသော မျက်လုံးလက်လက်စိုစိုများဖြင့် စူးစိုက်ကြည့်ငေးနေတတ်တာကိုပဲ ထိပ်ထားခင်မှာ ပို၍ပို၍မုန်းရပါသည်။

"ခင်"

"ဖယ်..ရှင် ကျွန်မအသားကို မထိနဲ့"

သူ့မပခုံးကို ထိကိုင်လာသော အောင်ချိမ့်လက်ကို ခပ်ကြမ်းကြမ်း ပုတ်ထုတ်လိုက်သော ထိပ်ထားခင်၏အမူအရာလေးကြောင့် လှပသော သူ့မမျက်နှာလေးကို စိုလက်တောက်ပသော





အချစ်မျက်ဝန်းများဖြင့် မြတ်နိုးအသည်းယားစွာ စူးစိုက်ကြည့်ပစ်လိုက်သည်။

"ကိုယ့်မာမီဆီကို ဖုန်းဆက်ထားတယ်၊ ခင့်ကြီးကြီးဆီကိုရောပေါ့"

ထိပ်ထားခင်ထံမှ နာကြည်းစိမ်းလက်သော အကြည့်က အောင်ချိမ့်ထံ ဖျတ်ခနဲရောက်လာသည်။

"ရှင့် ကိုယ်ရှင်တော့ သိပ်ဟုတ်နေတာပေါ့လေ ဟုတ်လား"

"ခင့်ကိုပိုင်ဆိုင်ခွင့်ရဖို့ဆိုရင် ဒီနည်းပဲရှိတယ်လေ၊ ကိုယ်မှ ခင့်ကိုမခွဲနိုင်ဘဲ"

"ရှင့်ကို သေတဲ့အထိ ခွင့်မလွှတ်ဘူး သိရဲ့လား၊ ရှင့်မျက်နှာကိုလည်း မကြည့်ချင်ဘူး"

"ကိုယ်ကတော့ ခင့်မျက်နှာလေးကိုပဲ အမြဲကြည့်ချင်နေတယ်၊ မြင်ချင်နေတယ်"

လူကို မရယ်မပြုံး ခပ်တည်တည်မျက်နှာပေးနှင့် ခပ်ရဲရဲ ကြည့်ရွှန်းလဲ့စွာ စူးစိုက်ကြည့်နေသော အောင်ချိမ့်ပုံစံကိုကြည့်ကာ ထိပ်ထားခင်ထံမှ ဆူဝေလာသော ဒေါသလေးများ ပေါက်ကွဲရပြန်ပါသည်။



www.burmeseclassic.com

''ခင်ရယ်...ချစ်တယ်''

''ရှင်..ဖယ်..လွှတ်''

''ဟင့်အင်း''

''အို''

အောင်ချိမ့်တစ်ကိုယ်လုံးကို ဒေါသဖြင့် လက်လှမ်း
သလောက် ထုသည်။ ရိုက်သည်။ မျက်ရည်ပေါက်ပေါက်
သည်။

အောင်ချိမ့်က ထိပ်ထားခင် ရိုက်နှက်ထုထောင်း
ရှောင်ရှားခြင်းမပြုသလို ဝင်ရောက်ဟန့်တားခြင်းလည်း
သူမစိတ်တိုင်းကျ လွှတ်ပေးထားလျက်ရှိရာ တစ်ခဏတွင်း
အောင်ချိမ့်နှုတ်ခမ်းကို ထုရိုက်မိကာ သွေးတွေ ဖြာခနဲကျ

''အဟင့်...ဟင့်..ဟင့်''

''ခင်ရယ်''

နောက်ဆုံး ထိပ်ထားခင်တစ်ကိုယ်လုံး သိမ်းကျုံး
သွားသူ၏ ရင်ခွင်ထဲမှာ ထိပ်ထားခင် သူ့ကို အရှုံးပေးရ
လွဲ၍ ဘာများတတ်နိုင်ဦးမည်နည်း။

ဒီ ဒီ ဒီ



# အခန်း (၁၆)

ထိပ်ထားခင်နှင့် အောင်ချိမ့်တို့ လက်ထပ်မင်္ဂလာပွဲအတွက်
နှစ်ဖက်လူကြီးမိဘတွေက အခမ်းနား အလှပဆုံးဖြစ်အောင်
ကိုင်ပင်စီစဉ်နေကြချိန်မှာ ထိပ်ထားခင်ကတော့ သူမပိုင် အိပ်ခန်း
လေးထဲမှာ တစ်ယောက်တည်း ဘယ်သူနဲ့မှအတွေ့မခံဘဲ တိတ်
ဆိတ် ငြိမ်သက်နေပါသည်။

မင်္ဂလာကိစ္စက သူမနှင့်မသက်ဆိုင်သလို ကိစ္စအဝဝ
အားလုံး လူကြီးမိဘတွေ သဘောကျစီစဉ်ပါဆိုတာနှင့် သူမ
ဘက်က ပြီးသွားပေမယ့် အောင်ချိမ့်မှာတော့ အစစအရာရာ သူက
ပင် ဦးဆောင်နေရပါသည်။

ပြာလွင်သော မိုးကောင်းကင်ကြီးကို ထိပ်ထားခင်



www.burmeseclassic.com

www.burmeseclassic.com



ေးမောကြည့်နေမိသည်။ သူမဘဝ တစ်ဆစ်ချိုးပြောင်းလဲသွား
က အံ့သြမယုံကြည်နိုင်စရာဖြစ်သည်။ ချစ်ဦးသူ ကိုကိုမင်းစည်
နှင့် တွေ့ဆုံပြီး ပြန်လာ၍မှသိပ်မကြာသေး၊ အောင်ချိမ့်ဆိုသည်
အချစ်လူဆိုးလက်ထဲမှာ ထိပ်ထားခင်၏ ဖြူစင်ရှင်းသန့်သော
က တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားသည်။

မတတ်သာ၍ ခွဲခွာလိုက်ကြရပေမယ့် ထိပ်ထားခင်
မင်းစည်ထင်တို့ ချစ်သူနှစ်ဦးအဖြစ်က တစ်ယောက်ကိုတစ်ယော
မုန်း၍ ခွဲခွာခဲ့ကြရသည်ကမဟုတ်။ ကိုယ်စီရင်ထဲမှာ အချစ်
နှင့် နာကျင်စွာ ပိုက်ထွေးထားရသည်က ဂုဏ်ပကာသနဆိုသည်
မဟာတံတိုင်းကြီးဖြစ်သည်။ ထိပ်ထားခင်အပေါ်မှာ ကိုကို
မေတ္တာတွေ ဘယ်လောက်နက်ရှိုင်းစွာ ရှိနေဆဲဆိုတာကို နော
ဆုံး တွေ့လိုက်ရသည့်အချိန်မှာပဲ ထိပ်ထားခင် ပို၍သဘောပေါ
နားလည်ခဲ့ရသည်။

စာနာစိတ်ဖြင့် သနားကြင်နာစွာ မျက်ရည်ကျရသည်
ကိုကိုက ထိပ်ထားခင်ကို အောင်ချိမ့်ဆိုသည့်လူလို အချစ်
ရှေ့တန်းတင်ပြီး သူမဘဝကို အပိုင်သိမ်းယူဖို့ မကြိုးစ
ထိပ်ထားခင်၏ ခံစားချက်ကို အလေးထား စဉ်းစားပေးသည်

သူ့စိတ် သူ့သဘော သူ့ဆန္ဒတစ်ခုတည်းဖြင့် ဘာမှ





ကိုသာ ထိပ်ထားခင်ကို ထိုနေ့ကတည်းက သူ့သဘောနှင့်သူ
တ်အတင်းခိုးယူသွားမည်ဆိုလျှင်လည်း ထိပ်ထားခင်ဘက်က
က်ရည်ကျငိုယိုရုံကလွဲ၍ တခြားဘာမှတတ်နိုင်မည်မဟုတ်။

အခုတော့ ကိုကိုက ထိပ်ထားခင်ကိုချစ်သည့်စိတ်တစ်ခု
ည်းနှင့် ထိပ်ထားခင် သူ့ကြောင့် စိတ်ဆင်းရဲမှာ၊ မျက်ရည်ကျ
ကို စိုးကြောက်ပြီး သူ့ကိုယ်သူ ရင်အနာခံလျက် ထိပ်ထားခင်ကို
သွားခွင့်ပြုခဲ့သည်။

ထိပ်ထားခင်မျက်နှာလှလှလေးကို မျက်တောင်မခတ်
တမ်း တစ်ခါမှ မမြင်ဖူး မတွေ့ဖူးသလို ငိမ်းစိမ်းစူးစူးကြီး စိုက်ငေး
ကြည့်လျက် နေရာမှာရပ်ကျန်ရစ်ခဲ့သည့် ချစ်သူ။

ဘယ်လိုပဲဖြစ်ဖြစ် ကိုကို့ရင်ထဲမှာလည်း ထိပ်ထားခင်
၏ စကားလုံး အပြုအမူများကြောင့် မချိမဆန့်ဖြစ်ကျန်ရစ်ခဲ့မှာကို
သူမ သိပါသည်။ ထိပ်ထားခင်ကိုယ်တိုင်လည်း ကိုကို ကျန်ရစ်
ခဲ့တာကို မကြည့်ရက်ပေမယ့် သူမနှင့်အတူ ခေါ်မသွားနိုင်သည့်
အနာခံစားချက်တွေက အခုချိန်ထိ ခံစားနာကျင်နေရဆဲပါ။

ပိုဆိုးသည်က ကိုကို့အတွက် ဘာကိုမှ တိကျရေရာစွာ
ဆုံးဖြတ်ရသေးပေမယ့် ထိပ်ထားခင် အောင်ချိမ့်နှင့် လက်မထပ်
ခင်တော့ပါဟု ပြတ်သားစွာ ငြင်းပယ်စကားဆိုခဲ့ရာမှ အခုလို



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်မျိုး ကြုံရခြင်းဖြစ်သည်။

''ကိုကိုရယ်''

''အဟင့်..ဟင့်..ထိပ်ထား သူ့ကိုမုန်းတယ်ကွယ်''

သိပ်မုန်းတယ်။

ကိုယ်လေး သိမ့်သိမ့်တုန်သည်အထိ ထိပ်ထားခင် ငိုရှိုက်လိုက်သည်။ အောင်ချိမ့်ဆိုသည့် အချစ်လူဆိုးကြောင့် ထိပ်ထားခင် အသည်းတွေနာနေသည်။ အမုန်းတွေ လျှံဝေနေသည်။

အောင်ချိမ့်ဆိုတာ လူချောတစ်ယောက်။ သူတို့အသိုင်းအဝိုင်းထဲက နာမည်ကြီး ကင်းဘွဲ့ရထားသူတစ်ယောက်ဖြစ်ပေမယ့် အချစ်ကို ယဉ်ကျေးသိမ်မွေ့ဖွယ်ရာအဖြစ် မမြင်ဘဲ သူ့သဘောနှင့် ဖန်တီးရယူတာကို မုန်းပါသည်။

သူတို့ဝန်းကျင် အသိုင်းအဝိုင်းမှာတော့ သိပ်လှသည့် နာမည်ကြီး ရွှေမင်းသမီးလေးနှင့် မိန်းမသားတိုင်း ရယူပိုင်ဆိုင်ချင်သည့် ရွှေမင်းသားလေးတို့၏ ပုံမွေးသော ချစ်မင်္ဂလာသတင်းစကားက အများအတွက် အားကျစရာ။ အထင်ကြီး ဂုဏ်ယူချင်စရာအဖြစ် လူတိုင်းနှုတ်ဖျားမှာ ခေတ်အစားဆုံး ရေပန်းစားသည့် မင်္ဂလာသတင်းဖြစ်နေ၏။

ဖုန်းသံတွေမစဲ။





နှစ်ဖက်အသိုင်းအဝိုင်းက ဒိတ်ဒိတ်ကြဲဖြစ်နေသော မျက်နှာ ြီးအသိုင်းအဝိုင်းမို့ ကူညီမည့်သူတွေကလည်း ဝိုင်းဝိုင်းလည် ါများသည်။ အကြံအစည်တွေကလည်း သူ့ထက်ငါ အလု ယက်ပေးကြ၊ ကိုယ်တိုင်စီစဉ်သူနေရာက ပါဝင်ကြနှင့် မျက်နှာ ပ် ရှုပ်ယှက်ခတ်နေချိန်မှာ သတို့သမီးလေးကိုယ်တိုင်က ဤ င်္ဂလာပွဲကို လုံးဝစိတ်မဝင်စားပါ။

မပျော်ရွှင်ပါဆိုလျှင် ယုံကြပါမည်လားမသိ။ ယောက္ခမ ွဘက်ကလည်း ထိပ်ထားခင်ကို ဂရုစိုက်လိုက်ကြသည်မှာ နေသည်။ သူတို့၏ရှုမငြီးနိုင်သည့် တစ်ဦးဘည်းသောသားလေး အချစ်ဆုံး၊ အမြတ်နိုးဆုံးပါဆိုတော့ ပိုဆိုးသည်။

ရည်းစားသက်စေ့ထားသည့် သားကို ဒီတစ်သက် ထောင်မပြုပါဦးတော့မလားရယ်လို့ စိုးရိမ်ခဲ့ရသည့် အနေအထား အောင်ချိမ့်အသည်းနှလုံးက အမှန်တကယ် ချစ်မြတ်နိုးရပါသည် ်သော မိန်းကလေးရှိနေပြီဆိုတော့ မိဘနှစ်ပါး စိတ်ချမ်းသာ ်ရွှင်ကြရသည်။

ချွေးမလေးအတွက် သည်းသည်းလှုပ်နေကြသည်။ သား စိတ်ဆိုးနေမှန်းသိ၍ မင်္ဂလာပွဲအတွက် ထိပ်ထားခင် လိုက်ပါ ာခြင်းကို အပြစ်မမြင်ကြ။ သားဖြစ်သူပဲ အပြစ်တင်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အပြစ်နှင့်ကိုယ် ဒီလောက်ဖြစ်တာတောင် နည်းသေးသည်ဟုဆိုကြသည်။ အောင်ချိမ့်က အရယ်မပျက်။ သူဖြစ်ချင်တာဖြစ်ရ၍ ပျော်နေမှန်း အားလုံးသိကြသည်။

ထိပ်ထားခင်မှာ သူနှင့်ဆန့်ကျင်ဘက် မပျော်နိုင်သူဖြစ်သည်။

"ဒေါက်...ဒေါက်"

"ခင်"

"ကိုယ်ပါ၊ တံခါးခဏဖွင့်ပေးပါဦးဗျာ"

အောင်ချိမ့်အသံကြောင့် ထိပ်ထားခင် ပါးပြင်ပေါ်က မျက်ရည်လေးတွေကို လက်ထဲမှာ အသင့်ရှိနေသည့် လက်ကိုင်ပဝါလေးဖြင့် သုတ်လိုက်သည်။

ထိပ်ထားခင် အိမ်ကိုပြန်ရောက်ကတည်းက သူလာတိုင်း လူမြင်ကွင်းဧည့်ခန်း လူကြီးတွေရှေ့မှာ မကောင်းတတ်၍ အောင်ချိမ့်ကို ဆင်းတွေ့သည်ကလွဲ၍ တခြားအချိန်တွေမှာ သူ့ကို အိမ်အပေါ်ထပ် သူမအိပ်ခန်းမှာ တစ်ခါမှ ပေးမတွေ့ဖူးပါ။

အခု ဒီလူ ထိပ်ထားခင်အိပ်ခန်းရှိရာ အပေါ်ထပ်အထိ တက်လာသည်ဆိုတော့ ထိပ်ထားခင်စိတ်ထဲက သဘောမကျချင်တော့ပါ။





"ခင်"

"ဘာကိစ္စရှိလဲ၊ ပြောစရာရှိရင် အောက်ထပ်ဧည့်ခန်းမှာ ဆင်းစောင့်နေပါ"

ထိပ်ထားခင်ထံမှ ပြတ်သားစွာ တုံ့ပြန်လိုက်သံလေးကို နားထောင်ပြီး အခန်းအပြင်ဘက်မှ အောင်ချိမ့်က ထိပ်ထားခင်သူ့အပေါ်ထားသည့် စိမ်းကားမှုကို သဘောကျစွာ ချစ်စနိုးပြုံးပါသည်။

"ဘယ်လိုလဲ ခင်ရယ်၊ ကိုယ်တို့က သူစိမ်းတွေမို့လားဗျာ၊ ဘာဖြစ်လို့ ကိုယ့်ကို ဒီလောက်စိမ်းကားချင်ရတာလဲ အချစ်ရယ်"

"အပိုတွေပြောမနေစမ်းပါနဲ့ရှင်၊ ရှင် ဘာပြောချင်လဲ၊ ပြောမှာသာပြောပါ"

"ပြောစေချင်ရင် ခင့်အခန်းတံခါးကို အရင်ဖွင့်ဦးလေ၊ အောက်ထပ်မှာ မာမီတို့ စောင့်နေတယ်ဗျာ၊ ခဏလောက်ပဲဖြစ်ဖြစ် ဆင်းတွေ့ပါဦး"

"ဟင်"

ယောက္ခမတွေပါလာသည်ဆိုတာနှင့် ထိပ်ထားခင် စိတ်ရှုပ်ထွေးသွားသည်။ လူကြီးတွေပါလာသည်ဆိုတော့လည်း ဆင်း



www.burmeseclassic.com

www.burmeseclassic.com



မတွေ့ရှ်မဖြစ်။ မှန်တင်ခုံရှေ့သွားရပ်ပြီး ကိုယ့်ကိုယ်ကို အလှပဆုံး မဟုတ်သည့်တိုင် သပ်ရပ်ကျော့ရှင်းအောင် ပြင်ရဆင်ရသည်။

"ခင်"

"ကျောက်"

"ကျွိ"

ထိပ်ထားခင် အိပ်ခန်းတံခါးလေး ဖျတ်ခနဲပွင့်လာသည်။ တစ်ပြိုင်နက်တည်းမှာပင် ပန်းဖျော့ရောင်ဝတ်စုံဖြင့် နုဖပ်အိထွေး နေသော လှပသည့် ထိပ်ထားခင် မျက်နှာလေးကို ငေးခနဲကြည့် ဖြစ်သွားသည်။

လှလိုက်တာ။

ထိပ်ထားခင်အလှက တော်ရုံအလှတရားမဟုတ်။ တစ်စိတ်ချင်း တစ်ပိုင်းချင်း ကြည့်လေကြည့်လေ ချစ်မဝလေ မြတ်နိုးမဆုံးလေ ဖြစ်ရသော အလှတရားပိုင်ရှင်မလေးဖြစ်သည်။

"ခင်…ဘယ်လဲ"

ထိပ်ထားခင်က အောင်ချိမ့်ကိုမကြည့်ဘဲ သူ့နားကကာ ပြီး ကျော်ဖြတ်ကာ အောက်ထပ်သို့ဆင်းရန် ခြေလှမ်းပြင်နေသော ကြောင့် အောင်ချိမ့်က သူမလက်မောင်းအိအိလေးကို ဖျတ်ခနဲ ဆွဲယူပေးလိုက်ခြင်းဖြစ်သည်။





"အို…ဒါက ဘာလုပ်တာလဲ"

"ဖယ်ပါ"

"ကိုယ်မေးတာ ဖြေဦးလေ"

"ဘာဖြေရမှာလဲ၊ အောက်ယပ်မှာ ရှင့်မာမီရောက်နေ ယ်ဆိုလို့ ဆင်းတွေ့မလို့ပေါ့ရှင့်၊ ဖယ်စမ်းပါ ဒီလက်ကြီးက"

ထိပ်ထားခင်က အောင်ချိမ့်လက်ကို သူမလက်ချောင်း နုနုလေးတွေနှင့် ဆွဲယူဖယ်ရှားဖို့ ကြိုးစားတော့ အောင်ချိမ့်က လက်မောင်းကိုလွှတ်ပြီး ထိပ်ထားခင်၏လက်ချောင်းလေးတွေ သူ့လက်ထဲမှာ တင်းကျပ်စွာ ဆွဲယူဆုပ်ကိုင်လျက် ရင်မှာအပ် သည်။

"ခင်ရယ်"

"ရှင်နော်…လွှတ်ဆို"

"ချစ်တယ်"

"အို…ဘယ်လိုဖြစ်နေတာလဲ၊ အောက်မှာ ညည့်သည် ရှိတယ်ရှင့်"

"ဟင့်အင်း…ဘယ်ညည့်သည်မှမရှိဘူး၊ ခင့်အတွက် အချစ် ည့်သည်က ဒီမှာ"

"အို"



www.burmeseclassic.com

www.burmeseclassic.com



နွေးထွေးလှိုက်လှဲသော ချစ်အနမ်းတွေအောက်မှာ ထိပ်ထား ခင် တစ်ကိုယ်လုံး မွန်းကျပ်သွားသည်။ ဖြူဖွေးနုညက်သော လည်တိုင်မှတစ်ဆင့် တိုးဝှေ့လျက် ရင်ညွန့်ဖွေးဖွေးကို ငုံနမ်းလိုက် သူ့ထံမှ ဝင်သက်ထွက်သက်လေ ကြမ်းရှရှ။

ရှောင်တိမ်းရုန်းဖယ်ဖို့ ကြိုးစားရင်း ထိပ်ထားခင် အညာ ခံလိုက်ရသည့်အဖြစ်ကို ခံပြင်းဒေါသဖြစ်လာ၏။

"လူလည်"

"ခင့်ကို ဘယ်လောက်လွမ်းနေတယ်၊ တမ်းတနေတယ် ဆိုတာ ခင် သိလား"

နှင့်မောတိုးရှိုက်သော သူ့အသံက ရင်လှိုက်စွာ တုန်ခါ နေသလို ထိပ်ထားခင်မျက်နှာလှလှလေးကို ငုံ့မိုးစူးစိုက်ကြည့်နေ သည့် အချစ်မျက်ဝန်းအစုံကလည်း ရီဝေစိုလဲ့စွာ အရောင်ဖိတ်ဖိတ် လက်နေ၏။

"ခင်"

"ရှင်နော်"

ခွေ့ခနဲ ထိပ်ထားခင်ကိုယ်လေးကို ပွေ့အချီခံလိုက်ရ၏ အလန့်တကြား အော်သံခပ်အုပ်အုပ်လေးအောက်မှာ အောင်ချိမ့်က ထိပ်ထားခင်၏ အပျိုစင်အိပ်ခန်းလေးထဲသို့ ခြေလှမ်းကျဲကြီးများ





ဖြင့် ကျူးကျော်ဝင်ရောက်ပြီးဖြစ်နေ၏။

"ရှင် အခုလွှတ်ဆိုနော်"

"ဂျောက်"

"ဟင်"

သူမအိပ်ခန်းတံခါးကို အောင်ချိမ့်က ဖျတ်ခနဲ ဆွဲပိတ် လိုက်တာမို့ ထိပ်ထားခင် မျက်နှာလှလှလေး ဆေးနီရည် ဖြန်းပက် ခံလိုက်ရသလို ထူပူသွား၏။ အောင်ချိမ့်အကြံကို ရိပ်မိ၍ဖြစ်သည်။

အိပ်ရာနှင့်ကျောပြင်အထိမှာ ရွှတ်အတင်းလူးလဲထဖို့ ကြိုးစားသည်။

"ကျွန်မ အော်လိုက်မယ်နော်"

"ဘယ်လိုအော်မှာလဲ"

"အဟွန်း..ဟွန်း..ဟွန်း"

ထိပ်ထားခင် ဘာပြောရမှန်းမသိ ဖြစ်သွားပုံကို မြတ်နိုး သဘောကျစွာ ရယ်ရင်း သူက ထိပ်ထားခင်မျက်နှာကို သူ့မျက်နှာ ဖြင့် ရွှတ်အတင်း တိုးဝှေ့သည်။

"ကြီးကြီးရော ဘဘပါ အပြင်သွားတာ ခင် မသိဘူး လား"

"ဘာရယ်"



www.burmeseclassic.com

www.burmeseclassic.com



''ဘာမှမဟုတ်ဘူး၊ ချစ်တယ်''

''အိုး''

လွမ်းခဲ့ရသမျှ အတိုးချသော အနမ်းများက အညှိုးကြီးစွာ ရှာသောမိုးကဲ့သို့ ကြမ်းသည်။ ရမ်းသည်။ စိတ်ရှိသလောက် မွေ့ရမ်းဆော့ကစားသော လေပြင်းနှင့် သဏ္ဍာန်တူသည်။ ထိပ်ထား ခင်က သူ့လက်ထဲမှာ စိတ်ကြိုက်ဆော့ကစားစရာ အရုပ်ကလေး နှင့်တူသည်။

သူက ဘာကိုမှ ဂရုမစိုက်သောသူဖြစ်သည်။ ထိပ်ထား ခင် ဘာပြောပြော နာကျင်ရကောင်းမှန်းမသိ။ ထုရိုက်ခြင်း သူ့အတွက် ရိုးနေပုံရ၏။ သူ့ရင်ခွင်အတွင်းမှာ မကျေမနပ် သ ဆင်းသူထံမှ မျက်ရည်ဥလေးများကို အနမ်းဖြင့် ဖယ်ရှားချိန်း အတင်းကျုပ်ဆုံး ပိုက်ထွေးယုယလျက် ရင်တသိမ့်သိမ့်ခုန်နေသူ အောင်ချိမ့်။

''သိပ်ချစ်တယ် ထိပ်ထားခင်လေးရယ်''

''ချစ်တယ်''

ချစ်ခြင်း မြတ်နိုးခြင်းတို့ လျှံဝေနေသောအသံက တိုးတိုး ချိုသာ နူးညံ့မှုအပြည့်။ သူ့စိတ်ဆန္ဒ နှစ်သိမ့်ကျေနပ် ကြည်နူး နေချိန်မှာ ထိပ်ထားခင်ကို အလွန်တရာ ထိကြေလွယ်သော





ပန်းကလေးတစ်ပွင့်လို ဖွဖွညင်သာ ရှိုက်နမ်း၏။

''ခင်''

''ရှင်..ထွက်သွား''

ရက်မွန်စွာ တိုးတိုးတိတ်တိတ် ဟစ်အော်သံလေးကို ကြားရတော့ သူပြုံးသည်။

''သွားစေချင်ရင် ခင်ပါ ကိုယ်နဲ့အတူလိုက်ခဲ့''

''ရှင့်ကိုမုန်းတယ် သိလား၊ မုန်းတယ်''

''အဲဒီစကားလုံးတွေနဲ့ ကိုယ့်ကိုအနိုင်မယူနဲ့နော် ခင်၊ ခင် ကိုယ့်အပေါ်မှာ ရက်စက် ပစ်ထားတာကိုလည်း ထည့်ပြောဦး''

''ဘာရက်စက်တာလဲ၊ ရှင်ကမှ ကျွန်မကို အနိုင်ကျင့် နေတာ''

''ခင်''

''ဖယ်...ကျွန်မအသားကို မထိနဲ့''

ရှိုက်နမ်းသည့် မျက်နှာကို ဖျတ်ခနဲတွန်းထုတ်ပြီး သူမ မျက်နှာလေးကို ဘယ်ညာခါရမ်းနေပုံကို အသည်းယားစွာ သူမ ကိုယ်လေးကို ဖျစ်ညှစ်ပစ်သည်။

''ခင်နော်..ကိုယ့်ကို သိပ်အသည်းယားအောင် လုပ်မနေ နဲ့၊ ခင့်ကို ကိုယ် ဘာပြောထားလဲ၊ ခင်နဲ့ခွဲပြီး မနေနိုင်ဘူးလို့



www.burmeseclassic.com

www.burmeseclassic.com



သေချာပြောထားလျက်နဲ့၊ ခင့်လုပ်ပုံ ဘယ်လောက်ရက်စက်လဲ… ကိုယ့်ကို ဇာစ်ယောက်တည်းပစ်ထားတာ ဘယ်နှစ်ရက်ရှိပြီလဲ… ကိုယ် ဘယ်လောက်အခံရခက်အောင် လွမ်းနေမယ်ဆိုတာ ခင် မသိဘူးလား”

“မသိဘူး…မသိဘူး၊ ကျွန်မသိတာ ရှင့်ကိုမုန်းတာ… သိတယ်”

“ကိုယ့်ကို မရွဲ့နဲ့နော် ခင်”

“ရွဲ့တာမဟုတ်ဘူး၊ ရှင့်လို အကြံသမားကို တကယ်မုန်း… တာ သိရဲ့လား”

မျက်စိမှိတ်ပြီး ဇွတ်အော်တော့ သူက မြတ်နိုးစွာ နှုတ်ခမ်း… ဖူးဖူးလေးကို ဖျတ်ခနဲ ငုံ့ထွေးရှိုက်နမ်းကာ သူမကို စကား… နိုင်အောင် ဒဏ်ခတ်ပါသည်။

“သွား…လူရိုင်းလူဆိုး”

“ကဲ…ကဲ”

“ဘုတ်”

“ဗုန်း..ဗုန်း”

“နောက်တစ်ခါ ကိုယ့်ကိုရှောင်နေရင် ဒါ့ထက်ပိုဆိုး… သိလား၊ ပြောမရရင် လူကြီးမိဘတွေကို ခင်နဲ့မခွဲချင်တဲ့အကြော… …ပြောရမှာပဲ”

“ဟင်၊ အရှက်မရှိတဲ့လူ၊ သွား..ကျွန်မအခန်းထဲက အခု …ထွက်သွားဆို”

“သွားမှာပါ၊ မသွားခင်”

“အို..အမေ့”

နှုတ်ဆက်အနမ်းက လူတစ်ကိုယ်လုံး မွှန်းနစ်စေသော …ခမ်း ဖြစ်ပါသည်။

“မနက်ဖြန်မနက် ဆယ်နာရီ သတို့သမီးဝတ်စုံ အစမ်း …ကြည့်ဖို့ ကိုယ်လာခေါ်မယ်၊ အသင့်ပြင်ထားပါ၊ ကိုယ်သွားပြီ”

အခန်းတံခါး ချပ်ခနဲ ပြန်ပိတ်သွားသည်အထိ ထိပ်ထား …အိပ်ရာထက်မှာ တသိမ့်သိမ့်ရှိုက်ငိုလျက် ကျန်ရစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၇)

''ချက္ကာ၊ ပျော်ပျော်ပါးပါးပေါ့''

''မင်းက သိပ်ပျော်နေပြီပေါ့လေ''

''ဒါပေါ့ကွ''

အောင်ချိမ့်က ဇော်မိုးနှင့် မင်းစည်ထင်တို့ ခွက်
အရက်ကို သူကိုယ်တိုင် ငှဲ့ထည့်ပေးသလို ကိုယ်တိုင်လည်း သော
ပါသည်။ သူငယ်ချင်းတွေကိုခေါ်ပြီး ဟိုတယ်မှာ ညှော်ခံနေ
ဖြစ်သည်။

''ဘယ်လိုလဲကွ မင်းစည်ထင်၊ မင်းရဲ့နှ အခြေအ
ရော''

''ဘာသတင်းမှကို မကြားရတော့တာ အောင်ချိ
ကြည့်ရတာ ယောက်ျားနောက် လိုက်ပြေးပြီထင်တာပဲ''





''မင်းကွာ‥ပါးစပ်ပုပ်ကြီးနဲ့''

''အဟား‥ဟား‥စတာပါကွ''

''ဆောရီးပါကွာ၊ နှကို မင်းဘယ်လောက်ချစ်တယ်ဆိုတာ
ငါသိပါတယ်''

မင်းစည်ထင်က ဇော်မိုးစကားကို မျက်နှာညိုညိုနှင့်
ငင်တားလိုက်တာမို့ ဇော်မိုးက ရယ်မောပြီး သူငယ်ချင်းဖြစ်သူကို
တောင်းပန်စကား ဆိုလိုက်ပါသည်။

အောင်ချိမ့်မင်္ဂလာကိစ္စကတော့ သူတို့သူငယ်ချင်း
နှစ်ယောက်ကောင်းမှုဖြင့် ပြေလည်သွားပေမယ့် မင်းစည်ထင်
အလှည့်ကျတော့ ထင်သလိုဖြစ်မလာဘဲ တစ်ယောက်တည်း
ကျိတ်ဆွေးနေရ၏။

''အကူအညီလိုရင် ချက်ချင်းပြောနော် မင်းစည်ထင်၊
ခင်းရဲ့နှ အလှည့်ကျရင် လက်မနှေးဖို့ ငါပဲ ထမ်းပြေးရ ထမ်းပြေးရ
ခင်းကိုကူညီဖို့အသင့်ပဲ''

''အေးပါ၊ အကူအညီလိုရင် မင်းကိုပြောပါ့မယ်''

''နှေးမနေနဲ့ကွ၊ ဒါမျိုးဆိုတာ လက်ဦးဖို့အရေးကြီးတယ်၊
သုတ်တယ်မဟုတ်လား ဇော်မိုး''

''အေး''

အောင်ချိမ့်ကပြောရင်း ဇော်မိုးကိုပါ ထောက်ခံခိုင်းသဖြင့်

www.burmeseclassic.com



ဇော်မိုး ခေါင်းညိတ်သည်။ မင်းစည်ထင် နေရာမှာ အောင်ချိမ့် သာဆို ပွဲသိမ်းနေတာကြာလှပြီဟုလည်း လူချောကြီး မင်းစည်ထင် ကိုကြည့်ပြီး ဇော်မိုး တွေးဖြစ်အောင်တွေးလိုက်မိသည်။

"ဒီတစ်ခါတော့ လက်မနေးတော့ပါဘူးကွာ၊ နှ ဘာ ပြောပြော ငါခံမယ်"

"မိုရာအချစ်နဲ့ လိုက်မယ်တဲ့ အောင်ချိမ့်ရေ"

"ဒါမှ ငါ့သူငယ်ချင်း ပီသမှာပေါ့ကွ၊ ငါကတော့ သိ အတိုင်းပဲ၊ မချစ်ဘူးဆို လှည့်ကိုမကြည့်ဘူး"

"အေး..ချစ်မိပြီဆိုရင်လည်း ဖြစ်ချင်ရာဖြစ် မ ပြေးတာ မဟုတ်လား အောင်ချိမ့်"

ဇော်မိုးကဝင်ပြောတော့ အောင်ချိမ့်က သူငယ်ချင်းစ ကို သဘောကျစွာ မျက်နှာနီနီဖြင့် ရယ်သည်။

"အဟွန်း..ဟွန်း..ဟွန်း..မင်းကိုယ်တွေ့ပဲလေကွာ"

"အောင်မလေး..အဲဒီနေ့ကအဖြစ်ကို ပြန်တွေးရင် ည ရင်တုန်လှုပ်နှိုး ညအမှောင်ထဲ မျက်မှန်အမည်းကြီးတပ်ပြီး ခိုးပြေးတဲ့နေရာမှာ အူကြောင်ကြောင်ပါလာတဲ့လူဆို ငါပဲရှိ ထင်တယ်"

"မင်းတင်မဟုတ်ပါဘူးကွ၊ ငါလည်း ပါပါတယ်"

မင်းစည်ထင်က ဝင်ပြောခြင်းဖြစ်သည်။





"မင်းလည်း မျက်မှန်အမည်းကြီး တပ်တာပဲလား"

"အေး"

"ကောင်းကွာ"

"အဟတ်..ဟား..ဟား"

"အဟွန်း..ဟွန်း..ဟွန်း"

ရယ်သံတွေ ဆူညံသွားသည်။

ပျော်နေကြသည်။ အထူးသဖြင့် ထိုအထဲမှာ အောင်ချိမ့်က အပျော်ဆုံးဖြစ်သည်။

"ငါတကယ်ပြောတာကွ၊ ခင်နဲ့သာ မဆုံဖြစ်ရင် အချစ် ဆိုတဲ့စကားကိုလည်း ငါ သိမှာမဟုတ်ဘူး၊ ခင့်ကိုတော့ တကယ် ချစ်တာကွ၊ ငါ့မှာ ရည်းစားတွေ မှိုလိုပေါက်နေတာ မင်းတို့လည်း သိပဲ၊ ဘယ်မိန်းမကိုမှ မချစ်ဘူး၊ လက်ထပ်ဖို့ဆိုတဲ့ စကားလုံး ငါ့အိပ်မက်ထဲမှာတောင် မရှိဘူး၊ ခင်နဲ့ကျမှ ငါ့ကိုယ်ငါတောင် သွားပြီလို့ထင်တာ၊ ခင့်ကိုချစ်တယ်ကွာ၊ ချစ်တယ်"

"ဟိတ်ကောင် အောင်ချိမ့်၊ ငါတို့က မင်းမိန်းမ ခင် တဲ့ဘူးကွ၊ ချစ်တယ်ချည်း ဇွတ်အော်မနေနဲ့၊ မင်းမိန်းမရှေ့ ကျမှ ဒီစကားပြောစမ်းပါဟ၊ ကြားရတာ နားရှက်လို့ပါ"

"အောင်မယ်..မင်းအကြောင်း မသိရင်ခက်မယ်၊ ကြား ငါ့အချစ်ကို မနာလိုဖြစ်နေတာမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



''အေး…အဲဒါတော့ အသေချာဆုံးပဲ''

''ဟား…ဟား…ဟား''

''အဟွန်း…ဟွန်း''

အောင်ချိမ့် ပျော်နေတာကိုကြည့်ပြီး မင်းစည်ထင်ရော ဇော်မိုးပါ ပျော်ကြသည်။ မင်းစည်ထင်ကိုယ်တိုင်လည်း နု့ကို သတိရနေ လွမ်းဆွတ်နေတာနှင့် အရက်တွေ ဖိသောက်မိသည်။

''နုရေ''

''နု''

''ဟာ…ဇော်မိုး၊ လုပ်ပါဦးကွ၊ မင်းစည်ထင်တော့ မှောက်သွားပြီ''

''ဒီကောင်ကွာ၊ အရက်က သူနဲ့တည့်တာလည်းမဟုတ်ဘဲနဲ့၊ နည်းနည်းသောက်ပြီး များများမူးတဲ့ကောင်ပဲ၊ လုပ်ကွာ အောင်ချိမ့်၊ ဒီတစ်ခါတော့ မင်းစည်ထင်အိမ်ကို အရင်လိုက်ပို့ရ ဖြစ်မယ်''

အောင်ချိမ့်နှင့် ဇော်မိုး တွဲပြီး မင်းစည်ထင်ကို ကားပေါ် ဆွဲတင်ကြသည်။ ဒီတစ်ခါ ကားမောင်းသူက အောင်ချိမ့်ဖြစ်သည်။

''မင်းစည်ထင်လည်း သနားစရာပါကွာ၊ နုနဲ့သူ ကွဲ တာ ချစ်သူရည်းစားချင်း မုန်းလို့မှမဟုတ်ဘဲ၊ သရဖီနဲ့ အန် ကြောင့် ချစ်လျက်နဲ့ နုနဲ့ဝေးရတာဆိုတော့ ခံစားရတာပေါ့၊ အ





…စည်ထင် နုက သူဌေးမလေးဖြစ်နေပြီလို့ပြောတယ်ကွ''

''ဘာလဲ၊ ချမ်းသာလို့ စိတ်ပြောင်းသွားတာလား ဇော်မိုး''

''အဲဒီလိုလည်း မဟုတ်ဘူးကွ၊ နုက သရဖီနဲ့ …စည်ထင်မာမီကို ရွံ့ကြောက် ကြောက်သွားတာ၊ သရဖီတို့က …း လွန်ပါတယ်၊ နုကို နှစ်ပြားမတန်အောင် ပြောဆိုစော်ကား …ကိုးကွ''

ဇော်မိုးက သူသိသလောက် အောင်ချိမ့်ကို ပြောပြသည်။

''သူတို့ဘက်က လွန်တာလည်း လွန်တာပေါ့ကွာ၊ …တ ယောကျ်ားပဲ၊ နုကို တကယ်ချစ်ရင် ဖြစ်ချင်ရာဖြစ် …ခံသင့်ရင် နှစ်ရမှာပဲ၊ ပြီးမှ ကျေနပ်တဲ့အထိ တောင်းပန်ရ …''

အောင်ချိမ့်က သူနှင့်နှိုင်းဆပြီး မင်းစည်ထင်ဘက်က …ပြောသည်။ မင်းစည်ထင်အိမ်ရှေ့ရောက်တော့ သရဖီနှင့် …လေးတစ်ယောက်ကို တွေ့ရ၏။

''သရဖီ…အိမ်မှာ အန်တီနဲ့အန်ကယ်ရှိလား''

ကားပေါ်ကမဆင်းသေးဘဲ ဇော်မိုးက သရဖီကို လှမ်းမေး

''ဘာလုပ်မလို့လဲ ကိုဇော်မိုး''

''မေးတာပဲ ဖြေစမ်းပါဟာ၊ ဒီမှာ နင့်အစ်ကိုမူးလာလို့''



www.burmeseclassic.com

www.burmeseclassic.com



''လုပ်ပြီ၊ ကိုကိုတို့ကတော့''

သရဖီက နှုတ်ခမ်းစူလျက် ခြေကိုဆောင့်သည်။

''ကြားလား ပန်းအိ၊ ကိုကို မူးလာလို့တဲ့၊ အဲဒါကြော
နင့်ကို သရဖီက ကိုကိုနဲ့သဘောမတူတာ''

''အိုဟယ်...သရဖီကလဲ''

ပန်းအိက မျက်နှာနီနီလေးဖြင့် အောင်ချိမ့်နှင့် ဇော်မိုး
ရှက်အမ်းအမ်းလေး လှမ်းကြည့်သည်။

''မာမီတော့ရှိတယ်၊ ဒက်ဒီတော့ မရှိဘူး''

''နေရေ...နေ''

''အလကား ဘာမှမဟုတ်တဲ့ မိန်းမတစ်ယောက်အ
ဖြစ်နေလိုက်တာ၊ ကိုကို အဲဒီလိုခံစားလေ သရဖီက နေဆိုတဲ့ မိ
ကို ပိုမုန်းလေပဲ သိလား အစ်ကိုဇော်မိုး''

''သရဖီ''

ပန်းအိက သရဖီနာမည်လေးကိုလှမ်းခေါ်ရင်း ကား
က သူငယ်ချင်းတွေ တွဲချလာသည့် မင်းစည်ထင်ကို မျက်
ဝိုင်းကြီးတွေဖြင့် သနားကရုဏာကြီးစွာ လိုက်ကြည့်နေရှာပါသ

''နေ''

''ဟိတ်ကောင် မင်းစည်၊ သတိထားဦးကွ၊ အခု
အိမ်ကို ရောက်နေပြီ''





အောင်ချိမ့်က မင်းစည်ထင်ကိုယ်ကြီးကို ဝင်ထိန်းတွဲရင်း သတိပေးသည်။ သရဖီက ဇော်မိုးနှင့် ပို၍ရင်းနှီးပေမယ့် အောင်ချိမ့်နှင့်ကျတော့ သိပ်မရင်းနှီးသဖြင့် စကားမပြောပါ။ အောင်ချိမ့်ဘက်မှလည်း သရဖီနည်းတူ ဖြစ်ပါသည်။

''အန်တီ ဘယ်မှာလဲ သရဖီ''

''ဘုရားခန်းထဲမှာ ဘုရားရှိခိုးနေတယ်''

''ဒါဆို အတော်ပဲ အောင်ချိမ့်၊ မင်းစည်ထင်ကို သူ့အိပ်ခန်းထဲ တွဲပို့ပေးပြီး တို့လည်းလစ်ရအောင်''

ဇော်မိုးက ဦးဆောင်ပြီး မင်းစည်ထင်ကို သူ့အိပ်ခန်းထဲအထိ လိုက်ပို့ပြီး နေရာက အသာလစ်ထွက်လာကြသည်။

''သရဖီက မလွယ်ဘူးကွ ဇော်မိုး၊ တော်တော်စွာမယ့်ပုံပဲ''

''သူ့ကြောင့်ပဲ မင်းစည်ထင်နဲ့ နေနဲ့ ကွဲကြရတာပဲလေ၊ အချစ်အကြောင်း ဘာမှမသိသေးတော့ ကိုယ်ချင်းစာရကောင်းမှန်း မသိဘူးပေါ့ အောင်ချိမ့်ရာ''

နေ ဘာကြောင့် မင်းစည်ထင်တို့အသိုင်းအဝိုင်းကို ရှိ ကြောက်သွားသည်ဆိုတာကို သရဖီပုံစံကြည့်ပြီး အောင်ချိမ့် သဘောပေါက်နားလည်သွားသည်။

''သရဖီတော့ ဝဋ်လည်ဦးမယ်''



www.burmeseclassic.com

www.burmeseclassic.com



ဖော်မိုးက ဝင်ပြောတော့ သူ ခေါင်းညိတ်ဖြစ်သွားသည်။ ဝဋ်လည်သည်ဆိုသော စကားကို အရင်က အယုံအကြည်မရှိ။ အခုတော့ အောင်ချိမ့် မယုံလို့မရ။ ယုံကိုယုံနေရသည်။

အချစ်ကို တစ်ချိန်လုံး တန်ဖိုးမထား စိတ်ကြိုက် အပျင်းပြေ ဆော့ကစားခဲ့သမျှ တကယ်ချစ်မိတော့ ပျာနေသည်။ ခါနေသည်။ ချစ်သူ မုန်းမှာကြောက်သည်။ အချစ်နှင့်ဝေးရမှာ ကြောက်သည်။ စိုးရိမ်သောကတွေ ရင်ဘတ်နှင့်မဆန့်။

အချစ်အတွက် ရင်တသိမ့်သိမ့် ကြည်နူးပျော်ရွှင်ရသလို ခံစားကြေကွဲရချိန်တွေမှာလည်း ချောက်ချားတုန်လှုပ်ဖို့ ဖြစ်လာသည်။ လွယ်တော့မလွယ်။ အချစ်၏ရသက ပြင်းထန်သည်။ ဆူဝေပေါက်ကွဲသည်။ တခြား ဘာခံစားချက်နှင့်မှမတူ။

တကယ်ချစ်မိတော့ တဏှာယ်ရှုးသွပ်သွားသည်။ ဘာကိုမှ ဂရုမစိုက်တော့။ ကိုယ့်ချစ်သူကလွဲပြီး တခြားဘာကိုမှ စိတ်မဝင်စားတော့။ ထိုအချစ်သည်သာ အောင်ချိမ့်အတွက် ရာသက်ပန်ထာဝရဖြစ်သွားသည်။

ကားကို အရှိန်ပို၍ မြှင့်လိုက်၏။ ကိုယ်မြတ်နိုးသော ချစ်သူကို ပိုင်ဆိုင်ခွင့်ရသော သူ့လောက် ဘယ်သူမှ ကံမကောင်းနိုင်ပါလားဟု အတွေးမှာ ကြည်နူးနှစ်သက်စွာ ကျေကျေနပ်နပ်ကြီး ပြုံးလိုက်သည်။

* * *



# အခန်း (၁၈)

"နံ"

"ဝေါ့"

"ဟာ...အန်ကုန်ပြီ ပန်းအိရေ၊ သရဖီတော့ အန်ဖတ်... မကျုံးချင်ဘူး၊ လာ..လာ..သွားကြမယ်"

"အိုဟယ်...သရဖီကလည်း ပန်းအိတို့မှ လုပ်မပေးရင် ...တို့ကို ဘယ်သူလုပ်ပေးမှာလဲ၊ အိမ်ဖော်ကောင်မလေးကလည်း ...ပြန်သွားပြီဆိုတော့ ကိုကို့ကို ဒီအတိုင်းပစ်ထားလို့ ဖြစ်မလား ..."

သရဖီက ပန်းအိလက်ကို ဆွဲခေါ်ပေမယ့် ပန်းအိက ...ဖီဆွဲခေါ်ရာနောက်သို့ အလွယ်တကူ လိုက်ပါခြင်းမရှိဘဲ ...သည်ထင် အိပ်ခန်းရှေ့မှာပဲ ပေရပ်နေတာမို့ သရဖီက ယောင်းမ



www.burmeseclassic.com

www.burmeseclassic.com



လောင်း မျက်နှာကို မျက်ခုံးတွန့်ကြည့်သည်။

ပန်းအိကိုယ်တိုင် ကိုကို့အပေါ်မှာ တစ်ဖက်သတ် မေတ္တာ ရှိနေတာဆိုတော့ ကိုကို ဘာပဲလုပ်လုပ်၊ ဘာပဲဖြစ်ဖြစ် ပန်းအိ စိတ်ထဲမှာ သနားစရာ၊ ကရုဏာပိုစရာ၊ မေတ္တာသက်ဝင်စွာ အချစ် ပိုစရာတွေချည်းဖြစ်နေတော့ ခက်သည်။

အခုတောင် ကိုကို့ဖြစ်နေပုံကိုကြည့်ပြီး ပန်းအိက မျက်ရည် ဝဲနေပြီဆိုတော့ သရဖီ ဘာပြောပြော အကောင်းထင်မည်မဟုတ် မှန်း သိသည်။

"ပန်းအိသဘောပဲလေ၊ ပန်းအိက ကိုကိုနဲ့လက်ထပ် မယ့်သူပဲ၊ စိတ်ကြိုက်သာ ပြုစုပေတော့၊ သရဖီတော့ လစ်ပြီ"

"သရဖီ"

ပန်းအိ လှမ်းခေါ်ပေမယ့် သရဖီက လှည့်မကြည့် နေရာမှ လှစ်ခနဲ ပြေးထွက်သွား၏။ ပန်းအိတစ်ယောက်တည်း မင်းစည်ထင် အခန်းရှေ့မှာ ရှေ့တိုးရခက် နောက်ဆုတ်ရခက် ကျန်ရစ်သည်။

ကိုကို့ကို ပန်းအိ ချစ်သည်။

မြတ်နိုးသည်။

ကိုကို့အချစ်ကို တိတ်တခိုး မျှော်လင့်ခဲ့ပေမယ့် ကိုကို





ပန်းအိကို မချစ်။ ကိုကိုချစ်တဲ့သူက နု ဆိုသူဖြစ်သည်။

ကိုကိုရယ်။

ဖြစ်နိုင်ရင် ပန်းအိကိုယ်တိုင် ကိုကိုချစ်တဲ့ နုကို ကိုကို့ အတွက် လိုက်ရှာပေးလိုက်ချင်ပါရဲ့ကွယ်။

ကိုယ်က ချစ်နေမိသူဆိုတော့ ကိုယ့်ချစ်သူ စိတ်ချမ်းသာ ပျော်ရွှင်တာကိုပဲ မြင်ချင့်တွေ့ချင်သည်က ချစ်မိသူတိုင်း၏ ဆန္ဒ သာဖြစ်ပါသည်။ ကိုကို့အန်ဖတ်တွေကို မရွံမရှာကျုံးပြီး အခန်းကို သန့်ရှင်းသည်။ ကိုကို့ကိုယ်မှာ ပေရေနေသည့် အနံ့ဆိုးနှင့် အန်ဖတ် တွေကို ရေပတ်တိုက် သန့်ရှင်းပြီး အဝတ်သစ်လဲပေးသည်။

"နု"

"ကိုကို"

"နု---နုလားဟင်"

"ပန်းအိပါ ကိုကိုရယ်၊ သိပ်မူးနေလားဟင်၊ ပန်းအိ ကိုကို့ကို အဝတ်လဲပေးမယ်နော် ကိုကို"

"ချစ်တယ် နုရယ်၊ ချစ်တယ်"

"ကိုကို"

ပန်းအိထံမှ ရှက်လန့်တကြား အသံလေးထွက်လာပေ မယ့် မြဲမြံကြံ့ခိုင်သော ကိုကို့လက်ထဲမှာ ပန်းအိကိုယ်လေးကို



www.burmeseclassic.com

www.burmeseclassic.com



မရုန်းဖယ်မိပါ။ မွှတ်သိပ်တောင့်တစွာ ကျရောက်လာသည့် ကိုကို့ချစ်အနမ်းပြင်းပြင်းပြပြတွေကိုလည်း မတွန်းလှန် မဖယ်ရှား မိ။ ရင်တဖိုဖို အသည်းတဆွေးဆွေးဖြင့် ကျေနပ်နှစ်သက်စွာ ခံယူ နေမိ၏။

ပန်းအိကိုယ်တိုင် ကိုကို့ဆီက လိုလားတောင့်တခဲ့သော အချစ်များနှင့် အကြင်နာ အယုအယများဖြစ်၍ ချစ်မိသည့်စိတ် ဖြင့် ကိုကို့ရင်ခွင်ထဲ နစ်ဝင်နေသည့် သူမကိုယ်လေးကို ရုန်းထ ပေမယ့် အင်အားက မပါ။

''နု''

''နု မဟုတ်ပါဘူး ကိုကိုရယ်၊ ပန်းအိပါ၊ ပန်းအိ လွှတ်ပါနော်''

တိုးတိတ်စွာ တောင်းပန်စကားက အချစ်စိတ်တွေ ပြင်းထန်နေသူ၏နားမှာ မကြား။

''ချစ်လို့ပါ နုရယ်၊ ကိုကို့ကို မရက်စက်ပါနဲ့''

''နု မဟုတ်ပါဘူး ကိုကိုရယ်၊ ပန်းအိပါ''

''နုညာတာ ကိုကိုသိတယ်''

''ပန်းအိ မညာပါဘူး ကိုကို၊ ပန်းအိကိုလွှတ်ပါတော့ ရှင်''





အင်အားထည့်၍ ရုန်းကြည့်သည်။ မရ။

''ကိုကို''

''နု''

''ပန်းအိ တောင်းပန်ပါတယ် ရှင်ရယ်၊ ပန်းအိက ကိုကို့ ရဲ့ နု မဟုတ်ပါဘူး''

''ပန်းအိဖြစ်ဖြစ် နုဖြစ်ဖြစ် ကိုကို ဂရုမစိုက်ဘူး၊ နုကိုပဲ ချစ်တယ်၊ ဘယ်ကိုမှမပြေးနိုင်အောင် ကိုကို့ရင်ခွင်ထဲမှာပဲ အပိုင် သိမ်းထားမယ်၊ ဒီတစ်ခါတော့ နုကို ဘယ်ကိုမှသွားခွင့်မပြုတော့ ဘူး''

''ကိုကို...ပန်းအိပါ၊ သတိထားဦးလေ''

''ဟင့်အင်း...ချစ်တယ်''

''အို..မဟုတ်ဘူး၊ ပန်းအိကိုလွှတ်၊ လွှတ်ပါ ကိုကိုရယ်''

''ကိုကို့ကို ချစ်တယ်ဆို''

''ဟင်''

''ချစ်ရင် ကိုကို့အလိုကို လိုက်ရမှာပေါ့၊ နုကိုချစ်တယ်''

''အိုကွယ်''

ပန်းအိထံမှ သဲ့သဲ့ညည်းသံလေးနှင့်အတူ အခန်းမီး ဖြာလဲ့လဲ့လေး ငြိမ်းသွားသည်။ လှပစွာ ခင်းကျင်းလိုက်သော



www.burmeseclassic.com

www.burmeseclassic.com



အချစ်ပန်းချီကားချပ်ကို စိတ်ကြိုက်ခြယ်မှုန်းသီကုံးနေသော ပန်းချီ ဆရာ ကိုကို့လက်ထဲမှာ ပန်းအိ မျက်လုံးလေးအစုံကိုသာ တင်းတင်း စေ့ပိတ်ထားလိုက်ရပါပြီ။

ဘာကြောင့် ပန်းအိ ဤမျှမိုက်မဲမိသလဲဆိုသည်ကို ပန်းအိ ကိုယ်တိုင်လည်း မသိ။ ညှို့ငင်စေစားနိုင်သော အချစ်ဆိုသည့် မှော်ဆရာပြုစား အမိန့်ပေးစေခိုင်းသမျှ တစ်သဝေမကိမ်း လိုက်ပါ လှုပ်ရှားနေမိသည်။

"ချစ်တယ် နုရယ်၊ ချစ်တယ်"

"ပန်းအိလည်း ကိုကို့လိုပါပဲကွယ်၊ ကိုကို့ကို ပန်းအိ ချစ်တယ်"

"ဝမ်းသာလိုက်တယ် အချစ်ရယ်၊ ကိုကို့ကို ဘယ်တော့ မှ ခွဲမသွားနဲ့နော်"

"ကိုကို့ကို ပန်းအိ ဘယ်တော့မှခွဲမသွားပါဘူးရှင်"

"နုရယ်"

"ကိုကိုရယ်"

လှိုင်းထန်သောရင်ဖြင့် အချစ်ပင်လယ်အတွင်း စိတ်ကူ ကိုယ်တူ နှစ်နှစ်ကာကာ သက်ဆင်းမိကြသည်။ သို့သော် မကျည် သော စကားများကိုက မည်သူမျှ အမှုမထားသလို အချစ်ရေ





လှိုင်းကြောမှာ အမျှောကြီးမျှောလျက် ကျေနပ်ခြင်းပီတိဖြင့် နှစ်နှစ် သက်သက် တစ်ယောက်ကိုတစ်ယောက် အတင်းကျပ်ဆုံး ထွေး ဖက်လိုက်ကြသည်။

"သရဖီ"

"ရှင်...မာမီ"

"ညည်းကိုကို ပြန်လာပြီလား"

"ပြန်လာလို့ ပန်းအိတောင် အနမ်းဖတ်တွေ ကျူးပေးသွား သေးတယ်"

"ပန်းအိ ပြန်ပလား"

"ပြန်ရောပေါ့"

"သားကြီးနဲ့လည်း ခက်ပါတယ်ကွယ်၊ ပန်းအိလေးနဲ့ပဲ အမြန်ဆုံး လက်ထပ်ပေးလိုက်တာပဲ ကောင်းပါတယ်၊ ခက်တာက ပန်းအိလို အလိမ္မာအိမ်ပါ သားကြီးအနွံအတာကို ခံနိုင်သူလေး ကျပြန်တော့ သင်းက မယူဘူးချည်း ဇွတ်ခံငြင်းနေမှကိုးကွဲ့"

"အခုတော့ ယူတော့မှာ"

သရဖီက ပန်းအိ ကိုကို့အခန်းထဲဝင်သွားပြီး ပြန်ထွက် လာတာကိုဖြင့် မာမီသိအောင် ဖွင့်ပြောမနေတော့ပါ။ မနက်ကျမှ အစ်နည်းနည်းဖြင့် အသိပေးတော့မည်ဟု ဆုံးဖြတ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ညည်းက သေချာနေလိုက်တာ သရဖီရယ်၊ မာမီ ဒီသားတစ်ယောက်နဲ့တင် ရင်နာလှပြီ၊ ကြိုက်စရာရှားလို့ အိမ် မိန်းကလေးကိုမှကွယ်"

"အဲဒါတွေက ပြီးသွားပါပြီ မာမီရဲ့၊ ကိုကိုက ကိုပဲ ယူတော့မှာပါဆို"

"ဟုတ်...တကယ်လား"

"တကယ်ပေါ့၊ မယုံရင် မာမီစောင့်ကြည့်နေပါ၊ မာမီ့ကို လက်တွေ့ပြမယ် သိလား"

သရဖီက ပိုင်ပိုင်ကြီးပြောချလိုက်တော့ မာမီခမျာ ကိုကြည့်ပြီး အံ့သြနေသည်။ ပန်းအိကို သားဖြစ်သူက တော့မည်ဆိုသော အသိကြောင့်လည်း စိတ်ထဲမှာ တစ် သက်သာသွားကာ သရဖီနား ကပ်လာသည်။

"မာမီ တကယ်ဝမ်းသာရမှာလား သမီးရယ်၊ အစ်ကိုအကြောင်းလည်း သိလျက်နဲ့"

"သိလို့ပြောနေတာပေါ့ မာမီရဲ့၊ မနက်ဖြန်ပဲ တဲ့အဖြေကို သိရရင် ပြီးရောမဟုတ်လား"

"သာဓုပါတော်..သာဓုပါ၊ သားကြီး လိမ္မာရင် စိတ်ချမ်းသာပါပြီ"





"မာမီ့သားကြီး လိမ္မာလို့မဟုတ်ပါဘူး မာမီရယ်၊ ပန်းအိ လိမ္မာလို့ပါ"

"အေးပါကွယ်၊ ဘယ်သူပဲ လိမ္မာလိမ္မာ မာမီကတော့ ဝမ်းသာတာပါပဲ"

"ကဲ..ကဲ..တံခါးတွေ လိုက်စစ်ပြီးရင် သမီးလည်း အိပ်တော့၊ မာမီလည်း အိပ်တော့မယ်"

"ဟုတ်ကဲ့"

မာမီက သရဖီကိုထားပြီး လက်ထဲက စိပ်ပုတီး ချောက်ချောက်နှင့် ကိုကို့အကြောင်းကိုတွေးနေမှာ သရဖီသိသည်။

မာမီ့စိတ်ထဲမှာတော့ သူ့သားကြီးလိမ္မာ၍ ပန်းအိကို က်ထပ်မည်ဟု ထင်နေသည်။ တကယ်လိမ္မာသူက ပန်းအိ ဖြစ်သည်။ ပန်းအိသာ မစွန့်စားရင် ကိုကိုလို လူတစ်ယောက်ကို ဘဝရေ နောင်ဘဝပါ ရယူခွင့်ရှိမည်မဟုတ်။

သရဖီကိုယ်တိုင်ကလည်း ပန်းအိကိုပဲ ယောင်းမတော် ချင်တာမို့ ပန်းအိ ပြန်ထွက်မလာသည့် ကိုကို့အခန်းရှိရာဘက် စောင်းတစ်ချက်လှမ်းထိုးရင်း ခစ်ခနဲ တစ်ချက်ရယ်ကာ အိခန်းမီးလေးကို ဖျတ်ခနဲ ငြိမ်းပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

နှစ်ခြိုက်စွာအိပ်ပျော်နေရာမှ လန့်နိုးလာသ... မင်းစည်ထင်။ အဖြစ်အပျက်တွေကို တိကျသေချာစွာ ရေး... မဝေခွဲနိုင်ခင်မှာပင် ရင်ခွင်ထဲမှာ အကျစ်အထွေးဆုံး ပိုက်... ထားလျက်ရှိသော သဏ္ဍာန်တစ်ခုနှင့် ပြောင်းလဲနေသည့် အ... အထားတွေအတွက် ခေါင်းနားပန်းကြီးသွားကာ ရင်ခွင်... မိန်းကလေးကို ငုံ့အကြည့်

"ဟင်...ပန်းအိပါလား"

"ပန်းအိ"

"ကိုကို"

တစ်ယောက်မျက်နှာကိုတစ်ယောက် နင့်သည်းစွာ ... ကြည့်မိကြသည်။ ပန်းအိအကြည့်တွေက ရှက်စနိုးဖြစ်...





...သည်ထင်အကြည့်တွေကတော့ အံ့သြတုန်လှုပ်ခြင်းများဖုံးဖိ၍

"မင်း..မင်း..ဘယ်လိုလုပ်ပြီး ကိုယ်နဲ့..."

"ဟင့်အင်း..ဟင့်အင်း..ပန်းအိကို မရက်စက်ပါနဲ့ ကိုကို ပန်းအိ ကိုကို့ကိုချစ်တယ်၊ ကိုကို့ကို ပန်းအိ မခွဲပါရစေနဲ့

"ဟင်"

မျက်ရည်တွေနှင့် သူ့ရင်ခွင်ထဲ မိန်းကလေးက မင်းစည် ...ကိုယ်ကြီးကို အတင်းကျုပ်ဆုံး ဖက်တွယ်လျက် ရှိုက်ငိုတောင်း ...တော့ မင်းစည်ထင် သူ့အခြေအနေကို ရိပ်စားမိလိုက်ပါပြီ။

နုရယ်...

ပန်းအိကို လက်ထပ်ရုံအပြင် တခြားရွေးစရာလမ်း မရှိ။ ...ကောင်းပီပီ ကိုယ့်တာဝန် ကိုယ်ယူရန်သာရှိသည်။

ဝေးကြပြီပေါ့ နုရယ်။

ဒီတစ်သက်တော့ နုနဲ့ကိုကို ပြန်မဆုံနိုင်အောင် ဝေးကြ ...ပါ။

"ကိုကိုရယ်...ပန်းအိလေး..အဟင့်..ဟင့်..ဟင့်"

"မငိုပါနဲ့တော့ ပန်းအိရယ်၊ ကိုကို ပန်းအိကို လက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



မှာပါ''

''ကိုကိုရယ်''

''တိတ်နော်၊ ကိုကို့အခန်းထဲ ပန်းအိုးရောက်နေတာ ဘယ်သူတွေ သိထားလဲဟင်''

''သရဖီ''

''ဩော်''

ညက နက်ကိုတွေ့ရသည်ဟုထင်ပြီး အပျော်ကြီးပျော်ခဲ့… သမျှ အိပ်မက်မဟုတ်သည့် လက်တွေ့ဘဝမှာတော့ ပန်းအိုး… သည့် မိန်းကလေးက သူ့ရင်ခွင်ထဲမှာ။

''ဒေါက်..ဒေါက်''

''သားကြီးရေ...မာမီပါ''

''ဟော..အန့်တီခေါ်နေပြီ၊ ဘယ်လိုလုပ်ကြမလဲ ကိုကို''

မင်းစည်ထင် မဖြေဘဲ ပန်းအိုးမျက်နှာလေးမှသည် တစ်ကိုယ်လုံးကို စူးစိုက်ကြည့်လိုက်သည်။ ပြီးတော့ နီးရာအင်္ကျီ တစ်ထည်ကို ပစ်ပေးလိုက်ပြီး အိပ်ခန်းတံခါးဘက်လှည့်လိုက်သည်။

''သားကြီးရေ''

''လာပြီ...မာမီ''

''ကိုကို..တံခါးမဖွင့်ပါနဲ့''

''ကျွိ''

''အို''

''ပန်းအိုးပါလား''

မင်းစည်ထင်က ပန်းအိုးစကားကို နားခံခြင်းမပြု။ အခန်း တံခါးကိုဆွဲဖွင့်လိုက်သဖြင့် သားဖြစ်သူ၏ခုတင်ပေါ်မှာ ဖရိုဖရဲ ဆံပင်နှင့် အရှက်သည်းမွန်နေသော ချွေးမဖြစ်သူ ပန်းအိုးလေးကို တွေ့လိုက်ရသဖြင့် ဝမ်းသာပီတိဖြင့် မျက်နှာကြီးတစ်ခုလုံး ဝင်းထိန်း ပျော်သွားတာကို မနည်းဟန်လုပ် ဖုံးဖိနေရ၏။

''ဒါ..ဒါက ဘယ်လိုဖြစ်ကြတာလဲ သားကြီးရယ်''

သိပါလျက် မသိသလိုဟန်ဆောင်ရသည်။ သရဖီ ပြော… သားဖြစ်သူ၏ အိပ်ခန်းတံခါးကို အချိန်မှန်း၍ ကိုယ်တိုင် …ခါးလာခေါက်သူဖြစ်သည်။

''ပန်းအိုးကို သားလက်ထပ်မှာပါ မာမီ၊ သူ့မိဘတွေဆီ …နဲ့ သွားတောင်းရမ်းပေးပါ''

''ဝမ်းသာလိုက်တာ သားနဲ့သမီးရယ်၊ ဒက်ဒီကြီးကို မာမီ …သွားပြောရင်း သမီးအိမ်ကိုပါ ဖုန်းဆက်လိုက်မယ်၊ သမီးလည်း …မစိုးရိမ်နဲ့ သိလား''

''ဟုတ်ကဲ့''

ပန်းအိုးအသံလေးတိုးပြီး တုန်နေသည့်အပြင် ယောက္ခမ



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကိုလည်း စေ့စေ့မကြည့်ရဲအောင် ရှက်နေပါသည်။ အိပ်ခန်းတံခါးကို မာမီကိုယ်တိုင် ဆွဲပိတ်သွားသဖြင့် မင်းစည်ထင်နှင့် ပန်းအိပဲ အခန်းထဲမှာ ကျန်ရစ်ပါသည်။

"ပန်းအိ"

"ရှင်...ကိုကို"

"ကိုကို့ကို သိပ်ချစ်တာဗဲလား"

"ကိုကို သိပါတယ်ရှင်"

"မေးတာပဲဖြေလေ"

"ရှင်"

ကိုကို့အသံရော ရုပ်ရော ခပ်တည်တည်မို့ ပန်းအိ ကြောက်လည်းကြောက်၊ ရှက်လည်းရှက်တာနှင့် ခေါင်းကိုငုံ့ချပစ်လိုက်သည်။

"ပန်းအိ ကိုကို့ကိုချစ်တယ်"

"ကိုကို့မှာ နှုရှိတာ ပန်းအိသိတယ်နော်"

"သိပါတယ်"

"ကောင်းပြီလေ၊ ပန်းအိကို ကိုကို လက်ထပ်မှာပါ"

"ကျေးဇူးတင်ပါတယ် ကိုကို"

ပန်းအိပြောရမည့်စကားလား၊ မပြောရမည့်စကားလား





ည်သည်ကိုပင် မခွဲခြားနိုင်တော့။ ပန်းအိ ရင်ခုန်သံတွေ တဒုန်းဒုန်း ကိုကို့ကို လက်ထပ်ရတော့မည်ဆိုတာနှင့်ပဲ သိပ်ကိုပျော်နေမိ ပြီ။

ချစ်တယ် ကိုကိုရယ်။

ပန်းအိ ကိုကို့ကို သိပ်ချစ်တယ်။ ညက အကြောင်းကို ပြောင်းသတိရမိတော့ ပန်းအိတစ်ကိုယ်လုံး ကြက်သီးဖြန်းဖြန်း သွားကာ ကိုကို့မျက်နှာချောချောကို မကြည့်ရဲအောင်ဖြစ်သွား ည်။

"ပန်းအိ မျက်နှာသွားသစ်လိုက်ဦးမယ်"

ကိုကို့ဆီက ဘာသံမှထွက်မလာခင် ပန်းအိ ကိုကို့အခန်း က ရေချိုးခန်းထဲ ပြေးဝင်ခဲ့သည်။ ကျေနပ်ပီတိများစွာဖြင့် ပန်းအိ နေချိန်မှာ ကျယ်လောင်စွာ သက်ပြင်းရှိုက်မိသူက မင်းစည်ထင် သည်။

ညက သူနှင့် ပန်းအိအဖြစ်ကို တစ်ခုချင်း ပြန်တွေးရင်း နှာချောချောကို လက်ဖဝါးနှစ်ဖက်ထဲမှာ အကြာကြီး ထိုးနှစ် ကွယ်လျက် ငြိမ်နေမိသည်။

နုနှင့်သူက ပြန်မဆုံနိုင်အောင် ဝေးလေပြီ။ သူ ဘာများ ါနိုင်မည်နည်း။ မည်သူမပြု မိမိမှုဟု ဆိုထားသည်။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဖက် လူကြီးစုံရာဖြင့် ပန်းအိနှင့် မင်းစည်ထင် မင်္ဂလာရက်ကို သတ်မှတ်လိုက်ကြသည်။ အားလုံးပျော်နေပေမယ့် သတို့သားဖြစ်သူ မင်းစည်ထင်ကတော့ မပျော်။

ပန်းအိကတော့ တစ်ချိန်လုံး မင်းစည်ထင်ကိုသာ လိုက်ကြည့်နေသည်။ မင်းစည်ထင်ကတော့ ဘယ်သူ့မျက်နှာမှမကြည့်။ လူကြီးတွေမေးလျှင် ဖြေသည်။ ပြောသမျှ ခေါင်းညိတ်သည်။ အားလုံး သူ့သဘော ဘာမှမရှိ။ လူကြီးတွေသဘော၊ ပန်းအိသဘော ဆိုတာနှင့် ပြီးသွားသည်။

ဇော်မိုးပင် သူ့မင်္ဂလာကိစ္စကို မသိလိုက်။ အောင်ချိမ့် မင်္ဂလာပွဲကိုသွားကြဖို့ ပြင်ဆင်ပြီး မင်းစည်ထင်ကို ဇော်မိုး လာခေါ်သည်။ သူကလည်း ဟန်မပျက် လိုက်ခဲ့သည်။ အခုချိန်ထိ နှစ်ယောက်စလုံး အောင်ချိမ့်သတို့သမီး ရုပ်သွင်ကို တိတိပပ မမြင်ဖူးကြသေး။

နိုးပြေးသည့်ညကသာ ဝိုးတစ်ဝါး မြင်လိုက်ရတာပဲရှိသည်။

"မင်္ဂလာပွဲကတော့ ခြိမ့်ခြိမ့်သဲပါပဲလားဟေ့၊ တို့ကား တောင် ရပ်စရာနေရာမရှိတော့ဘူးကွ၊ နေရာလေး ဘာလေး ကြည့်ပါဦး"





"အစ်ကိုတို့ကား ရပ်ရမယ့်နေရာ ကျွန်တော် ပြပေးပါ့မယ်ခင်ဗျာ"

"ကျေးဇူးပါပဲ ညီရာ၊ လုပ်စမ်းပါဦး"

သူငယ်ချင်းနှစ်ယောက် ကားရပ်ရမည့်နေရာကို အစောင့်ချပေးထားသည့် ချာတိတ်လေး လိုက်ပြပေးပါမှ အဆင်ပြေသွားသည်။ နှစ်ဖက်မိဘအသိုင်းအဝိုင်းက ဒိတ်ဒိတ်ကြဲဖို့ လာသည့် လူတွေကလည်း အားလုံး စိန်ရောင် ရွှေရောင် ဖိတ်ဖိတ်လက်နေသည်။

"လာကွ မင်းစည်ထင်၊ အောင်ချိမ့်ကို သွားနှုတ်ဆက်ရအောင်၊ အောင်ချိမ့်သတို့သမီးကို အနီးကပ် သွားကြည့်ရအောင်"

"ငါ မလိုက်တော့ပါဘူးကွာ၊ မင်းပဲသွားပါ"

မင်းစည်ထင်က ကိုယ့်ခံစားချက်နှင့်ကိုယ် ဖြစ်သည့် အတိုင်း ဘာကိုမှစိတ်မဝင်စား။ ဘယ်သူ့ကိုမှလည်း ကြည့်ချင် မြင်ချင်စိတ် မရှိ။ စိတ်ထဲမှာ နုဆိုသည့် ချစ်သူလေးကိုပဲ တမ်းတနေသည်။ ခံစားကြေကွဲနေသည်။

"လာစမ်းပါကွ မင်းကလည်း၊ တို့ကိုယ်တိုင် နိုးပေးထားတဲ့ သတို့သမီးလေး ဘယ်လောက်လှတယ်ဆိုတာလောက်တော့ ကိုယ်တိုင်သွားကြည့် အားပေးသင့်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



''မလိုက်ချင်ပါဘူးဆိုကွာ''

''လာစမ်းပါ''

''ဟာ…ဟိတ်ကောင်…ဇော်မိုး…မင်း''

လူကြားသူကြားထဲ မင်းစည်ထင်ကို ဇွတ်အတင်း ဆွဲလားငင်လား သူငယ်ချင်းနှစ်ယောက် ရန်းရင်းဆန်ခတ်ဖြစ်နေလျှင် လူတွေဝိုင်းကြည့်ခံရမှာ ရှက်တာနှင့် ဇော်မိုးနောက်ကို မလိုက်ချင်ဘဲ လိုက်ခဲ့ရသည်။

''အောင်ချိမ့်လိုလူ ရှာန်လျောအောင် ပြုစားနိုင်တဲ့ အလှပိုင်ရှင်ကိုဂုဏ်ပြုသင့်ပါတယ်ကွ မင်းကလည်း၊ မင်းနဲ့ နု အလှည့်ကျရင်လည်း ငါက ဂုဏ်ပြုဦးမှာပါ''

''တော်စမ်းပါကွာ''

ကိုယ့်ဝမ်းနာ ကိုယ်သာသိသဖြင့် မင်းစည်ထင်မှာ နုနာမည်ကို ကြားရတာနှင့်ပင် မျက်နှာညိုနေပါသည်။

''ဟိတ်ကောင် အောင်ချိမ့်''

''ဟာ…လာ…လာ…မင်းတို့ကို မျှော်နေတာကွ၊ ငါနဲ့လိုက်ခဲ့၊ မိန်းမနဲ့ မိတ်ဆက်ပေးမယ်''

သတို့သားအောင်ချိမ့်က ဟမ်းဖုန်းတစ်လုံးနှင့် အလုပ်ရှုပ်နေရာက ဇော်မိုးနှင့် မင်းစည်ထင်ကို လှိုက်လှဲဝမ်းသာစွာ





ကြိုဆိုရင်း သူ့သတို့သမီးရှိရာ ဦးဆောင်ခေါ်သွားသည်။

''ငါတို့ကို ဘယ်လိုမိတ်ဆက်ပေးမှာလဲ အောင်ချိမ့်ရေ မင်းမိန်းမကို တို့လိုက်ခိုးပေးထားတာကြီး ထည့်မပြောနဲ့ကွ မျက်နှာပူတယ် ဟီး…ဟီး''

ဇော်မိုးက မျက်နှာပူသလို မင်းစည်ထင်ကလည်း အောင်ချိမ့်သတို့သမီးကို မျက်နှာပူလှပါသည်။

''လာမှာသာ လာစမ်းပါကွ''

အောင်ချိမ့်က ပျော်ရွှင်တက်ကြွစွာ သူငယ်ချင်းနှစ်ယောက်ကို ရှေ့က ဦးဆောင်ခေါ်သွားသဖြင့် မင်းစည်ထင်နဲ့ ဇော်မိုးလည်း အောင်ချိမ့်နောက် အဲတူပါလာသည်။

''ဟော…သတို့သား ကိုကိုလာပြီ သတို့သမီးလေးရေ''

မှန်ရှေ့မှာ ကျောက်ရုပ်လေးချထားသလို ငြိမ်သက်နေရာမှ မိတ်ကပ်မာမိ၏ အော်သံကြောင့် ထိပ်ထားခင် မှန်ထဲက သူမပုံရိပ်လေးကို စူးစိုက်ကြည့်လိုက်၏။ မိတ်ကပ်ဆရာ လက်စွမ်းပြထားသဖြင့် ထိပ်ထားခင် သိပ်လှနေတာကို သိပါသည်။

မင်းပရိသတ်များ ခြိမ့်ခြိမ့်သဲ ကျင်းပနေသော မင်္ဂလာပွဲဖြစ်ပါလျက် ထိပ်ထားခင် ဘယ်လိုမှမပျော်။

ဩော်…ကိုယ်ချစ်တဲ့သူနဲ့သာဆိုရင်တော့ ဒီကမ္ဘာမြေမှာ



www.burmeseclassic.com

www.burmeseclassic.com



အပျော်ဆုံးသတို့သမီးလေး ဖြစ်မယ်ထင်ရဲ့။

အခုတော့။

"ခင်"

အနားရောက်လာသော သတို့သားအောင်ချိမ့်ဆိုသူက ထိပ်ထားခင်၏ ချစ်သူမဟုတ်။ သို့သော် ထိုသူက ထိပ်ထားခင်၏ တရားဝင်ပိုင်ဆိုင်သူ ဖြစ်လာသည်။

"ခင့်ကို ကိုယ့်သူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးချင်လို့ ပါဗျာ၊ ကိုယ့်ကို မော့ကြည့်ပါဦး"

ညင်သာတိုးတိတ်စွာ တောင်းဆိုလာသူ၏ မျက်နှာချေ ချောမှာ ချစ်ခြင်းဖြင့် နူးညံ့သိမ်မွေ့နေသလို ရွှန်းလဲ့တောက်ပသော မျက်ဝန်းအကြည့်တွေကလည်း လှပသော သတို့သမီးထံမှသာ ရှုးစိုက်နစ်ဝင်နေပါသည်။

"ခင်ရယ်"

ဖြည်းဖြည်းချင်းပင် မော့လာသည့် မျက်နှာလေး အောင်ချိမ့် ငေးခနဲ ကြည့်ဖြစ်သွားသည်။

"လှလိုက်တာ ခင်ရယ်"

နူတ်မှ ထုတ်ဖော်ချီးကျူးရသည်အထိ အိစက်နူး နုဖပ်နေသည့် အလှတွေက ထိလိုက်ရင် ပွဲကြွေသွားတော့





ပန်း၏ပွင့်ချပ်လွှာနှယ် မြင်သူဘဝကို ရင်ဆူလှုပ်ခတ်စေရုံမက သိမ့်တုန်သော ခံစားမှုကို ဖြစ်ထွန်းစေသည်အထိ ဆွဲဆောင်နိုင်ပါသည်။

လှပစွာပင် မော့ကြည့်လာသည့် မျက်နက်ဝန်းတွေနှင့် အဆုံမှာ အောင်ချိမ့် အချိုမြိန် အနွေးထွေးဆုံး ပြုံးပြလိုက်၏။

"ချစ်လိုက်တာ ခင်ရယ်"

"အို"

နဖူးပြင်လေး နွေးခနဲဖြစ်သွားခိုက်မှာ ထိပ်ထားခင် အောင်ချိမ့်ကို မျက်စောင်းရွယ်ပါသည်။

"ရှင်နော်"

"အဟွန်း‥ဟွန်း‥ဟွန်း၊ စိတ်ချပါဗျာ၊ ကိုယ့်ချစ်ဇနီး လေး အလှမပျက်စေရပါဘူး၊ သိပ်လှတယ်"

"အပိုတွေပြောမနေပါနဲ့ရှင်"

"အဟွန်း…တကယ်လှလို့ လှတယ်ပြောတာပါ ကိုယ့် အချစ်ရယ်၊ ကိုယ့်သူငယ်ချင်းတွေကို ခေါ်လိုက်မယ်နော်"

နေရာမှ မလှုပ်မယှက် ရပ်လျက်အနေအထားအတိုင်း ရှိနေသူရှိရာသို့ အောင်ချိမ့်က သူ့သူငယ်ချင်းဆိုသူတွေကို ဦးဆောင် ခေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



စုစုပေါင်း နှစ်ယောက်။

ပထမတစ်ယောက်ကို မြင်လိုက်တာနှင့် ဒုတိ[illegible]
တစ်ယောက်ကို ကမန်းကတန်းလေး လှမ်းအကြည့်

''ဟင်''

''အို''

ထိပ်ထားခင်ရင်ထဲ ဒိန်းခနဲဖြစ်သွားသလို မင်းစည်ထ[illegible]
ရော ဇော်မိုးပါ အောင်ချိမ့်၏ ချစ်ဇနီးချောအဖြစ် အသစ်တစ်[illegible]
ပြန်လည်မြင်တွေ့လိုက်ရသော နေ့တစ်ဖြစ်လဲ ထိပ်ထားခင်[illegible]
တွေ့မြင်လိုက်ရသည့်ခဏမှာ နှစ်ယောက်စလုံး ဘာစကားမှ [illegible]
နိုင်အောင် နှုတ်ဆွံ့အသွားကြပါသည်။

''ဒါလေ ကိုယ့်အချစ်ဆုံး သူငယ်ချင်းနှစ်ယောက်၊ သူ[illegible]
ဇော်မိုး၊ သူက မင်းစည်ထင်တဲ့၊ ခင့်ကို ခိုးပြေးတဲ့ညက သူတို့[illegible]
ကိုယ့်ဘက်ကဝင်ပြီး ကူညီကြံစည်ကြတဲ့ အချစ်လူဆိုးတွေပေ[illegible]

''ဟာ''

''ရှင်''

ထိပ်ထားခင်နှင့် မင်းစည်ထင် တစ်ယောက်မျက်နှ[illegible]
တစ်ယောက် အဓိပ္ပာယ်များစွာ ပျော်ဝင်နေသော ရှုံးရှုန[illegible]
သည့် အကြည့်တွေနှင့် ကြည့်နေခိုက် အောင်ချိမ့်နှုတ်ဖျားမှ [illegible]





ဖော်လိုက်သည့် စကားက ချစ်သူနှစ်ယောက်စလုံး၏ အသည်း
နှလုံးကို ပြင်းစွာထုရိုက် မွှန်ချေပစ်လိုက်၏။

''ဘယ်လိုလဲကွ၊ ငါ့ဇနီးက မချောဘူးလား၊ မလှဘူး
လား မင်းစည်ထင်''

''အို''

အောင်ချိမ့်က မမျှော်လင့်ဘဲ မင်းစည်ထင်ဘက် လှည့်
မေးလိုက်သည့်အတွက် မင်းစည်ထင်ကိုယ်ကြီး ဆတ်ခနဲတုန်သွား
သလို ဇော်မိုးနှင့် ထိပ်ထားခင်တို့ကလည်း မင်းစည်ထင်မျက်နှာ
ကို အလန့်တကြား လှမ်းကြည့်လိုက်ကြ၏။

''ချောပါတယ်၊ လှပါတယ် အောင်ချိမ့်ရာ၊ ကမ္ဘာပေါ်
မှာ မင်းဇနီးက အချောဆုံး အလှဆုံးပါ''

အသံမတုန်အောင် ကြိုးစာပြီးဖြေလိုက်သည့် မင်းစည်ထင်
အသံကြီးက မချိမဆန့်။

''အဟွန်း..ဟွန်း..ဟွန်း''

ဇော်မိုးက ကြားထဲက မျက်နှာအကြီးအကျယ် ပျက်နေ
သလို ထိပ်ထားခင်ကလည်း ခေါင်းကို ဖျတ်ခနဲ ငုံ့ချပစ်လိုက်
ပါသည်။ အောင်ချိမ့်ကတော့ မင်းစည်ထင်အဖြေကို သဘောကျ
စွာ နှစ်နှစ်ခြိုက်ခြိုက် ရယ်မောရင်း ဦးခေါင်းကိုငုံ့ချလိုက်သော



www.burmeseclassic.com

www.burmeseclassic.com



ထိပ်ထားခင်ကို ရှက်၍ခေါင်းငုံ့သွားသည်ဟု ထင်မြင်ချက်ပြီး အကျေနပ်ကြီးကျေနပ်ကာ ချစ်မြတ်နိုးသော မျက်လုံးလက်လက်များဖြင့် စိုက်ငေးကြည့်နေပါသည်။

အပျော်လွန်နေသဖြင့် မှုပျက်နေကြသူတွေအဖြစ်ထဲ မရိပ်စားမိ။

"ကဲ..ကဲ..အချိန်ကျပြီ၊ သတို့သားနဲ့ သတို့သမီး အဆင်သင့်ဖြစ်ရင် ပွဲထုတ်မယ်"

"လာကြ...လာကြ"

လူကြီးတွေရောက်လာ၍ အားလုံး လှုပ်လှုပ်ရှားရှားဖြစ်သွားကြသည်။ ရောထွေးသွားသည့် လူတွေထဲ အောင်ချိမ့်နှင့် ထိပ်ထားခင်တို့ ပါသွားသည်။

"မင်းစည်ထင့်"

ဖော်မိုးက နေရာမှာ ကျောက်ရုပ်ကြီးလို တောင့်တောင့်ကြီးရပ်ပြီး ငေးကြောင်ကြည့်နေသည့် မင်းစည်ထင်အသည်း လှမ်းခေါ်သည်။ မင်းစည်ထင်ကတော့ လှည့်မကြည့်။

"နု"

တိုးတိတ်စွာ မင်းစည်ထင့်နှုတ်ဖျားက နုအမည်ထွက်လာသည်။ လုံးဝထင်မှတ်မထားသည့် အဖြစ်အပျက်တွေကြော





မင်းစည်ထင် အံ့သြတုန်လှုပ်နေသလို ထိပ်ထားခင်ဆိုသည့် နုခမျာမှာလည်း ယူကျုံးမရ ဝမ်းနည်းကြေကွဲစိတ်တွေနဲ့ သူ့ကို နာကျင်နေမှာ သေချာသည်။

"ဖြစ်မှဖြစ်ရလေ နုရယ်"

"ဖော်မိုး"

"ဟင်"

"မင်း သေချာစဉ်းစားကြည့်စမ်းပါဦးကွာ၊ ငါ မြတ်နိုးတဲ့ ချစ်သူကိုမှ ငါကိုယ်တိုင် ငါ့အချစ်ဆုံးသူငယ်ချင်းအတွက် နှင်းပေးခဲ့ရတယ်ဆိုရင် ကြားတဲ့သူအပေါင်းက ယုံကြည်နိုင်ပါ့လား"

ပြောရင်း မင်းစည်ထင် အသံတွေတုန်ကာ မျက်လုံးအိမ်ထဲ မျက်ရည်ကြည်တွေ ဝဲလာ၏။

"အေးကွ..ငါလည်း မင်းတို့အတွက် စိတ်မကောင်းပါဘူး၊ ဒီအကြောင်းတွေ အောင်ချိမ့်သိရင်လည်း စိတ်ကောင်းနိုင်မှာ မဟုတ်ပါဘူးကွာ၊ မင်းတို့သုံးယောက်အဖြစ်ကို ငါ ဘယ်လိုပြောရမှန်းကို မသိတော့ပါဘူး မင်းစည်ထင်ရာ"

"နုကိုရော..မင်းကိုရော..မင်းတို့အကြောင်း ဘာမှမသိဘဲ ပျော်ကြီးပျော်နေတဲ့ အောင်ချိမ့်ရော အားလုံးကို ငါသနားတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဆိုသည့် စကားကိုတော့ ဇော်မိုး စိတ်ထဲကပဲ ဆက်ပြောလိုက်ပါသည်။

မင်္ဂလာပွဲမှာ ဟန်မပျက် ဆက်နေကြပေမယ့် မင်းစည်ထင်ရော ဇော်မိုးပါ ရုပ်ပျက်ဆင်းပျက် မဖြစ်အောင် မနည်းဖွတ်ကြိုးစားနေသည့်ကြားမှ သတို့သား သတို့သမီး ထွက်အလာကို စောင့်ကြည့်ဖြစ်အောင် ကြည့်ကြရသည်။

နှ ခေါ် ထိပ်ထားခင် ရင်ထဲမှာလည်း ဖြောင်းဆန်နေပါသည်။ အပ္ပရုပ်ကို ဟန်လုပ်ထိန်းပေမယ့် အားလုံး အယောင်ယောင် အမှားမှားဖြစ်နေ၍ အောင်ချိမ့်ကပဲ ထိပ်ထားခင်ကို မပြတ်သတိပေး ထိန်းနေရပါသည်။

"ခင်"

"ဟင်"

"လက်လေးတွေကို အေးစက်နေတာပဲ၊ သိပ်ပြီး စိတ်လှုပ်ရှားနေလားဟင်"

"ဟုတ်ကဲ့"

"ခင့်အနားမှာ ကိုယ်တစ်ယောက်လုံး ရှိပါတယ်ဗျာ၊ ဘာမှမကြောက်နဲ့နော်၊ ကိုယ့်လက်ကို ရဲရဲတွဲထား ဟုတ်လား"

"ဟုတ်ကဲ့"





"အဟွန်း..ဟွန်း..ဟွန်း"

ရန့်တွေ့သံမကြားရဘဲ ပုတ်သင်ညိုမလေးရှုံးအောင် သူ့ဘာပြောပြော ခေါင်းတွင်တွင်ညိတ်နေသူကိုကြည့်ပြီး အောင်ချိမ့်ချစ်မြတ်နိုးစွာ ရယ်ပါသည်။

"အဟွန်း..သိပ်ကိုလိမ္မာနေတာပါပဲလားဗျာ၊ အမြဲတမ်းကိုယ့်သဘောကျ အခုလိုပဲ အမြဲခေါင်းညိတ်လက်ခံနေရင် ကိုယ့်လောက်ပျော်တဲ့လူ ဒီကမ္ဘာမှာ ရှိမှရှိပါ့ဦးမလား ခင်ရယ်"

ညည့်ပရိသတ်ကို ဧည့်ခံနေရသဖြင့် ထိုစကား ထိပ်ထားခင်ကို အောင်ချိမ့် စိတ်ထဲကပဲ တိုးတိတ်စွာ ဆိုမြည်သံကို ထိပ်ထားခင် မကြားပါ။

ကြားလည်း ဂရုစိုက်မည်မဟုတ်။ မင်္ဂလာစင်မြင့်ပေါ်မှာ နေရာယူထားသည့်တစ်ချိန်လုံး သူမမျက်နှာလေးကို မျက်တောင်မခတ်စတမ်း စူးစိုက်ကြည့်နေသော ချစ်ဦးသူ၏ရုပ်လွှာက ထိပ်ထားခင် အသည်းပြင်ကို ပြင်းစွာလာထိပါသည်။

မကြည့်မိအောင်နေမည်ဟု စိတ်ကိုပိုင်းဖြတ်ထားသည့်ကြားက မင်းစည်ထင်ရှိရာသို့ မကြာခဏ လှမ်းကြည့်ဖြစ်သည်။ စိတ်ထဲမှာလည်း အောင်ချိမ့်ပြောသမျှစကားတွေကို ပြန်ကြားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင့်ကိုခိုးပြေးမယ်ဆိုတော့ ကိုယ့်သူငယ်ချင်းနှစ်ယောက်က ကြောက်နေတာဗျာ့ သိလား၊ သတို့သမီးလောင်းကို တစ်ခါမှ မမြင်ဖူးတော့ ပိုဆိုးတာပေါ့၊ ကိုယ်က ဇွတ်အတင်း သူတို့ကို ချောဆွဲလာတာပဲ၊ လူဆိုးတွေနဲ့ ခင့်ကိုခိုးဖို့ တိုင်ပင်တာမဟုတ်ဘူး ခင်ဗျာ့၊ လူကြောက်တွေနဲ့ မတိုင်ပင်ဘဲ ခိုးပြေးလာတာ"

မင်းစည်ထင်ဆိုတဲ့ နကိုကိုရယ်။

အချစ်ဆုံးသူငယ်ချင်းအတွက် ကိုယ်အမြတ်နိုးဆုံးချစ်သူကို ခိုးပြေးဖြစ်အောင် ကူညီပေးခဲ့သူအဖြစ် ကိုကိုကိုယ်တိုင် အခုမှ သိရသလို ကိုဇော်မိုးကိုလည်း အခုမှသိမှန်း နု သိပါတယ်။

အခု ကိုကို့ရင်ထဲမှာ ဘယ်လို မချိမဆန့်ခံစားနေရတယ်ဆိုတာ နုသိသလို နုဆိုတဲ့ မိန်းမတစ်ယောက်ရဲ့ ရင်ထဲမှာလည်း ကိုကိုနဲ့ထပ်တူ ခံစားနေရတယ်ဆိုရင် ကိုကို ယုံနိုင်ပါ့မလား။

နာကြည်းမုန်းတီးသင့်မှန်း သိပါလျက် ထိပ်ထားခင် ကိုကို့ကိုရော ကိုဇော်မိုးကိုရော မနာကျင် မမုန်းတီးပါ။

လှပတဲ့ ဝဠ်ကြွေးတစ်ခုအတွက် ထိပ်ထားခင်တို့ အသည်းနှလုံးတွေကို ကိုယ်စီချနင်းပစ်ခဲ့ကြသည်ပဲ။ မင်္ဂလာပွဲမှာ မင်္ဂလာစင်မြင့်ပေါ်က သတို့သမီးလေးနှင့် စင်အောက်က မင်းစည်ထင်တို့ အကြည့်ခြင်းအဆုံမှာ ရင်နင့်စွာ မျက်ရည်ကိုယ်စီ ဝဲမိကြ





သည်။ အောင်ချိမ့်ကတော့ ထိုအဖြစ်အပျက်တွေကို မသိ။ ရင်နင့်စရာအဖြစ်တွေထဲမှာ ရင်ဘတ်တစ်သက်စာ ချစ်အကြွေးရာကိုယ်စီဖြင့် ဝေဝါးသွားသော အကြည့်တွေက စည်ကားရှုပ်ထွေးနေသော မင်းပရိသတ်များကြားက မင်္ဂလာခန်းမကို မင်းစည်ထင် ဖြည်းဖြည်းချင်း ကျောခိုင်းထွက်ခွာလာခဲ့သည်။ ဇော်မိုး လှမ်းခေါ်ပေမယ့် လှည့်မကြည့်တော့။

"ကျွဲ"

"ကိုကို"

မင်းစည်ထင်နား ကပ်ရပ်လာသည့် ကားပေါ်က ပန်းအိဆင်းလာ ာသည်။

"ပန်းအိ"

"ဘယ်သွားမလို့လဲဟင်"

မင်းစည်ထင် ဘာမှမဖြေနိုင်။ လှပသော ပန်းအိကိုသာ ငေးငိုင်တွေဝေစွာ ပြန်ကြည့်နေမိသည်။

"ကားပေါ်တက်လေ ကိုကို၊ ပန်းအိ လိုက်ပို့မယ်"

ပန်းအိဖွင့်ပေးသည့် ကားတံခါးကတစ်ဆင့် အသိမဲ့နေတဲ့လူ တစ်ယောက်လို မင်းစည်ထင် ပန်းအိကားပေါ် တက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်နေရာကိုသွားမှာလဲဟု ပန်းအိ မမေးသလို မင်းစည်သိင်ကလည်း မပြောပါ။ နေရာက ကားလေး ဝေါခနဲ ပြေးအတွင်းမှာ လွှင့်ကြွေနေသော သစ်ရွက်ခြောက်တွေက လေအဟပ်မှာ ဆတ်ဆတ်ခါကျန်ရစ်၏။

**နှလုံးမိတ်ဝမ်း ငြိမ်းချမ်းပါစေ**

**ဆုအညွှန့်**



BURMESE CLASSIC .com

www.burmeseclassic.com